၁၂၄၂၂

ပဲခူးတိုင်း၊ ပြည်မြို့

**ဝေပုလ္လာရာမကျောင်းတိုက်**

ဆရာတော် ဘဒ္ဒန္တဝေပုလ္လ

ရေးသားအပ်သော

# စီးပွားရေးသိဒ္ဓိ

ခေါ်

# ဟိတသိဒ္ဓိ ပကါသနီကျမ်း

ဒုတိယတွဲ

၆၄

သာသနာ-၂၅၄၂ ခရစ်-၁၉၉၉ ကောဇာ-၁၃၆၁





ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၇၃/၂၀၀၀(၄) |
| စာမူခွင့်ပြုချက်အမှတ် | ၇၃/၂၀၀၀(၂) |
| ထုတ်ဝေသူ | ဒေါ်ရွှေအိမ်<br>(တိုင်းလင်းစာပေတိုက်)<br>မှတ်ပုံတင်အမှတ် (၀၁၂၉၉)<br>အမှတ်(၈/၆၅)၊အုပ်စု(၃)<br>အောင်သိဒ္ဓိလမ်း၊<br>စော်ဘွားကြီးကုန်း၊<br>အင်းစိန်မြို့နယ်။ |
| ပုံနှိပ်သူ | ဦးကျော်ဇင်<br>(ခိုင်ရည်မွန်ပုံနှိပ်တိုက်)<br>မှတ်ပုံတင်အမှတ် (၀၄၂၂၉)<br>အမှတ်(၈၁)၊<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ရန်ကုန်မြို့။ |
| အုပ်ရေ | ၂၀၀၀ |
| ပထမအကြိမ် | ၂၀၀၀ပြည့်နှစ်၊ဧပြီလ |
| တန်ဖိုး | |
| ထုတ်ဝေသည့်လ | ၂၀၀၀ပြည့်နှစ်၊ ဧပြီလ |

ပဲခူးတိုင်း၊ ပြည်မြို့

**ဝေပုလ္လာရာမကျောင်းတိုက်**

ဆရာတော် ဘဒ္ဒန္တဝေပုလ္လ

ရေးသားအပ်သော

# စီးပွားရေးသိဒ္ဓိ

ခေါ်

# ဟိတသိဒ္ဓိ ပကါသနီကျမ်း

## ဒုတိယတွဲ



သာသနာ-၂၅၄၂ ခရစ်-၁၉၉၉ ကောဇာ-၁၃၆၀

# မာတိကာ


၁။ ကျမ်းပြုဆရာတော်၏အမှာစကား.................. က

၂။ နိဒါန်းစာလွှာ.............................. ဝ

၃။ ကျေးဇူးတင်လွှာ.............................. ဈ

အခန်း(၁)

၄။ ဣဋ္ဌာသယ၊ နိမ္မိတ၊ လိတရ ကမ္ဘာဝါဝရကံစွမ်းအား
တည်ဆောက်ပုံ.............................. ၁

၅။ ရွှေလာငွေလာခေါ်သော ရွှေဝါတ်ငွေဝါတ်ပွင့်ပုံ..... ၆

၆။ မဟာအတုလစိန္တာမယ သရဏဂုံတော် (၅၄)ပါး.... ၁၀

၇။ ဂုဏ်တော်ကိုးပါးဖြင့် ကံစွမ်းအားတည်ဆောက်ပုံ..... ၂၀

၈။ ကြီးကျယ်ပြင့်ပြတ်သောဂါထာမန္တန်များ................ ၂၈

အခန်း(၂)

၉။ အာဒိကပ္ပ သာခါကျမ်းအရ လူသားများသုံးစွဲ
ထိုက်သောအရွက်နှင့်အပွင့်များ...................... ၃၈

၁၀။ ရန်ပြေမာန်ပြေ ဗွှုသပြေ ........................ ၄၇

၁၁။ တကုသိုလ်ဝါတ်၊ တတိတ်၊ နိမိတ်များကို ဖြစ်စေ
နိုင်သောပန်းတပွင့်များ.............................. ၅၂

၁၂။ တုသိုလ်ဝါတ်၊ တတိတ်၊ နိမိတ်များကို ဖြစ်စေ
နိုင်သောပန်းတပွင့်များ.............................. ၅၃

## ဤကျမ်းပြုဆရာတော်၏ အမှာစကား (ဝါ) မိန့်မှာချက်

ကျွန်ုပ်ဆရာတော်သည် လွန်ခဲ့သောပြီးခဲ့သော အတိတ်ခုနှစ်ခရစ်သက္ကရာဇ် ၁၉၉၆-ခုနှစ်တွင် ဟိတသိဒ္ဓိ ပကာသနီကျမ်းတစ်စောင်ကို ထုတ်ဝေခဲ့ဘူး၏။ ထုတ်ဝေစကပင် ခပ်အေးအေး ခပ်မှန်မှန်ပင် ရှေးဆရာ့ ဆရာကြီးများ၊ ရှေးဆရာတော်ကြီးများသည် လောကီရေးရာနှင့်ပတ်သက်လာလျှင် မိမိ၏တပည့်များ၊ ဒါယကာ ဒါယိကာမများအား အန္တရာယ်ကင်းဝေး စေလိုခြင်း ကြီးပွားချမ်းသာစေလိုခြင်း တိုးတက်အောင်မြင်စေလိုခြင်း စသော အာသီသဆန္ဒနှင့်အညီ (အားလုံးသော ဒါယကာ၊ ဒါယိကာမများ ကြီးပွားချမ်းသာကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်သည်လည်း ကြီးပွားချမ်းသာလာကြမည်)မှာ အမှန်ပင်ဟူသော ရှေးထုံးကိုနှလုံးမူ၍ ၁၉၉၆-ခုနှစ်တွင် ပဌမဦးဆုံးသော ဟိတသိဒ္ဓိ ပကာသနီကျမ်းကို ခပ်အေးအေး၊ ခပ်မှန်မှန်ပင် ထုတ်ဝေခဲ့ပါသည်။ ထိုထုတ်ဝေခဲ့သော ဟိတသိဒ္ဓိ ပကာသနီကျမ်းသည် ယခုကျမ်းရေးနေသည့် ၁၉၉၉-ခုနှစ်၊ ဧပြီလသို့ရောက်လာသည့်တိုင် ထိုကျမ်းစာကို အလုအယက် လူကြိုက်များလာခဲ့ပါသည်။ လူပရိသတ်အများစုတို့၏ နှုတ်ဖျားတွင် ရေပန်းစားလာခဲ့သည်။ အကြောင်းမဲ့ သက်သက် လူကြိုက် များနေခြင်းတော့မဟုတ်ပါ။ ကြိုက်သည်ဆိုရာ၌ အလွယ်လေး နှင့်ကြိုက်ကြသည် ဟူတော့မဆိုသာပါ။

ထုတ်ဝေခဲ့ပြီးသော ဟိတသိဒ္ဓိပကာသနီကျမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း၊ ကြိုးစားအားထုတ်ကြခြင်း၊ လိုက်နာနေထိုင်တတ်ကြခြင်း တို့ကြောင့် လူအများ ပရိသတ်အများ စိတ်ချမ်းသာမှု ရရှိလာကြခြင်း၊ ကိုယ်ချမ်းသာမှုရရှိလာကြခြင်း၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘေးရန်အန္တရာယ်ကင်းဝေးရေး ကိစ္စများ၊ မိသားစု အိမ်တွင်းရေးကိစ္စများ စသည်စသည်များသည် ရာနှုန်းပြည့် အောင်မြင်မှုရရှိလာကြခြင်း၊ အနည်းဆုံး အောက်ထစ်၄၀%၊ ၅၀% အဆင်ပြေအောင်မြင်မှုရရှိလာကြခြင်းတို့ကြောင့် ဤဟိတသိဒ္ဓိပကာသနီကျမ်းသည် ပထမအုပ် ပထမတွဲသည် လူ ပရိသတ်အများစုတို့၏နှုတ်ဖျားတွင် ရေပန်းစား လာခဲ့ကြခြင်း ဖြစ်ပါသည်။ အောင်လည်းအောင်မြင်လာခဲ့သည်ဟု ဆိုရပါ ပည်။ အဘယ်ကြောင့်ဆိုသော် ဤဟိတသိဒ္ဓိပကာသနီကျမ်း တွင်ပါရှိသော အချက်အလက်များအတိုင်း လေ့လာဆည်းပူးခြင်း၊ လိုက်နာဆောင်ရွက်ခြင်းဖြင့် လူပရိသတ်အများစုတို့သည် စီးပွားရေးအောင်မြင်လာကြခြင်း၊ ငွေရေးကြေးရေ ရပေါက် ရလမ်းများအဆင်ပြေလာကြခြင်း၊ မိသားစုအတွင်း အိမ်ထောင်စုအတွင်း စိတ်ချမ်းသာမှု၊ စိတ်ငြိမ်းချမ်းမှုများ ခံစားရရှိလာကြခြင်းတို့ကြောင့် ဖြစ်ကြပါသည်။ ဤဟိတသိဒ္ဓိပကာသနီကျမ်းအတိုင်း လိုက်နာဆောင်ရွက်၍ အောင်မြင်မှု၊ တိုးတက်မှု၊ ကြီးပွားချမ်းသာမှု ရရှိလာကြကုန်သော အပြုံပြုံ၊ အနှယ်နှယ်၊ ဒေသအသီးသီးမှ လူပရိသတ်

များစွာတို့သည် ကျမ်းပြုဆရာတော်၏ ကျောင်းတိုက်သို့ ရောက်ရှိလာကြပြီး ဝမ်းသာအားရ ပြောဆိုလျှောက်ထား ကြခြင်း၊ ကျေနပ်သောမျက်နှာ၊ အားရသောမျက်နှာ၊ အံ့သြ သောမျက်နှာ၊ အောင်ပန်းဆင်လာ ခဲ့သောမျက်နှာ၊ လပြည့်နေ့ လပြည့်ဝန်း၏မျက်နှာမျိုးများဖြင့် ဆရာတော်ထံလာရောက်ကြ၊ လျှောက်ထားကြ၊ ပြောဆိုကြ၊ မေးမြန်းကြနှင့် အနယ်နယ်၊ အမြို့မြို့၊ ဒေသများစွာတို့မှ ဟိတသိဒ္ဓိပကာသနီကျမ်း ပထမအုပ် ပထမတွဲသည် ကမ္ဘာ့အလယ်၊ မြန်မာ့အလယ်တွင် မှတ်ကျောက် အတင်ခံနိုင်ခဲ့၏။ မနောမယပတ္တမြားကဲ့သို့ ထင်ပေါ်ကျော်ကြား ခဲ့ရ၏။ တကယ်လုပ်လျှင်၊ တကယ်ကျင့်လျှင် တကယ်အောင် မြင်တာမျိုး၊ အမှန်လုပ်လျှင် အမှန်ကြိုးစားလျှင်၊ အမှန်အောင် မြင်တာမျိုး ဖြစ်လာခဲ့ပါသည်။ ကျမ်းပြုဆရာတော်ဖြစ်သော ကျွန်ုပ်သည်လည်း ဝမ်းသာအားရဖြစ်မိလာတော့၏။ ဤတွင် ဟိတသိဒ္ဓိ ပကာသနီကျမ်း ဒုတိယအုပ်၊ ဒုတိယတွဲကို ဆက်လက်ထုတ်ဝေခဲ့ပါလျှင် အတိုင်းထက်အလွန်ပို၍ပင် အကျိုးရှိပေလိမ့်မည်ဟု ကျွန်ုပ် တွေးထင်မိခဲ့၏။ ဤသို့ တွေးထင်မိသည်နှင့်အလျှောက် ဤဟိတသိဒ္ဓိပကာသနီကျမ်း ဒုတိယတွဲကို ၁၉၉၉-ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှစတင်ပြီး ရေးသားပြုစုခဲ့ပါသည်။

ဤဒုတိယတွဲကျမ်းတွင် အဓိကအားဖြင့် စီးပွားရေး အလုပ်အကိုင်ကိစ္စများ၊ စီးပွားရေးနှင့်ပတ်သက်သော အကြံ

အစည်ကိစ္စများ၊ အကျိုးပေးပုံပေးနည်းများ၊ စီးပွားရေး ကံကောင်းအောင် ကံဖော်ဆောင်သောကျင့်စဉ်များ အထူးပါဝင် ပါမည်။ ထို့ပြင်လည်း ရာထူးအဆင့်၊ ဂုဏ်ပါဝါတိုးတက် အောင်မြင်လာအောင် ကျင့်ဆောင်ပုံများ၊ အမြဲတမ်း ရှေ့ရေး ကံကုသိုလ်စွမ်းအားများ ထက်မြက်နေအောင် ကျင့်ဆောင်ပုံ များ၊ အန္တရာယ်ရန်စွယ်များ ထာဝရပပျောက်နေအောင် ဆောင်ရွက်ပုံများနှင့်တကွ လောကလူသားများ၏ အကျိုး ကျေးဇူးအဖြာဖြာတို့နှင့် ပြည့်ဝစေနိုင်သော နည်းနိဿယ အဖြာဖြာတို့ကို အသေးစိတ်လေ့လာဖတ်ရှုပြီးလျှင် လိုချင်သော ကိစ္စ၊ ဖြစ်စေချင်သောအရာ၊ အအောင်မြင်ဆုံးသော အကြောင်း အရာတို့ကို ညွှန်ကြားပြသထားသော နည်းနိဿယအတိုင်း ကြိုးစားစိမ်၍ဆောင်ရွက်ကြပါလျှင် မအောင်မြင်တာမရှိ၊ မပြီးစီးတာမရှိ၊ မရနိုင်စရာဘာမှမရှိ။ အားလုံးပင် အဆင်ပြေ အောင်မြင်မှုကို ရရှိခံစားရမည်မှာ ဧကန်မလွဲပင်။ ထို့ကြောင့် ကျမ်းပြုဆရာတော်သည် ရှေးဝေလေ့ထုံးတမ်းစဉ်လာတစ်ရပ်ကို အာရုံပြု၍ (ဒါယကာ၊ ဒါယိကာမအများစုများချမ်းသာလာ ကြလျှင် ဗုဒ္ဓမြတ်စွာသာသနာသည်လည်း ချမ်းသာလာကြ ပေလိမ့်မည်။ ဒါယကာ၊ ဒါယိကာမအများစု ကြီးပွားတိုးတက် လာလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်သည်လည်း ကြီးပွား တိုးတက်လာကြပေလိမ့်မည်)ဟုနှလုံးပူ၍ ဟိတသိဒ္ဓိပကာသနီ ကျမ်း ဒုတိယတွဲကို ထပ်မံ၍ရေးသားပြုစုအပ်ပါသတည်း. . ။

**<u>အထူးမှတ်သားရန်အချက်</u>**။ ။ ဒါယကာ၊ ဒါယိကာမအများစုဆိုရာ၌ ဗုဒ္ဓဘာသာအဖြစ်ခံယူထားပြီးသော မြန်မာဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအများစုကိုငှင်း၊ လူမျိုးခြားနိုင်ငံရပ်ခြားပင် ဖြစ်စေ ဗုဒ္ဓဘာသာအယူကိုယူ၍ ဗုဒ္ဓဘာသာဝင် ကမ္ဘာသူကမ္ဘာသားအများစုကို ရည်ညွှန်း၍ဆိုလိုပါသည်။

ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအများစုတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်အား ပစ္စယာနုဂ္ဂဟကုသိုလ်များဖြင့်လည်းကောင်း၊ ထောက်ပံ့ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ လှူဒါန်းခြင်း၊ စွန့်ကြဲခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းများ ပြုကုန်ကြသည်ဖြစ်၍ ထိုဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသားအမျိုးသမီးများ၊ ဒါယကာ ဒါယိကာမအများစုများသည် ဆတက်တစ်ပိုး ကြီးပွားကြပါလျှင်၊ ချမ်းသာကြပါလျှင်၊ တိုးတက်လာကြပါလျှင် ဗုဒ္ဓမြတ်စွာ၏သာသနာတော်မြတ်ကြီးသည်လည်း ကြီးပွား လာလတ္တံ့။ တိုးတက်လာလတ္တံ့။ ချမ်းသာလာလတ္တံ့ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဤတွင်ကျွန်ုပ် ကျမ်းပြုဆရာတော်၏ အမှာစကားနှင့်မိန့်မှာချက်များ နိဂုံးချုပ်ပါ၏။

**ဆရာတော်ဘဒ္ဒန္တဝေပုလ္လ**<br>**ဝေပုလ္လာရာမကျောင်းတိုက်**<br>**ပြည်မြို့။**

# နိဒါန်းစာလွှာ

လောကသံသာရာ နှစ်ဖြာတိုးပွား အကျိုးများစေခြင်းငှာ မြတ်စွာဘုရားပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ခြင်းဖြစ်ပါတယ်။

ယခု ဟိတသိဒ္ဓိပကာသနီကျမ်းမြတ်ဟာလည်း အမျိုးဘာသာသာသနာတော်မြတ်ကြီးအတွက် တိုးတက်ကြီးပွားစည်ပင်ပါစေခြင်းအကျိုးငှာ၊ ဆရာတော်ဘုရားက အပင်ပန်းခံကာ ရေးသားပြုစုတော်မူခြင်းဖြစ်ပါတယ်။

ဥပမာ. . သစ်ပင်တစ်ပင်ရှင်သန်စေဖို့ရန်အတွက် မြေဆီမြေသြဇာ၊ ရေ၊ အစရှိသည်တို့ကို လိုအပ်သလို ပြည့်ဝစွာရရှိနိုင်ပါမှ သစ်ပင်တစ်ပင် ရှင်သန်ကြီးပွားပြီး အသီးအပွင့်အရွက်များကို ခူးယူစားသုံးရမှာဖြစ်ပါတယ်။ ၎င်းဥပမာအတိုင်း မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်သဖြင့် တည်တံ့ခိုင်မြဲစည်ပင်တိုးပွားဘို့ရာအတွက် အမျိုးကိုစောင့်ရှောက်ခြင်း၊ ဘာသာကိုစောင့်ရှောက်ခြင်း၊ သာသနာတော်ကိုစောင့်ရှောက်ခြင်းတို့ကို အလေးထားကြရမှာဖြစ်ပါတယ်။ စောင့်ရှောက်ရုံနှင့်မပြီးသေးပါ။ ထိန်းသိမ်းဘို့ လိုအပ်ပါ သေးတယ်။ နောက်ပြုပြင်မွမ်းမံမှုများကိုလည်း ပြုလုပ်ပေးကြရမှာဖြစ်ပါတယ်။ အဲဒီလို သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မွမ်းမံဖို့ရန်အတွက် လောကီ လူသားများ

အကျိုးစီးပွားတိုးပွားစည်ပင်နေပါမှ အရောင်းအဝယ် အလုပ်အကိုင် စည်းပွားတိုးတက်အောင်မြင်နေမှ စည်းစိမ်ဥစ္စာပြည့်စုံဖူလုံနေပြီး အမျိုးကိုချစ်သောစိတ် ၊ ဘာသာကိုချစ်သောစိတ်၊ သာသနာတော်မြတ်ကိုချစ်သောစိတ်တို့ဖြင့် ပြုစုပျိုးထောင်စောင့်ရှောက်ထိန်းသိမ်းနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ဆရာတော်ဘဒ္ဒန္တဝေပုလ္လမထေရ်မြတ်က ဟိတသိဒ္ဓိပကာသနီကျမ်းကို ပထမ၊ ဒုတိယ နှစ်တွဲဖြင့် ရိုက်နှိပ်၍ လူလောကအကျိုးစည်းပွားအလို့ငှာ ဖြန့်ဝေခြင်းကို ပြုလုပ်ခဲ့ပါတယ်။

ယခု ဟိတသိဒ္ဓိပကာသနီကျမ်းဒုတိယတွဲမှာ ကျမ်းပြုဆရာတော်၏ အမှာစကားနှင့် အခန်းကဏ္ဍသုံးမျိုးသုံးစားခွဲခြားလျက် -

**အခန်း(၁)**တွင် အကျော်၊ ပန်း၊ ရေ၊ ရွှေ၊ ငွေ၊ ဒါနဓါတ်ဖွင့်ပုံတို့ဖြင့်လည်းကောင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ပွားများသင့်သောဂါထာမန္တန်များဖြင့်လည်းကောင်း။

**အခန်း(၂)**တွင် အာဒိကပ္ပသာခါကျမ်းအရ လူသားများသုံးစွဲထိုက်သော အရွက်အပွင့်များ၊ ၎င်းတို့၏အကျိုးပေးမှု၊ နှောင့်ယှက်ဖျက်ဆီးမှု၊ ဓါတ်၊ အတိတ်၊ နိမိတ်တို့ဖြင့်လည်းကောင်း၊ ခုနှစ်ရက်သားသမီးတို့၏ စီးပွားရေးအကျိုးပေးမှုတို့ကို အကျယ်တဝင့်လမ်းညွှန်မှု ၊ စီးပွားရေးနှင့်ပါတ်သက်၍ အကျယ်တဝင့်လမ်းညွှန်မှုများ၊ လူသားတို့၏မျက်စိဖြင့် မမြင်

ကောင်းသောအန္တရာယ်များ၊ ရိုးရာဓလေ့နှောက်ယှက် ဖျက်ဆီးမှု တို့ဖြင့်လည်းကောင်း။

**အခန်း(၃)**တွင် အောင်မြင်မှု၊ တိုးတက်မှု၊ ကြီးပွား ချမ်းသာနည်းပညာအဖြာဖြာများ၊ ဂါထာမန္တာတော်များ ၊ သဒ္ဒိပေါက်ဆရာတော်ကြီးများ၏လမ်းညွှန်ချက်များ၊ ယာဉ် ရထား၊ ကားတို့၏အစီအမံများအစရှိသည်တို့ဖြင့် လည်းကောင်း နိဂုံးကထာပန်ကြားလွှာနှင့် ဆရာတော်၏ နိဂုံးကမ္ပါဒ် အဆုံးသတ်ဆုတောင်းတို့ဖြင့် ပြည့်စုံဝေဆာစွာ စီစဉ်ရေးသား ပြုစုတော်မူထားသော ဉာဏ်ဟိတသိဒ္ဓိပကာသနီကျမ်းမြတ် ဒုတိယတွဲကို စာဖတ်ပရိသတ်တို့အနေဖြင့် အားရဝမ်းသာ ကျေနပ်မိကြလိမ့်မည်ဟု ယူဆလျှက် . . .

လောကီအစီအမံနည်းနာနိဿယမျိုးစုံတို့ကို သေချာ ကြည့်ရှုလေ့လာမှတ်သားနည်းယူလျှက် ကျင့်ကြံကျိုးစား ပွားများ အားထုတ်ကာ စီးပွားဥစ္စာတိုးတက်ချမ်းသာစွာဖြင့် သာသနာ ပြုနိုင်ကြပါစေ။

**အရှင်ဇေဋိလ**(မင်းကင်း)
ဝေပုလ္လာရာမကျောင်းတိုက်
ပြည်မြို့၊ ပဲခူးတိုင်း။

## ကျေးဇူးတင်လွှာ

ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် အနှစ်ငါးထောင် များမြောင်မက ကာလကြာအောင် တည်ပါစေခြင်းငှာ လည်းကောင်း၊ လောကသံသရာ နှစ်ဖြာကောင်းကျိုး တိုးပွား စေရန် ရည်စိတ်သန်လျက်၊ လူလောက လူဘ၀ နေထိုင်စား သောက်သွားလာလှုပ်ရှား စီးပွားရှာဖွေ အားထုတ်ကုန်သော လူသားတို့သည်လည်းကောင်း၊ တရားဓမ္မကျိုးစားအားထုတ် ကြသော လူသားတို့သည်လည်းကောင်း၊ အမှားကိုအမှန် အမှန်ကိုအမှား မဖြစ်ကြစေရန်နှင့် ဆောင်သင့်သည်ကို ဆောင်၍ ပယ်သင့်သည်ကိုပယ်လျက် ပြုလုပ်သင့်သည်ကို ပြုလုပ်၊ မှတ်သားသင့်သည်ကို မှတ်သားကြစေရန်အတွက် နည်းလမ်းညွှန်ပြ ရေးသားအပ်သော ဤဟိတသိဒ္ဓိပကာသနီ ကျမ်းစာအုပ် (ဒုတိယတွဲ)ကို ရေးသားပြုစုရိုက်နှိပ်ရာ၌ အခွင့်ကောင်းယူ၍ ဟိတသိဒ္ဓိပကာသနီကျမ်း (ပထမတွဲ) ကဲ့သို့ ထပ်ဆင့်ပုံနှိပ်ခြင်း ကူးယူခြင်း မိတ္တူဆွဲခြင်းမျိုးကို မသမာသော စိတ်ဓါတ်ဖြင့် မပြုလုပ်ကြရန် ပန်ကြားလျက် ဤကျမ်းစာအုပ် ရိုက်နှိပ်ရာ၌ ထက်သန်သောသဒ္ဓါ၊ မှန်ကန် သောစိတ်ဓါတ် ပြည့်ဝစွာဖြင့် ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီ

ဆောင်ရွက် လုပ်ကိုင် အားထုတ်ကြသော ဦးဇဋိလ (မင်းကင်း)၊ ဝေပုလ္လာရာမ ကျောင်းတိုက်၊ ပြည်မြို့၊ ဦးထွန်းရွှေ (သာသနာရေးဦးစီးဌာန)၊ ဒေါက်တာဦးစိုးမြင့်၊ (ဖျာပုံ) ဦးမြင့်ဆွေ (ဥပဒေအကျိုးဆောင်) ရန်ကုန်မြို့တို့အား ဆရာတော်အနေဖြင့် အထူးကျေးဇူးတင်ရှိ ပါသည်။

ဆရာတော်ဘဒ္ဒန္တဝေပုလ္လ
ဝေပုလ္လာရာမကျောင်းတိုက်
ပြည်မြို့။

# အခန်း(၁)

## ဟိတသိဒ္ဓိပကာသနိကျမ်းဒုတိယတွဲ၏ ဏ္ဍာသယ၊ နိမ္မိတ၊ လိုတ,ရ၊ ကာမာဝါစရ၊ ကံစွမ်းအားတည်ဆောက်ပုံ။

A. မိမိ၏ မွေးနေ့ နံနက် (၇)နာရီမှ (၉)နာရီအတွင်း၊

B. တနင်္ဂနွေနေ့ နံနက် (၇)နာရီမှ (၉)နာရီအတွင်း၊

C. တနင်္လာနေ့ နံနက် (၇)နာရီမှ (၉)နာရီအတွင်း၊

D. ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီမှ (၉)နာရီအတွင်း၊

E. သောကြာနေ့ နံနက် (၇)နာရီမှ (၉)နာရီအတွင်း၊

တပါတ်လျှင် ထိုငါးနေ့ကို အကျော်ဒါနဖွင့်ခြင်း၊ ပန်းဒါနဖွင့်ခြင်း၊ ရေဒါနဖွင့်ခြင်းတို့ကို ပြုလုပ်ရပါမည်။ မိမိအိမ်ဘုရားစင်မှာပင့်ဆောင်ရွက်ရပါမည်။ မပျက်မကွက်တပါတ်လျှင် (၅)ကြိမ် မှန်မှန် ဒါနခဏ်းဖွင့်ပေးရပါသည်။ ဒါနခဏ်း ဖွင့်ပုံဖွင့်နည်းမှာ-

သန့်ရှင်းသော ငွေလင်ပန်း၊ ရွှေလင်ပန်း၊ ကြေးလင်ပန်း၊ စတီးလ်လင်ပန်း တမျိုးမျိုးကိုအသုံးပြုနိုင်ပါသည်။ ၄င်းလင်ပန်းကို နံ့သာရည်များဖြင့်ဆေးကြောသုတ်သင်ပြီးမှ-

A. <u>အကျော်ဒါနဖွင့်လိုလျှင်</u>

ပဲကြော် (၅)ချပ်၊
ဘူးသီးကြော် (၅)ချပ်၊
ဘယာကြော် (၅)ချပ်၊
ကြက်သွန်ကြော် (၅)ချပ်၊
အာလူးကြော် (၅)ထုပ်၊

အားလုံးကို လင်ဗန်းထဲတွင်လှပအောင်ပြင်ဆင်ပါ။ ကွမ်းယာအချို (၅)ယာထပ်ထည့်ပါ။ ဘုရားရုပ်ပွားတော်ရှေ့ တည့်တည့်မှာ ဖယောင်း(၅)တိုင်တန်း၍ထွန်း၊ အနန္တောအနန္တ(၅)ပါးအားရည်မှန်း၍ ကပ်လှူပါ။ (ဘုရားအမှူးရှိသော အနန္တငါးပါးအား ရည်မှန်းရည်စူး၍ ဤအကြော်(၅)မျိုး၊ (၅)ခုစီတို့ဖြင့်လည်းကောင်း၊ ကွမ်းယာအချို (၅)ယာတို့ဖြင့်လည်းကောင်း၊ ဖယောင်းတိုင်(၅)တိုင်ထွန်း၍ ကပ်လှူပူဇော် ကန်တော့ပါ၏။ ဤကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း အနန္တငါးပါးအားရှိခိုးကန်တော့ရသောကုသိုလ်ကောင်းမှုကြောင့် အရပ်(၄)မျက်နှာ၊ အရပ်(၈)မျက်နှာ၊ အရပ်(၁၀) မျက်နှာတို့မှ အလုပ်အကိုင်စီးပွားဥစ္စာတို့သည်လည်းကောင်း၊ ရွှေငွေရတနာတို့သည်လည်းကောင်း၊ အကြံအစည်များ ရည်မှန်းချက်များတို့သည်လည်းကောင်း လျှင်မြန်စွာတိုးတက်ဝင်ရောက် လာကြပါစေ။ လျှင်မြန်စွာ ဝင်လာမစဲတသဲသဲ စည်ကားလာ ပါစေ။ ရောက်ရှိလာပါစေ)ဟု (၅)ခါဆို ဆုတောင်းပါ။

B. <u>ပန်းဒါနဖွင့်လိုပါလျှင်</u>

ငွေပန်း(၁၅)ပွင့်၊ (မရပါက) ရွှေပန်း(၁၅)ပွင့်၊ (မရပါက) ကံ့ကော်ပန်း(၁၅)ပွင့်၊ (မရပါက) ဂန္ဓမာအဖြူ (၁၅)ပွင့်၊ သပြေပန်းသက်စေ့ထက် တစ်ခက်ပိုထည့်၊ ကွမ်းယာအချို (၅)ယာထပ်ထည့်လင်ဗန်းထဲတွင် လှပအောင်ပြင်ဆင်ပါ။ ဘုရားရှေ့တော်မှာ ဖယောင်း(၁၅)တိုင် တန်းထွန်းပါ။ အနန္တငါးပါးအားရည်မှန်းရည်စူး၍ ကပ်လှူပါ။ ဆုတောင်းရန်မှာ-

(ဘုရားအမှူးရှိသော အနန္တငါးပါးအားရည်မှန်း၍ ရည်စူး၍ သပြေပန်းသက်စေ့ထက်(၁)ခက်ပို၍လည်းကောင်း၊ ပန်း (အမည်)(၁၅)ပွင့်တို့ဖြင့်လည်းကောင်း ကွမ်း(၅)ယာတို့ဖြင့် လည်းကောင်း၊ ကပ်လှူပူဇော်ကန်တော့ပါ၏။ ဤသစ္စာမှန်ကန်ပါက ဤမှန်ကန်သောသစ္စာကြောင့်လည်းကောင်း၊ ဤမှန်ကန်သောသစ္စာတန်ခိုးတော်ကြောင့်လည်းကောင်း၊ အနန္တောအနန္တငါးပါးအားရည်စူး၍ သပြေပန်းသက်စေ့ထက် (၁)ခက်ပို၍ လည်းကောင်း၊ ပန်း(အမည်)(၁၅)ပွင့်တို့ဖြင့်လည်းကောင်း၊ ကွမ်း(၅)ယာတို့ဖြင့်လည်းကောင်း၊ ကပ်လှူပူဇော်ရသော အနန္တောအနန္တ ငါးပါးတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် အရပ်(၄) မျက်နှာ၊ အရပ်(၈)မျက်နှာ၊ အရပ်(၁၀)မျက်နှာတို့မှ စည်းစိမ်ဥစ္စာ၊ ရတနာများစွာတို့သည်လည်းကောင်း၊ စိန်ရွှေငွေ ကျောက်မျက်ရတနာများစွာတို့သည်လည်းကောင်း၊ အလုပ်အကိုင်များ အကြံအစည်ကိစ္စများစွာတို့သည်လည်းကောင်း

လျှင်မြန်စွာတိုးတက်ဝင်ရောက်လာကြပါစေသတည်း။ လျှင်မြန်စွာ ဝင်လာမစဲတသဲသဲစည်ကားလာကြ ပါစေ။ ရောက်ရှိလာကြပါစေကုန်သတည်း)ဟု (၅)ခါဆို၍ ဆုတောင်းပါ။

C. <u>ရေဒါနဖွင့်လိုပါလျှင်</u>

သကြားဖျော်ရည် (၅)ခွက်၊

ကြံရည် (၅)ခွက်၊

သကြားနှင့်ဖျော် မကျီးဖျော်ရည် (၅)ခွက်၊

ကြံရေစစ်စစ်မရခဲ့ပါလျှင် (ကြံသကာရေအခဲထည့်) (၅)ခွက်၊

ကွမ်းယာအချို (၅)ယာထည့်ပါ။

လင်ဗန်းတစ်ပတ်လည်တွင် ဖယောင်း (၉)တိုင်ထွန်းပါ။

(ဘုရားအမှူးရှိသော အနန္တောအနန္တငါးပါးအား ရည်မှန်း၍ ရည်စူး၍ သကြားဖျော်ရည်(၅)ခွက်၊ ကြံရည်(၅)ခွက်၊ မကျီးဖျော်ရည်(၅)ခွက်တို့ဖြင့်လည်းကောင်း၊ ကွမ်းယာ(၅)ယာတို့ဖြင့် လည်းကောင်း၊ ဖယောင်းတိုင်(၉)တိုင်ထွန်း၍ လည်းကောင်း ကပ်လှူပူဇော်ကန်တော့ပါ၏ မြတ်စွာဘုရား။ ဤသစ္စာမှန်ကန်ပါက ဤမှန်ကန်သောသစ္စာကြောင့်လည်းကောင်း၊ ဤမှန်ကန်သောသစ္စာ၏တန်ခိုးတော်ကြောင့် လည်းကောင်း၊ အနန္တ(၅)ပါးအားရည်မှန်းရည်စူး၍ သကြားဖျော်ရည်(၅)ခွက်၊ ကြံရည်(၅)ခွက်၊ မကျီးဖျော်ရည် (၅)ခွက်တို့ဖြင့် လည်းကောင်း၊ ကွမ်းယာ(၅)ယာတို့ဖြင့်လည်းကောင်း၊

ဖယောင်းတိုင်မီး(၉)တိုင်တို့ကို ထွန်းညှိ၍လည်းကောင်း ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ ကပ်လှူပူဇော်ကန်တော့ရသော အနန္တောအနန္တငါးပါးတို့၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့် အရပ်(၄)မျက်နှာ၊ အရပ်(၈)မျက်နှာ၊ အရပ်(၁၀)မျက်နှာတို့မှငှင်း စိန်ရွှေငွေ ကျောက်သံပတ္တမြား၊ ဥစ္စာစည်းစိမ် အိမ်၊ တိုက်၊ ခြံ၊ ကား စသော လောကီစည်းစိမ် ဥစ္စာရတနာများစွာတို့သည်လည်းကောင်း၊ အလုပ်အကိုင်ကိစ္စများ၊ ရွှေငွေကိစ္စများ၊ အကြံအစည် ရည်မှန်း ချက်ကိစ္စများတို့သည်လည်းကောင်း လျင်မြန်စွာ ဝင်ရောက်လာ ကြပါစေကုန်သတည်း။ စည်ကားစွာ လာရောက်ကြပါစေကုန် သတည်း။ ဝင်လာမစဲတသဲသဲ ဝင်ရောက် ရရှိလာ ကြပါစေကုန် သတည်း) (၅)ခါဆို၍ ဆုတောင်းပါလေ. . ။

**အထူးမှတ်သားချက်။** ။ယခုပြထားသော ဆုတောင်းပုံ ဆုတောင်းနည်းကို အထူးသတိပြုပါ။ အလွတ်ရအောင် သဘောတရားသိအောင်ကျက်မှတ်ထားရန် အထူးလိုအပ် သည်။ မည်မျှပင် ယတြာများပြုလုပ်သည်ဖြစ်စေ ဆုတောင်းပုံ ဆုတောင်းနည်းပုံမမှန်ပါက၊ သဘာဝမကျပါက ထင်သလောက် အကျိုးမသက်ရောက်နိုင်၊ ခရီးမပေါက်နိုင်ကြောင်းကို သတိ ပြုပါ။ ဥပမာ လူတစ်ယောက်သည် ရေငတ်၍ ရေသောက်ချင် နေသည်ကို ဆေးလိပ်သွားတိုက်သည်နှင့် တူနေတတ်ကြောင်း၊ ထမင်းဆာ၍ ထမင်းတောင်းနေသည်ကို ရေခပ်တိုက်နေသည်

နှင့် တူနေတတ်ကြောင်းကို အထူးသတိ ထားကြပါလေ။ ယွှကြွန်ုပ် ဆရာတော်ပြသထားသော ဆုတောင်းပုံဆုတောင်း နည်းသည် (လောကီ/လောကလူသားများအတွက် အထူး သင့်တော်ပေလိမ့်မည်။) ဤဟိတသိဒ္ဓိ ပကာသနီကျမ်း ဒုတိယ တွဲသည် လောကုတ္တရာ၊ တစ်မဂ်-တစ်ဖိုလ် ရရန်အတွက် ကျမ်းမဟုတ်ပါ။ လောကီသက်သက်ကျမ်း တစ်စောင်သာဖြစ်ပါ ကြောင်းကို အထူးသတိထားသင့်ပါသည်။ လောကုတ္တရာ အတွက်မူ အထောက်အပံ့အကူအညီ သဘောမျိုးဖြစ်နိုင်ပါ လိမ့်မည်ဟူ၍ မှတ်ယူသင့်၏။

## D.ရွှေလာငွေလာဓါတ်သော ရွှေဓါတ်ငွေဓါတ်မွှင့်ပုံ

သန့်ရှင်းစင်ကြယ်၍ အပြစ်အနာအဆာကင်းဝေးသော ငွေလင်ဗန်း (သို့မဟုတ်)ကြေးလင်ဗန်းကို အသုံးပြုရပါမည်။ လင်ဗန်း၏အလယ်ဗဟိုတွင် နို့ဆီ၊ နွားနို့မပါစေရ၊ သကြားနှင့် ဖျော်သောကော်ဖီခွက်(၅)ခွက်ကို စုတင်ပါ။ (စုတင်ပါဆိုရာ၌ တစ်ခွက်နှင့်တစ်ခွက်ထိကပ်ထားသည်ကို စုတင်ထားသည်ဟု ဆိုလိုပါသည်။) ၎င်းကော်ဖီခွက်(၅)ခွက်ကြားတွင် ငွေပန်း ဖြစ်စေ၊ ရွှေပန်းဖြစ်စေ၊ ကံ့ကော်ပန်းဖြစ်စေ၊ ဂန္ဓမာအဖြူပွင့် ဖြစ်စေ ရရာတစ်မျိုးမျိုး(၁၅)ပွင့်တိတိ ၅-ကျပ်တန် ငွေစက္ကူ အသစ် ၁၀၅-ကျပ်တိတိနှင့်ရောထွေး၍ စုစည်းပြီး ကော်ဖီခွက် (၅)ခွက်ကြား ထိုးစိုက်ထားပါ။

ကော်ဖီခွက်(၅)ခွက်၏အပြင်ဘက်တွင် အောင်သပြေပန်း မိမိသက်စေ့ထက်တစ်ခက်ပို၍ ဝိုင်းပက်ထားပါ။ ၄င်းသပြေခက်အပြင်ဘက်တွင် သကြားဖျော်ရည်(၁၅)ခွက်ကို ပတ်ရံထားပါ။ ဗုဒ္ဓဘုရားရှင်ရှေ့တော်မှာ ပြင်ထားပါ။ လင်ဗန်းတဝိုက်လင်ဗန်း၏အပြင်ဘက်ကကပ်လျက်၊ ဖယောင်းတိုင်(၁၅)တိုင်ကို ဝိုင်း၍ထွန်းပါ။

ဘုရားအမျိုးရှိသော ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘစသော အနန္တောအနန္တငါးပါးအားရည်မှန်း၍ ကပ်လှူပူဇော်ကန်တော့ပါ၏ မြတ်စွာဘုရား။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဤမှန်ကန်သော သစ္စာ၏တန်ခိုး အာနုဘော်တို့ကြောင့်လည်းကောင်း၊ အနန္တောအနန္တငါးပါးအား ရည်မှန်းရည်စူး၍ ငွေပန်းများ၊ ငွေစက္ကူများ၊ သပြေပန်းများ၊ ကော်ဖီများ၊ သကြားဖျော်ရည်များဖြင့် ကပ်လှူပူဇော်ကန်တော့ရသောကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း ကပ်လှူပူဇော်ကန်တော့ရသော အနန္တောအနန္တငါးပါးတို့၏ တန်ခိုးတေဇော်အာနုဘော် တို့ကြောင့် အရပ်(၄)မျက်နှာမှလည်းကောင်း၊ အရပ်(၈)မျက်နှာမှလည်းကောင်း၊ အရပ်(၁၀)မျက်နှာမှလည်းကောင်း ရစရာရှိသောရွှေငွေများ၊ ဝင်စရာ ရှိသောရွှေငွေများ၊ လာစရာရှိသော ရွှေငွေများ၊ အကြွေးရွှေငွေ များ၊ လက်လွှန်ထားသောရွှေငွေများ စုစည်း၍ စုပေါင်း၍ အင်အားကောင်းစွာ စွမ်းအားကောင်းစွာ လျင်မြန်စွာ ရောက်ရှိလာကြ

ပါစေကုန်လော့၊ စည်ကားစွာရောက်ရှိလာကြ ပါကုန်လော့၊ ဝင်လာမစဲ တသဲသဲ လာရောက်ကြကုန်လော့. . . ဟူ၍ (၅)ခါ ဆို၍ ဆုတောင်းပါလေ။ **ငှင်းရွှေခါတ်ငွေခါတ် ဖွင့်ပုံကိုလည်း တနင်္လာနေ့နံနက်(၉)နာရီတွင် တစ်ကြိမ်၊ ဗုဒ္ဓဟူး နေ့နံနက် (၉)နာရီတွင် တစ်ကြိမ်၊ သောကြာနေ့နံနက်(၉)နာရီ တွင်တစ်ကြိမ် တစ်ပတ်လျှင် (၃)ကြိမ်မှန်မှန် ဆောင်ရွက်ပေးရ ပါသည်**။ (ရက်မပျက်ကွက်စေရ)။ မအားလပ်လို့ပါဟူ၍ လည်း ကောင်း၊ မေ့နေလို့ပါဟူ၍လည်းကောင်း မဖြစ်စေသင့်ပါ။

ဤသို့လျှင် အကျော်ခါတ်ဒါနဖွင့်ပုံတို့ကိုလည်းကောင်း၊ ပန်းခါတ် ဒါနဖွင့်ပုံတို့ကိုလည်းကောင်း၊ ရေခါတ်ဒါန ဖွင့်ပုံ ကိုလည်းကောင်း၊ ရွှေခါတ် ငွေခါတ်ဖွင့်ပုံကိုလည်းကောင်း ဂရုတစိုက်လုပ်ဆောင်ခြင်း၊ ကြိုးစား၍ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်ကြီးများ၊ ငွေရေး ကြေးရေးကိစ္စကြီးများ၊ အရောင်းအဝယ် လုပ်ငန်းကြီးများ၊ သိန်းပေါင်းများစွာရင်းနှီးလုပ်ကိုင်ရသော လုပ်ငန်းကြီးများသည် အထူးအောင်မြင်နိုင်၏။ အထူးတိုးတက်ကြီးပွားနိုင်၏။ လာဘ် လာဘဝင်အားကောင်း၏။ စီးပွားရေးတိုးတက်အားကောင်း၏။ ဝင်ငွေတိုးတက်အားကောင်း၏။ အမြတ်အစွန်းရမည့် လုပ်ငန်း မျိုးကိုသာ လုပ်မိတော့၏။ စီးပွားရေးတွင် လုပ်တိုင်းဖြစ်လာ တော့၏။ ဆုံးရှုံးနစ်နာမည့် အလုပ်များ အလိုလိုပင် ရှောင်ကွင်းပျက်ကွက်လာတော့၏။ စီးပွားရေးတွင် လုပ်တိုင်း

လုပ်တိုင်း အဆင်ပြေလာတော့၏။ လူချစ်လူခင် များပြားလာတော့၏။ ကူညီမည့်သူ အားပေးမည့်သူ ပေါများလာတော့၏။

❖ ❖ ❖

## E. ဏှဇ္ဈာသယ နိမ္မိတ လိုတ,ရ ကာမာဝါစရကံစွမ်းအား တည်ဆောက်ပုံ

မိသားစုများသော အိမ်ထောင်စုများတွင် ကျင့်ဆောင်ရမည့်ပုဂ္ဂိုလ်သည် နံနက်အရုဏ်တက်(၅)နာရီကြိုတင် အိပ်ရာမှထ၍ ဆောင်ရွက်ကျင့်ဆောင်သင့်၏။ မိသားစုနည်းပါးသော အိမ်ထောင်စုတွင် ကျင့်ဆောင်ရမည့် ပုဂ္ဂိုလ်သည် နံနက်(၆)နာရီကြိုတင်အိပ်ရာမှထ၍ကျင့်ဆောင်သင့်ကြောင်း အထူးသတိပြုရပါမည်။ (သူတော်ကောင်းအလုပ်သည်လည်းကောင်း၊ စိတ်ကိုပြုပြင် သောအလုပ်သည်လည်ကောင်း၊ အာရုံတက်(သို့မဟုတ်) နံနက်စောစောထ၍ အလုပ်ကိုဆောင်ရွက်သင့်ပါကြောင်း ကြိုးစားအားထုတ် သင့်ပါကြောင်း အထူးသိစေရပါမည်။) (ရှာသူတို့၏ဓလေ့သည် သူတော်ကောင်းအလုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်ကြောင်းကို အထူးသတိရှိကြပါလေ။)

## E.A. မဟာအတုလ စိန္တာမယ သရဏဂုံတော် ၅၄–ပါး ဏ္ဍာသယ နိမ္မိတ လိုတ,ရ ကာမာဝါစရ ကုသိုလ်ကံစွမ်းအားတည်ဆောက်ပုံ

1. နမောတဿ ဘဂဝတော အရဟတော
   သမ္မာသမ္ဗုဒ္ဓဿ။ (၃)ခေါက်ရွတ်ပါ။
2. ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
   ဓမ္မံ သရဏံ ဂစ္ဆာမိ။
   သံဃံ သရဏံ ဂစ္ဆာမိ။ (၃)ခေါက်ရွက်ပါ။
3. ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
   ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
   ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (၃)ခေါက်ရွက်ပါ။
4. တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
   တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
   တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (၃)ခေါက်ရွက်ပါ။
5. ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
   ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
   ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။ (၃)ခေါက်ရွက်ပါ။
6. ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
   ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။(၉)ခေါက်ရွက်ပါ။

7. ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။(၉)ခေါက်ရွက်ပါ။

8. ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပါ။

9. မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။ (၉)ခေါက်ရွက်ပါ။

10. မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

11. သောတာပတ္တိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

12. သောတာပတ္တိမဂ္ဂကါလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂကါလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိမဂ္ဂကါလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

13. သကဒါဂါမိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

14. သကဒါဂါမိမဂ္ဂကါလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂကါလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိမဂ္ဂကါလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

15. အနာဂါမိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

16. အနာဂါမိမဂ္ဂကါလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂကါလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနာဂါမိမဂ္ဂကါလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

17. အရဟတ္တမဂ္ဂ ပရိယန္တံ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ ပရိယန္တံ့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ ပရိယန္တံ့ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

18. အရဟတ္တမဂ္ဂကါလ ပရိယန္တံ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကါလ ပရိယန္တံ့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကါလ ပရိယန္တံ့ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

19. နိဗ္ဗာန ပရိယန္တံ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ့ သံဃံ သရဏံ ဂစ္ဆာမိ။(၉)ခေါက်ရွက်ပါ။

20. နိဗ္ဗာနကါလ ပရိယန္တံ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကါလ ပရိယန္တံ့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကါလ ပရိယန္တံ့ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

21. အဇ္ဇတဂ္ဂေပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေပါဏုပေတံ ပရိယန္တံ့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေပါဏုပေတံ ပရိယန္တံ့ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

22. ဗုဒ္ဓေါမေနာထော သတ္တပါကါရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ပုဒ္ဓေါမေနာထော သတ္တပါကါရံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ပုဒ္ဓေါမေနာထော သတ္တပါကါရံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉)ခေါက်ရွက်ပေးပါ။

23. ပုဒ္ဓေါမေသရဏံ အည်နတ္ထိ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မောမေသရဏံ အည်နတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃောမေသရဏံ အည်နတ္ထိ သံဃံ သရဏံ ဂစ္ဆာမိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။
(၉)ခေါက်ရွက်ပေးပါ။

စုစုပေါင်း အပုဒ်ရေ (၂၃)ပုဒ်ဖြစ်ပါသည်။ ၎င်း (၂၃)ပုဒ်ကို x ၃ သရဏဂုံနှင့်မြှောက်လျှင် သရဏဂုံပေါင်း (၆၉)ပါး ထွက်လာပါမည်။ ၎င်းကို တစ်ပုဒ်လျှင် (၉)ခေါက်နှင့်မြှောက်လျှင် သရဏဂုံပေါင်း (၆၂၁)ကို နေ့စဉ်ပွားများပြီးသားဖြစ်ပါလိမ့်မည်။ ၎င်းကို အချို့ရှေးဟောင်းမန္တန်ပရပိုက်မှုများတွင် မဟာအတုလ စိန္တာမယသရဏဂုံတော်ဟု ပါရှိပါသည်။ သရဏဂုံနှင့်ပါတ်သက်သော သရဏဂုံခန်းတွင် အပြည့်စုံဆုံး အပြီးစီးဆုံး အကောင်းဆုံးဖြစ်ပါသည်။ **သရဏဂုံတည်သောအခါဝယ် နွယ်မြက်သစ်ပင်ဆေးဘက်ဝင်၏။ ပေါ်ဆီလေးနက် ဩဇာထက်၏**ဟု ရှေးဟောင်းပေဟောင်းများတွင် ခဏခဏတွေ့မြင်ဘူး၏။ ဤဟိတသိဒ္ဓိ ပကါသနီကျမ်း ဒုတိယတွဲ၏ ဤအခန်း

ကဏ္ဍသည် သရဏဂုံဖြင့် ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအား တည်ဆောက်ပုံဖြစ်ပါ၍ တခြားတခြားသော ကိစ္စအကြောင်းတို့ကို ပြသရေးသားရန်မသင့်တော်ပါ။ ဘဝ တစ်ခုအတွက် အလုံလောက်ဆုံးသောသရဏဂုံစွမ်းအားဟု မှတ်ယူသင့်ပါသည်။ တစ်သက်တာအတွက် အကောင်းဆုံးသော သရဏဂုံစွမ်းအားဟုလည်း မှတ်ယူသင့်ပါ၏။

သရဏဂုံစွမ်းအားဖြင့် ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားကို တည်ဆောက်လိုသော ပုဂ္ဂိုလ်သည် လူသူလေးပါး ကလေးသူငယ်များမနိုးခင် နံနက်(၅)နာရီ အရုဏ်တက်မှာထ၍ ကျင့်ဆောင် ပွားများသင့်သည်။

(၁) ကိုယ်လက်သန့်ရှင်းပါ။ မျက်နှာသစ်၊ အာခံတွင်းရှင်းပါ။
(၂) အပူသောက၊ စိတ်အနှောက်အယှက်မရှိသော ပကတိစိတ်ရှိပါစေ။
(၃) ဘုရားရှင်ထံ ငါးပါးသီလတော်မြတ်ကို ခံယူပါ။
(၄) ကြည်လင်သန့်ရှင်းသော စိတ်ဖြင့် သရဏဂုံကို သရဇ္ဈာယ်ပေးပါ။
(၅) မေတ္တာပို့သပေးပြီး အမျှပေးဝေပါ။
(၆) ဖြစ်စေချင်တာ၊ ဖြစ်ချင်တာများကိုလိုရာဆုကိုတောင်းပါ။

ဤနည်းများ ဤစည်းကမ်းများကိုလက်ကိုင်ထား၍ နေ့စဉ်အရုဏ်တက်ချိန်မှစ၍ မိုးလင်းလာသည်အထိ သရဏဂုံ ပေါင်း (၆၂၁)ရအောင် နေ့စဉ်ပွားရွတ်ဖတ်၍ သရဇ္ဈာယ်ပေး

ပါလေ။ ရက်မပျက်ပါစေနှင့်။ မရွတ်တစ်ချက်၊ ရွတ်တစ်ချက် မရှိပါစေနှင့်။ ရွတ်ဖတ်သရဇ္ဈာယ်တာကို စိတ်ထက်သန်၍ ရွတ်ကောင်းကောင်းနှင့် အပိုတွေ မရွတ်မိစေနှင့်။ နေ့စဉ်နေ့စဉ် သရဏဂုံပေါင်း (၆၂၁)ရအောင်သာကြိုးစား၍ အချိန်မှန်မှန် သရဇ္ဈာယ် ပွားများသင့်ပါကြောင်း အထူးသတိရှိကြပါလေ။ အထူးသတိပြုရမည်မှာ-

၁။ နှလုံးရောဂါအခံရှိသော အမျိုးသမီးများ၊

၂။ စိတ်ရောဂါအခံရှိသော အမျိုးသမီးများ၊

၃။ အရာရာကိုအစွဲတရား အတ္တလွန်ကဲသောအမျိုးသမီးများ၊

၄။ အာရုံကြော မကောင်းသော အမျိုးသမီးများ၊

၅။ သွေးတိုးရောဂါအခံရှိသော အမျိုးသမီးများ၊

၆။ စိတ်ဓါတ်မခိုင် ဝိုလွယ်၊ ရယ်လွယ်လွန်းသော အမျိုးသမီးများ၊

၇။ ကျပ်မပြည့် ပေါ့သွပ်သွပ် မိန်းမအမျိုးသမီးများ၊

ဤ(၇)မျိုးတွင် အကျုံးဝင်သောအမျိုးသမီးများ၊ ဤ သရဏဂုံစွမ်းအားဖြင့် ကဿာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားအကျင့်တည်ဆောက်နည်းကို လုံးဝမကျင့်ဆောင် သင့်ပါ။ လုံးဝမကျင့်ဆောင်မိစေရန်လည်း သတိပြုပါ။ လုံးဝ မအပ်စပ်ပါကြောင်း လုံးဝမသင့်တော်ပါကြောင်း သတိရှိပါစေ။

ထို့အပြင် စိတ်ဓါတ်မခိုင်မာသော၊ သမာဓိအားနည်း သော အမျိုးသမီးများနှင့်လည်း လုံးဝမသင့်တော်ကြောင်း၊ လုံးဝ မကျင့်သုံးသင့်ကြောင်း အထူးသတိရှိပါစေ။ သရဏဂုံအကျင့်

မြတ်သည် အလွန်တရာပင်နူးညံ့သိမ်မွေ့လွန်းသော အကျင့်မြတ်ဖြစ်ကြောင်းကို အထူးသတိထားကြပါလေ။ အလွန်ပင်ကြည်လင်အေးမြသော အကျင့်မြတ်ဖြစ်ကြောင်း၊ တည်ကြည်ငြိမ်သက်သောအကျင့်မြတ်ဖြစ်ကြောင်း အထူး သတိရှိကြပါလေ။

**ဥပမာပြပါအံ့။** ဤအကျင့်မြတ်ကို ကျင့်ကြံအားထုတ် မည့်ယောက်ျား(၁၀၀)ရှိပါလျှင် (၅)ယောက်ထက်မပိုဘဲ (၅)ယောက်အောက်သာ ငိုခြင်း၊ ရယ်ခြင်း၊ ကတုံကယင်ဖြစ်ခြင်း၊ မူးဝေခြင်း၊ ဖြစ်စေနိုင်ပါသည်။ ဤအကျင့်မြတ်ကို ကျင့်ကြံ အားထုတ်သည့်အမျိုးသမီး(၁၀၀)ရှိခဲ့ပါလျှင် အမျိုးသမီး အများစု (၉၀)နီးပါးခန့်သည် ငိုတတ်၊ ရယ်တတ်ခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်း၊ ဖြစ်စေနိုင်ကြောင်းကို အထူးသတိမူကြပါလေ။ မွန်မြတ်သန့်စင်သော သရဏဂုံအကျင့်မြတ်ကို ခုတုံးလုပ်၍ လက်နက်သဖွယ်အသုံးပြု၍ မလိုလားအပ်သောကိစ္စများ၊ အကြောင်း အရာများ၊ ဖြစ်တတ်လာနိုင်ကြောင်းကို ကြိုတင်၍ သတိပြုရ ပါမည်။

**တစ်နည်းအားဖြင့် အထူးကိုဆိုပါဦးအံ့။** ဘုရား၊ တရား၊ သံဃာနှင့်မနီးကပ်နိုင်သေးသောပုဂ္ဂိုလ်များ၊ ဘုရား၊ တရား၊ သံဃာနှင့်တကွ ကုသိုလ်ကောင်းမှုတို့ကို မလုပ်ဘူးသေးသော၊ မထိတွေ့ရသေးသော၊ ဗဟုသုတ မရှိသေးသော ပုဂ္ဂိုလ်များသည် လောလောဆယ် နဖူးတွေ့ဒူးတွေ့ ဤသရဏဂုံ စွမ်းအားဖြင့် ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကုသိုလ်ကံ

တည်ဆောက်ပုံအကျင့်မြတ်ကို မကျင့်အပ်၊ မကြိုးစားအပ်သေးပါ။ ကျင့်ကြံအားထုတ်ဖို့ အချိန်အခါမဟုတ်သေးပါဟု မှတ်ယူထားပါ။

ပထမဦးစွာ စွဲစွဲမြဲမြဲမလုပ်ခဲ့ဘူးသေးသော ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကိစ္စကြီး/ငယ်များ၊ တခြားဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃကိစ္စများ အလှူအတန်းကုသိုလ်ရေးကိစ္စများ၊ ရေကပ်၊ ပန်းကပ်၊ ဆွမ်းကပ်ကိစ္စများ၊ သီလခံယူတတ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းကိစ္စများ၊ ပဋ္ဌာန်း၊ ဂုဏ်တော်စသည်များ၊ ပရိတ်တော်များ စသည်တို့ကို ရွတ်ဖတ်ပွားများခြင်းကိစ္စများကို လပေါင်း၊ နှစ်ပေါင်းများစွာ ကြိုးစားဆောင်ရွက်သင့်ပါကြောင်း ထိုသို့အလေ့အကျင့်ရအောင် ကြိုးစားဆောင်ရွက်ပြီးမှသာ ဤသရဏဂုံစွမ်းအားဖြင့် ကဿာသဃ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားအကျင့်တည်ဆောက်နည်းကို ဆက်လက်ကျင့်ဆောင်ရပါမည်။ အလျင်စလို ဆောင်ရွက်ခြင်း၊ အလောသုံးဆယ်ကျင့်ဆောင်ခြင်းကို မဆောင်ရွက်သင့်ပါ။ ဤသို့သော နည်းနာနိဿယများ၊ နည်းလမ်းစည်းကမ်းများကို အထူးလေ့လာမှတ်သားပြီး၍ ဤမဟာအတုလ စိန္တာမဃ သရဏဂုံတော်(၅၄)ပါးဖြင့် ကဿာသဃ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားတည်ဆောက်ပုံအတိုင်း နေ့စဉ်နေ့တိုင်း သရဏဂုံ(၆၂၁)ရရှိအောင် ပွားများရွတ်ဖတ်သရဇ္ဈာယ်ကြပါလေ။ ဤအတိုင်းကျင့်ဆောင်ပွားများခဲ့၍ အနည်းဆုံးရက်ပေါင်း

(၅၄)ရက်စေ့၍လွန်လာခဲ့လျှင်လည်းကောင်း၊ အများဆုံး ရက်ပေါင်း (၁၀၈)ရက်စေ့၍လွန်လာခဲ့လျှင်လည်းကောင်း ကျင့်ဆောင်ပွားများသော ပုဂ္ဂိုလ်တို့၏ စိတ်ဓါတ်အစဉ်အလာ သည် အလွန်လျှင်ငြိမ်းအေးလာတတ်ခြင်း၊ အလွန်လျှင်ငြိမ်းချမ်း လာစေတတ်ခြင်း၊ အလွန်လျှင်တည်ကြည်ငြိမ်သက်မှုရှိလာ တတ်ခြင်း၊ အလွန်လျှင် အားရခြင်းရွှင်လန်းလာစေတတ်ခြင်း ရှိလာစေလိမ့်မည်။ ထို့အပြင်ပြောတိုင်းဆိုတိုင်း အောင်မြင် လာတတ်ခြင်း၊ စိတ်မှလည်းကောင်း၊ နှုတ်မှလည်းကောင်း ပြောဆိုဆုတောင်းရုံဖြင့် လည်းကောင်း၊ တမ်းတ,ငြီးတွားရုံ ဖြင့်၄င်း၊ လျှင်မြန်စွာ အောင်မြင်ပြီးစီးလာရ၏။ ပြောရဲဆိုရဲ ဆောင်ရွက်ရဲ လာတတ်၏။ ပြောဆိုဆောင်ရွက် လုပ်ကိုင် လာလျှင်လည်း အောင်မြင်ရမည်။ ပြီးစီးရမည် ဖြစ်စေရမည်ဟု မိမိစိတ်ထဲမှ အလိုလို ယုံကြည်ခြင်းသဒ္ဓါအား ပြင်းထန်လာ စေတော့၏။ ဤနည်းအား ဖြင့် ပြောတိုင်းဆိုတိုင်းလုပ်ကိုင်တိုင်း၊ အလုပ်အကိုင်များ လုပ်ငန်းများ၊ စီးပွားရေးအရောင်း အဝယ်များ အထူးအောင်မြင် ပြီးစီးလာရ၏။ အောင်မြင်ရမည့်ကိစ္စများ အလုပ်များကိုသာ ဆောင်ရွက်လုပ်ကိုင်မိလာရ၏။ ဆုံးရှုံးမည့်၊ နစ်နာမည့်၊ အန္တရာယ်ကျရောက်မည့် အလုပ်အကိုင်မှန်သမျှ အလိုလို နောက်ဆုတ်လာတတ်၏။ အလိုလိုပျက်စီးလာတတ် ၏။ မလုပ် မိ၊ မကိုင်မိ၊ မဆောင်ရွက်မိဘဲ ဖြစ်လာတော့၏။ ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားကို

လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ရရှိလာသည်နှင့်အမျှ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ၊ ရွာစောင့်နတ် မြို့စောင့်နတ်များ၊ တောစောင့်နတ် တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ မိမိအား အထူးချစ်ခင်လာတတ်ကြကုန်၏။ အထူးစောင့်ရှောက် လာကြကုန်၏။ မိမိအား အထူးကူညီအားပေးလာတတ်ကြကုန် ၏။ ပြောသမျှဆိုသမျှ၊ လုပ်သမျှကိုင်သမျှ မအောင်မြင်တာမရှိ၊ မပြီးစီးတာမရှိ၊ အားလုံးအောင်မြင်ပြီးစီးရနိုင်သည်ဟု မှတ်သားသင့်၏။ အန္တရာယ်မှန်သမျှ ကင်းဝေးရ၏။ ရန်မှန်သမျှ ကင်းဝေးရ၏။ ဘေးဥပါဒ်အန္တရာယ်မှန်သမျှတို့ကိုလည်းကောင်း၊ အမှုကိစ္စမှန်သမျှ တို့ကိုလည်းကောင်း အားလုံးကို အောင်မြင်ပြီးစီးရ၏။ ရောဂါအနာမှန်သမျှလည်း ကင်းဝေးရ၏။ ကိစ္စမှန်သမျှအားလုံး ဆန္ဒအတိုင်း ပြီးစီးရ၏။

## E.B ဂုဏ်တော်-ဥပါးမြင့် ဣန္ဒာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားတည်ဆောက်ပုံ

1. ဣတိပိသော ဘဂဝါ အရဟံ၊ အရဟံ ဝတသော ဘဂဝါ၊ အရဟန္တံ သရဏံ ဂစ္ဆာမိ၊

အရဟန္တံ သိရသာ နမာမိ၊ အရဟံ မေ သုခံဒေတု၊ အရဟံ မေ ဉာဏံဒေတု၊

အရဟံမေ သိဒ္ဓိံဒေတု၊ အရဟံ မေ သီသေ တိဋ္ဌတု၊

ဣတိပိသော ဘဂဝါ အရဟံ သိဒ္ဓိ၊

2. ဣတိပိသော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ ဝတသော ဘဂဝါ၊

သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု၊

သမ္မာသမ္ဗုဒ္ဓေါ မေ ဉာဏံဒေတု၊ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိံ ဒေတု၊ သမ္မာသမ္ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊

ဣတိပိသော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ။

3. ဣတိပိသော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ၊

ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊ ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာနမာမိ၊ ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံဒေတု၊

ဝိဇ္ဇာစရဏသမ္ပန္နော မေ ဉာဏံဒေတု၊ ဝိဇ္ဇာစရဏ သမ္ပန္နော မေ သိဒ္ဓိံဒေတု၊

ဝိဇ္ဇာစရဏသမ္ပန္နော မေ သီသေ တိဋ္ဌတု၊ ဣတိပိသော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ။

4. ဣတိပိသော ဘဂဝါ သုဂတော၊ သုဂတော ဝတသော ဘဂဝါ၊ သုဂတံ သရဏံ ဂစ္ဆာမိ၊

သုဂတံ သိရသာ နမာမိ၊ သုဂတော မေ သုခံဒေတု၊ သုဂတော မေ ဉာဏံ ဒေတု၊

သုဂတော မေ သိဒ္ဓံဒေတု၊ သုဂတော မေ သီသေ တိဋ္ဌတု၊ ဣတိပိသော ဘဂဝါ သုဂတောသိဒ္ဓိ။

5. ဣတိပိသော ဘဂဝါ လောကဝိဒူ၊ လောကဝိဒူ ဝတသောဘဂဝါ၊ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊

လောကဝိဒုံ သိရသာ နမာမိ၊ လောကဝိဒူ မေ သုခံဒေတု၊ လောကဝိဒူ မေ ဉာဏံဒေတု၊

လောကဝိဒူ မေ သိဒ္ဓံဒေတု၊ လောကဝိဒူ မေ သီသေ တိဋ္ဌတု၊ ဣတိပိသော ဘဂဝါ လောကဝိဒူသိဒ္ဓိ။

6. ဣတိပိသော ဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ ဝတသောဘဂဝါ၊

အနုတ္တရောပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ၊

အနုတ္တရောပုရိသ ဒမ္မသာရထိ မေ သုခံဒေတု၊ အနုတ္တရောပုရိသ ဒမ္မသာရထိ မေ ဉာဏံဒေတု၊

အနုတ္တရောပုရိသ ဒမ္မသာရထိ မေ သိဒ္ဓံဒေတု၊ အနုတ္တရောပုရိသ ဒမ္မသာရထိ မေ သီသေ တိဋ္ဌတု၊

ဣတိပိသော ဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ သိဒ္ဓိ။

7. ဣတိပိသော ဘဂဝါ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာနံ ဝတသောဘဂဝါ၊

သတ္တာဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊ သတ္တာဒေဝ မနုဿာနံ သိရသာ နမာမိ၊

သတ္ထာဒေဝမနုဿာနံ မေ သုခံဒေတု၊ သတ္ထာဒေဝ မနုဿာနံ မေ ဉာဏံဒေတု၊

သတ္ထာဒေဝမနုဿာနံ မေ သိဒ္ဓိံဒေတု၊ သတ္ထာဒေဝ မနုဿာနံ မေ သီသေ တိဋ္ဌတု၊

ဣတိပိသော ဘဂဝါ သတ္ထာဒေဝမနုဿာနံသိဒ္ဓိ။

8. ဣတိပိသော ဘဂဝါ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဝတသောဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သိရသာ နမာမိ၊

ဗုဒ္ဓေါ မေ သုခံဒေတု၊ ဗုဒ္ဓေါ မေ ဉာဏံဒေတု၊ ဗုဒ္ဓေါ မေ သိဒ္ဓိံဒေတု၊ ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊

ဣတိပိသော ဘဂဝါ ဗုဒ္ဓေါသိဒ္ဓိ။

9. ဣတိပိသော ဘဂဝါ ဘဂဝါ၊ ဘဂဝါ ဝတ သော ဘဂဝါ၊ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊

ဘဂဝန္တံ သိရသာ နမာမိ၊ ဘဂဝါ မေ သုခံဒေတု၊ ဘဂဝါ မေ ဉာဏံဒေတု၊

ဘဂဝါ မေ သိဒ္ဓိံဒေတု၊ ဘဂဝါ မေ သီသေ တိဋ္ဌတု၊ ဣတိပိသော ဘဂဝါ ဘဂဝါသိဒ္ဓိ။

ဂုဏ်တော်တစ်ပါးလျှင် (၁၂)ခေါက် ရွတ်ဖတ်သရဇ္ဈာယ် ပေးရသည်။ စုစုပေါင်း ဂုဏ်တော်(၉)ပါးရှိသောကြောင့် တစ်ရက်အတွက် ဂုဏ်တော်ပေါင်း (၁၀၈)ရရှိအောင် ကျင့်ဆောင်ရပေလိမ့်မည်။

ဤဂုဏ်တော်(၉)ပါးဖြင့် ကဏ္ဍာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားရအောင် ကျင့်ဆောင်ရသော ဤအကျင့်မြတ်သည်လည်း ပထမဦးဆုံးပြခဲ့သော(E) A. မဟာ အတုလ စိန္တာမယ သရဏဂုံတော်(၅၄)ပါးဖြင့် ကဏ္ဍာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားအကျင့်လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းဆောင်ရွက်ရပေလိမ့်မည်။ ဤနည်းအတိုင်း အတူတူပင်ဖြစ်သည်။ ဗဟုကိစ္စနည်းပါးသောမိသားစုဖြစ်လျှင် မိသားစုလည်းနည်းပါးလျှင် နံနက်(၆)နာရီမှစ၍ ကျင့်ဆောင်ပွားများပါလေ။ ဗဟုကိစ္စများပြားလှမိသားစုဖြစ်လျှင် မိသားစုလည်းများပြားခဲ့လျှင် နံနက်အာရုံတက်(၅)နာရီခန့်မှစ၍ ကျင့်ဆောင်အားထုတ်သင့်သည်ဟု မှတ်ယူရပါမည်။

ဤဂုဏ်တော်(၉)ပါးဖြင့် ကဏ္ဍာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားရအောင် ကျင့်ဆောင်ရသော ဤအကျင့်မြတ်သည်လည်း နေ့စဉ်ဂုဏ်တော်ပေါင်း (၁၀၈)ရအောင် ကျင့်ဆောင်အားထုတ်ရပါသည်။ (ရက်မပျက်စေရ)။ အချိန်မှန်မှန် နေ့စဉ်မှန်မှန်ကြိုးစားကျင့်ဆောင်ရာ၏။ ဤနည်းအတိုင်း ကျင့်ဆောင်လာ၍ အနည်းဆုံးရက်ပေါင်း (၅၄)ရက်စေ့၍

လွှန်လာခဲ့လျှင်လည်းကောင်း၊ အများဆုံးရက်ပေါင်း (၁၀၈) ရက်စေ့၍ လွှန်လာခဲ့လျှင်လည်းကောင်း အာဏာတည်၏။ ပြောတိုင်းဆိုတိုင်း ဖြစ်လာရ၏။ လုပ်တိုင်းကိုင်တိုင်း အောင်မြင်လာရ၏။ ကြံစည်သမျှအားလုံးပြီးစီးရ၏။ ဆောင်ရွက် လုပ်ကိုင်သမျှလည်း မအောင်မြင်သည်မရှိ။ အောင်မြင် ပြီးစီးရ၏။ ရောက်လေရာ၊ နေလေရာအရပ် ဒေသတို့တွင် တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ ရွာစောင့်နတ်များ၊ မြို့စောင့် နတ်များ ကူညီစောင့်ရှောက်လာရ၏။ အားပေးချီးမြှောက် လာရ၏။ စီးပွားရေးကိစ္စများ၊ အရောင်းအဝယ်ကိစ္စများ၊ ငွေရေးကြေးရေးကိစ္စများ၊ တစ်ခုပြီးတစ်ခု လုပ်ဆောင်တတ်လာ၏။ လုပ်ဆောင်ချင်စိတ်များ စိတ်အားထက်သန်လာရ၏။ တစ်ခုပြီး တစ်ခုလည်း လုပ်မိလာတော့၏။ တစ်ကိစ္စပြီး တစ်ကိစ္စလည်း အောင်မြင် လာရတော့၏။ ရန်မှန်သမျှတို့ကို အောင်မြင်ပြီးစီး လာရ၏။ အမှုကိစ္စမှန်သမျှ တရားတပေါင် ရင်ဆိုင်ရမှုမှန်သမျှ ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စမှန်သမျှ စိတ်အေးလက်အေးပင် အောင်မြင်ပြီးစီးရ၏။ အမှုကိစ္စမှန်သမျှမှလည်း လွတ်မြောက် လာရတော့၏။ စိတ်မှတောင့်တတိုင်း ဖြစ်လာစေရ၏။

**အထူးမှတ်ချက်(၁)။** ။မှားသည်ကိုလည်းကောင်း၊ မှန်သည် ကိုလည်းကောင်း၊ တရားသည်ကိုလည်းကောင်း၊

မတရားသည့်ကိုလည်းကောင်း အဘိဓမ္မာနည်းအားဖြင့် အမှန် အကန်မသိနိုင်ပါဘဲလျက် ဟုတ်တိုင်းမှန်ရာကို မမြင်နိုင် လောက်အောင် မိမိ၏စိတ်ထဲ ဦးနှောက်ထဲတွင် အမှောင်ဖုံး လွှမ်း၍ အတ္တလွန်ကဲ၍ လောဘ၊ ဒေါသလွန်ကဲ၍ သဘာဝ မကျသော တောင်းခံမှု၊ ဗုဒ္ဓမြတ်စွာဘုရားနှင့် အရိယာသူတော် ကောင်းတို့ မလိုလားသောဖြစ်စေချင်မှု၊ ပြီးစီးမှု၊ အောင်မြင်ချင်မှု အကြောင်းအရာကိစ္စတို့အား ဓမ္မိယလဒ္ဓ ဟုတ်/မဟုတ်ကို ဆင်ခြင်တိုင်းထွာနိုင်ကြပါစေ။ သတိတရား လက်ကိုင်ထားနိုင် ကြပါစေဟု ဆရာတော်သတိပေးအပ်ပါ သတည်း။

**အထူးမှတ်ချက်(၂)။** ။ဤကြ္တစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ ကံစွမ်းအားတည်ဆောက်ပုံနည်းများသည် လောကီအတွက်၊ လောကအတွက်၊ မိသားစုအတွက်၊ အိမ် ထောင်စုအတွက်၊ လူအဖွဲ့အစည်းတစ်ခု အတွက်၊ လူနေမှုစံနစ် အဆင့်အတန်းမြင့်မားမှုတစ်ခုအတွက်၊ ဘဝတစ်ခုအတွက်၊ အလွယ်တကူအောင်မြင်ပြီးစီးမှု ၉၀% အား ပြုထားပါကြောင်း၊ ၄င်းပြင် သံသရာအတွက်ကြည့်လျှင်၊ ၃၁-ဘုံအတွက်ကြည့်လျှင်၊ အပါယ် ၄-ပါးမှလည်းလွတ်ရခြင်း၊ ကုသိုလ်လည်းရနေခြင်း၊ နိဗ္ဗာန်အတွက်အခြေခံမျိုးစေ့လည်းဖြစ်စေခြင်းသည် ၉၀% အားပြုထားပါကြောင်း။

ထို့ပြင် နံနက်စောစောအရုဏ်တက်ချိန်(၅)နာရီကို စတင်၍ ကျင့်ဆောင်ပွားများသရဇ္ဈာယ်ပေးခြင်းလည်း

## ဟိတသိဒ္ဓိပကာသနီကျမ်း

တိတ်ဆိတ်ငြိမ်သက်ခြင်း၊ အေးချမ်းငြိမ်သက်ခြင်း၊ သမာဓိအား ကို ပိုမိုရလွယ်ခြင်း၊ ဘုရား ရဟန္တာ အရိယာသူတော်ကောင်း အပေါင်းတို့၏ ဓါတ်အားကို ပိုမိုရလွယ်ခြင်းအပါအဝင် နံနက်(၈)နာရီအထိ အများဆုံး(၃)နာရီ အားထုတ်ကျင့်ဆောင် ခြင်း၊ အနည်းဆုံး(၁)နာရီကျော်ကြာအောင် ပွားများသရဇ္ဈာယ် ပြီးနောက် ကျန်သောအချိန်နာရီများတွင် လူမှုရေး၊ စီးပွားရေး၊ ရောင်းရေးဝယ်တာကိစ္စ၊ သာရေးနာရေးကိစ္စ၊ ဘာသာရေး သာသနာရေး ကုသိုလ်ရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်စေလိမ့်မည်ဟု မှတ်ယူသင့်လှပါသည်။ ရုံးတက်ရုံးဆင်း ရုံးအလုပ်သမားများ၊ ရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီအကြီးအကဲများ၊ ကုမ္ပဏီ ဝန်းထမ်းများ၊ အစိုးရဝန်ထမ်းများစသည်လည်း သူတပါးမန်းခင် အများသူငါအိပ်ရာမှမထခင် နံနက်စောစော အရုဏ်တက် အချိန်ဖြစ်သော နံနက်(၅)နာရီကို စတင်၍ ကျင့်ဆောင်ပွားများ အားထုတ်ခြင်းသည် အရိယာသူတော်ကောင်းများစွာ နှစ်သက် မြတ်နိုးပြီး တိတ်ဆိတ်ငြိမ်သက်စွာ ကျင့်ဆောင်အားထုတ်၍ အဆင်ပြေနိုင်ပါသည်။ မိုးလည်းလင်း၊ ကိုယ်ကျင့်ဆောင်သည့် အကျင့်လုပ်ငန်းလည်းပြီးစီး၊ တစ်နေ့တာအလုပ်ဆင်း၊ သွားလာ လှုပ်ရှားခြင်း၊ စီးပွားရေးအရောင်းအဝယ်များ လုပ်ကိုင်နိုင်ခြင်း ရှိနိုင်ကြသည်ဟု မှတ်ယူသင့်လှသည်။

## E.C ဏ္ဍာသယ နိမ္မိတ လိုတ,ရ ကါမာဝါစရ
## ကံစွမ်းအားကျင့်ဆောင်ပုံ

၁။ နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။ (၃)ခေါက်ရွက်ပါ။

၂။ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မော မေ သရဏံ အညံနတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃော မေ သရဏံ အညံနတ္ထိ သံဃံ သရဏံ ဂစ္ဆာမိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။
(၁၈)ခေါက်ရွက်ပါ။

၃။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊
နမက္ကာရာနုဘာဝေန၊ ဟိတွာသဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနာဿန္တု အသေသတော။
(၁၈)ခေါက်ရွက်ပါ။

၄။ ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထသဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊

တာဒိသံ တေဇသမ္ဗန္ဓံ၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။
(၁၈)ခေါက်ရွက်ပါ။

၆။ သိရသ္မိံ မေ ပဥ္စဗုဒ္ဓါ၊ နလာဋေ ဗြဟ္မဒေဝတာ၊
စက္ခုကဏ္ဍေ ဣန္ဒော်ရာဇာ၊ မုခေဒေဝီ သူရဿတီ၊
ဟဒယေ နရာယနဥ္စ၊ ဟတ္ထေစ ပရမေသွာရော၊
ဥရေ ပိဿနု ဒေဝါစ၊ ဇတေ ဒေဝါ မဟိဒ္ဓိကာ၊
မဟာဒေဝါ နုဘာဝေန၊ သဗ္ဗကမ္မာနိ သိဒ္ဓိမေ၊
မေတ္တာစိတ္တေန မံသဗ္ဗေ၊ ဩလောကေတု ဒိနေ ဒိနေ။
(၁၈)ခေါက်ရွက်ပါ။

၇။ သူရဿတီဒေဝါနံ၊ ရုက္ခဒေဝါနံ အာကာသဒေဝါနံ၊
အာလောကဒေဝါနံ၊ သမဏဗြဟ္မာနံ၊ အမစ္စရာဇာနံ၊
သဗ္ဗဣတ္ထိနံ သဗ္ဗပုရိသာနံ သဗ္ဗဘောဂါနံ သဗ္ဗလာဘာနံ
ဩဘာင်း ဇဟိ ဇဟိ ဗလံကပ်။
(၁၈)ခေါက်ရွက်ပါ။

၈။ တုဋ္ဌေဟိ တုဋ္ဌေဟိ မမတုဋ္ဌေဟိ
ပိယေဟိ ပိယေဟိ မမပိယေဟိ
သိနေ္နဟံ သိနေ္နဟံ မမသိနေ္နဟံ
ရာဇစိတ္တံပိယံမှိုင်းမှိုင်း ဣတ္ထိစိတ္တံပိယံမှိုင်းမှိုင်း
ပုရိသစိတ္တံပိယံမှိုင်းမှိုင်း

ဒေဝစိတ္တံပိယံမှိုင်းမှိုင်း သဗ္ဗစိတ္တံပိယံမှိုင်းမှိုင်း
ဩြောင်းခြင်းဆရာခြင်း ကပ်ဆရာကပ်စေသတည်း။
(၁၂)ခေါက်ရွက်ပါ။

၉။ သူရဿတီဒေဝီစ မေမာတာ၊ မာတာစမေ
သူရဿတီဒေဝီ၊
အနုကမ္ပံ ဥပါဒါယ လာဘံဒေဟိ ဓနံဒေဟိ ပိယံဒေဟိ
သိဒ္ဓိံဒေဟိ မေ သူရဿတီဒေဝီ
ဥမ် သဗ္ဗဟိတ မင်္ဂလာနိ၊ ပုညာဘိ သိရိသောဘဏီ၊
သူရဿတီစ မေမာတာ နိစ္စံ ရက္ခန္တု မံသဒါ။
(၁၈)ခေါက်ရွက်ပါ။

ဤကြီးကျယ်မြင့်မြတ်သော ဂါထာမန္တန်များဖြင့် ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမဝါစရ ကံစွမ်းအား တည်ဆောက်ပုံ အကျင့်လမ်းသည်လည်း ယခင်ပြခဲ့သော E. A , E.B ကါမဝါစရ ကံစွမ်းအား တည်ဆောက်ပုံ လေ့ကျင့်အားထုတ်ပုံအတိုင်း ကျင့်ဆောင်ပွားများအားထုတ်သင့်၏။

**ကြီးကျယ်မြင့်မြတ်သောဂါထာမန္တန်များဟုဆိုရာ၌** ဘုရား၊ တရား၊ သံဃာစသော ရတနာမြတ်သုံးပါး လက်မလွှတ်သော ရတနာသုံးပါးသာ အဓိကအားထားရာ အားကိုးရာဖြစ်သော ပိဋကတ်ပါဠိတော်မှ ဂါထာမန္တန်များကို အခြေခံထားသည်ကို ဆိုလိုသည်။

E. A, E.B, E. C စသော ဣန္ဒြာသယ နိမ္မိတ လိုတ,ရ ကါမဝါစရ ကံစွမ်းအားတည်ဆောက်ပုံ (၃)မျိုးစလုံးအား ကျင့်ဆောင်ပွားများအားထုတ်မည်ဆိုပါက-

(၁) ကိုယ်လက်သန့်ရှင်းအောင် ရေချိုးခြင်း၊ ရေသန့်စင်ခြင်း။

(၂) သန့်ရှင်းစင်ကြယ်သောအဝတ်အစားတို့ကို ဝတ်ဆင် ခြင်း။

(၃) နံ့သာ၊ ကရမက် စသည်များဖြင့် သန့်စင်စွာထုံမွှမ်းခြင်း။

(၄) (၅)ပါးသီလ၊ (၈)ပါးသီလ၊ (၉)ပါးသီလ စသည်တို့ကို ခံယူဆောက်တည်ခြင်း။

(၅) သန့်ရှင်းစင်ကြယ်သော စိတ်ဓါတ်အားကို ပြုပြင်ခြင်း။

(၆) အေးချမ်းတည်ငြိမ်သောစိတ်ဓါတ်အားကို တည်ဆောက် ထားခြင်း။

(၇) ပျော်ရွှင်ခြင်း၊ တက်ကြွခြင်း၊ အားရခြင်း၏ စိတ်အားကို ပြင်ဆင်ထားခြင်း။

(၈) မိမိကျင့်ဆောင်လိုသော အကျင့်(၃)မျိုး၊ တစ်မျိုးမျိုးကို ဖြေးဖြေးမှန်မှန် ကျင့်ဆောင်အားထုတ်ခြင်း။

(၉) ဆုတောင်းခြင်း၊ အမျှပေးဝေခြင်း၊ မေတ္တာပို့သပေးခြင်း။

စသောအချက်အလက်(၉)ချက်စလုံးနှင့် ညီညွတ်စွာ ပြည့်စုံစွာ ကျင့်ဆောင်ပွားများအားထုတ်ဘို့ အရေးကြီးလှ၏။ ဤအချက် (၉)ချက်စလုံးနှင့်ညီညွတ်အောင် နေ့စဉ်ကျင့်ဆောင်ပွားများ လာခဲ့၍ အနည်းဆုံးရက်ပေါင်း(၅၄)ရက်စေ့၍ လွန်လာခဲ့လျှင် လည်းကောင်း၊ အများဆုံးရက်ပေါင်း (၁၀၈)ရက်စေ့၍ လွန်လာ

ခဲ့လျှင်လည်းကောင်း ထို့ထက်လွန်ကဲ၍ လပေါင်းနှစ်ပေါင်း ကျင့်ဆောင်ပွားများမှုများကြာရှည်လာသည်နှင့်အမျှ မိမိဘဝ အတွက်၊ မိမိ၏အလုပ်အကိုင်များအတွက်၊ မိမိ၏စီးပွားရေး အတွက်၊ မိမိ၏အကြံအစည်ရည်မှန်းချက်များအတွက် ပြောတိုင်းဆိုတိုင်း ပြီးစီးလာတော့၏။ ဩဇာအာဏာ တည်လာ တော့၏။ ဤအခါတွင် ကြံစည်သမျှ၊ တမ်းတသမျှ၊ စိတ်ကူးသမျှ တစ်ခုပြီးတစ်ခုအောင်မြင်လာတော့၏။ ပြီးစီးလာတော့၏။ အလိုဆန္ဒများ တစ်ကိစ္စပြီးတစ်ကိစ္စ ပြည့်ဝလာစေတော့၏။ စီးပွားရေးကိစ္စများ၊ အလုပ်အကိုင်ကိစ္စများ၊ ကုမ္ပဏီလီမိတက် ကိစ္စများ၊ ကော်ပိုရေးရှင်းကိစ္စများ၊ အရောင်းအဝယ်ကိစ္စများနှင့် တခြားငွေရေးကြေးရေးအပေးအယူကိစ္စများ၊ အခက်အခဲ အဖုအထစ်မရှိ၊ လွယ်ကူစွာ၊ ချောမောစွာ အောင်မြင်ပြီးစီး ရ၏။ အလုပ်အကိုင်နှင့်ပါတ်သက်၍ အနည်းငယ်ကြိုးစား ဆောင်ရွက်ရုံဖြင့် လာဘ်လာဘ ဝင်အားတိုးတက်လာတော့၏။ ရွှေ၊ ငွေ၊ ဥစ္စာရတနာ ဝင်အားကောင်းလာရတော့၏။ မိမိ၏ ဘဝအဆင့်အတန်း၊ မိသားစုအဆင့်အတန်း၊ စားရေးသောက် ရေးနေထိုင်မှုအဆင့်အတန်း၊ ဝင်ငွေအဆင့်အတန်းများ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်၊ မြင့်မားတိုးတက် ဝင်ရောက်လာစေနိုင်တော့၏။ ဤကြီးကျယ်မြင့်မြတ်သော ဂါထာမန္တန်များဖြင့် ဣန္ဒာသယ နိမ္မိတ လိုတ,ရ ကါမဝါစရ ကံစွမ်းအားတည်ဆောက် နည်းကိုလည်း နေ့စဉ်နံနက်စောစော

ထ၍ ဂါထာအခေါက်ရေပေါင်း (၁၄၇)ခေါက်ရအောင် နေ့စဉ် မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ပွားများသော အကျင့်ကို ကြိုးစား ဆောင်ရွက်ရာ၏။ ရက်မပျက်စေရ။ မကျင့်တစ်ချက် ကျင့်တစ် ချက်၊ မလုပ်တစ်ချက် လုပ်တစ်ချက် မဖြစ်စေရ။ အချိန် မှန်မှန် ကြိုးစားဆောင်ရွက်သင့်ပါကြောင်း သတိပေးရေးသား လိုက်ရ ပေသည်။

**အထူးမှတ်ချက် (၃)။** ။ ဤကဏ္ဍာသယ နိမ္မိတ လိတ,ရ ကါမဝါစရ ကံစွမ်းအားတည်ဆောက်ပုံ၊ ကျင့်ဆောင်ပုံများအား ကြိုးစားအားထုတ်လိုသောပုဂ္ဂိုလ်များသည် မိမိ၏မွေးနေ့နှင့် လပြည့်နေ့ အထပ်ထဲကြုံကြိုက်စေရမည်။ ထိုသို့မိမိ၏ မွေးနေ့ နှင့်လပြည့်နေ့ တစ်ထပ်ထဲကြုံကြိုက်သောနေ့နံနက်မှ စတင်၍ ၄င်းအကျင့်မြတ်ကို စတင်၍ကြိုးစားကျင့်ဆောင် ရမည်ဟု မှတ်သားရမည်။

ဥပမာ တနင်္ဂနွေသားဖြစ်လျှင် ထိုတနင်္ဂနွေနေ့(လပြည့်) နေ့ကြုံသောလ၊ ကြုံသောနေ့ နံနက်(၅)နာရီတွင် စတင်၍ ကျင့်ဆောင်ရပါမည်။ ပြက္ခဒိန်ကိုလှန်ကြည့်ထားပါ။ တနင်္ဂနွေ နေ့သည် ဘယ်လတွင်လပြည့်နေ့နှင့် ကြုံကြိုက်နေသည်ကို မှတ်သားထားပြီး ထိုနေ့နံနက်(၅)နာရီမှစတင်၍ ကျင့်ဆောင် အားထုတ်ရမည်ဟု မှတ်သားထားပါလေ. . . ။

ဥပမာ သောကြာသမီးဖြစ်လျှင် ပြက္ခဒိန်ကိုလှန်ကြည့် ထားပါ။ မည်သည့်လတွင် သောကြာသည် လပြည့်နေ့နှင့်

ကြုံကြိုက်နေသည်ကို မှတ်သားထားပြီး ထိုသောကြာနေ့ လပြည့်နေ့ကြုံကြိုက်နေသောနေ့ကစ၍ နံနက်(၅)နာရီက စတင်ပြီး ကျင့်ဆောင်ပွားများရမည်ကို ဆိုလိုပါသည်။

ဤသို့လျှင် ကျွန်ုပ်ကျမ်းပြုဆရာတော်သည် ဣစ္ဆာသယ နိမ္မိတ လိုတ,ရ ကါမဝါစရ ကံစွမ်းအားတည်ဆောက်ပုံ (၃)နည်းတို့ကို အကျဉ်းနည်းအားဖြင့်ပြသရေးသားခဲ့ပါပြီ။ ဤ(၃)နည်းစလုံးသည် အကျဉ်းမျှသာဟု မှတ်ယူရာ၏။ အကျယ် အားဖြင့်ရေးသားရပါလျှင် ကုန်နိုင်ဘွယ်ရာမရှိကြောင်းကို အထူးသတိပြု သိရှိထားရာ၏။

**E.A သည် သရဏဂုံများဖြင့် ကါမဝါစရ ကံစွမ်းအား တည်ဆောက်နည်း၊**

**E.B သည် ဂုဏ်တော်များဖြင့် ကါမဝါစရ ကံစွမ်းအား တည်ဆောက်နည်း၊**

**E. C သည် ဂါထာမန္တန်များဖြင့် ကါမဝါစရ ကံစွမ်းအား တည်ဆောက်နည်း၊**

ဤ(၃)နည်းစလုံးသည် ကျွန်ုပ်၏ကျေးဇူးရှင်ဆရာတော်ကြီးများ ဖြစ်ကြသည့် သမထလမ်းပေါက်မြောက်အောင်မြင်ထားကြ သည့် ရွှေဥမင်တောရဆရာတော်ကြီးနှင့် ရှင်ဥတ္တမကျော်ဆရာ တော်ကြီးများထံမှ ဆည်းပူးလက်ခံ ရယူလာခဲ့ခြင်း ဖြစ်ပါသည်။ ထို(၃)နည်းစလုံးတွင် ကြိုက်နှစ်သက်သလို မိမိစိတ်တိုင်းကျ တစ်နည်းပြီးမှတစ်နည်း ဤသို့ကျင့်ဆောင်အားထုတ်လည်း ရပါ

လိမ့်မည်။ နည်း(၃)နည်းအနက် တစ်ခုခုသောနည်းကို နှစ်ပေါင်းများစွာ တစ်ခုထဲကိုသာလက်ကိုင်ထားအားထုတ်ပြီး၍ အတော်အသင့်အကျိုးကျေးဇူးခံစားခွင့်ရရှိလာပြီးမှ နောက်တစ်နည်းကို ဆက်လက်ကျင့်ဆောင်အားထုတ်နိုင် ပါသည်။ စွမ်းနိုင်ပါက (၃)နည်းအနက် (၂)နည်းကိုတွဲ၍ နေ့စဉ် မှန်မှန် ကျင့်ဆောင်ခြင်း၊ မတက်နိုင်ပါက (၃)နည်းစလုံးကို နေ့စဉ်ကျင့်ဆောင်ပွားများခြင်း၊ မတက်နိုင်ပါက (၃)နည်းထဲမှ မိမိနှစ်သက်ရာ တစ်နည်းကိုသာ စွဲစွဲမြဲမြဲရေရှည် ကြိုးစားကျင့်ဆောင်ခြင်း စသည် များကို မိမိဆန္ဒရှိသလို စိတ်တိုင်းကျ ကျင့်ဆောင်ပွားများနိုင်ပါသည်။

**အထူးမှတ်ချက်(၁)။** ။(၃)နည်းစလုံးကျင့်ဆောင် ပွားများအားထုတ်သောပုဂ္ဂိုလ်များသည် ဂါထာမန္တန်နည်းကို နောက်ဆုံးမှထား၍ ကျင့်ဆောင်ပွားများရမည်ကို သတိရှိကြ ပါလေ။

အစဉ်အတိုင်းမှာ ဤနည်းအတိုင်းအမြဲမမေ့တာ မှတ်သားထားရာ၏။

**ပထမဆုံး သရဏဂုံ၊ ဒုတိယတွင် ဂုဏ်တော်ပင်၊ တတိယမှာကား မန္တန်မန္တရားဟု အစဉ်အတိုင်းသိမှတ်ထားရာ၏။** (၃)နည်းစလုံးကို နေ့စဉ်နေ့စဉ်အစဉ်အတိုင်း တစ်ပြိုင်နက်တစ်ဆက်တည်း ပွားများကျင့်ဆောင်နိုင်ပါက ဤပုဂ္ဂိုလ်သည် အာဂပုဂ္ဂိုလ်၊ ဤလူသည် အဓိပတိလူထူးလူဆန်းပင်။ လောကအလယ်တွင် ကြံစည်သမျှ၊ တမ်းတသမျှ၊ ဆုတောင်းသမျှ၊

လုပ်ဆောင်သ၍ အားလုံးစုံပင် ပြီးစီးရရှိနိုင်တော့သည်ဟု မှတ်ယူရာ၏။

ဤ(၃)နည်းစလုံးသည် လောကုတ္တရာ၊ တစ်မဂ်တစ်ဖိုလ် ရအောင် ကျင့်ဆောင်သောနည်းမဟုတ်ပါ။ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရာ ကျွတ်လွတ်ကြောင်းနည်းမျိုးမဟုတ်သေးပါ။ ဤ(၃)နည်းစလုံးသည် တစ်မဂ်တစ်ဖိုလ်ရကြောင်း၏ အခြေခံ မျိုးစေ့သာဖြစ်၏။ သံသရာဝဋ်ဒုက္ခမှ ကျွတ်ရာကျွတ်ကြောင်း၏ အခြေခံအုတ်ပန္နတ်သာဖြစ်သေး၏။ အမှန်မှာ ဤနည်း(၃) နည်းစလုံးသည် သိဒ္ဓိအမျိုးအမျိုးကို ပြီးစီးတော်မူကြ ပေကုန် သော သမထလမ်းကိုပေါက်မြောက်ကြသည့် ဆရာ ဆရာတော် ကြီးများသည် လောကလူသားများ အခက်အခဲ၊ အထစ်အငေါ့၊ အဖုအထစ်များမှ၊ ဆင်းရဲဒုက္ခများမှ လွတ်မြောက်၍ လောကလောကီထဲတွင် ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဇေယျသိဒ္ဓိ၊ ဟိတသိဒ္ဓိ ထို(၄)မျိုးသော အငယ်တန်းစား သိဒ္ဓိတို့ဖြင့် ကြီးပွားချမ်းသာစေ၍ ကုသိုလ်ကောင်းမှုပြုနိုင် လာအောင်၊ အလှူဒါနပြုနိုင်လာအောင်၊ သာသနာပြုနိုင် လာအောင် သတ္တဝါအများ၏ ဆင်းရဲဒုက္ခများ၊ အသက် အန္တရာယ်များ၊ ရောဂါအနာများမှ ကယ်တင်နိုင်လာအောင် လောကီသိဒ္ဓိနည်း အားဖြင့် သမထလမ်းတခုပေါက်အောင် လောကီအကျင့် လမ်းအဖြာဖြာများထဲမှ တခုသောပွားများအားထုတ်ရမည့် အကျင့်ပဋိပတ်လမ်းတခုဖြစ်ကြောင်းကို အခြေခံသဘာဝ

ကျအောင် သိမှတ်ထားရာ၏။

(ကုသိုလ်လည်းရ ဝမ်းလည်းဝ) ဟူသော စကားပုံအတိုင်း ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများ တစ်နည်းမဟုတ် တစ်နည်း၊ တစ်ကြောင်းမဟုတ် တစ်ကြောင်း ကြီးပွားချမ်းသာလာနိုင်ပါက တစ်ဘက်တစ်လမ်းကနေ၍ ဗုဒ္ဓသာသနာတော်မြတ်ကြီးအား တစ်နည်းမဟုတ်တစ်နည်း၊ တစ်ကြောင်းမဟုတ်တစ်ကြောင်း၊ ကြီးပွား လာအောင်၊ ချမ်းသာလာအောင်၊ တိုးတက်လာအောင် ဆောင်ရွက်ကြရာ၌ ရှေးဆရာတော်ကြီးများ စီရင်ဖွဲ့စည်းထား သော အခြေခံမျိုးစေ့သမထလမ်းများဟူသာ မှတ်သားနာယူ သင့်၏။

ဤယခုပြသရေးသားခဲ့သော ကွက္ကူဗ္ဗသယ နိမ္မိတ လိုတ,ရ ကါမဝါစရ ကံစွမ်းအားတည်ဆောက်ပုံ နည်း(၃)နည်းစလုံးသည် အောက်ထစ်အကျဉ်းအားဖြင့် ပိယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဇေယျသိဒ္ဓိစသော အောက်သိဒ္ဓိကြီး(၄)ပါးစလုံးကို အောင်မြင် ပြီးစီးနိုင်ကြောင်းကို အထူးသိမှတ်ထားရာ၏။

## အခန်း(၂)

## အာဒိကပ္ပသာစါကျမ်းအရ
## လူသားများ သုံးစွဲထိုက်သော အရွက်နှင့်အပွင့်များ

**A. အဆိပ်အတောက်ပြင်းထန်သော အရွက်အပွင့်များ**

1. တမာပင် တမာရွက်၊
2. ဩဇာပင်၊ ဩဇာရွက်၊
3. ဒေါနပန်း၊ သော်ကပန်း၊
4. နှင်းဆီပန်း၊ စံပယ်ပန်း၊
5. ပဒိုင်းပင်၊ ပဒိုင်းပွင့်၊
6. ဇော်စိမ်း၊ ဇော်ကျားပန်း၊

ငင်း(၁၂)မျိုးပါသော ပစ္စည်းများ၊ အရွက်အပွင်များ သည် အဆိပ်အတောက်ပြင်းထန်လွန်းအားကြီးလှသည်ကို သတိထားကြရာ၏။

**B. ယဉ်ကျေးသိမ်မွေ့၍ ပျော့ပျောင်းလှသော အရွက်အပွင့်များ**

1. သဇင်ပန်း၊ သစ်ခွပန်း၊
2. ရွှေပန်း၊ ငွေပန်း၊
3. ဂန္ဓမာပန်း၊ သစ္စာပန်း၊
4. သပြေပန်း၊ ကံ့ကော်ပန်း၊

5. အင်ကြင်းပန်း၊ မြလေးပန်း၊

ဤ(၁၀)မျိုးသောပန်းများသည် ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ လိမ္မာခြင်းသတ္တိရှိသော အပွင့်ပန်းများဖြစ်ကြသည်။

**C. လှပလွန်းပြီး မာယာပရိယာယ်များပြားသော ပန်းအပွင့်များ**

1. သဇင်ပန်း၊ နှင်းဆီပန်း၊
2. နှင်းပန်း၊ ဒေါနပန်း၊
3. စံပယ်ပန်း၊ ကြက်မောက်ပန်း၊
4. သော်ကပန်း၊ ခေတ္တာပန်း၊
5. ဇလပ်ပန်း၊ ဇီဇဝါပန်း၊

ဤ(၁၀)မျိုးသောပန်းများသည် လှလည်းလှပ၏။ နာမည်လည်းကြီး၏။ ပရိယာယ်မာယာလည်း အလွန်များပြားလှကြောင်းကို သိထားရာ၏။

**D. မင်္ဂလာကြက်သရေတိုးတက်စေ၍ အကြောင်းအရာကိစ္စမှန်သမျှ အေးချမ်းစွာအောင်မြင်တတ်သောပန်းများ**

1. သဇင်ပန်း၊ သဇင်နီ၊ သဇင်ဖြူ
2. သစ်ခွပန်း၊ ခွါညိုပန်း၊ ရွှေပန်း
3. ငွေပန်း၊ ဂန္ဓမာပန်း၊ အောင်သပြေ
4. အင်ကြင်းပန်း၊ လုမ္ဗိနီအင်ကြင်းပန်း

ဤ(၁၀)မျိုးသောပန်းမျိုးများသည် မင်္ဂလာနှင့်ပြည့်စုံစေတတ်ခြင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာအေးချမ်းစေခြင်း၊ ရန်မှန်သမျှ အောင်မြင်တတ်ခြင်း၊ ကိစ္စပြဿနာမှန်သမျှ ငြိမ်းချမ်းပြေလည် စေတတ်ခြင်း ဖြစ်စေပါသည်။

## E. (၉၆)ပါးသော ရောဂါအနာများအတွက် ဆေးဖက်ဝင်နာမည်ကြီးသော အပင်အပွင့်များ

တမာပင်၊ တမာရွက်၊ လောက်သေပင်၊ လောက်သေရွက်၊ သက်ရင်းကြီးအမြစ်၊ အပင်၊ အရွက်၊ သင်္ဘောမဲဇလီပင်နှင့်အရွက်၊ အုန္နှဲရွက်၊ ကြောင်သေးပန်းရွက်၊ ငုပင်နှင့်ငုရွက်၊ ရွှေဂူသံလျက်ပင်နှင့်အရွက်၊ ဣဿယမူလီပင်နှင့်အရွက်၊ မိုးနံပင်နှင့်အရွက်၊ ဘုမ္မရာဇာနှင့် အပွင့်အရွက်စသည်တို့အား (အကျဉ်းမျှပြခဲ့ပါသည်) အကျယ်အားဖြင့်မူ ဤကမ္ဘာလုံးကြီးတခုလုံး၌ ပေါက်ရောက်သမျှသော အပွင့်အရွက်အမြစ်အပင်မှန်သမျှ ဆေးဖက်မဝင်သောအရာဟူ၍ မရှိနိုင်ရာ။ အလုံးစုံသော အပင်၊ အပွင့်၊ အမြစ်၊ အရွက်မှန်သမျှ ဆေးဖက်ဝင်သည်ချည်းသာဟု မှတ်ယူသင့်ပါသည်။

**F. မိမိကိုယ်ကိုမိမိ အနှောင့်အယှက်၊ အတိုက်အခိုက်များကို ဖြစ်စေတတ်သော အပင့်၊ ပန်းများ။**

(၁)ဇော်စိမ်းပန်း၊ (၂)ဇော်ကျားပန်း၊ (၃)ယခုခေတ်ကာလစီးပွားရေးလောဘသမားများ အကြံအဖန်လုပ် မှည့်ခေါ်နေကြသော ဂမုန်းအမျိုးမျိုးများ၊ (၄)နှင်းဆီအနီပန်း၊ (၅)စံပယ်ပန်း၊ (၆)ဒေါနပန်း၊ (၇)ကြက်မောက်ပန်း၊ (၈)သော်ကပန်း၊ (၉)တမာညွှန့် တမာရွက်၊ (၁၀) သြဇာညွှန့် သြဇာရွက်၊ (၁၁)အုန္ဒွဲအညွှန့်၊ အုန္ဒွဲအရွက်၊ (၁၂)နှင်းပန်း၊ (၁၃)ခတ္တာပန်း၊

ဤ(၁၃)မျိုးသော ပန်းအရွက်၊ အညွှန့်များသည် မြွေပွေး၊ မြွေဟောက်နှင့်တူလှ၍ ပြင်းထန်သော အဆိပ်မိသလို သလို တိုက်ခိုက်ခံရသလို၊ ဆုတ်ယုတ်ပျက်စီးတတ်သလို၊ ရောဂါအနာရရှိခံစားရသလို ဖြစ်စေတတ်ကြောင်းကို အထူးသိမှတ်ထားရာ၏။

**ပထမ ဟိတသိဒ္ဓိ ပကါသနီကျမ်းတွင် မြွေပွေး(၇)ကောင်ဟူသော အမည်နာမတတ်၍ ညွှန်ပြခဲ့ဘူးပြီ**ဟု မှတ်ယူပါ။

တရုတ်စကားပွင့်၊ တရုတ်စကားပန်း၊ စကားဝါ၊ စကားစိမ်းပန်းများရှိသေး၏။ ထိုပန်း(၃)မျိုးထည့်ပေါင်းလျှင် (၁၆)မျိုးသော အဆိပ်အတောက်အားကြီးသော (၁၆)ကောင်သောမြွေပွေးများဟု ခေါ်ဆိုထိုက်အပ်၏။

ထို့ပြင် နဂါးစက်ပန်းများ၊ လူအများခေါ်နေကြသော စီးပွားဂမုန်း၊ မယ်တော်ဂမုန်းများ ရှိသေး၏။ အိမ်တွင်း၌

ရောဂါထူပြောလာတတ်ခြင်း၊ အနာတရဖြစ်တတ်လာခြင်း၊ ထွက်ငွေများပြားလာခြင်း၊ ဝင်ငွေအတွက် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာနိုင်ခြင်း၊ အိမ်တွင်းရေး မငြိမ်မသက်၊ မကြာခဏဆူပူမှု အထင်အမြင်လွဲမှားမှုများ ဖြစ်စေနိုင်ကြောင်းကို အထူးသတိပြု ပါလေ။ ထို့ကြောင့် ထိုနဂါးစက်၊ စီးပွားဂမုန်း၊ မယ်တော်ကြီးဂမုန်း ၄င်း(၃)မျိုးပါ ထည့်၍ပေါင်းကြည့်လျှင် အဆိပ်ပြင်းထန်သော လူများကိုတွေ့ဝေမိန်းမောစေတတ်သော ပြဿနာနှင့် ရောဂါအနာကို ဖြစ်လာစေနိုင်သော မြွေပွေး(၁၉) ကောင်ဟု ဆိုလိုပါသည်။ အားလုံးသောလူပရိသတ်များ သတိဝီရိယ ရှိကြပါကုန်လော့. . .။

ဤပန်း(၁၉)မျိုး(သို့မဟုတ်) မြွေပွေး(၁၉)ကောင်တို့အား လူတို့သည် မသုံးစွဲကောင်း၊ ခေါင်းမှာမပန်ကောင်း၊ အဆောင်အရွက်ယတြာမပြုကောင်းဟု မှတ်ထားသင့်ပါသည်။ ဤပန်း(၁၉)မျိုးတို့သည် လူတို့အား ငိုလွယ်၊ ရယ်လွယ်အောင်လည်း ဖြစ်စေတတ်ကုန်၏။ စီးပွားရေးဝင်ငွေများ ဆုတ်ယုတ်ပျက်ပြားအောင်လည်း ဖြစ်စေတတ်ကုန်၏။ မိသားစုအတွင်း၊ အိမ်ထောင်စုအတွင်း စိတ်ဝမ်းကွဲပြားလာအောင်၊ ခိုက်ရန်ဒေါသဆူပူမှုများ ဖြစ်လာအောင် တတ်နိုင်ကြကုန်၏။ ကျန်းမာရေး၊ ခဏ-ခဏချို့ယွင်းလာတတ်ခြင်း၊ အမှုပြဿနာ တစ်ခုပြီးတစ်ခု ဝင်ကပ်လာတတ်ခြင်းလည်း ဖြစ်စေနိုင်ကုန်၏။ သတိထားကြပါကုန်လော့. . .။

**ဥပမာ ဆိုပါဦးအံ့. .**။ အင်္ဂါနေ့၊ စနေနေ့ညနေပိုင်း အချိန် အခါများတွင် ထိုပန်း(၁၉)မျိုးမှ တစ်မျိုးကိုလည်းကောင်း၊ နှစ်မျိုး သုံးမျိုးကိုလည်းကောင်း သုံးစွဲခြင်း၊ အဆောင်ယတြာ ပြုလုပ်ခြင်းလုပ်မိပါက လျင်မြန်စွာ ဒုက္ခလှလှကြီးပေးလာနိုင်ကြောင်းကို အထူးသတိပြုကြပါလေ. . .။

**ဥပမာဆိုပါဦးအံ့. .**။ အင်္ဂါနေ့၊ စနေနေ့ညနေပိုင်း အချိန်အခါများတွင် ထိုပန်း(၁၉)မျိုးမှ တစ်မျိုးကိုလည်းကောင်း၊ နှစ်မျိုးသုံးမျိုးကိုလည်းကောင်း ခေါင်းမှာပန်မိလျှင် မိမိ၏ ခန္ဓာကိုယ်ကို မိမိကိုယ်တိုင် မကောင်းသောနိမိတ်ခါတ် ဆင်သည်နှင့် တူတော့၏။ မိမိ၏အိမ် ဧည့်ခံပန်းအိုးတွင် လည်းကောင်း၊ ဘုရားစင်မြင့်မြတ်ရာတွင်လည်းကောင်း၊ နတ်အိုးတွင်လည်းကောင်း၊ ထိုးမိ၊ သုံးစွဲမိလျှင် မိမိအိမ်ကိုလည်းကောင်း၊ မိမိ၏မိသားစုကိုလည်းကောင်း မိမိကိုယ်တိုင် မကောင်းသောနိမိတ်ခါတ်ဆင်သည်နှင့် တူလှကုန်၏ဟု မှတ်ယူထားရာ၏။

**ဥပမာ ဆိုပါဦးအံ့. .**။ အင်္ဂါနေ့၊ စနေနေ့ တစ်နေ့နေ့ ကြုံကြိုက်နေတတ်ပြီး နံနက်(၁၀)နာရီမှ ညနေ(၅)နာရီ အတွင်း အချိန်အခါမျိုးတွင် ထိုပန်း(၁၉)မျိုးမှ တစ်မျိုးမျိုးကို ကားခေါင်းထိပ်၊ မော်တော်ဆိုင်ကယ် ခေါင်းထိပ်၊ ယာဉ်၊ ရထားစက်ဘီး စသည်များ၏ခေါင်းထိပ်တွင် ပန်းကိုထိုး၍ ခရီးထွက်ခြင်း၊ ကားမောင်းခြင်း မပြုလုပ်သင့်။ ပြုလုပ်မိပါက (တစ်ကြိမ်တစ်ခါ တစ်ရံကို လောကနှင့်ဘဝကံတရားကသည်းခံခွင့်လွှတ်တတ်

ပေမဲ့) နှစ်ကြိမ်မြောက်မှစ၍ ကြီးမားသော ဒုက္ခပြဿနာ အပူသောကမီးများနှင့် ကြုံရတော့မည်ဟု မှတ်ယူကြပါလေ။ **ဘဝနှင့်ကံတရားကို ဖယ်တောက်တမ်း မကစားသင့်ပါဟု** မှတ်ကြပါလေ။

B.အုပ်စုဖြစ်သော ယဉ်ကျေးသိမ်မွေ့၍ နူးညံ့ ပျော့ပျောင်းလှသော အပွင့်အရွက်များတွင် သဇင်ပန်း ပါဝင်နေ၏။ C. အုပ်စုလှပလွန်းပြီး မာယာပရိယာယ် များပြားလွန်းသော ပန်းအပွင့်များအုပ်စုတွင်လည်း သဇင်ပန်း ပါဝင်နေ၏။ D. အုပ်စု ကျက်သရေမင်္ဂလာတိုးတက်စေ၍ အကြောင်းအရာကိစ္စမှန်သမျှ အေးချမ်းစွာအောင်မြင် တတ်သော ပန်းအပွင့် အုပ်စုတွင်လည်း သဇင်ပန်း၊ သဇင်မျိုး များပါဝင်နေ၏။

သဇင်အုပ်စုဝင် သဇင်ပန်း၊ သဇင်နီ၊ သဇင်ဖြူစသည် များသည် အလွယ်တကူတွေ့မြင်ရခဲ၏။ နေရာတကာ တိုင်းတွင်လည်း မပေါက်ရောက်နိုင်ပါ။ သာမည အမျိုးသမီး၊ အမျိုးသားများ ခံယူသုံးဆောင်ခြင်းငှာ မအပ်စပ်ပါ။ သာမည အမျိုးသား၊ အမျိုးသမီးများနှင့်လည်း မထိုက်တန်ပါ။ ထို့ကြောင့် ရှေးအခေါ်အဝေါ်တစ်မျိုးမှာ ၄င်းပန်းများကို (သန့်စင်ပန်း) ဟုလည်း ခေါ်ဆိုတတ်ကြသေး၏ဟု မှတ်ယူသင့်ပါသည်။

ထို့အပြင် ဤသဇင်ပန်း၊ သဇင်နီ၊ သဇင်ဖြူစသော ပန်းများသည် နတ်ကြိုး၏။ (ဝါ) နတ်ချစ်သောပန်းများ ဖြစ်ကြ၏။ အထူးသဖြင့် သဇင်နီပန်းများ၊ သဇင်ဖြူပန်းများ၊

သဇင်နက်ပန်းများသည် လောကအလယ်တွင် အလွန်တွေ့မြင်ရခဲ၏။ နတ်လည်းကြိုး၏။ နတ်လည်းချစ်၏။ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ နတ်ဒေဝီများ၊ နတ်ကိန္နရာများ အထူးစောင့်ရှောက်တတ်ကြောင်းကို သတိရှိကြပါလေ။

အကျင့်သိက္ခာ၊ သမာဓိကို တန်ဘိုးထားတတ်သောပန်းများဖြစ်၍ အမျိုးအနွယ်သန့်စင်သောပုဂ္ဂိုလ်များ၊ အကျင့်သိက္ခာသန့်စင်သောပုဂ္ဂိုလ်များ၊ သီလ သမာဓိသန့်စင်သောပုဂ္ဂိုလ်များ သုံးစွဲထိုက်လှ၏။ သုံးစွဲရန်လည်း အလိုလိုအလိုအလျောက် ရရှိလာတတ်၏။ ထို့ကြောင့် (သန့်စင်ပန်း)ဟုဆိုလိုပါသည်။ အမျိုးအနွယ်မကောင်း သောပုဂ္ဂိုလ်များခံယူသုံးစွဲမိပါက အခုကောင်းနေတတ်ပြီး မကြာမီ မကောင်းဟုဖြစ်လာစေတတ်၏။ ယခုပင် နေထိုင်ကောင်း၍ ရယ်မောပြောဆို နေတတ်ပြီး မကြာမြင့်မှီပင် ငိုလား၊ ရန်ဖြစ်လား၊ စကားများလား ဖြစ်လာစေတတ်သည်။ အမှတ်မဲ့ ပျော်ရွှင်နေရာကနေ၍ ရုတ်တရက်ရောဂါအနာရလာတတ်ခြင်း၊ အမှတ်မဲ့ ပျော်ရွှင်ရာမှ ရုတ်တရက်အမှုပြဿနာ တက်လာခြင်းရှိတတ်ပါ၍ ထိုသန့်စင်ပန်း(ဝါ)သဇင်ပန်းသည်လည်း လှပတင့်တယ်ပြီး ပရိယာယ်မာယာများသော ပန်းအုပ်စုထဲတွင် ပါဝင်နေရခြင်း ဖြစ်ပါသည်။

ယဉ်ကျေးသိမ်မွေ့၍ နူးညံ့ပျော့ပြောင်းသော B.အုပ်စု

ပန်းများထဲတွင်လည်း အင်ကြင်းပန်းပါဝင်ထား၏။ မင်္ဂလာကျက်သရေတိုးတက်စေပြီး အကြောင်းအရာ ကိစ္စမှန်သမျှ အေးချမ်းစွာအောင်မြင်တတ်သော D.အုပ်စုပန်းများထဲတွင်လည်း အင်ကြင်းပန်းပါဝင်ထား၏။

အမှန်တကယ်စင်စစ် အင်ကြင်းပန်းများ၊ ထူးခြားသော လုမ္ဗိနီအင်ကြင်းပန်းစသည်များသည် ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော် မွေးဖွားစဉ်ကာလ၌ ဗုဒ္ဓဘုရား၏မယ်တော်၊ မယ်တော်မာယာဒေဝီသည် အင်ကြင်းပင်အောက်၊ အင်ကြင်းအကိုင်းကိုအားပြုကိုင်တွယ်၍ ဗုဒ္ဓအလောင်းတော်အား မွေးဖွားရပေ၏။ ဤအကြောင်းအရာကိစ္စတခုထဲနှင့်ပင် အင်ကြင်းပင်၏ဂုဏ်သတင်းသည်လည်းကောင်း၊ အင်ကြင်းပန်းတို့၏ဂုဏ်သတင်းသည်လည်းကောင်း ပြီးပြည့်စုံနိုင်သည်ဟု မှတ်ရာ၏။ ထို့ပြင် ဤဘဒ္ဒကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားရှင်သည် မွေးဖွားစတွင် မယ်တော်မဟာမာယာဒေဝီသည် အင်ကြင်းတော၊ အင်ကြင်းပင်အောက်၊ အင်ကြင်းအကိုင်းကိုကိုင်၍ မွေးဖွားတော်မူရ၏။ ပရိနိဗ္ဗာန်ပြုသည့်အခါတွင်လည်း ကုသိနာရုံ၏ အင်ကြင်းတော၊ အင်ကြင်းပင်အောက်၊ အင်ကြင်းပင်အခြံအရံပြု၍ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါ၏။ ထို့ကြောင့် ဂေါတမဗုဒ္ဓဘုရားရှင်သည် မွေးဖွားတော့လည်း အင်ကြင်းတော၊ အင်ကြင်းပင်အောက်၊ ပရိနိဗ္ဗာန်ပြုတော့လည်း ကုသိနာရုံ အင်ကြင်းတော၊ အင်ကြင်းပင်အောက်၊ အင်ကြင်း

ပင်များအကြားတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ဤအချက်နှစ်ချက်နှင့်ပင် အင်ကြင်းပန်း၊ အင်ကြင်းအပင်၊ အရွက်၊ အပွင့်တို့၏ အာနိသင်၊ သတ္တိစွမ်းပကားဂုဏ်ထူးများကို အထူးဆိုဘွယ်ရာ မရှိတော့ပါ။ မည်မျှ စွမ်းရည်သတ္တိရှိကြောင်းကို သဘောပေါက်သင့်လှ၏။

## ရန်ပြေမာန်ပြေ ဇမ္ဗူ့သပြေ

B. အုပ်စု၊ D. အုပ်စုဝင် သပြေပန်းကို ဆိုလိုသည်။

ဤသပြေပန်းသည် ဇမ္ဗူဒီပါတစ်ကျွန်းလုံးနှင့် သက်ဆိုင်သောပန်းဖြစ်၏။ ထိုသပြေပန်းအား ဇေယျာကပ္ပ၊ ရုဇေယျာကပ္ပ၊ ကပ္ပနန္ဒာ၊ ကပ္ပက္ကန္ဒာ၊ မဟာကါပိန္ဒဟူသော ဇမ္ဗူဒီပါကျွန်းများကို စောင့်ရှောက်ကုန်သော ကမ္ဘာစောင့်နတ်ကြီးများ၊ နတ်မင်းများအထူးစောင့်ရှောက်ခံ သပြေပန်းဖြစ်ပါသည်။

ထို့ကြောင့် ရန်မှန်သမျှ ပြေပျောက်နိုင်၏။ မာန်မာနတရားမှန်သမျှ ပြေပျောက်နိုင်၏။ ဘေးရန်အန္တရာယ်၊ အဖုအထစ်၊ အတိုက်အခံမှန်သမျှ ပြေပျောက်ပြေငြိမ်းနိုင်၏။ ထို့ကြောင့် ထိုသပြေပန်းကို ရန်ပြေ၊ မာန်ပြေ၊ ဇမ္ဗူ့သပြေ ဟု ဆိုလိုပါသည်။

အာဒိကပ္ပ ကမ္ဘာဦးကျမ်းအလိုအရ ကမ္ဘာတည်စ ပထမဆုံး မြင့်မိုရ်တောင် ပေါ်ပေါက်လာပြီးနောက် ကျွန်းကြီး(၄)

ကျွန်းပေါ်ပေါက်လာရာ ဤဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ ပထမဆုံးသောကျွန်း၏ သစ်ပင်ဖြစ်ပါသည်။ ၎င်းကို သပြေပင်ဟုခေါ်ပါသည်။ ပထမဆုံးသောဇမ္ဗူဒီပါကျွန်း ပေါ်ပေါက်လာပြီးနောက် ပထမဆုံးသောသပြေပင်ကို ကျွန်းဦးသပြေဟုခေါ်ဆိုပါသည်။ သို့မဟုတ် ဇမ္ဗူ့သပြေဟုလည်းဆိုကြပါသည်။ အမှန်တကယ်စင်စစ် သပြေသည် ဤကမ္ဘာကြီး၏ ဖြစ်ခြင်း၏ အစ၊ အပင်များဖြစ်ကြောင်းကို အထူးသတိပြုသင့်လှ၏။ ထို့ကြောင့် သပြေသည် အရာရာကိုဖြစ်စေတတ်၏။ သပြေမဖြစ်သောအရာဟူ၍ မရှိနိုင်ဟုမှတ်ယူရာ၏။ သပြေသည် မကောင်းကျိုးမှန်သမျှ ပပျောက်စေရ၏။ သပြေသည် အပူမှန်သမျှအေးစေရ၏။ မကောင်းသောအတိတ်နိမိတ်များ၊ မကောင်းသောအာရုံများ၊ မကောင်းသောအဖြစ်အပျက်မှန်သမျှတို့သည် သပြေ၌မကပ်ရောက်နိုင်။ သပြေသည် အေးချမ်း၏။ သပြေသည် ငြိမ်းချမ်း၏။ သပြေသည် တည်ငြိမ်၏။ သပြေသည် အခြားသောပန်းများကဲ့သို့ ရှိုးထုတ်နိုင်သော ပြသနိုင်သော အလှအပပန်းမျိုးမဟုတ်လှပါ။ အခြားအခြားသောပန်းများကဲ့သို့ ပျား၊ ပိတုန်းလိပ်ပြာများ ဝတ်ရည်စုပ်ယူတတ်သော၊ ငှက်ကလေးများအား ဆွဲယူခေါ်ငင်နိုင်စွမ်းလည်း မရှိလှပါ။ သပြေသည် ရာသီအလိုက်၊ ဥတုအလိုက်၊ နေ့အလိုက်၊ ညအလိုက် လိုက်၍ အရောင်အမျိုးမျိုးပြောင်းလဲကာ ပရိယာယ်မာယာများတတ်သောပန်းမျိုးလည်း မဟုတ်ပါ။

သပြေသည် ရိုးရိုးယဉ်ယဉ်ကလေးသာပါ။

သပြေသည် ရိုးသားပြီး သစ္စာကြီးလှပါသည်။

သပြေသည် ဖြောင့်မတ်ပြီး တည်ငြိမ်လှပါသည်။

သပြေသည် ရန်အန္တရာယ်ကို ငြိမ်းအေးစေတတ်ပါသည်။

သပြေသည် ရန်အန္တရာယ်ကို ငြိမ်းအေးစွာ အောင်မြင်စေတတ်ပါသည်။

သပြေသည် သတ္တဝါအများ၊ လူအများအား ဒုက္ခမပေးတတ်ပါ။

သပြေ၏ပုံသဏ္ဌာန်သည် မာန်မာနမရှိ၊ မာန်မာနမှ ကင်းလွတ်စေ၏။

ထို့ကြောင့် ရန်ပြေ မာန်ပြေ ဇမ္ဗူသပြေ ဟု ခေါ်တွင်ကြကုန်၏။

တနည်းအားဖြင့် ကိစ္စမှန်သမျှ အကြောင်းအရာမှန်သမျှ ရန်အန္တရာယ်မှန်သမျှတို့ကို အောင်မြင်စေတတ် သောကြောင့် (အောင်သပြေ)ဟု အချို့နေရာ၊ ဒေသများစွာတို့တွင် ခေါ်ဝေါ်သုံးစွဲ တတ်ကြကုန်၏။ အဖုအထစ်များ၊ အကွေ့အကောက်များ၊ ပြဿနာများ၊ အမှုများ၊ တရားတပေါင်ရင်ဆိုင်ရမှုများ၊ အခက်အခဲများအား အစစပြေလည်စေတတ်ခြင်း၊ အဆင်ပြေတတ်ခြင်းတို့ကြောင့် (သပြေ)ဟုလည်း အချို့ဒေသ ခပ်များများတို့တွင် ခေါ်ဝေါ်သုံးစွဲတတ်ကြကုန်၏။ ကျွန်းကြီး(၄)ကျွန်း

အနက် တောင်ကျွန်းဖြစ်သော ဇမ္ဗူဒီပါကျွန်းတွင် စတင် ပေါ်ပေါက်လာသောကြောင့် (ဇမ္ဗူ့သပြေ)ဟုလည်း ရှေးကျမ်း ဂန်များစွာတွင် ရေးသားကြကုန်၏။ ကျွန်ုပ်ကျမ်းပြု ဆရာတော် ၏ ငယ်စဉ်တောင်ကြေးကလေးဘဝ၊ အသက်အားဖြင့် ဆယ်နှစ်ကျော်ကျော်အရွယ်တွင် မော်လမြိုင်မြို့ ညောင်ပင်ဆိပ် အရှေ့ဘက်ကမ်းရွာတွင် ဦးထွန်းလှဆိုသော ဆေးဆရာ တစ်ယောက်တွေ့ခဲ့ဘူး၏။ ထိုဆေးဆရာဦးထွန်းလှသည် ရွှေငွေမမြဲ။ရသမျှအဖက်မတင်။ ဆေးဆရာကြီးသာ ဖြစ်နေ ရသည် ဆင်းရဲလွန်းလှ၏။ တခါသော် ရှင်ပြုအလှူ တစ်ခုတွင် မြဝတီဆရာတော်ကြီးနှင့်ဆုံ၍ စကားစပ် ပြောဆိုလျှောက်ထား ရာမှစ၍ ဆေးဆရာကြီးဦးထွန်းလှအား မြဝတီဆရာတော်ကြီး က အမိန့်ရှိသည်မှာ "ဟဲ့. . ထွန်းလှ၊ မင့်ကြည့်ရတာ တစ်နှစ် လာလည်းဒီအတိုင်းဘဲ။တစ်နှစ်ကြည့်လည်း ဒီလိုပါဘဲလားဟ။ မင်းကို ငါနည်းတစ်ခုပေးရတာပေ့ါကွာ။ မင့်ဘဝတစ်သက် တာမှာ ပိုက်ဆံမြဲချင်ရင် ငွေ၊ ရွှေ၊ ဥစ္စာ မြဲစွဲစွာရှိချင်ရင် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့လပြည့်နေ့နှင့် ကြုံကြိုက်သည့်အခါမှာ ဇမ္ဗူ့သပြေသားကို ဗီဒိုလုပ်၊ သေတ္တာလုပ်။ တခြားသစ်သား မပါစေနှင့်ကွ။ အစစအရာရာအားလုံးဟာ သပြေသားနှင့်သာ လုပ်ပါ။ ပြီးခဲ့ရင် ဆေးအဖြူနှင့်အစိမ်းရောင် သုတ်ထားပြီး စီးပွားရှာ၍ရလာသမျှ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ဥစ္စာများတို့ကို မင်းသပြေသားနှင့် လုပ်ထားတဲ့

ဘီဒို၊ အံဆွဲတွေထဲ ထည့်ထားပါလားကွ။ သေတ္တာ တွေထဲ ထည့်ထားပါကွ။ ဒါဆိုရင် မင့်ကြည့်နေ။ တစ်နှစ်ပြီးတစ်နှစ် ရွှေငွေ၊ ဥစ္စာရတနာတိုးတက်လာခြင်း၊ မြဲစွဲစွာကြာကြာ နေခြင်းရှိလာလိမ့်မယ်။ မင်းတို့မှတ်ထားပေါ့”ဟု မြဝတီ ဆရာတော်ကြီးက အမိန့်ရှိဘူးသည့်အတိုင်း ၄င်းဦးထွန်းလှသည် သပြေသားနှင့်ဘီဒိုများ၊ စားပွဲများ၊ သေတ္တာများလုပ်ပြီး ဆေးဝါးကုသတော့၏။ ကျွန်ုပ်ဆရာတော်နှင့်လည်း ဆယ်နှစ် ဆယ်မိုးခန့်ကွဲကွာနေခဲ့တော့၏။ ကျွန်ုပ်ကျမ်းပြု ဆရာတော် သည် သက်တော်(၂၀)ကျော်ခန့်(ရဟန်းဖြစ်စ သုံး၊ လေးဝါ) ခန့်တွင် အမှတ်မထင်ရွာကို ရောက်ခဲ့၍ အတော်အိုမင်း နေပြီဖြစ်သော ဆရာကြီးဦးထွန်းလှထံ ရောက်ခဲ့သေး၏။ ဆရာကြီးသည် ယခင်ကနှင့်လုံးဝမတူတော့ပါ။ အတော်ပင် ပြောင်းလဲတိုးတက်နေတော့၏။ အိမ်ကြီးအိမ်ကောင်းနှင့် အိမ်တွင်ပရိဘောဂ၊ အဆောင်အယောင်အပြည့်အစုံနှင့် အတော်ပင်ကြီးပွားချမ်းသာ နေကြောင်းကို တွေ့မြင်ခဲ့ရဘူး၏။ ထိုဆရာကြီးဦးထွန်းလှမှာ သပြေသားကို ဘီဒို၊ စားပွဲ၊ သေတ္တာများလုပ်ရုံတင်မက နောက်ပိုင်းမေးမြန်း ကြည့်သည့် အခါတွင် ဆရာကြီးနေထိုင်သော အိမ်တစ်လုံးလုံးသည် လည်းကောင်း၊ အိမ်တိုင်များ၊ အကာများ၊ အခင်းများ စသည် အားလုံး လိုလိုပင် သပြေပင်၊ သပြေသား၊ သပြေပျဉ်အခင်းများ နှင့်ချည်းသာ အိမ်တစ်ဆောင်စာ၊ အိမ်တစ်လုံးစာအားလုံး

သပြေပင်၊ သပြေသားနှင့်ပင် အိမ်ဆောက်ထားကြောင်း သိရှိလာခဲ့ရ၏။ ဆရာကြီးကစ၍ မိသားစု ကလေးသူငယ် လူကြီး၊ အခိုင်းအစေမှန်သမျှ ဆရာကြီးအား မှီခိုနေကြသည့် တပည့်မှန်သမျှအားလုံး ရန်ဖြစ်ခြင်း၊ ဆူညံခြင်းလုံးဝမရှိ။ အားလုံးပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနှင့် အန္တရာယ်ကင်းရှင်းစွာ၊ ရန်ကင်းရှင်းစွာ နေထိုင်ကြသည်ကို ကျွန်ုပ်စာရေးသူ ကျမ်းပြုသူကိုယ်တော်တိုင် တွေ့မြင်ခဲ့ရဘူး၏။ အံ့ဩခြင်းများစွာနှင့် "ဩော်. . . အောင်သပြေ(သို့မဟုတ်) ဇမ္ဗူ့သပြေပင်ရဲ့သတ္တိအစွမ်းပါလား. . ။" ဟု မှတ်ချက်ချမိပါတော့၏။

G. **အကုသိုလ်ခါတ် အကုသိုလ်အတိတ် အကုသိုလ်နိမိတ်များကိုဖြစ်စေနိုင်သော ပန်းအပွင့်များ**

(၁) ဇော်စိမ်း ဇော်ကျားပန်း၊ (၂) စီးပွားဂမုန်းဟူ၍ လူအများ ခေါ်ဝေါ်နေကြသော စီးပွားဂမုန်းပန်း၊ (၃) ကြက်မောက်ပန်း၊ (၄)ဒေါနပန်း၊ (၅)နှင်းဆီအနီပန်၊ (၆) စံပယ်ပန်း၊ (၇) ဆူးများပြီးဆူးအပြည့်ပါဝင်နေသော သဲကန္တာရမိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင်ပေါက်ရောက်သော ပန်းအပွင့်မှန်သမျှတို့ ဖြစ်သည်။

## H. ကုသိုလ်ဓါတ်၊ ကုသိုလ်အတိတ် ကုသိုလ်နိမိတ် များကိုဖြစ်စေနိုင်သော ပန်းအပွင့်များ

(၁) ဇမ္ဗူသပြေ (သို့မဟုတ်) အောင်သပြေ (သို့မဟုတ်) သပြေကြီး၊ (၂) ကံ့ကော်ပင်၊ ကံ့ကော်ပန်း (၃) သဇင်နီ၊ (၄) သဇင်နက်၊ (၅) ဂန္ဓမာပန်း၊ (၆) မေမြို့ပန်းအဖြူ (၇)ရွှေပန်း၊ (၈)ငွေပန်း၊ (၉) သရဖီပန်း၊ (၁၀) အင်ကြင်းပန်း၊ (၁၁) မြတ်လေးပန်း၊ (၁၂) သစ္စာပန်း၊ (၁၃) ငုပန်း၊ (၁၄) ဗောဓိဝင် အပင်နှင့်ပန်းတို့ ဖြစ်ကြပါသည်။

**မှတ်ချက်။** အကုသိုလ်ပန်း၊ ကုသိုလ်ပန်း၊ အကုသိုလ်အပွင့်၊ ကုသိုလ်အပွင့်တို့ကို သူတော်ကောင်းများ အထူးဆင်ခြင် သတိသမ္ပဇဉ်ဝင်၍ သုံးစွဲသင့်သည်တို့ကိုသုံးစွဲ၍ ပယ်သင့်သည် များကို ပယ်သင့်လှသည်ဟု မှတ်သားကြပါကုန်. . ။

# (၇)ရက်သား၊ (၇)ရက်သားသမီးတို့၏ လုပ်ကိုင်ရမည့် စီးပွားရေးအကျိုးပေးမှုများ အကျယ်တဝင့် လမ်းညွှန်မှုများ

## (၁) တနင်္ဂနွေသား/တနင်္ဂနွေသမီးတို့၏ လုပ်ကိုင်ရမည့်စီးပွားရေးအကျိုးပေးမှုများမှာ. . .

ထမင်းဆိုင်၊ အဖျော် ယမကာဆိုင်၊ အဆင့်မြင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ရွှေဆိုင်၊ ရွှေပွဲစား၊ ကျောက်မျက်ရတနာဆိုင်၊ ကျောက်မျက်ရတနာပွဲစား၊ ထုံး သဲ ကျောက် အုတ် လုပ်ငန်း(၄)မျိုးများ၊ သွတ်မျိုးစုံ၊ သံ၊ သံထည်၊ သံချောင်းမျိုးစုံ၊ သွတ် သံ ဘိလပ်မြေ လုပ်ငန်းကြီး(၃)မျိုးများ၊ (ထုံး၊ သဲ၊ ကျောက်၊ အုတ်၊ သွတ်၊ သံ၊ ဘိလပ်မြေ)စသော (၇)မျိုးတွဲလုပ်ငန်းကြီးများ၊ ထို(၇)မျိုးသော လုပ်ငန်းကြီးနှင့် ပါတ်သက်သော (ကန်ထရိုက်လုပ်ငန်းများ)၊ အိမ်၊ တိုက်၊ ခြံ၊ မြေ အရောင်းအဝယ်ပွဲစားလုပ်ငန်းများ၊ ပန်းတိမ်၊ ပန်းပု၊ ပန်းရံ လုပ်ငန်းများ၊ (မြေ၊ ခြံ၊ တိုက်၊ အိမ် အခြားသော ကြီးမားသည့် အဆောက်အဦးနှင့်ပါတ်သက်သော ကန်ထရိုက်လုပ်ငန်းများ၊ လမ်း၊ တံတားလုပ်ငန်းများ၊ ခြံထွက် ဥယျာဉ်ထွက်၊ လယ်ထွက်၊ ယာထွက်၊ ကိုင်းထွက်၊ သီးနှံများအရောင်းအဝယ်လုပ်ငန်းများ၊ (ထို လယ်ယာ၊ ခြံ၊ ဥယျာဉ်၊ ကိုင်းထွက်သီးနှံများနှင့် ပါတ်သက်

သော ပွဲရုံလုပ်ငန်းများ) ကုန်စုံ၊ ကုန်ခြောက်၊ ကုန်စိမ်းပစ္စည်းများ အရောင်းအဝယ်လုပ်ငန်းများ၊ ဒိုင်များ၊ စျေးဆိုင်များ၊ သစ်ဆိုင်၊ သစ်လုပ်ငန်း၊ သစ်စက်များ၊ အိမ်ထောင်ပရိဘောဂ ဆိုင်များ၊ ကားဂိတ်များ၊ ဂိတ်ဥက္ကဋ္ဌများ၊ ကားပစ္စည်းဆိုင်၊ စက်ဘီးပစ္စည်းဆိုင်၊ ဆိုင်ကယ်ပစ္စည်းဆိုင်၊ သဘော်ာဆေးဘူးများ၊ အိမ်၊ တိုက်သုတ်ဆေးအမျိုးမျိုးများ၊ ဆေးသုတ်လုပ်ငန်းများ၊ ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာဆိုင်များ၊ ကွမ်းယာပစ္စည်း၊ ပရဆေးပစ္စည်း၊ တိုင်းရင်းဆေးပစ္စည်း၊ နိုင်ငံခြားဆေးမျိုးစုံ အရောင်းဆိုင်များ၊ တည်းခိုခန်းလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများအကျိုးပေးလိမ့်မည်။ စီးပွားရေးအရ မိမိစိတ်ပါဝင်စားရာ မိမိနိုင်နင်း သော စီးပွားရေးအလုပ်အကိုင်များကို မိမိစိတ်ကြိုက် တစ်လုပ်ဖြစ်စေ၊ နှစ်လုပ်သုံးလုပ်ဖြစ်စေ လုပ်သင့်ပါသည်။

**မှတ်ချက်။** ။တနင်္ဂနွေသားသမီးများသည် တစ်ယောက်တည်းလုပ်ပါမှ အကျိုးပေးပေလိမ့်မည်။ တစ်ယောက်တည်းမဟုတ်ဘဲ အများနှင့်တွဲလုပ်ခြင်း၊ စပ်တူရှယ်ယာလုပ်ခြင်း၊ သူများထဲရှယ်ယာထည့်ခြင်း လုပ်မိပါက များစွာဆုံးရှုံးနစ်နာလိမ့်မည်ဟု မှတ်ယူပါ။ တနင်္ဂနွေသားသမီးများသည် သူတပါးအား ယုံကြည်အားကိုးမိပါလျှင် များစွာဆုံးရှုံးနစ်နာလိမ့်မည်။ နေရာတကာတွင် မိမိအပင်ပန်းခံလိုက်ပေးနိုင်ပါမှ သက်သာပေလိမ့်မည်။

## (၂) တနလ်ာသား၊ တနလာ်သမီးတို့၏ လုပ်ကိုင်ရမည့် စီးပွားရေး အကျိုးပေးမှုများမှာ. . .

ထမင်းဆိုင်များ၊ အသုတ်၊ မုန့်ဟင်းခါးဆိုင်များ။ မုန့်လုပ်ငန်းများ၊ ကြီးကျယ်သောမုန့်ဆိုင်များ၊ သစ်အရောင်းဆိုင်များ၊ သစ်ခွဲစက်များ၊ အမှုံ့ကြိတ်စက်များ၊ အမှုံ့ကြိတ်လုပ်ငန်းများ၊ ပဲခွဲစက်များ၊ အထပ်သားစက်များ၊ အကြော်ဆိုင်များ၊ အကြော်အသုတ်ဆိုင်များ၊ ခေါက်ဆွဲဆိုင်များ၊ စားသောက်ဆိုင် အမျိုးမျိုးများ၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ အအေးပစ္စည်းထုတ်လုပ်ငန်းများ၊ လက်ဖက်ရည်ဆိုင်နှင့် ပတ်သက်သောပစ္စည်းမျိုးစုံထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ၊ အဖျော်ယမကာနှင့် ပတ်သက်သောဆိုင်များ၊ အရက်ချက်စက်ရုံများ၊ အရက်ဆိုင်များ၊ အရက်နှင့်ပါတ်သက် သောပစ္စည်းအမျိုးမျိုးထုတ်လုပ်မှုလုပ်ငန်း၊ ငါးပုဇွန်လုပ်ငန်းများ၊ ရေထွက်ပင်လယ်ထွက်၊ မြစ်ချောင်းထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး၊ ဖြန့်ဖြူးရေးအရောင်းဆိုင်များ၊ ရေနံ၊ ဓါတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်လုပ်ငန်းများ၊ ရေနံ၊ ဓါတ်ဆီ၊ ဒီဇယ်၊ ဘရိတ်ဆီ၊ အင်ဂျင်ဝိုင်ဆီအရောင်းဆိုင်များ၊ ထုတ်လုပ်မှုလုပ်ငန်း၊ သယ်ယူ/သယ်ပို့လုပ်ငန်းများ၊ ပွဲထောင်၊ ပွဲချိတ်၊ မော်တော်ဘုတ်၊ သင်္ဘောထုတ်လုပ်ရေးလုပ်ငန်းများ၊ ပွဲထောင်၊ ပွဲချိတ်၊ မော်တော်ဘုတ်၊ သင်္ဘောတည်ထောင်မှု၊ သယ်ယူ

ပို့ဆောင်ရေးလုပ်ငန်းများ၊ ရေလမ်းခရီးလုပ်ငန်းများ၊ ယာဉ် ရထား၊ ကားလုပ်ငန်းများ၊ ယာဉ်ရထား၊ ကားဂိတ်များ၊ ယာဉ်ရထား၊ ကားအရောင်းအဝယ်လုပ်ငန်းများ၊ ယာဉ်ရထား၊ ကားထုတ်လုပ်မှုလုပ်ငန်းများ၊ ယာဉ်ရထား၊ ကား၊ စက်ဘီး၊ ဆိုင်ကယ်ပြုပြင်ဆိုင် အရောင်းဆိုင်များ၊ (ကားရေဆေး/ဆီထိုး၊ ဆားဗစ်ဆင်)လုပ်ငန်းများ၊ တစ်မြို့မှတစ်မြို့သို့ တစ်ရွာမှတစ်ရွာ သို့၊ ကုန်ပစ္စည်းသယ်ယူရေး၊ ဖြန့်ဖြူးရေး၊ ရောင်းဝယ်ရေး ကိစ္စများ၊ ဘဏ်လုပ်ငန်းများ၊ ငွေ၊ ရွှေအပေါင်ခံလုပ်ငန်းများ၊ အပေါင် ဆိုင်များ၊ အတိုးပေးလုပ်ငန်းများ၊ ထင်း၊ မီးသွေး၊ သစ်တိုသစ်စ လုပ်ငန်းများ၊ တင်ပို့ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ သစ်၊ ဝါး၊ မျှော၊ ဓနိ၊ သက်ကယ်အရောင်းဆိုင်များ၊ ဖြန့်ဖြူးရေး လုပ်ငန်းများ၊ ပွဲ၊ ဇာတ်၊ ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းများ၊ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ကန်ထရိုက်များ၊ ဇာတ်ထောင်ခြင်း၊ ရုပ်ရှင်ကုမ္ပဏီ ထောင်ခြင်း၊ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ၊ တေးဂီတလုပ်ငန်းများ၊ စတိတ်ရှိုး၊ တေးဂီတ ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကုန်စုံဆိုင်ကြီးများ၊ အလှအပပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းများ၊ ကက်ဆက်၊ တီဗီ၊ ဗီဒီယို စက်ပစ္စည်းများ အရောင်းဆိုင်များ၊ ဓါတ်ပုံ ပစ္စည်းဆိုင်၊ ဓါတ်ပုံ ပစ္စည်းဖြန့်ဖြူးရေး၊ တင်သွင်းရေး လုပ်ငန်း များ၊ ရွှေငွေရတနာ ဆိုင်ကြီးများ၊ ရွှေငွေဓါတ်သတ္တု ပစ္စည်းမျိုးစုံ အရောင်းဆိုင်များ အကျိုးပေးပါသည်။ မိမိစိတ်ဝင်စားရာ၊

မိမိဝါသနာပါရာ၊ မိမိအရင်းအနှီး ငွေပမာဏနိုင်နင်းရာ လုပ်ငန်းတစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ လုပ်ကိုင်နိုင်ပါသည်။ လုပ်ကိုင်ကြ ပါလျှင်လည်း ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ တိုးတက်အောင်မြင်ခြင်း ဖြစ်ပါလိမ့်မည်။

**အထူးမှတ်ချက်။** ။တနင်္လာသား၊ တနင်္လာသမီးများသည် တစ်ဦးတည်း စီးပွားရေးလုပ်ငန်းငန်းများကို လုပ်ကိုင်နိုင်ပါသည်။ စပ်တူ၊ ရှယ်ယာတွဲစပ်၍လည်း လုပ်နိုင်ပါသည်။ အဖွဲ့အစည်းနှင့်ဖြစ်စေ၊ စီးပွားရေးကို လုပ်ကိုင်နိုင် ပါသည်။ လုပ်နိုင်သ၍လည်း ကြီးပွားချမ်းသာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ထင်ရှားကျော်ကြားနိုင်ပါသည်။

သို့ပေမဲ့ တနင်္လာသား၊ တနင်္လာသမီးတို့သည် တဇွတ်ထိုး၊ တယူသန်ဆောင်ရွက်မှုများလာခဲ့လျှင် စီးပွားရေးကျဆင်းတတ်သည်။ ထို့ပြင် တနင်္လာသား၊ တနင်္လာသမီးတို့သည် တစ်ဖက်သက်အစွဲတရားကြီးလျှင်လည်းကောင်း၊ ယုံကြည်ချက်တဇွတ်ထိုး လုပ်မိလျှင် စီးပွားရေးဆုံးရှုံးနစ်နာပေလိမ့်မည်ဟု မှတ်ယူပါ။ သမုဒယသံယောဇဉ် တစ်ဖက်သတ်အားကြီးပြီး စီးပွားရေးလုပ်ဆောင်ခဲ့ပါလျှင်လည်း အောင်မြင်မှုမရနိုင်ဘဲ ဆုံးရှုံးနစ်နာပေလိမ့်မည်။

## ၃။ အင်္ဂါသား/အင်္ဂါသမီးတို့၏ လုပ်ကိုင်ရမည့် စီးပွားရေးအကျိုးပေးမှုများမှာ. . .

လျှပ်စစ်ပစ္စည်းမျိုးစုံအရောင်းဆိုင်များ၊ လျှပ်စစ်ပစ္စည်းမျိုးစုံထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓါတ်အား စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ၊ ဓါတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းများ၊ သတ္တုထည်ပစ္စည်းမျိုးစုံ၊ သံထည်ပစ္စည်းမျိုးစုံ အရောင်းဆိုင်များ၊ ကြေးကုန်၊ သံကုန်ပစ္စည်းထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးအရောင်းဆိုင်များ၊ ဓါတ်ငွေ့မျိုးစုံထုတ်လုပ်ရေး၊ ရောင်းချရေးလုပ်ငန်းများ၊ ဓါတ်ငွေ့သုံးပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအရောင်းဆိုင်များ၊ မီးခြစ်လုပ်ငန်း၊ မီးခြစ် ထုတ်လုပ်မှုများ၊ မီးဖိုသုံးပစ္စည်းများ ထုတ်လုပ်မှုများ၊ မီးဖိုသုံး ပစ္စည်းများအရောင်းဆိုင်များ၊ မီးဖိုချောင်တစ်ချောင်လုံးတွင် ကြော်၊ လှော်၊ ဖုတ်၊ ကင်ရသော ပစ္စည်းများအရောင်းဆိုင်၊ သစ်စက်များ၊ သစ်ခွဲစက်များ၊ အထပ်သားစက်များ၊ လွှစက်များ၊ သစ်ခွဲသော လွှအဝိုင်းများ၊ သစ်တောထွက်ပစ္စည်းများ အရောင်းဆိုင်၊ သစ်၊ ဝါး၊ မျော၊ ဓနိ၊ သက်ကယ်အရောင်းဆိုင်များ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ သွတ်၊ သံ၊ သဲ၊ ထုံး၊ ကျောက်၊ အုတ်၊ ဘိလပ်မြေ၊ ဓါတ်မြေသြဇာ စသောလုပ်ငန်းတွဲများ၊ အရောင်း ဆိုင်များ၊ ငရုတ်၊ ကြက်သွန်ပွဲရုံ၊ ထန်းလျက်ပွဲရုံ၊ ကြံသကာပွဲရုံ၊ ပဲမျိုးစုံ၊ နှမ်း၊ ပဲဖတ်၊ နှမ်းဖတ်မျိုးစုံ၊ ပဲ၊ နှမ်း၊ စပါး၊ ဆန်စပါး

အရောင်းဆိုင်များ၊ ပဲ၊ နှမ်း၊ စပါး၊ ဆန်စပါးနှင့်ပါတ်သက်သော စက်ရုံများ၊ အလုပ်ရုံများ၊ ဂျုံမှုန့်များ၊ ဂျုံစက်များ၊ ကုန်မျိုးစုံဆိုင်များ၊ ကုန်စုံ၊ ကုန်ခြောက်ဆိုင်များ၊ အမှုန့်ကြိတ်စက်များ အမှုန့်လုပ်ရသောပစ္စည်းမျိုးစုံအရောင်းဆိုင်၊ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများ၊ ကျောက်တွင်းများ ကျောက်မျက်ရတနာပွဲစားလုပ်ငန်းများ၊ မီးရရှိရေး၊ မီးသွယ်တန်းရေးလုပ်ငန်းများ၊ မီးသတ်လုပ်ငန်း၊ မီးသတ်ဌာန သုံးပစ္စည်းများ ထုတ်လုပ်ရေး/ရောင်းချရေးလုပ်ငန်းများ၊ မီးသတ်ဝတ်စုံ၊ စစ်ပစ္စည်းများ၊ စစ်ဝတ်စုံများ၊ ထုတ်လုပ်မှုများ၊ အရောင်းဆိုင်များ၊ စက်ချုပ်ဆိုင်များ၊ အပ်ချုပ်စက်အမျိုးမျိုးများ အရောင်းဆိုင်များ၊ စစ်တပ်ဆိုင်ရာတပ်မတော်သုံးဆိုင်ရာ ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေး လုပ်ငန်းများ၊ အရောင်းဆိုင်များ၊ မှာယူတင်သွင်းရေးလုပ်ငန်းများ၊ လောင်းကစားပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးလုပ်ငန်းများ၊ အရောင်းဆိုင်များ၊ လောင်းကစားဒိုင်များ၊ လောင်းကစားပွဲစားများ၊ ထီဆိုင်များ၊ အားကစား ပစ္စည်းစက်ရုံများ၊ အားကစားပစ္စည်းအရောင်းဆိုင်များ၊ ပရဆေးဆိုင်များ၊ တိုင်းရင်းဆေးပစ္စည်းဆိုင်များ၊ နိုင်ငံခြား ဆေးဝါးပစ္စည်းဆိုင်များ၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ ဆေးရုံလုပ်ငန်းများ၊ ဓါတ်ခွဲသုံးပစ္စည်းများ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများ၊ ခွဲစိပ်မှု ကိရိယာများ၊ ခွဲစိပ်ခန်းသုံး ပစ္စည်းအရောင်းဆိုင်များ၊ ခွဲစိပ်ခန်းသုံးပစ္စည်းမျိုးစုံ ထုတ်လုပ်ရေး၊ မှာယူတင်သွင်းရေးလုပ်ငန်းများ၊

ရေနံ၊ ဓါတ်ဆီ၊ ဒီဇယ်ထုတ်လုပ်ရေးစက်ရုံများ၊ ရေနံ၊ ဓါတ်ဆီ၊ ဒီဇယ်ဖြန့်ဖြူးရေး၊ မှာယူတင်သွင်းရေးလုပ်ငန်းများ၊ ပုံနှိပ်စက်လုပ်ငန်းများ၊ (ပရက်(စ်))လုပ်ငန်းများ၊ ကွန်ပျူတာလုပ်ငန်းများ၊ ကျောင်းဆရာ (ကျူရှင်)လုပ်ငန်းများ၊ သင်ကြားရေးအထောက်အကူပစ္စည်းများ၊ စီးပွားရေးသင်ကြားမှုလုပ်ငန်းများ အကျိုးပေးပါသည်။ လုပ်ကိုင်ဆောင်ရွက်ပါက ကြီးပွားချမ်းသာ တိုးတက်နိုင်ပါသည်။ မိမိနိုင်သ၍လုပ်ငန်းတခုဖြစ်စေ၊ နှစ်ခုသုံးခုဖြစ်စေ မိမိစိတ်ကြိုက် လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**အထူးမှတ်ချက်။** ။အင်္ဂါသား/အင်္ဂါသမီး၏ ကုသိုလ်ကံသည် တစ်ကိုယ်တော်လူစွမ်းကောင်းကံဇာတာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ကိုယ်တော်လူစွမ်းကောင်းလုပ်နိုင်ပါမှ တစ်ယောက်တည်း၊ တစ်ဦးတည်း၊ တစ်ယောက်ကောင်းလုပ်ပါမှ အဆင်ပြေမှု အောင်မြင်မှုတို့ကို ရရှိနိုင်ပါသည်။ စပ်တူရှယ်ယာလုပ်ခြင်း၊ အများနှင့်လည်းကောင်း၊ အဖွဲ့အစည်းနှင့်လည်းကောင်း လုပ်မိပါက စီးပွားရေးကြီးကျယ်စွာ ဆုံးရှုံးနစ်နာနိုင်ပါသည်။

အင်္ဂါသား/အင်္ဂါသမီးတို့သည် စီးပွားရေးအလုပ်အကိုင်များနှင့်ပတ်သက်လာပါလျှင် မိမိ၏ ဦးနှောက်ထဲ၌၊ မိမိခေါင်းထဲ၌ တစ်ခုခုသောကိစ္စကို ကြံစည်မိပါက လျင်မြန်စွာချက်ခြင်းအကောင်အထည်ဖော်ခြင်း၊ လျင်မြန်စွာလုပ်ဆောင်နိုင်ပါက အထူးအောင်မြင်ပြီးစီးနိုင်ပါသည်။ ထိုသို့မဟုတ်ပါက အများနှင့်

တိုင်ပင်နေပါလျှင်၊ ဆွေမျိုးသားချင်းမိတ်ဆွေများနှင့်ဆွေးနွေး နေပါလျှင် ဆုံးခန်းတိုင်မပြီးနိုင်တော့ပါ။ လက်စမသတ်နိုင် တော့ပါ။

## ၄။ ဗုဒ္ဓဟူးသား/ဗုဒ္ဓဟူးသမီးတို့၏ လုပ်ကိုင်ရမည့် စီးပွားရေးအကျိုးပေးမှုများမှာ. . .

စာပုံနှိပ်စက်များ၊ စာစီလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်း၊ ကြီးကျယ်သောစာအုပ်ဆိုင်များ၊ စာအုပ်ထုတ်လုပ်ရေး လုပ်ငန်း များ၊ ကားပြင်၊ ကားမောင်းလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ စက်ပစ္စည်းမျိုးစုံ၊ စက်ကိရိယာမျိုးစုံ၊ အရောင်းဆိုင်များ၊ ထုတ်လုပ်မှုများ၊ ကားပစ္စည်းဆိုင်များ၊ စက်ဘီးပစ္စည်းဆိုင်၊ ဆိုင်ကယ်ပစ္စည်းဆိုင်၊ ကားပွဲစားလုပ်ငန်းများ၊ ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုလုပ်ငန်းများ၊ တေးဂီတထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်း များ၊ ရုပ်ရှင်ဗီဒီယိုရိုက်ကူးရေး၊ ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး လုပ်ငန်းများ၊ ကြော်ငြာလုပ်ငန်း၊ ပိုစတာလုပ်ငန်းများ၊ အနုပညာထုတ်လုပ်မှု၊ ဝါဒဖြန့်မှုလုပ်ငန်းများ၊ အလှအပနှင့် ပါတ်သက်သော စက်ကိရိယာ၊ ဇိမ်ခံစက်ကိရိယာ၊ အနုပညာနှင့် ပါတ်သက်သော စက်ကိရိယာရောင်းဝယ်မှု၊ မှာယူတင်သွင်းမှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများ၊ မိတ်ကပ်အမျိုးမျိုး၊ စနိုးအမျိုးမျိုး၊ ပေါင်ဒါအမျိုးမျိုး၊ ရေမွှေး၊ အမွှေးဆီအမျိုးမျိုး၊ အလှအပ ပစ္စည်းမျိုးစုံထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ဘာသာ ရေးနှင့်ပါတ်သက်သော ပစ္စည်းအရောင်းဆိုင်များ၊ သက်န်း

ပရိက္ခရာဆိုင်ကြီးများ၊ ဘာသာရေးဆိုင်ရာ ဘုရားရုပ်ပွားတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ ပုလ္လင်စသော နိဗ္ဗာန်ကုန်ဆိုင်ကြီးများ၊ ဘုရား၊ စေတီ၊ ရွှေချလုပ်ငန်းများ၊ ရွှေငွေကျောက်မျက်ရတနာဆိုင်များ၊ ပန်းတိမ်လုပ်ငန်းများ၊ လမ်း၊ တံတား၊ ပန်းခြံ၊ ပန်းဥယျာဉ်နှင့်ပါတ်သက်သော လုပ်ငန်းများ၊ ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းအရောင်းဆိုင်များ၊ အားကစားပစ္စည်းများ၊ အားကစားအဝတ်အထည်များ အရောင်းဆိုင်၊ အားကားစားပစ္စည်းမျိုးစုံထုတ်လုပ်မှု၊ မှာယူတင်သွင်းမှု လုပ်ငန်းများ၊ တည်းခိုခန်းလုပ်ငန်းများ၊ ဟော်တယ်လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အဖျော်ယမကာ အအေးဆိုင်ကြီးများ၊ တင့်တယ်လှပသော လက်ဖက်ရည်ဆိုင် လုပ်ငန်းများ အကျိုးပေးပါသည်။ ထိုအကျိုးပေးသော လုပ်ငန်းများထဲမှ မိမိဝါသနာပါရာ မိမိစိတ်ပါဝင်စားရာ အလုပ်တစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ ဆောင်ရွက်လုပ်ကိုင်နိုင် ပါသည်။ လုပ်ကိုင်ပါက ကြီးပွားချမ်းသာတိုးတက်နိုင်ပါသည်။ လူနေမှုစနစ် အဆင့်အတန်း မြင့်မားတိုးတက်နိုင်ပါသည်။

**အထူးမှတ်ချက်။** ။ဗုဒ္ဓဟူးသား/ဗုဒ္ဓဟူးသမီးတို့သည် စီးပွားရေးကိစ္စဆောင်ရွက်ရာတွင် ဒွိဟဖြစ်နေတတ် ပါသည်။ ထို(ဒွိဟ)စိတ်နှစ်မျိုး၊ စိတ်နှစ်ခွ၊ အလုပ်နှစ်မျိုး၊ အလုပ်နှစ်ခွ ဖြစ်နေသ၍ စီးပွားရေးအဆင်မပြေ၊ စီးပွာရေးမအောင် မမြင့်ဖြစ်တတ်ခြင်း၊ စီးပွားရေးဆုံးရှုံးနစ်နာနိုင်ပါသည်။

စီးပွားရေးကိစ္စ၊ ဝင်ငွေလုပ်ငန်း၊ စသည်များတွင် မပြတ်မသားရှိနေတတ်သည်။ ဇဝေဇဝါ၊ မသဲမကွဲလည်း ဖြစ်နေတတ်သည်။ သတိကြီးစွာထားပါ။ တိကျသောအလုပ်တခုခုကို ရေဆုံးမီးဆုံး တဖြောင့်တည်းလုပ်ကိုင်နိုင်ပါမှ တစိုက်မက်မက်လုပ်ကိုင်ပါမှ စီးပွားရေးတိုးတက်အောင်မြင်မှု ရရှိနိုင် ပါသည်။

စပ်တူရှယ်ယာကိစ္စများ၊ ငွေ၊ ရွှေပစ္စည်းအချေးအငှားကိစ္စများ၊ အားနာလွန်းမှုများ၊ ညှော့ခံကောင်းမှုများ၊ ယုံလွယ်မှုများ၊ အထူးရှောင်ပါ။ လုံးဝမအပ်စပ်ပါ။ လုံးဝလည်း အကျိုးမပေးပါဟု မှတ်သားထားပါ။ ဗုဒ္ဓဟူးသား/ဗုဒ္ဓဟူးသမီးသည် စီးပွားရေးကိစ္စ၊ ငွေရေးကြေးရေး ကိစ္စများလုပ်ကိုင်ဆောင်ရွက်ကြရာတွင် ပြတ်ပြတ်သားသားလုပ်တတ်ဖို့ အထူးလိုအပ်သည်။ တိတိကျကျလုပ်တတ်ဖို့လည်း အထူးအရေးကြီးလှသည်။ ထိုသို့လုပ်ကိုင်ပါမှ စီးပွားရေးလုပ်ငန်းများတွင် ကြီးပွားချမ်းသာလာပြီး ထင်ပေါ်ကျော်ကြားလာလိမ့်မည်။ သို့မဟုတ်ပါက ရလိုက်ကုန်လိုက်၊ ဝင်လိုက်ထွက်လိုက်ဖြစ်နေတတ်ပါသည်။

## ၅။ ကြာသာပတေးသား/ကြာသာပတေးသမီးတို့၏ လုပ်ကိုင်ရမည့် စီးပွားရေးကိစ္စ အကျိုးပေးမှုများ. . .

ထီဆိုင်ကြီးများ၊ အစိုးရအောင်ဘာလေထီလက်မှတ်အရောင်းအဝယ်လုပ်ငန်းများ၊ အခြားအခြားသော ကံစမ်းသည့်ဆုမဲကိစ္စများ၊ ထီဆိုင်များအကျိုးပေးပါသည်။ ကြီးကျယ်သော

ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အအေးဆိုင်၊ ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာပစ္စည်းဆိုင်များ၊ ကုန်စုံကုန်ခြောက်ဆိုင်များ၊ ကြီးကျယ်သော အိမ်ဆောက်ပစ္စည်း ဆိုင်များ၊ သွတ်၊ သံ၊ ထုံး၊ အုတ် လုပ်ငန်းတွဲများ၊ အိမ်၊ တိုက်၊ သုတ်ဆေးအရောင်းဆိုင်များ၊ အပေါင်ဆိုင်လုပ်ငန်း၊ သစ်ဝါးမျော၊ သက်ကယ်စသော အသေးစားအိမ်ဆောက်ပစ္စည်းဆိုင်များ၊ အိမ်၊ တိုက်၊ အဆောက်အဦးများ တည်ဆောက်ရေး၊ ကန်ထရိုက်လုပ်ငန်းများ၊ ရွှေဆိုင်၊ ပန်းတိမ်ဆိုင်၊ ရွှေပန်းတိမ်လုပ်ငန်းများ၊ ပုံနှိပ်စက်၊ ကွန်ပျူတာစာစီလုပ်ငန်း၊ မိတ္တူကူးစက်များ၊ သက်န်းပရိက္ခရာဆိုင်များ၊ နိဗ္ဗာန်ကုန်ဆိုင်များ၊ ဘာသာရေးဆိုင်ရာ ပစ္စည်းအရောင်းဆိုင်၊ ထုတ်လုပ်ဖြန့်ဖြူးဆိုင်များ၊ ရှေးဟောင်းပစ္စည်းအရောင်းအဝယ်များ အကျိုးပေးပါသည်။ ကား၊ စက်ဘီးပစ္စည်းအရောင်းဆိုင်များ၊ သတို့သားသတို့သမီး မင်္ဂလာခန်းဝင်ပစ္စည်းအရောင်းဆိုင်များ၊ ပရိဘောဂပစ္စည်း အရောင်းဆိုင်များ အကျိုးပေးပါသည်။ မိမိဝါသနာပါရာ လုပ်ငန်းတစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ ဆောင်ရွက်လုပ်ကိုင်နိုင် ပါသည်။ ဤသို့ဆောင်ရွက်လုပ်ကိုင်ပါက ကြီးပွားတိုးတက်နိုင်ပါသည်။ စီးပွားရေးအကျိုးပေးပါလိမ့်မည်။ ကြာသာပတေးသား၊ ကြာသာပတေးသမီးများသည် မိမိစိတ်ဝင်စားရာ ဝါသနာပါရာကိုကြည့်၍ မိမိလက်ရှိငွေရေး ကြေးရေးအင်အားနှင့် နှိုင်းချိန်ပြီး ဆောင်ရွက်လုပ်ကိုင်သင့်သည်ဟု မှတ်သားကြပါကုန်. . . ။

**အထူးမှတ်ချက်။** ။ကြာသာပတေးသား/ကြာသာပတေးသမီးများသည် များသောအားဖြင့် စီးပွားရေးအလုပ်အကိုင်များတွင် အဆင်မပြေမှု၊ မအောင်မြင်မှု များပြားလှပါသည်။ အဆင်ပြေအောင်မြင်တာက အလွန်နည်းပါးလှပါသည်။ အရာရာသောကိစ္စများမှာယုံလွယ်လွန်း၍၊ ရိုးလွန်းအလွန်း၍ စီးပွားရေးအလုပ်အကိုင်များတွင် ခဏခဏ လူလိမ်ခံရတတ်ခြင်း၊ လူညာလူလိမ်လူကောက်များနှင့် မကြာခဏကြုံတွေ့ရတတ်ခြင်း ရှိနေတတ်ပါသည်။

အထူးသဖြင့် ကြာသာပတေးသား/ကြာသာပတေးသမီးများသည် ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ့်ကိုးပြီး တစ်သီးတစ်ခြား တဘာသာစီလုပ်ကိုင်ဆောင်ရွက်ပါလျှင် စီးပွားရေးအလုပ်အကိုင်များတွင် အောင်မြင်မှုရစေနိုင် ပါသည်။ တိုးတက်ကြီးပွားနိုင်ပါသည်။ တစ်ကြိမ်တစ်ခါတရံတွင် စပ်တူလုပ်မိခြင်း၊ ရှယ်ယာလုပ်မိခြင်း၊ အစုစပ်ထည့်ဝင်ခြင်း၊ အားနာ၍ ငွေ-ရွှေ အချေးအငှားလုပ်မိပါက ကြီးကျယ်စွာ စီးပွားရေးဆုံးရှုံးနစ်နာမှုနှင့် ကြုံတွေ့ရနိုင်ပါသည်။ ဆုံးရှုံးနစ်နာမှုလည်း ကြီးမားနိုင်ပါသည်။ ဒုက္ခလည်းများနိုင်ပါသည်။ သတိကြီးစွာထားကြပါကုန်လော့. . . . ။

## ၆။ သောကြာသား/သောကြာသမီးများ၏ လုပ်ကိုင်ရမည့် စီးပွားရေးကိစ္စ အကျိုးပေးမှုများ. . .

အလှအပပစ္စည်းများ၊ အမွှေးနံ့သာပစ္စည်းများ၊ အလှကုန်ဆိုင်ကြီးများ၊ အမွှေးနံ့သာဆိုင်ကြီးများ၊ မိတ်ကပ်၊ စနိုး၊ ပေါင်ဒါ၊ ရေမွှေးစသည်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဖြန့်ဖြူးရေး လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အဖျော်ယမကာဆိုင်များ၊ ထမင်းအသုတ်၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါးစသော စားသောက်ဆိုင်များ၊ အကြီးစားခေတ်မှီစားတော်ဆက်များ၊ အရက်အမျိုးမျိုးအရောင်းဆိုင်များ၊ ကုန်ပဒေသာ ဆိုင်ကြီးများ၊ အကြီးစား ကုန်တိုက်ကြီးများ၊ လှေသင်္ဘော၊ မော်တော်ဘုတ်အရောင်း အဝယ်လုပ်ငန်းများ၊ ပင်လယ်တွင်း မြစ်တွင်း၊ လှေ၊ သင်္ဘော၊ မော်တော်စသည်နှင့်ပြေးဆွဲရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လှေ၊ မော်တော်ဘုတ်၊ သင်္ဘော၊ ပွဲထောင်၊ ပွဲချိတ်စသည်များ တည်ထောင်သောလုပ်ငန်းများ၊ ရေထွက်ပစ္စည်းများဖြစ်သည့် ငါးပုဇွန်စသော ထုတ်လုပ်မှုလုပ်ငန်းများ၊ ပို့ဆောင်မှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများ၊ ကားပစ္စည်းဆိုင်၊ စက်ဘီးပစ္စည်းဆိုင်၊ ဆိုင်ကယ်ပစ္စည်းဆိုင်များ၊ အင်ဂျင်အမျိုးမျိုး၊ မီးစက်၊ ရေစုပ်စက်အမျိုးမျိုး၊ ဆန်စက်၊ စပါးလှေ့စက်၊ စပါးချွေစက်၊ ရိတ်သိမ်းစက်စသော စက်ကိရိယာအမျိုးမျိုးရောင်းဝယ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများ၊ ကား၊ ယာဉ်ရထားအမျိုးမျိုး၊ စက်ပစ္စည်းအမျိုးမျိုး၊

ရေဆေးဆီထိုး၊ ပြုပြင်တတ်ဆင်သောလုပ်ငန်းများ၊ အခြား အခြားသော စက်မှုလုပ်ငန်းများ၊ ရွှေပွဲစား၊ ကျောက်ပွဲစား၊ ကား ပွဲစား၊ မြေအိမ်ပွဲစားလုပ်ငန်းများ၊ ကုန်စိမ်းပစ္စည်းများ၊ ကုန်စိမ်း ဒိုင်များ၊ ကုန်စိမ်းပစ္စည်းများ သယ်ယူဖြန့်ဖြူးရေး၊ ပို့ဆောင်ရေး လုပ်ငန်းများ၊ ငရုတ်၊ ကြက်သွန်၊ ကြံသကာ၊ ထန်းလျက်၊ ပဲအမျိုး မျိုးနှင့်ပါတ်သက်သော ပွဲရုံ လုပ်ငန်းများ၊ မင်္ဂလာဆောင်တွင် သုံးစွဲရတတ်ဆင်ရသော မင်္ဂလာခန်းဝင်ပစ္စည်းအရောင်းဆိုင် များ၊ အခမ်းအနားကိစ္စများတွင် သုံးစွဲတပ်ဆင်ရသော ပစ္စည်း များ၊ မဏ္ဍပ်အပြင်အဆင်ပစ္စည်းများ၊ လျှပ်စစ်မီးအပြင်အဆင် ပစ္စည်းများအကျိုးပေးပါသည်။

မိမိဝါသနာပါရာ မိမိစိတ်ဝင်စားရာလုပ်ငန်းများထဲမှ တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးကိုဖြစ်စေ၊ သုံးမျိုးကိုဖြစ်စေ စီးပွားရေး လုပ်ကိုင်နိုင်ပါသည်။ လုပ်ကိုင်ပါကကြီးပွားချမ်းသာနိုင်ပါသည်။ ထို့ပြင် သောကြာသား/သောကြာသမီး များသည် ကုမ္ပဏီ လုပ်ငန်းများ၊ လီမိတက်လုပ်ငန်းများ၊ ကော်ပိုရေးရှင်းလုပ်ငန်း များ၊ အိမ်အခန်းအငှားပွဲစားများ၊ အလွန်အကျိုးပေးပါကြောင်း အထူးသတိပြုပါ။

**အထူးမှတ်ချက်။** ။သောကြာသား/သောကြာသမီး များသည် ချစ်ခြင်းမေတ္တာနှင့်စီးပွားရေးမကွဲပြား၊ မခွဲခြား တတ်ခြင်း၊ အားနာမှုသနားမှုနှင့် စီးပွားရေးလုပ်ငန်းများကို မခွဲခြားတတ်ခြင်း၊ ယုံလွယ်သနားလွယ်ခြင်း ကြောင့် စီးပွားရေး

အောင်မြင်နိုင်။ စီးပွားရေးဆုံးရှုံးနစ်နာမှုအားကြီးနိုင်သည်။ အချို့ဆိုပါလျှင် ရလိုက်ကုန်လိုက် အကြွေးတင်လိုက်နှင့် အချိန်ကုန်နေရတတ်ပါသည်။

## စနေသား/စနေသမီးများတို့၏ လုပ်ကိုင်ရမည့် စီးပွားရေးကိစ္စ အကျိုးပေးမှုများ. . .

လျှပ်စစ်ပစ္စည်းမျိုးစုံအရောင်းဆိုင်များ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ မှာယူတင်သွင်းရေးလုပ်ငန်းများ၊ ဓါတ်သတ္တုပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းများ၊ တွင်းထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ တွင်းထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းများ၊ ကြေးကုန်၊ သံကုန်ပစ္စည်းဆိုင်ကြီးများ၊ ဓါတ်ငွေ့အရောင်းအဝယ်များ၊ ဓါတ်ငွေ့နှင့်ပါတ်သက်သော စီးပွားရေးလုပ်ငန်းများ၊ ဆည်မြောင်းလုပ်ငန်း၊ တာတမံလုပ်ငန်းများ၊ လယ်ယာမြေ၊ ခြံ၊ ဥယျာဉ်၊ ကိုင်းစိုက်ပျိုးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ သဲ၊ ထုံး၊ ကျောက်၊ အုတ် လုပ်ငန်းတွဲများ၊ သစ်၊ ဝါး၊ မျော၊ ဓနိ၊ သက္ကယ်လုပ်ငန်းတွဲများ၊ စိန်ကျောက်မျက်ရတနာပွဲစားများ၊ ရောင်းဝယ်ရေးများ၊ ပန်းတိမ်လုပ်ငန်းများ၊ ပန်းရံလုပ်ငန်းများ၊ အိမ်၊ တိုက်၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စည်ပင်သာယာမှုနှင့် ပါတ်သက်သော လုပ်ငန်းများ၊ ကုန်စုံကုန်ခြောက်ဆိုင်များ၊ ဆေးလိပ်၊ စီးကရက်လုပ်ငန်းများ၊

မီးဖိုချောင်သုံးပစ္စည်းမျိုးစုံအရောင်းဆိုင်များ၊ ထုတ်လုပ်မှု လုပ်ငန်းများ၊ အရောင်တင်မှုန့်များ၊ တခြားတခြားသော အမှုန့်ကြိတ်လုပ်ငန်းများ၊ အမှုန့်ကြိတ်စက်များ၊ အမှုန့်ကြိတ်ခွဲမှု လုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအရောင်းအဝယ်များ၊ ပွဲစားလုပ်ငန်းများ၊ လူနာဆောင်များ၊ လူနာဆောင် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆေးရုံတည်ဆောက်ရေး လုပ်ငန်းများ၊ ဆေးခန်းဆေးရုံဖွင့်ခြင်း၊ ဆေးရုံတည်ထောင်ခြင်း များ၊ ဆေးရုံသုံးပစ္စည်းကိရိယာများထုတ်လုပ်မှု မှာယူတင်သွင်းမှု လုပ်ငန်းများ၊ ခွဲစိပ်ကိရိယာများ၊ ဓါတ်ခွဲခန်းသုံးပစ္စည်း ကိရိယာများ ထုတ်လုပ်မှုမှာယူတင်သွင်းမှုများ နိုင်ငံခြားဆေးဝါး ပစ္စည်းအရောင်းဆိုင်များ အကျိုးပေးပေလိမ့်မည်။ ထိုအကျိုး ပေးမှုများမှ မိမိဝါသနာပါရာ စိတ်ဝင်စားရာတစ်မျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ၊ စီးပွားရေးအရ လုပ်ဆောင်နိုင်ပါသည်။ လုပ်ကိုင် ပါလျှင်လည်း အကျိုးပေးပါလိမ့်မည်။ ကြီးပွားတိုးတက် အောင်မြင်မှုလည်း ရနိုင်ပါသည်။

စနေသား/စနေသမီးများသည် စပ်တူရှယ်ယာအကျိုး မပေးပါ။ သူများအလုပ်ထဲရှယ်ယာထည့်ခြင်း၊ အစုစပ်ထည့်ဝင် ခြင်းအကျိုးမပေးပါ။ အချေးအငှားလည်း အကျိုးမပေးပါ။ အများနှင့်တွဲလုပ်ခြင်း၊ အဖွဲ့အစည်းများနှင့်တွဲလုပ်ခြင်း လုံးဝအကျိုးမပေးပါ။ လုပ်မိလျှင် ကြီးကျယ်စွာ ဆုံးရှုံးနစ်နာ ပေလိမ့်မည်။

**အထူးမှတ်ချက်။** ။စနေသား/စနေသမီးများသည် ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်ပါမှ စီးပွားရေးကို တိုးတက်အောင်မြင်နိုင်ပါသည်။ စီးပွားရေးလုပ်ငန်းတို့အား သူတပါးအားလွှဲထားခြင်း၊ အပ်ထားခြင်း၊ ပြုလုပ်ပါက ကြီးမားသောဆုံးရှုံးနစ်နာမှုများ ခံစားရပေမည်။ အောင်မြင်မှုလုံးဝ မရှိနိုင်သည့်အပြင် အမှုတက်ခြင်း၊ ပြဿနာတက်ခြင်း၊ အရှုပ်အရှင်း စကားများခြင်း၊ တရားတဘောင် ရင်ဆိုင်ရခြင်းများ ရှိလာနိုင်ပါသည်။ အထူးသတိပြုကြပါကုန်. . . ။

ထို့ပြင် စနေသား/စနေသမီးသည် အတိုက်အခံ၊ ရန်လည်းအလွန်များပြားလှပါသည်။ အဖုအထစ်၊ အခက်အခဲလည်း အလွန်များပြားလှပါသည်။ အမှုပြဿနာများလည်း ခဏ၊ ခဏတက်လာနိုင်ပါသည်။ ထို့ကြောင့် စီးပွားရေး လုပ်ပါလျှင် (အားမနာတမ်း၊ ပြတ်ပြတ်သားသား) လုပ်တတ်ပါမှ ကြီးပွားတိုးတက်နိုင်ပေလိမ့်မည်ဟု မှတ်သားနာယူကြပါကုန်လော့. . . ။

ထို့အပြင် စနေသား/စနေသမီးတို့သည် အောက်သက်ကျေရခြင်း၊ အကင်းပါးဖြတ်လပ်ရခြင်း၊ လောကခံတရားကို ကြန့်ကြန့်ခံနိုင်စွမ်းရှိရခြင်း၊ ကံ၊ ဉာဏ်၊ ဝီရိယ(၃)ပါးစလုံး အသုံးပြုရခြင်း၊ ကိုယ်ထိလက်ရောက် အလုပ်လုပ်တတ်ပါမှ ဘဝတစ်ခုလုံးအဆင်ပြေခြင်း၊ လှပခြင်း၊ အောင်မြင်ခြင်းနှင့် ပြည့်စုံနိုင်ပါကြောင်း သတိရှိကြပါလေ. . . ။

## စီးပွားရေးနှင့်ပတ်သက်၍ အကျယ်တဝင့် လမ်းညွှန်မှုများ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် စီးပွားရေး အလုပ်အကိုင်များ ငွေရှာမှု ကိစ္စများကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပါ။ ပေါ့ပေါ့ဆဆ၊ ပေါ့ပေါ့တန်တန် သဘောမျိုးဖြင့် စီးပွားရေးအလုပ်အကိုင်များကို မလုပ်ကိုင် သင့်ပါ။ ဤသို့ လုပ်ကိုင်မိပါလျှင် စီးပွားရေးတိုးတက် ကောင်းမွန်လာမှုထက် ကျဆင်းမှုများနှင့်သာ အချိန်ကုန်ရ သည်က များပြားလာပါလိမ့်မည်။

A. စီးပွားရေးနှင့် လူမှုရေး မရောထွေးအပ်ပါ။ ရောထွေးမိ၊ လုပ်ကိုင်မိပါလျှင် ရလိုက်၊ ကုန်လိုက်နှင့် စီးပွားရေး မတိုးတက်နိုင်တော့ပါ။ ကြာမြင့်လာလေ စီးပွားရေးကို လူမှုရေးများက ဝါးမျိုလာပြီး စီးပွားရေးဒုက္ခ ရောက်ရ တတ်သည်ဟု မှတ်ယူပါ။ (ဆွေမျိုးမို့လို့ဗျာ) (မိတ်ဆွေ မို့လို့ဗျာ) (သနားလို့ပါဗျာ) ဤသို့သော လူမှုရေးကိစ္စ များ၊ စီးပွားရေးမအောင်မြင်ဘဲနှင့် စီးပွားရေး မလုပ်ဘဲနှင့် လူမှုရေးကိစ္စများ၊ လူမှုရေး၏ သာရေးကိစ္စများ၊ လူမှုရေး ၏ နာရေးကိစ္စများတို့ကိုသာ အဓိက ဝါသနာပါပြီး လုပ်ဆောင်နေပါက ကြာလာသည်နှင့်အမျှ စီးပွားရေး

ကျဆင်းပြီး ဒုက္ခရောက်နိုင်ပါသည်။ ဒို့မြန်မာလူမျိုးတို့ကလည်း စီးပွားရေးနှင့် လူမှုရေး ရောထွေးနေတတ်သည်က များလှပါသည်။ အချို့များဆိုလျှင် တဆိတ်ရှိလျှင် သနားပိုနေရတာနှင့်၊ တော်ကြာ ဇွည့်ခံချင်ရတာနှင့်၊ ထစ်ဆို ကူညီကျွေးမွေးချင်တာနှင့်ဆိုတော့ ကြာလာလျှင် စီးပွားရေးပျက်စီးဆုံးရှုံးနစ်နာပေလိမ့်မည်ဟု မှတ်ယူသင့်ပါသည်။

B. သနားတတ်တာသည် စည်းကမ်းတကျ သနားတတ်ဖို့လိုသည်။ အပိုမသနားနေပါနှင့်။ စည်းကမ်းမရှိ၊ အပိုသနားတာများလာလျှင် စီးပွားရေး ကျဆင်းနစ်နာနိုင်ပါသည်။

C. ကြင်နာတာသည် စည်းကမ်းတကျ ကြာနာတတ်ဖို့ လိုသည်။ အပို မကြင်နာနေပါနှင့်။ စည်းကမ်းမရှိ အပိုကြင်နာတာများလာလျှင် စီးပွားရေး ကျဆင်းနစ်နာနိုင်ပါသည်။

D. အားနာတာသည် စည်းကမ်းတကျ အားနာတတ်ဖို့လိုသည်။ အပိုအားနာမနေပါနှင့်။ စည်းကမ်းမရှိ အပိုအားနာတာများလာလျှင် စီးပွားရေး ကျဆင်းနစ်နာနိုင်ပါသည်။

E. သဘောကောင်းတာသည် စည်းကမ်းတကျ သဘောကောင်းတတ်ဖို့ လိုပါသည်။ အပိုတွေ သဘောကောင်းမနေပါနှင့်။ စည်းကမ်းမရှိ အပိုတွေ သဘောကောင်းတာ များနေပါလျှင် စီးပွားရေးဆုံးရှုံးနစ်နာမှုများ ဖြစ်လာနိုင်ပါသည်။

F. ယုံကြည်တာသည် စည်းကမ်းတကျ ယုံကြည်တတ်ဖို့ လိုပါသည်။ အပိုတွေလွန်ကဲပြီး ယုံကြည်မနေပါနှင့်။ စည်းကမ်းမရှိ အပိုတွေလွန်ကဲပြီး ယုံကြည်လွန်းတာ များနေပါလျှင် စီးပွားရေး ပျက်စီးဆုံးရှုံးနစ်နာနိုင်ပါသည်။

G. ညှော့်ခံကောင်းတာသည် စည်းကမ်းတကျ ညှော်ခံကောင်းတတ်ဖို့ လိုပါသည်။ အပိုတွေ လွန်ကဲပြီး ညှော်ခံကောင်းလွန်းမနေပါနှင့် စည်းကမ်းမရှိ အပိုတွေလွန်ကဲပြီး ညှော့်ခံကောင်းလွန်းနေပါလျှင် စီးပွားရေး ပျက်စီးဆုံးရှုံးမှု ဖြစ်လာပေလိမ့်မည်။

H. စွဲလမ်းနှစ်သက်တာသည် စည်းကမ်းတကျ စွဲလမ်းနှစ်သက်တတ်ဖို့ လိုပါသည်။ အပိုတွေလွန်ကဲပြီး စွဲလမ်းနှစ်သက်မနေပါနှင့် စည်းမရှိ ကမ်းမရှိ အပိုတွေလွန်ကဲပြီး အတ္တလွန်ကဲပြီး စွဲလမ်းနှစ်သက်လွန်းနေပါလျှင်

စီးပွားရေး ပျက်စီးဆုံးရှုံးနစ်နာပေလိမ့်မည်။ ထို့ပြင် ဘဝ တစ်ခုသည်လည်း ပျက်စီးဆုံးရှုံးနိုင်ပါလိမ့်မည်။

စီးပွားရေးအလုပ်အကိုင်များကို စည်းကမ်းတကျ လုပ်တတ်ကြပါစေ စည်းကမ်းတကျ မလုပ်တတ်သမျှ စီးပွားရေး မတိုးတက်နိုင် မအောင်မြင်နိုင်ကြောင်းကို သတိရှိကြပါလေ အားနာတတ်လွန်းသော ပုဂ္ဂိုလ်များ၊ သနားတတ်လွန်းသော ပုဂ္ဂိုလ်များ၊ ယုံလွယ်လွန်းသော ပုဂ္ဂိုလ်များသည် အထူးသတိထားပြီး စီးပွားရေး အလုပ်အကိုင်များကို လုပ်ဆောင်သင့်သည်။ ထိုအားနာလွန်းသော အကျင့်တို့ကို ပျောက်သင့်သည် ဖျောက်ပါမှ စီးပွားရေးကို လုပ်တိုင်းကိုင်တိုင်း တိုးတက်အောင်မြင်အောင် လုပ်ဆောင်တတ်ပါလိမ့်မည်။ မဖျောက်သ၍ စီးပွားရေး တိုးတက်အောင်မြင်ဖို့ မလွယ်ကူလှကြောင်း၊ ထို့ပြင် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်း ခဏခဏ လူလိမ်လူကောက် ခံနေရတတ်သည်ကို သတိပြုကြပါကုန်လော့ ...။

ကုသိုလ်ကောင်းမှုပြုလုပ်ကြရာတွင် အားနာလွန်းလေ ကုသိုလ်တွေအများကြီးရလေ သဘောကောင်းလွန်းလေ ကုသိုလ်တွေ အများကြီးရလေ ညွှန့်ခံကောင်းလေ

ကုသိုလ်များများ သဒ္ဓါတရားယုံကြည်မှုအားကောင်းလေ ကုသိုလ်ကောင်းမှုများများရလေ ဟူ၍ မှတ်သားအပ်၏ ကုသိုလ် ကောင်းမှုများ လုပ်ဆောင်ကြရာတွင် ကောင်းမြတ်သော သဒ္ဓါစိတ်ဖြင့် သီလခံယူ ဆောက်တည်လေ ကုသိုလ်မြောက်များစွာရလေ ဒါန် အလှူများများပြုလေ ခဏခဏပြုလေ ကုသိုလ် မြောက်များစွာရလေ စိတ်ကောင်း စေတနာကောင်း၊ သဘောကောင်းလေ ကုသိုလ်ကောင်းမှုများ မြောက်များ စွာရရှိလေဟု မှတ်သားနာယူသင့်လှ၏။

K. ကုသိုလ်ကောင်းမှု ရရှိစေရန်အတွက် ကုသိုလ်ကောင်းမှု လုပ်ဆောင်ရာမှာ လောကုတ္တရာ ကုသိုလ်ကောင်းမှုလမ်း ဟူ၍ မှတ်ယူကြပါလေ။ စီးပွားရေး အလုပ်အကိုင် အောင်မြင်မှုရအောင် ဆောင်ရွက်လုပ်ကိုင်သင့်သည့် လမ်းက တစ်လမ်းသာဟု မှတ်သားကြပါကုန် တစ်လမ်း နှင့်တစ်လမ်း မတူကြောင်း သတိပြုကြပါလေ တူညီ အောင်လည်း မလုပ်သင့်ကြောင်း တူညီပါသည် ဟူ၍ လည်း မမှတ်သားသင့်ကြောင်း တူညီသည်ဟု ထင်မိ လျှင်လည်း လောကုတ္တရာ ကုသိုလ်တရားကသာ အောင်မြင်စွာ ပြီးစီးနိုင်ကြောင်းကို သတိပြုကြပါလေ။

ကုသိုလ်ကောင်းမှုပြုရာလမ်းနှင့် စီးပွားရေးအောင်မြင်မှု လမ်းတို့ကို တစ်သီးတခြားစီသာ မှတ်သားရမည်။ မရောထွေးစေအပ်ဟု မှတ်ပါ။

လောကီစီးပွားရေးအလုပ်ကိုင်များ အောင်မြင်ပြီးစီးပြီး စီးပွားရေးတိုးတက်အောင်မြင်မှု ရရှိနေပါလျှင် –

(၁) ဘာသာရေးကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ဆောင်ရွက်ကျင့်ဆောင်နိုင်မည်။

(၂) ကုသိုလ်ရေးကို စိတ်ချလက်ချ ပျော်ရွှင်စွာ ကုသိုလ်များ ပြုနိုင်ကြပါမည်။

(၃) သာသနာရေးကိစ္စများ အားပါးတရ လွယ်ကူစွာ ဆောင်ရွက်နိုင်လိမ့်မည်။

(၄) သာရေးကိစ္စ နာရေးကိစ္စတို့ကို လွယ်ကူစွာ ဆောင်ရွက် ဆောင်ရွက်နိုင်ပေလိမ့်မည်။

(၅) ရပ်ရေး ရွာရေး မြို့နယ်ကိစ္စများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပေလိမ့်မည်။

(၆) ပညာရေးကိစ္စ ကျန်းမာရေးကိစ္စများကိုလည်း လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။

(၇) ဆွေမျိုးကိစ္စ မိတ်သင်္ဂဟကိစ္စများတို့ကိုလည်း လွယ်ကူစွာ ပံ့ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု မြဲစွာ မှတ်ယူသင့်၏။

M. လောကီ စီးပွားရေး အလုပ်အကိုင်များ တိုးတက် အောင်မြင်လာပြီး မိမိ၏ စီးပွားရေးတောင့်တင်းခိုင်မာ လာပါက –

(၁) ရှင်ပြု ပဉ္စင်းခံကုသိုလ်များကို ခဏခဏ ပြုခွင့်ရ နိုင်ပေလိမ့်မည်။

(၂) ဘုရားတည်၊ ကျောင်းဆောက်၊ ဂူ၊ ကျောင်း၊ ဇရပ်၊ ရေတွင်းရေကန်၊ တန်ဆောင်းပြဿဒ်တို့ကို စိတ်ရှိ တိုင်း တည်ဆောက်နိုင်ခွင့် လှူဒါန်းနိုင်ခွင့် ခဏ ခဏ ပြုခွင့်ရနိုင်ပေလိမ့်မည်။

(၃) ဒါနကုသိုလ်များ သီလဥပုသ်ကုသိုလ်များ သမ ဘာဝနာကုသိုလ်များ ဝိပဿနာ ဘာဝနာကုသိုလ် များ မြောက်မြားစွာကို စိတ်ချမ်းသာစွာ အားထုတ် ခွင့် ပြုလုပ်ဆောင်ရွက်ခွင့်များ ရရှိနိုင်ပေလိမ့်မည်။

(၄) ဆွေရေးမျိုးရေးကိစ္စများ သားရေးသမီးရေးကိစ္စ များ မိသားစုကိစ္စများ အိမ်တွင်းရေး/ အိမ်ထောင်

ရေးကိစ္စများ သာရေးနာရေးကိစ္စများအား အလွယ်တကူပင် စိတ်အေးချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ပေလိမ့်မည်။

(၅) မိမိနေထိုင်ရာ နိုင်ငံ / တိုင်းပြည် / မြို့နယ် / ကျေးရွာ / ရပ်ကွက် စသည်များတို့၏ သာရေးကိစ္စများ နာရေးကိစ္စများ စသည်တို့ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာဖြင့် ခဏခဏ ဆောင်ရွက်နိုင်စွမ်း ရှိလာပေလိမ့်မည်။

**အထူးမှတ်ချက်** ။ ။ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်အခါက စိတ္တသူကြွယ် နန္ဒိယသူကြွယ် စသည်တို့ကို ကြည့်ပါ။ ၎င်းသူကြွယ်များသည် ဥစ္စာခြေ ပေါကြွယ်ဝသည့်အတွက် မိမိတို့၏ စီးပွားရေးအလုပ်အကိုင်များ အဆင်ပြေတိုးတက်လာသည့်အတွက် ဗုဒ္ဓဘုရားရှင်၏ သာသနာပြုလုပ်ငန်းများအား များစွာအထောက်အကူ ဖြစ်စေခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ကြီးမားသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်လှူဒါန်းနိုင်ခဲ့ပါသည်။

ထို့ပြင် ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက အနာထပိဏ်သူဌေး၊ ဇောတိကသူဌေး စသည်များကို ကြည့်ပါက လေ့လာပါက သိရှိနိုင်ပါသည်။ ၎င်းဇောတိကသူဌေး

အနာထပိဏ်သူဌေးများသည် မိမိတို့၏စီးပွားရေးအားကောင်းလာခြင်း စီးပွားရေး တောင့်တင်းခိုင်မာလာကြခြင်း စီးပွားရေး တောင့်တင်းခိုင်မာလာ၍ ဥစ္စာစည်းစိမ်ရတနာ၊ ရွှေငွေပေါများကြွယ်ဝလာခဲ့ခြင်းကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်အား များစွာသော ဥစ္စာစည်းစိမ် ငွေရွှေငွေတို့ကို ပြန့်ကျဲစေ၍ စွန့်လွှတ်လှူဒါန်းလာကြကုန်၏။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာပြုလုပ်ငန်းများအား များစွာလှူဒါန်းစွန့်ကြဲခဲ့ကြောင်းများကို သိသာနိုင်ပါသည်။ ထို့ပြင် ဗုဒ္ဓရှင်တော်ဘုရားလက်ထက်တော်က ဗုဒ္ဓဘုရားရှင်၏ သမီးတော်တစ်ပါးဖြစ်သည့် (ကျောင်းအစ်မကြီး ဝိသာခါသူဌေးသမီး) သည်လည်း ထို့အတူပင် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသည်နှင့်အမျှ (ပုဗ္ဗါရုံကျောင်းတော်ကြီး) အား ကုဋေပေါင်းများစွာ ဥစ္စာပစ္စည်းများကို အကုန်အကျခံစေ၍ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဥစ္စာစည်းစိမ်ရရှိရေး ကြွယ်ဝရေးအတွက် စီးပွားရေးအလုပ်အကိုင်များသည် မည်မျှအရေးပါကြောင်း မည်မျှအရေးကြီးကြောင်းကို အထူးသိသာထင်ရှားလှပါသည်။ အဇာတသတ်မင်းသည်လည်း ဥစ္စာစည်းစိမ်များစွာ အကုန်အကျခံတော်မူပြီး သာသနာပြုလုပ်ငန်း

များကို ဆောင်ရွက်ခဲ့ပါသည်။ အထင်ရှားဆုံးသော သာသနာရေးကိစ္စမှာ ပထမသင်္ဂါယနာတင်ပွဲတော်ကြီးကို ပထမဆုံးဆောင်ရွက်ခဲ့ပြီး ပထမဆုံး ကြီးကျယ်ခမ်းနားစွာ လှူဒါန်းပူဇော်ခဲ့သော သင်္ဂါယနာပွဲကြီးလည်း ဖြစ်သည်။ များပြားလှစွာသော သိန်းနှင့်ချီသည့် သံဃာတော်များအား ဆွမ်းသင်္ကန်းကျောင်းဆေး (၄) ပါးသော ပစ္စည်းများကို ကြီးကျယ်ခမ်းနားစွာ လှူဒါန်းပူဇော်တော်မူခဲ့ပါသည်။

ထို့အတူ သီရိဓမ္မာသောကမင်းသည်လည်း များပြားလှစွာသော စည်းစိမ်ဥစ္စာရတနာများကို စွန့်လွှတ်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ကြီးမားသော ကုသိုလ်ကောင်းမှု အလှူတော်မင်္ဂလာကို စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းခဲ့၏။ ထို့ကြောင့် လူ့ဘဝ လူ့လောက၊ နတ်ဘဝ နတ်လောကစသည်များသည် ဥစ္စာစည်းစိမ်များနှင့် ပြည့်စုံဖူလုံဖို့ အလွန်အရေးကြီးလှသည်ဟု မှတ်ယူထားရာ၏။ လူဆင်းရဲ နတ်ဆင်းရဲမဟုတ်မူ၍ လူချမ်းသာ / နတ်ချမ်းသာ ဖြစ်နေစေရန်အတွက် မပူမပင် မကြောင့်မကျစေရဘဲ စိတ်အေးချမ်းသာစွာ သာသနာပြုနိုင်ရေးအတွက် ချမ်းသာမှု ပြည့်စုံမှုဖြစ်သော ဥစ္စာဓနပေါကြွယ်ဝမှု ဥစ္စာစီးပွား တိုးတက်ကောင်းမွန်နေမှုသည် အထူးလိုအပ်လှသည်ဟု မှတ်ယူကြပါ။

N. ရာစုနှစ် အုပ်စုတစ်ခု၏ ခေတ်တစ်ခေတ်သည် ပကတိ အခြေအနေအထားအတိုင်း အကြောင်းအရာအတိုင်း မျက်စိဖြင့် မြင်အောင်ကြည့်၍ ဦးနှောက်ဉာဏ်ဖြင့် သုံးသပ်၍ –

(၁) သီလကို တန်ဖိုးထားတတ်ခြင်း၊

(၂) အကျင့်သိက္ခာကို တန်ဖိုးထားတတ်ခြင်း၊

(၃) ကတိသစ္စာကို တန်ဖိုးထားတတ်ခြင်း၊

(၄) ကိုယ်ချင်းစာတရားတို့ကို တန်ဖိုးထားတတ်ခြင်း၊

(၅) သမာဓိတရားကို တန်ဖိုးထားတတ်ခြင်း၊

ရှိပါသည်ဟု မျက်စိကလည်း မြင်တွေ့ရခြင်း၊ နားကလည်း ကြားသိရခြင်း ဦးနှောက်ဉာဏ်ဖြင့်လည်း သိမှတ်ရခြင်းရှိပါက စပ်တူလုပ်ငန်းရှယ်ယာလုပ်ငန်း၊ အချေးအငှားလုပ်ငန်း၊ အပေါင်ခံလုပ်ငန်းပေး၍ ပေါင်စေသော ကိစ္စများကို ဆောင်ရွက်လုပ်ကိုင်သင့်ပါသည်။ စိတ်ချလက်ချလည်း လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ အပြစ်မရှိ အန္တရာယ်မရှိ ဘေးမရှိ ပြဿနာမတွေ့ သားစဉ်မြေးဆက်ထိအောင် စပ်တူ ရှယ်ယာတို့ကို လုပ်သင့်သည်။ သားစဉ်မြေးဆက်ထိအောင် အကျိုးလည်း ပေးလိမ့်မည်ဟု မှတ်ယူသင့်ပါသည်။

**စပ်တူရှယ်ယာအစ တရုတ်လူမျိုးက** ဟု မှတ်သားထား သင့်၏။ တရုတ်လူမျိုးများသည် လွန်ခဲ့သော နှစ်ပေါင်းထောင် ချီ၍ စပ်တူရှယ်ယာလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ တရုတ်မိသားစု ဆွေစဉ်မျိုးဆက်တိုင်း ပျော်ရွှင်စွာ ဆောင်ရွက် နိုင်ခဲ့ပါသည်။ အဘိုးအဘွားလက်ထက်က စပ်တူရှယ်ယာ လုပ်ခဲ့သည်တို့ကို မြေး မြစ်အထိ မသိမမြင် မမှတ်မိတော့သည် ဖြစ်စေ အထောက်အထားသက်သေ မခိုင်လုံခဲ့သည်ဖြစ်စေ ကတိမပျက် သစ္စာမပျက် မှန်ကန်စွာ ရှယ်ယာအစုစပ် ဝေစု များကို သားစဉ်မြေးဆက် ခွဲဝေပေးခဲ့ရိုး ဓလေ့ထုံးတမ်းစဉ်လာ ရှိခဲ့ပါသည်။ တရုတ်လူမျိုးများ၏ ချစ်စဖွယ်ရိုးရာ ဓလေ့တစ်ခု ဟူ၍ပင် ဆိုလေ့ရှိကြပါသည်။ ထို့ကြောင့် စပ်တူရှယ်ယာအစ တရုတ်လူမျိုးကဟု စာဆိုတစ်ရပ် ရှိခဲ့ဖူး၏။ အဘိုး/အဘွား လက်ထက်က အစုရှယ်ယာထည့်ဝင်လာခဲ့သည့် သားစဉ် မြေးဆက်တိုင် ရှိလာခဲ့ပြီး မြေး/မြစ်အထိ ရှိလာသည့်အခါ အချို့မြေး/မြစ် စသည်တို့သည် အဘိုးအဘွားလက်ထက် က ရှယ်ယာထည့်ဝင်လာသည်တို့ကို လုံးလုံးလျားလျားမှ မသိရှိကြပေ။ အချို့ တစ်စွန်းတစ်စ သိရှိရသော်လည်း သက်သေအထောက်အထား ခိုင်လုံစွာ မရှိကြ၍ ဤအတိုင်း ပင် နှုတ်ပိတ် / ရေငုံနေထိုင်သွားကြတတ်ကုန်၏။

သို့ပေမဲ့ ဘိုးဘွားလက်ထက်က ရှယ်ယာအစုထည့်ဝင်ထားကြသည်ကို တရုတ်ဘုံလူကြီးများ ဘုံကျောင်းတာဝန်ခံများ အရာရှိများ သိရှိထားကြကုန်သည်ဖြစ်၍ လုံးဝမသိကြသေးသော မြေး/မြစ်အုပ်စုတို့ကို မကွယ်မဝှက် မထိမ်ချန်ဘဲ တစ်ခုမကျန် အကြောင်းကြားခြင်း/ ပြောကြားခြင်း/ အထောက်အထားတို့ကို ပြသပေးပြီး အဘိုးအဘွားလက်ထက်ကစ၍ ရှယ်ယာဝင်ခဲ့သော ဝေစုများကို မြေး/မြစ်တို့အား အချိုးကျ စနစ်တကျ ခွဲဝေပေးကြကုန်၏။ ဤမျှသစ္စာကတိတို့ကို တန်ဖိုးထားတတ်ကြကုန်၏ဟု မှတ်ကြပါလေ။

၀. ရာစုနှစ် အုပ်စုတစ်ခု၏ ခေတ်တစ်ခေတ်သည် ပကတိအခြေအနေအထားအတိုင်း ပကတိ အကြောင်းအရာအတိုင်း မျက်စိဖြင့် မြင်အောင်ကြည့်၍ ဦးနှောက်ဖြင့် ဝေဖန်သုံးသပ်၍ –

(၁) သီလမလုံခြုံခြင်း သီလကို တန်ဖိုးမထားတတ်ခြင်း၊

(၂) အကျင့်သိက္ခာကို တန်ဖိုးမထားတတ်ခြင်း၊

(၃) ကတိသစ္စာမရှိခြင်း ကတိသစ္စာကို တန်ဖိုးမထားတတ်ခြင်း၊

(၄) ကိုယ်ချင်းစာတရား မရှိတော့ခြင်း၊ ကိုယ်ချင်းစာ
တရားတို့ကို တန်ဖိုးမထားတော့ခြင်း၊

(၅) သမာဓိတရား မရှိတော့ခြင်း၊ သမာဓိတရားတို့ကို
တန်ဖိုးမထားတော့ခြင်း တန်ဖိုးထားရမှန်းလည်း
မသိမမြင်တော့ခြင်း။

ဤအချက် (၅) ချက်စလုံးကို မိမိမျက်စိကလည်း မြင်တွေ့ရခြင်း မိမိနားကလည်း ကြားသိနေရခြင်း မိမိစိတ်ဦးနှောက်ဉာဏ်ကလည်း သိမြင်မှတ်သားနေရခြင်း ရှိနေပါက ရှိလာပြီဆိုပါက စပ်တူလုပ်ငန်းများ ရှယ်ယာလုပ်ငန်းများ အစုစပ်လုပ်ငန်းများ ဝေစုထည့်ဝင်သောလုပ်ငန်းများ အပေါင်ခံသော လုပ်ငန်းများ ပေးယူ၍ ပေါင်နှံခိုင်းသော လုပ်ငန်းများ တခြားတခြားသော အချေးအငှားလုပ်ငန်းများတို့ကို မလုပ်သင့်ပါ လုပ်ကိုင်ဖို့လည်း မစဉ်းစားသင့်ပါ လုပ်ကိုင်မိလျှင်လည်း ကြီးမားသော ဆုံးရှုံးနစ်နာမှုများနှင့်သာ ရင်ဆိုင်ရဖွယ်ရှိတတ်ပေလိမ့်မည်။ အထူးသတိထားကြပါကုန် ...။

တိတိကျကျ ညွှန်ပြထားသည်တို့ကို မလိုက်နာဘဲ (ဆွေမျိုးမို့လို့ပါ) ညီမ အစ်မ ရင်းရင်းခေါက်ခေါက်မို့ပါ (သူငယ်ချင်းအရင်းခေါက်ခေါက်မို့ပါ) (တကယ့်ကို အားနာ

ရမည့် မျက်နှာနာရမည့်သူမို့ပါ) ဟု ဆိုပြီး လုပ်မိကိုင်မိပါက ကြီးမားသော လူလိမ်ခံရမှု ကြီးကျယ်သော လူညာလူကောက် ခံရမှုဖြစ်နိုင်ပြီး ဘဝပျက်လု ရောဂါရပြီး ဆေးရုံတက်ရလု ခံစားသွားရလိမ့်မည်ဟု မှတ်သားထားကြပါလေ။ ပြီးတော့မှ သာ ဘဝကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ သူ တစ်ပါးကိုလည်းကောင်း၊ ကံကြမ္မာကိုလည်းကောင်း အပြစ် ပုံမချလေနှင့်ဟု မှတ်ကြားလိုက်ပါရစေ သတိရှိကြပါ အစ ထဲက ရှင်းအောင်လုပ်ကြပါလေ ...။

P. 1. တနင်္ဂနွေသား/သမီး
2. အင်္ဂါသား/သမီး
3. စနေသား/သမီး
4. ကြာသပတေးသား/သမီး
5. ဗုဒ္ဓဟူးသား/သမီး

ဤ (၅) ဦးတို့သည် စီးပွားရေး လုပ်ငန်းများ သူတစ်ပါးနှင့် မစပ်ဘဲ ရှယ်ယာမလုပ်ဘဲ မိမိ တစ်ဦးထဲ လုပ်ဆောင် ခြင်း မိမိသည် ခေါင်းဆောင်နေရာကနေ၍ ဦးဆောင်/ ခေါင်းဆောင်ပြီး စီးပွားရေးအလုပ်အကိုင်များကို လုပ်ငန်းများ ကို ဦးဆောင်လုပ်ကိုင်ပါက အထူးအောင်မြင်တိုးတက်နိုင် ပါသည်။

1. ဗုဒ္ဓဟူးသား/ သမီး ဤ (၃) ဦးတို့သည်
2. ကြာသပတေးသား/ သမီး မိမိတို့ဘာသာ တစ်ဦးထဲ
3. စနေသား/ သမီး လုပ်နေပါက အကောင်း

သား/ တိုးတက် အောင်မြင်နေသား ဖြစ်၏။ သူများနှင့်တွဲပြီး ရှယ်ယာအစုစပ် လုပ်မိပါမှ သူများလုပ်ငန်းထဲ ရှယ်ယာအစု သွားပြီး ထည့်ဝင်မိကာမှ များစွာဆုံးရှုံးနစ်နာပြီး ဒုက္ခရောက် ရသော (၃) ဦး ဖြစ်ပါသည်။

1. ဗုဒ္ဓဟူးသား/ သမီး ဤ (၄) ဦးတို့သည်
2. ကြာသပတေးသား/ သမီး အားနာလွန်းခြင်း
3. သောကြာသား/ သမီး သဘောကောင်းလွန်း
4. စနေသား/ သမီး ယုံကြည်လွယ်လွန်း

ခြင်း သီးခံလွန်းခြင်းတို့ကြောင့် စီးပွားရေး အလုပ်အကိုင်များ လုပ်ငန်းများ မကြာခဏ လူလိမ်ငွေလိမ်ခံရတတ်ပါသည်။

1. ဗုဒ္ဓဟူးသား/ သမီး ဤ (၃) ဦးသည် အစိုးရ
2. ကြာသပတေးသား/ သမီး ဝန်ထမ်း/ ကုမ္ပဏီ
3. စနေသား/ သမီး ဝန်ထမ်း/ ပုဂ္ဂလိက

ဝန်ထမ်းများတွင် ၈၀ % အကျိုးပေး၏။ မပျော်လည်းလုပ်၊ ပျော်လည်း လုပ်၊ မလုပ်ချင်လည်းလုပ်၊ လုပ်ချင်လည်းလုပ်

စသဖြင့်တစ်ကြောင်း မဟုတ်တကြောင်း ပတ်သက်နေရ လိမ့်မည်။

သို့မဟုတ်ဘဲ စီးပွားရေးလောကနယ်ထဲ ဝင်ရောက်လာ ပါက စီးပွားရေးလုပ်လာပါက ခဏခဏ လူလိမ်ခံရတတ် ခြင်း လူမှုရေးအတွက် ကုန်ကျစရိတ် များပြားခြင်း၊ မလောက် မင ဖြစ်လာခြင်း၊ အကြွေးတင်လာခြင်း၊ အဆင်မပြေဖြစ်လာ ခြင်း ရှိလာနိုင်တတ်သည်။ ဝန်ထမ်းဘဝတွင် ထင်ပေါ် ကျော်ကြားခြင်း ပြည့်စုံဖူလုံခြင်း တိုးတက်အောင်မြင် သလောက် ကိုယ်ပိုင် စီးပွားရေးအလုပ်တွင်မူ ခံရတတ်သည်။ သတိထားပါ။

1. သောကြာသား/သမီး ဤ (၂) ဦးသည် တိတိ
2. တနင်္လာသား/သမီး ကျကျ ပြတ်ပြတ်သား

သား စီးပွားရေးလုပ်ကိုင်လျှင် အောင်မြင်တိုးတက်နိုင်ပြီး၊ မပြတ်မသား မတိမကျလုပ်မိပါက စီးပွားရေး မပြေမလည် ဖြစ်ခြင်း အမှုတက်ခြင်း၊ အကြွေးတင်ခြင်း ရှိလာနိုင်သည်။

ဤတွင် တနင်္လာသား/သမီးသည် ခေတ္တခဏသာ အကြပ်အတည်း တွေ့နိုင်ပါသည်။ ရေရှည်တွင် အဆင်ပြေ လာမှု အောင်မြင်လာမှု များစွာ ရရှိလာနိုင်သည်။ ဤတွင် လည်း တနင်္လာသားထက် တနင်္လာသမီးက ပိုပြီးလျှင်မြန်စွာ စီးပွားရေးတွင် အကျိုးပေးမှုအား သာလာပေလိမ့်မည်။

ထို့ကြောင့် တနင်္လာသမီး/တနင်္လာသားသည် မြန်မြန် ထက်ထက် ဒုက္ခတွေ့နိုင်ပြီး လျှင်မြန်စွာပင် တိုးတက် အောင်မြင်နိုင်ကြောင်းကို သိရှိထားကြပါလေ။

1. တနင်္ဂနွေသား/သမီး ထို (၄)ဦးသည် ဝန်ထမ်း
2. တနင်္လာသား/သမီး လောကဘဝတွင်
3. အင်္ဂါသား/သမီး ကြီးပွားခြင်း ချမ်းသာ
4. စနေသား/သမီး ခြင်း တိုးတက်ခြင်းရှိနိုင်

သည် ထင်ပေါ်ကျော်ကြား တောက်ပနိုင်ပါသည်။ ထိုမှ တစ်ဆင့် စီးပွားရေးလောက စီးပွားရေးအလုပ်အကိုင်များ လုပ်ကိုင်လာခဲ့ပါလျှင် ရန်များခြင်း၊ အတိုက်အခံများခြင်း အဖုအထစ်များခြင်း ပြဿနာရှုပ်ထွေးခြင်းဖြစ်ပြီးမှ အောင်မြင်မှု တိုးတက်မှု အဆင်ပြေမှု ရရှိလာနိုင်သည်ဟု မှတ်ယူပါ။

1. တနင်္ဂနွေသား/သမီး ဤ (၄) ဦးတို့သည်
2. တနင်္လာသား/သမီး စပ်တူရှယ်ယာလုပ်ခြင်း
3. အင်္ဂါသား/သမီး စုပေါင်း၍လုပ်ခြင်း
4. စနေသား/သမီး ကုမ္ပဏီ/လီမိတက်

လုပ်ခြင်း အများနှင့်တွဲ၍လုပ်ခြင်းဖြင့် ပြဿနာများ တက်လာသည့်အခါ အရှုပ်အထွေး ဖြစ်လာသည့်အခါ မကျေမလည် ဖြစ်လာသည့်အခါ ဤ (၄) ဦးတို့သည် အသာ ဘက်က အောင်မြင်မှုဘက်က အားရကျေနပ်မှုဘက်က တစ်နည်း

မပျက်တစ်နည်း အသာစီးက ရရှိနေလိမ့်မည်။ အမှု တရား ရင်ဆိုင်ရသည်ရှိဦးတော့ ထို (၄) ဦးသည် တစ်နည်း မပျက် တစ်နည်း အထက်စီးရနိုင်ပေလိမ့်မည်။ အောင်မြင်မှု ဘက်က အားသာနေပေလိမ့်မည်။

1. ကြာသာပတေးသား/ သမီး ဤ (၃) ဦးသည် စပ်တူ
2. သောကြာသား/ သမီး ရှယ်ယာလုပ်ကြသည့်
3. ဗုဒ္ဓဟူးသား/ သမီး အခါ အရောင်းအဝယ်လုပ်

ဆောင်ကြသည့်အခါ မကျေမလည် ဖြစ်လာသည့်အခါ ပြဿနာတက်လာသည့်အခါ အရှုပ်အထွေး ဖြစ်လာသည့် အခါ ဤ (၃) ဦးသည် ခံရသည့်ဘက်က ဆုံးရှုံးနစ်နာနိုင်သည့် ဘက်က ဖြစ်လာပေလိမ့်မည်။ ဖြစ်လာဖို့လည်း များပြားဖို့ ဖန်တီးလာတတ်၏။ တရားအမှုရင်ဆိုင်ရသည့်အခါ ဆွေးနွေး ညှိနှိုင်းကြရသည့်အခါ ဆုံးရှုံးဖို့က အားသာနေတတ်သည်။ ခံရဖို့ဘက်က ဖြစ်လာစေနိုင်သည်ဟု မှတ်သားကြပါကုန်။ အနိုင်ရလာဖို့အတွက်မှု အသာစီးက၊ အထက်စီးက ရလာဖို့ အတွက်မှု အလွန်အမင်းရင်းနှီးပြီးမှ ကုန်ကျစရိတ် အားကြီး လွန်းပါမှ စိတ်ပင်ပန်းမှု ကိုယ်ပင်ပန်းမှု ခံစားပြီးပါမှ အသားစီး က ရလာနိုင်သည်။ အထက်စီးက ရလာနိုင်သည်ဟု မှတ်ယူ သင့်လှ၏။ လွယ်လွယ်ကူကူနှင့် ဖြစ်မလာနိုင်တော့ပါ။

Q. မိမိထံမှ ငွေ/ ရွှေ ပစ္စည်းများအား တစ်ပါးသူက

လာရောက်ချေးငှားလာသည့်အခါ (ပြန်ဆပ်လာလိမ့်မည်၊ တစ်နေ့ ပြန်ပေးလာလိမ့်မည်) ဟု မည်သည့်အခါမှ သဘောမထားအပ် သဘောမထားသင့်ကြောင်း သတိပြုပါလေ။ မည်မျှပင် ရင်းနှီးသည်ဖြစ်စေ တစ်အူထုံဆင်း မောင်နှမတွေ အရင်းပင်ဖြစ်စေ မည်သည့်အခါမှ ပြန်ဆပ်လာလိမ့်မည်။ တစ်နေ့ ပြန်ဆပ်ပေးလာလိမ့်မည်။ ပြန်ဆပ်လာမှာ သေချာပါသည်ဟု သဘောမထားသင့်။ ပုံသေကားချပ် မမှတ်ထားသင့်ကြောင်း သိထားရာ၏။

မိမိသည် ဤသို့ ချေးငှားသည့်အခါ မည်သည့်ငွေပမာဏအထိ အဆုံးရှုံးခံနိုင်မည်နည်း ဆိုတာကို မိမိကိုယ်ကို မိမိ ပြန်မေးခွန်းထုတ်ပါ။ ဥပမာ ၅၀ဝိ/– အဆုံးရှုံးခံနိုင်ပါလျှင် ၅၀ဝ လောက်သာ ချေးငှားသင့်၏။ ဥပမာ – ၁၀၀ဝိ/– အဆုံးရှုံးခံနိုင်ပါလျှင် ၁၀၀ဝိ/– လောက်သာ ချေးငှားစေသင့်၏။ ဥပမာ ငွေတစ်သောင်းအထိ အပြုံးမပျက် အရယ်မပျက် အဆုံးရှုံးခံနိုင်ပါလျှင် ထိုငွေတစ်သောင်းလောက်အထိသာ ချေးငှားစေသင့်၏။ (မနိုင်သည့်ဝန်ကို မနိုင်မနင်း မထမ်းရွက်သင့်ပါ။)

မနိုင်သည့် ဝန်ထုပ်ဝန်ပိုးကို မနိုင်မနင်း အတင်းအဓမ္မ ထမ်းရွက်မိပါက နောင်တစ်ချိန်မှာ မိမိဘဝ ရှေ့တိုးမရ နောက်

ဆုတ်မဖြစ် တစ်နေ့နေ့တွင် ရေတိမ်နစ်ရတတ်သည်ဟု မှတ်သားသင့်ပါသည်။

မိမိလက်မှ လွတ်၍ ချေးငှားလိုက်သော ထိုငွေ၊ ပစ္စည်းသည် တစ်ဖက်လူသည် သစ္စာနှင့် ကတိတစ်လုံးကို အလွန်တန်ဖိုးထားတတ်ပါမှ မိမိချေးငှားလိုက်သော ငွေသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လည်ရရှိနိုင်လိမ့်မည်။ သို့မဟုတ်ပါက ချေးငှားမည့် မိမိဘက်က လမ်းဆုံးဖြစ်သော (အရှုံးအဆုံး) ကို အမြဲတမ်းထည့်တွက်ပြီးမှ ချေးငှားပါဟု ညွှန်ကြားလိုပါသည်။ အဆုံးအရှုံးကို ထည့်မတွက်ဘဲ ချေးငှားလိုက်ပါက (တကယ်တမ်းဆုံးရှုံးလာသည့်အခါ) မရှုနိုင်မကယ်နိုင် ဖြစ်တတ်ပါကြောင်း အထူးသတိပြုကြပါလေ ...။

## မျက်စိဖြင့် မမြင်ကောင်းသော အန္တရာယ်များ

ထိုမျက်စိဖြင့် မမြင်ကောင်း မမြင်အပ် မမြင်သင့်သော အန္တရာယ်များ ရန်စွယ်များ အတိုက်အခံများ အဖုအထစ်များ ဘေးဘယာများအား ကျွန်ုပ် စာရေးသူ ကျမ်းပြုဆရာတော်သည် နှစ်ပေါင်း ၄၀ ခန့် သုတေသနပြုခဲ့ပါ၏။ မြန်မာပြည်အနှံ့၊ အာရှအရှေ့ဘက်/ အရှေ့တောင်ဘက် စသော နိုင်ငံများ/ တောင်ဘက်နိုင်ငံများအထိ လှေ့လာစူးစမ်းခြင်း ဝေဖန်

လေ့လာခြင်း သုတေသနပြုခဲ့ခြင်း ရှိခဲ့ပါ၏။ ဤသို့ သုတေသနပြုလာခဲ့သည့်အလျောက် စီးပွားရေးနှင့် ပတ်သက်လာခဲ့လျှင်လည်းကောင်း၊ လူမှုရေး အိမ်ထောင်ရေး ကျန်းမာရေး စသော ကိစ္စများနှင့် ပတ်သက်လာခဲ့လျှင်လည်းကောင်း မျက်စိဖြင့် မမြင်ကောင်းသော (ဝါ) မိဘနှစ်ပါးက ပေးထားပြီးဖြစ်သော သဘာဝအလျောက် ဖြစ်လာခဲ့သော သမိုင်းပေးတာဝန်အရ ရရှိလာခဲ့သော ဤမျက်လုံး (၂) လုံးဖြင့် မမြင်ကောင်းသော မမြင်အပ်သော မြင်နိုင်စွမ်းငှာ မစွမ်းသာသော ဘေးအန္တရာယ်များ အတိုက်အခံ ရန်အန္တရာယ်များ ရှိနေကြသည် ရှိနေသေးသည်ဖြစ်၍ ကျွန်ုပ် စာရေးသူ ကျမ်းပြုဆရာတော်သည် နှစ်ပေါင်း လေးဆယ်ခန့် လေ့လာသုတေသနပြုခဲ့သော ထိုအန္တရာယ် ရန်စွယ်များ အတိုက်အခံ အပျက်အဆီးများအား ရှင်းလင်းသိသာစွာ ဖော်ပြပါအံ့။

အဘယ်ကြောင့်ဆိုသော် ထိုမမြင်အပ်သော ဘေးအန္တရာယ်များ အတိုက်အခံ အဖျက်အဆီးများသည် လူသားများ၏ ကျန်းမာရေးကိုလည်းကောင်း ပညာရေးကိုလည်းကောင်း အိမ်ထောင်ရေးကိုလည်းကောင်း စီးပွားရေးကိုလည်းကောင်း ဖျက်ဆီးတတ်သောကြောင့် ဖြစ်ပါသည်။ ထိုမမြင်ကောင်းသော/ မမြင်အပ်သော အဖျက်အဆီးများ ဘေး

အန္တရာယ်များမှာ အဘယ်သူနည်းဟူ၍ မေးလာခဲ့ပါလျှင် –

(A) လူမျိုးတစ်မျိုး၏ ဓလေ့ထုံးတမ်းစဉ်လာဖြစ်သော ရိုးရာနတ်၊

(B) လူမျိုးတစ်မျိုး၏ ဓလေ့ ထုံးတမ်းစဉ်လာဖြစ်သော အိမ်တွင်းနတ်၊

ထို ၂ မျိုးသော နတ်တို့၏ အဖျက်အဆီးများ ရန်အန္တရယ်များအား မမြင်အပ်သော မမြင်ကောင်းသော ရန်အန္တရာယ်များဟု ဆိုလိုပါသည်။ မိဘနှစ်ပါးက ပေးအပ်ထားပြီးဖြစ်သော မျက်စိ ၂ လုံးဖြင့် ကြည့်ရှု၍ မရနိုင်သော အန္တရာယ်အနှောင့်အယှက် အဖျက်အဆီးများဟု ဆိုလိုပါသည်။

ထိုမျက်စိများဖြင့် မမြင်ကောင်းသော အတိုက်အခံ/ ရန်အန္တရာယ်များနှင့် အနှောင့်အယှက် အဖျက်အဆီးများဟု ဆိုလိုပါသည်။

ထိုမျက်စိများဖြင့် မမြင်ကောင်းသော အတိုက်အခံ/ ရန်အန္တရာယ်များနှင့် အနှောင့်အဖျက်အဆီးများကို ဖြစ်စေတတ်သော ဤနတ်နှစ်မျိုးသည် ကောင်းမြတ်သော ကာမာဝစရမဟာကုသိုလ်နတ်နှစ်မျိုး မဟုတ်ကြပါ။

စတုမဟာရာဇ်နတ်အနွယ်ပင်ဖြစ်ပြီး အမျိုးအစားခပ်ညံ့ညံ့ထဲက အစွဲတရားအားကြီးသော နတ်စိမ်းများဟု ဆိုလိုပါသည်။ ထိုနတ်စိမ်း ၂ မျိုးတို့သည် လူမျိုးတစ်မျိုး၏

ဓလေ့ထုံးတမ်းစဉ်လာအရပ်အနေနှင့် သက်ဆိုင်နေတတ်ပါသည်။ ထိုသို့ သက်ဆိုင်နေသည်ကို သက်ဆိုင်ရာ ရိုးရာနတ်ဟု ဆိုလိုပါသည်။ ထိုသို့ သက်ဆိုင်နေသည်ကိုလည်း သက်ဆိုင်ရာ အိမ်တွင်းနတ်ဟု ဆိုလိုအပ်ပါသည်။

ဥပမာ ရှင်းလင်းပါဦးအံ့။ လွန်ခဲ့ပြီးသော ရှေးနှစ်ပေါင်းတစ်ထောင်ကျော်ခန့်က သေဆုံးခဲ့သော ဦးမင်းကျော်သည် လူမျိုးတစ်စု၏ ဆွေမျိုးဆက်ထဲတွင် ပါဝင်နေပါက ဦးမင်းကျော်ဆိုသော နတ်သည် ထိုလူမျိုးတစ်စု၏ သက်ဆိုင်ရာ ရိုးရာနတ်ဟု ဆိုလိုသည်။

ဥပမာတစ်ခုကို ထပ်မံပြဆိုဦးအံ့။ ဒေါ်ဝင်းဝင်းဆိုသော အမျိုးသမီး၏ မျိုးရိုးအစဉ်အဆက်သည် လွန်ခဲ့ပြီးသော နှစ်ပေါင်း ၅၀၀ ခန့်က စတင်ခဲ့ပြီး ရေငံပိုင်ဦးရှင်ကြီးနတ်သည် ထို ဒေါ်ဝင်းဝင်း၏ ဆွေစဉ်မျိုးဆက်ထဲတွင် (အမျိုးတော်စပ်နေပါက) ထိုရေငံပိုင် ဦးရှင်ကြီးနတ်သည် ဒေါ်ဝင်းဝင်းဆိုသူ အမျိုးသမီး၏ သက်ဆိုင်ရိုးရာနတ်ဟု ဆိုထိုက်ပါသည်။

ဥပမာတစ်ခုကို ထပ်မံရှင်းပါဦးအံ့။ မိသားစုတစ်စုသည် မြင်းဖြူရှင်နတ် ပိုင်ဆိုင်သော နယ်မြေဒေသတွင် မွေးဖွားပါက ထိုမြင်းဖြူရှင်နတ်သည် ထိုမိသားစုတစ်စု၏ သက်ဆိုင်ရာ ရိုးရာနတ်ဟု ခေါ်ဆိုအပ်၏။

ဥပမာ ဆိုအံ့းအံ့ ... ကိုးမြို့ရှင်နတ် ကြီးစိုးသော ပိုင်ဆိုင်

သော နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်တွင် မွေးဖွားပါက ထို ကိုးမြို့ရှင်နတ်သည် ထိုမွေးဖွားသူ၏ သက်ဆိုင်ရာရိုးရာနတ် ဟု ခေါ်ဝေါ်အပ်၏။ ထို့ကြောင့် ရိုးရာနတ် ၂ မျိုးကို သိသာ ခွဲခြား၍ ဖြစ်ပေါ်လာခဲ့၏။ ၎င်းတို့မှာ ...

A. တစ်ခုခုသော နယ်၏ပိုင်ဆိုင်သော နယ်မြေကြီးစိုးသော နယ်မြေဒေသအတွင်း မွေးဖွားခြင်း၊ ပဋိသန္ဓေတည်ခြင်း ရှိလာခဲ့သော် ထိုနယ်မြေဒေသကို ပိုင်စိုးသော ပိုင်ဆိုင် သောနတ်သည် သက်ဆိုင်ရာရိုးရာနတ် ဖြစ်လာခဲ့၏။

B. ဆွေစဉ်မျိုးဆက်တစ်ခုသည် လွန်ခဲ့ပြီးသော အတိတ်နှစ် ပေါင်း တစ်ထောင် / နှစ်ထောင်ခန့်မှ စတင်ခဲ့ပြီး တစ်ခု ခုသော နတ်သည်လည်း ဆွေစဉ်မျိုးဆက်ထဲတွင် ပါဝင် နေပြီး ထိုနတ်သည် ဆွေမျိုးဖြစ်ပြီး ထိုဆွေစဉ်မျိုးဆက် တစ်ခုကို စောင့်ရှောက်ထိန်းလာသော သက်ဆိုင်ရာ ရိုးရာနတ် ဖြစ်လာခဲ့၏။

မြန်မာပြည်အတွင်း နေထိုင်ကြသော လူမျိုးစုများသည် (A) အမျိုးအစား ရိုးရာနတ်ဖြစ်လျှင်ဖြစ်၊ မဖြစ်ခဲ့လျှင် (B) အမျိုးအစားသည် ရိုးရာနတ် ဖြစ်စေရပါသည်။

ဤရိုးရာနတ် ၂ မျိုးကလွဲ၍ မြန်မာပြည်တွင် တခြားမရှိ နိုင်ပါ။ ရှိခဲ့ပါသည်ဟု ဆိုလာပါလျှင် လောကတွင် လိမ်တာ ဟု တစ်ခုမှတ်ယူသင့်၏။

(A) အမျိုးအစား ရိုးရာနတ်

(B) အမျိုးအစား ရိုးရာနတ် ၄င်းနတ်နှစ်မျိုးစလုံးသည် စတုမဟာရာဇ်အနွယ်များသာဖြစ်ပြီး အမျိုးအစား အဆင့်အတန်းမမြင့်ဘဲ အမျိုးအစားညံ့သော နတ်များသာ ဖြစ်ပါသည်။ ၄င်းနှစ်မျိုးစလုံးသော နတ်များသည် မြန်မာနိုင်ငံတွင်မက ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ မလေးရှားနိုင်ငံ အိန္ဒိယနိုင်ငံ သီရိလင်္ကာနိုင်ငံ လောနိုင်ငံ ဗီယက်နမ်နိုင်ငံ စသည်တို့အထိ ပြန့်နှံ့ပြီး တည်ရှိနေကြပါသည်။

လူမျိုးတစ်မျိုး၏ ဓလေ့ထုံးတမ်းစဉ်လာဖြစ်သော အိမ်တွင်းနတ် ဆိုသည်မှာ မြန်မာနိုင်ငံအနေနှင့် များသောအားဖြင့် အုန်းသီးဆွဲသော အိမ်တွင်းနတ်အလေ့အထ များပြားကြပါသည်။ များသောအားဖြင့် အုန်းသီးဆွဲသော အိမ်တွင်းနတ်ဖြစ်ပြီး တခြား အရှေ့တောင်အာရှနိုင်ငံများတွင်မူ အိမ်/အဆောက်အဦးနှင့် ပတ်သက်ပြီး သူတို့ အယူဝါဒ သူတို့ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ရှိကြပေမဲ့ အုန်းသီးဆွဲသော နိုင်ငံသည် မြန်မာတစ်နိုင်ငံသာ ရှိခဲ့ပါသည်။

(အကျယ်တဝင့် ရှင်းလင်းပါဦးအံ့)

(A) အမျိုးအစား ရိုးရာနတ်သည် သူကြီးစိုးသော နယ်မြေ၊ သူပိုင်ဆိုင်သော နယ်မြေဒေသ မြို့ရွာတွင် ပဋိသန္ဓေ

မွေးဖွားခြင်းတို့ကြောင့် ထိုမွေးဖွားသော လူသားသည် ထိုနယ်မြေ / ဒေသ ပိုင်ဆိုင်ကြီးစိုးသောနတ်အား ရိုးရာနတ်အဖြစ် တစ်နှစ်တစ်ကြိမ်ခန့် တင်မြှောက်ပသ ပူဇော်ရခြင်းဖြစ်ပါသည်။ (ဥပမာ) မော်လမြိုင်-ရေး-မြိတ်-ထားဝယ်-ပုသိမ်-ဖျာပုံ စသော ပင်လယ်ကမ်းခြေဒေသတွင် ရှိနေကြသော လူအများသည် ပင်လယ်ရေငံတလွှားကို ပိုင်စိုးသော ဦးရှင်ကြီးနတ်အား တစ်နှစ်တစ်ကြိမ်ဖြစ်စေ၊ သင်္ဘောထွက်တိုင်း၊ မော်တော်ထွက်တိုင်း၊ စက်လှေထွက်တိုင်းဖြစ်စေ တင်မြှောက်ပသပြီး သွား/လာ ရကုန်၏ဟု မှတ်သားကြပါလေ။ လေ့လာလိုပါက မော်လမြိုင်-မုတ္တမ-ရေး-မြိတ်-ထားဝယ်-ကျိုက္ခမီ-ဖျာပုံ-ပုသိမ် စသော မြို့ရွာဒေသများတွင် လေ့လာနိုင်ကြပါသည်။ လေ့လာနိုင်ကြပါလေ။

ထို့အတူပင် ရှမ်းပြည်နယ်ကို အဓိကသက်ဆိုင်သော ကိုးမြို့ရှင်နတ်သည်လည်းကောင်း၊ မွန်တလိုင်း-ပဲခူးတလိုင်း စသော အဓိကသက်ဆိုင်သော မွန်နတ်/ ပဲခူးမယ်တော်နတ်စသည်များသည်လည်းကောင်း လိုက်နာဆောင်ရွက်ကြရပါသည်။ အထူးလေ့လာစမ်းသပ်ကြည့်ကြပါလေ။ တစ်စုံတစ်ခုသော နတ်သည် ထိုနတ်ပိုင်ဆိုင်သော နယ်မြေဒေသ၊ ထိုနတ်ကြီးစိုးသော ဒေသမြို့ရွာ စသည်တွင် တစ်စုံတစ်ဦးသော လူသားသည် ပဋိသန္ဓေတည်ရာ မွေးဖွားရာ ဒေသ/မြို့ရွာကို

ပိုင်ဆိုင်သော ကြီးစိုးသောနတ်သည် ထိုလူသား၏ သက်ဆိုင်ရာ ရိုးရာနတ် ဖြစ်လာခဲ့၏။ သူ့ ဓလေ့ထုံးတမ်းစဉ်လာအတိုင်း တစ်နှစ်တစ်ကြိမ် တင်ပသရာ၏။

## ရိုးရာဓလေ့နှင့် နှောင့်ယှက်မှု အဖျက်အဆီးများ

၁။ ရိုးရာဓလေ့အရ မိမိတို့ သက်ဆိုင်ရာ ရိုးရာနတ် သားသမီး နည်းခဲ့ပါလျှင် သားသမီးမရခဲ့ပါလျှင် သားသမီးအဖတ်မတင်ခဲ့ပါလျှင် မိမိလက်ထက်ရောက်ခါမှ သားသမီးထွန်းကားလာခဲ့ပါလျှင် သားသမီးများလာခဲ့ပါလျှင် သားသမီး အဖတ်တင်လာခဲ့ပါလျှင် သားသမီးတစ်ယောက် ရလာတိုင်း မိဘရိုးရာနတ်ကို တင်ပသပေးရသည်။

၂။ အချို့သော သက်ဆိုင်ရာရိုးရာနတ်သည် ဓလေ့ထုံးတမ်းစဉ်လာအရ (ဥပမာ) မိမိဆွေစဉ်မျိုးဆက်သည် တစ်သိန်းတန်မြေကွက် တစ်သိန်းတန် အိမ်အဆောက်အဦးများသာ အများဆုံး တန်ဖိုးဖြင့် အစဉ်အဆက်နေထိုင်လာခြင်း ပိုင်ဆိုင်လာခဲ့ခြင်းရှိလာပြီး၍ မိမိလက်ထက်ရောက်ခါမှ မြေကွက်တန်ဖိုးသည် တန်သိန်းအထက်များလာခြင်း ဥပမာ မြေကွက်တန်ဖိုးသည် ငါးသိန်း သိန်း ၂၅ အထိ ရရှိပိုင်ဆိုင်လျှင် ၎င်း မိမိတည်ဆောက်သော အိမ်အဆောက်အဦးသည်လည်း ရိုးရာဓလေ့ ပိုင်ဆိုင်သင့်သော တန်ဖိုးတစ်သိန်းထက် များပြားနေ

ပြီး အိမ်၏တန်ဖိုးသည် ဥပမာ သိန်း ၂၀၊ သိန်း ၅၀ တန်ဖိုး ရှိသည်တို့ကို ပိုင်ဆိုင်လာခဲ့ပါလျှင် မိဘအစဉ်အဆက် သက်ဆိုင်ရာ ရိုးရာနတ်ကို တင်မြှောက်ပသပေးရပါသည်။

၃။ ထို့ကြောင့် အချို့လူမျိုးများ၏ သက်ဆိုင်ရာ ရိုးရာနတ်များ၏ ထုံးစံဓလေ့များသည် –

A. လက်ထပ်ထိမ်းမြားလျှင် ရိုးရာနတ်ကို တင်ပသပေးရခြင်း၊

B. ကလေးတစ်ယောက်ရတိုင်း ရိုးရာနတ်ကို တင်ပသပေးရခြင်း၊

C. မြေကွက်၊ လယ်ကွက်၊ ခြံကွက်၊ ယာကွက် အသစ်ဝင်တိုင်း ဝင်တိုင်း သက်ဆိုင်ရာ ရိုးရာနတ်ကို တင်မြှောက်ပသပေးရခြင်း။

D. အိမ်/တိုက် အဆောက်အဦးသည် တန်ဖိုးကြီးကြီး ဝင်လာသည်နှင့်အမျှ သို့မဟုတ် အိမ်၊ တိုက်၊ ဂိုထောင် အဆောက်အဦးများ အသစ်အသစ်ရရှိလာသည်နှင့်အမျှ သက်ဆိုင်ရာ ရိုးရာနတ်ကို တင်မြှောက်ပသပေးရခြင်း။

၄။ ရှေးအစဉ်အဆက် ဓလေ့ထုံးတမ်းစဉ်လာအရ သက်ဆိုင်ရာ မိဘရိုးရာနတ်တို့ကို လူမျိုးတစ်မျိုး၏ ဓလေ့ထုံးတမ်းစဉ်လာအရ တာဝန်မကျေခဲ့ပါလျှင် ပျက်ကွက်ခဲ့ပါလျှင် မတင်

မမြော်ကာဘဲ နေခဲ့ပါလျှင် ထိုလူမျိုး ထိုမိသားစုတို့အား ရှေ့ဆက်လက်ပြီး တိုးတက်ခွင့်မရရှိတော့ပေ။ ကြီးပွားချမ်းသာခွင့်မရတော့ပေ။ ထင်ပေါ်ကျော်ကြားခွင့်လည်း မရတော့ပေ။ အသက်ရှည်ခွင့်၊ ရေရှည်ကျန်းမာရေး ကောင်းမွန်နေမှု အခွင့်အရေး မရရှိနိုင်တော့ပေ။

မြန်မာ့ရိုးရာနတ်က တော်သေး၏။ ပြင်းပြင်းထန်ထန်ဖျက်ဆီးမှုမျိုး နှောက်ယှက်မှု မရှိလောက်ပေ။ အနည်းအပါးခန့် အသင့်အတင့်ခန့် ငိုအောင်ရယ်အောင် နေထိုင်မကောင်းရုံလောက် အိမ်တွင်းရေး မငြိမ်မသက်ရုံလောက် စီးပွားရေးအလုပ်အကိုင် အထစ်အငေါ့ အခက်အခဲဖြစ်ရုံလောက် မြန်မာရိုးရာနတ်က ဖမ်းစားနှောင့်ယှက်တတ်၏။

ကြီးကြီးကျယ်ကျယ် မဖြစ်နိုင်ပါ။ ရပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင် ဘဝပျက်လောက်အောင် မလုပ်နိုင်ကြပါ။

ထို့ကြောင့် မျက်စိနှစ်လုံးဖြင့် ကြည့်၍မရကောင်းသော၊ မမြင်ကောင်းသော အနှောင့်အယှက် အဖျက်အဆီးများ၊ ဘေးရန်အန္တရာယ်များဟု ဆိုလိုပါသည်။ မျက်စိနှစ်လုံးဖြင့် မြင်တွေ့ရတတ်သော အန္တရာယ်၊ အနှောင့်အယှက်များ အဖျက်အဆီးများဖြစ်ပါက မျက်စိဖြင့် မြင်တွေ့နိုင်သည့်အတွက် ရှောင်တိမ်းနိုင်သေး၏။ ဖယ်ရှားနိုင်သေး၏။ ပြောဆိုညှိနှိုင်းတိုင်ပင်ပြီး ပြေပျောက်အောင် ဆောင်ရွက်နိုင်သေး၏။ ဘုမသိ

ဘမသိ၊ တောင်မှန်းမြောက်မှန်းမသိနိုင်ဘဲ၊ မမြင်နိုင်ပါဘဲနှင့် အိမ်ထဲ မိသားစုထဲမှာ ဖြစ်ပျက်နေတတ်သော အန္တရာယ်များ ဘေးဘယာများ အဖုအထစ်များ အဖျက်အဆီးများ အနှောင့် အယှက်များကို သတိဝီရိယထားပြီး ဆင်ခြင်တိုင်းထွာပြီး ရှောင်ရှားကြပါလေ။ ပညာရှင်ထံ ပညာရှိထံ နည်းနာခံယူ၍ ရှေ့နောက်ကို ဝေဖန်ပိုင်းခြား၍ အတိတ်အနာဂတ်ကို ဆင်ခြင် သုံးသပ်၍ အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းအတိုင်း ဆောင်ရွက်လုပ်ကိုင်နိုင်ကြပါစေဟု ကျမ်းပြုဆရာတော် ကျွန်ုပ်က ဆန္ဒပြုအပ်ပါသတည်း ...။

**အထူးမှတ်ချက်** ။ ။ ယခု ကျွန်ုပ် စာရေးသူပြဆိုပြီးခဲ့သော သက်ဆိုင်ရာ ရိုးရာနတ်ကိစ္စများသည် **ဗုဒ္ဓဘာသာရေးမဟုတ်ပါ** ဟု မှတ်သားကြရမည်။ ဗုဒ္ဓဘာသာရေးသည် ဘုရား–တရား– သံဃာ စသော ရတနာ (၃) ပါး၊ သရဏဂုံ (၃) ပါးသာ ကိုးကွယ်ရာ။ အားထားရာ။ ဆည်းကပ်ရာဟု မှတ်သားကြ ရမည်။ သက်ဆိုင်ရာ ရိုးရာနတ်တို့ကို ဗုဒ္ဓဘာသာရေးနှင့် ရောထွေးတတ်ပြီး ကိုးကွယ်မှုများပါက တစ်ဘဝတွင်မက တစ်သံသရာလုံး (၃၁) ဘုံလုံး မှောက်တတ်သည်။ ဒုက္ခများ တတ်သည်ဟု မှတ်ပါလေ။

(၁) ဗုဒ္ဓဘာသာရေးမှာ ဘုရား တရား သံဃာ စသော ရတနာ (၃) ပါး၊ သရဏဂုံ (၃) ပါးတို့အား

ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းသည် (ဘာသာရေး) ဟု ခေါ်ပါသည်။

(၂) ရိုးရာနတ်သည် ဘာသာရေးမဟုတ်။ လူမျိုးရေးသာ ဖြစ်သည်ဟု ဘာသာရေးနှင့် လူမျိုးရေးကို ခွဲခြားပြီး သိမြင်ထားဖို့ အရေးကြီးလှသည်။

(ဘာသာရေးမှန်းမသိ၊ လူမျိုးရေးမှတ်းမသိ) ဤသို့ မကွဲမပြား ရောရောထွေးထွေး မရှိစေသင့်ကြောင်းကို သတိပြုပါ။

လူမျိုးတစ်မျိုး၏ ရှေးဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်မှစ၍ ယနေ့ယခုတိုင် ဆင်းသက်လာသော ဓလေ့ထုံးတမ်းအစဉ်အလာအရ တည်ရှိလာခဲ့သော နတ်ကို ဆိုင်ရာရိုးရာနတ်ဟု ခေါ်ပါသည်။ ဘာသာရေး မဟုတ်ရပါ။

(၃) ရိုးရာဟူသည်မှာ လူမျိုးတိုင်း၏ မျိုးဆက်သစ်၊ အစမှစ၍ ယနေ့ထက်တိုင် ရှိနေတတ်သော ဓလေ့ထုံးတမ်းစဉ်လာကို ရိုးရာဟု ခေါ်ဆိုသည်။

(၄) ထိုရိုးရာအတိုင်း ဓလေ့ထုံးတမ်းစဉ်လာတို့ကို လုပ်မလုပ် မှန် မမှန် လိုက်နာမှုရှိမရှိ စောင့်ကြည့်တည်ရှိနေသော နတ်ကို ရိုးရာနတ်ဟု ခေါ်ဆိုပါသည်။

(၅) ကိုးကွယ်ခြင်း ဆည်းကပ်ခြင်း အားကိုးခြင်း ယုံကြည်ခြင်းကို ပြုလုပ်ဆောင်ရွက်ရမည်မှာ ဘာသာရေး (ဘုရား တရား သံဃာ စသော သရဏဂုံ (၃) ပါး)

(၆) ရိုးရာနတ်များ အိမ်တွင်းနတ်များ အပါအဝင် အခြားအခြားသော (၃၇) မင်း နတ်စိမ်းများအားလည်းကောင်း၊ အခြားအခြားသော ကာမာဝစရစတုမဟာရာဇာ၏ အနွယ်ဝင် နတ်များအားလည်းကောင်း ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ အားကိုးခြင်း၊ ယုံကြည်ခြင်း မပြုအပ်ပါ။ မပြုကောင်းပါ မပြုသင့်ပါ ဟု မှတ်ကြရမည်။ ထိုနတ်များအား ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း ပြုမိပါက ဘာသာရေး ပျက်စီး၏။ သရဏဂုံ ပျက်စီးရတတ်၏။ သရဏဂုံ ပျက်စီးလျှင် ဘာသာရေးအယူမမှန်တော့ပေ။ မစင်ကြယ်တော့ပေ။ ဘာသာအယူဝါဒမစင်ကြယ်လျှင် သရဏဂုံ ပျက်စီးလျှင် သံသရာတစ်ခွင်လုံး သံသရာတစ်ကြောလုံး ဒုက္ခရောက်ရတတ်ပြီး တမင်–တဖိုလ်ရဖို့ အလွန်ပင် ခက်ခဲမှုကြုံရပြီဟု မှတ်ကြပါလေ ...။

ထိုရိုးရာနတ်များ၊ အိမ်တွင်းနတ်များ၊ (၃၇) မင်းနတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် စသည်များအား ပေးကမ်းခြင်း (၁)၊ စွန့်ကြဲခြင်း (၂)၊ မေတ္တာပို့ပေးခြင်း (၃)၊ အမျှပေးဝေခြင်း (၄)၊ အလှူဒါနပေးခြင်း (၅) တို့ကိုသာ ဆောင်ရွက်လုပ်ကိုင်ပေးသင့်၏။

ကိုးကွယ်ဆည်းကပ်ရမည့်အရာ မဟုတ်ဟူ၍ မှတ်သားကြ ရ၏။ ထိုရိုးရာနတ်များ၊ အိမ်တွင်းနတ်များ၊ (၃၇) မင်းနတ် အပါအဝင် အခြားခြားသော စတုမဟာရာဇ်၊ နွယ်ဝင်နတ်များ အား ထိုက်သင့်သလို စားဖွယ်သောက်ဖွယ်၊ အချိုအချဉ်၊ အဖျော်ယမကာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ကွမ်းယာ၊ လက်ဘက် စသည်များဖြင့် (၁) ပေးကမ်းခြင်း၊ (၂) စွန့်ကြဲ ခြင်း၊ (၃) အလှူဒါနပေးခြင်း စသည်များကို ဆောင်ရွက် လှူဒါန်းပေးရုံမျှဖြင့် နတ်ကိုးကွယ်ပါသည်ဟု ပြော၍ မရနိုင် ပါ။ နတ်ကိုးကွယ်သည်ဟု တထစ်ချစွဲမှတ်ထား၍ မရနိုင်ပါ။ အလှူပေးသည့်သဘော ဒါနပြုသည့်သဘော ပေးကမ်း စွန့်ကြဲခြင်းသဘောသာ ဖြစ်သည်။ ကိုးကွယ်ခြင်း မဟုတ်နိုင် ပါ။

ဥပမာ ဆိုပါအံ့။ ဆင်းရဲချို့တဲ့သော သူတောင်းစား၊ သုဘရာဇာ၊ ခိုကိုးရာမဲ့ တပြားဖြစ်စေ ထမင်းတစ်ထုပ်၊ လက်ဘက်ရည်တစ်ခွက်ဖြစ်စေ ဒါနပြု စွန့်ကြဲလိုက်သည်ကို (ကိုးကွယ်သည်) ဟု စွပ်စွဲ၍ မရနိုင်သကဲ့သို့ဟု မှတ်ပါ။

**ကိုးကွယ်မှန်းမသိ လှူဒါန်းဒါနပြုမှန်းမသိ** မဖြစ်ကြ စေနှင့်။ သတိပြုကြပါလေ။ (၂) ဘုရား တရား သံဃာ စသော ရတနာ (၃) ပါးတို့အား ကိုးကွယ်ဆည်းကပ်ကြရာ၌ တိတိ ကျကျ ကိုးကွယ်ဆည်းကပ်ပါ။ ပြတ်ပြတ်သားသား

ကိုးကွယ်ဆည်းကပ်ပါ။ အမှန်တကယ် ယုံကြည်ခြင်း၊ စေတနာသဒ္ဓါတရား အပြည့်အဝဖြင့် ကိုးကွယ်ဆည်းကပ်ပါက ထိုနတ်မိစ္ဆာများ စတုမဟာရာဇ်၊ အနွယ်ဝင်နတ်များ၊ (၃၇) မင်းဟု ဆိုကုန်သောနတ်များ စသည် စသည်များသည် မိမိအား မနှောင့်ယှက်နိုင်။ ဒုက္ခမပေး အန္တရာယ်မပြုနိုင်သည့်အပြင် ထိုနတ်များသည် ထိုရတနာ (၃) ပါးကို ကိုးကွယ်ဆည်းကပ်၍ သရဏဂုံတည်နေသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်အား အားရကြည်ညို၍ သွားလေရာလာလေရာတို့တွင် စောင့်ရှောက်ကူညီကြသည်ပင် တွေ့ရဖူး၏။

အချို့သည် ဘုရား တရား သံဃာ စသော ရတနာ (၃) ပါးအား တိတိကျကျ မကိုးကွယ်မဆည်းကပ်။ ပြတ်ပြတ်သားသားလည်း မကိုးကွယ်မဆည်းကပ်။ စေတနာသဒ္ဓါကောင်းမွန်စွာနှင့် မကိုးကွယ်။ မဆည်းကပ်ပါဘဲလျက် မိမိ၏ ခန္ဓာကိုယ်တွင် သရဏဂုံမတည်ပါဘဲလျက် နတ်နှင့်ပတ်သက်လာသည့်အခါ ရိုးရာနတ် တင်မြှောက်ရမည့်အခါနှင့် ကြုံကြိုက်လာသည့်အခါ တစ်စုံတစ်ဦးသော ကိစ္စအကြောင်းအရာနှင့် ဆက်နွယ်ပြီး နတ်တစ်မျိုးမျိုးနှင့် ပတ်သက်လာသည့်အခါ –

"ကျွန်တော်တို့ကတော့ ဘုရားပဲ။ ဘုရားမှလွဲပြီး ဘာမှ မကိုးကွယ်ဘူး။ ဒါတွေ လာမပြောနှင့်။ ကျွန်တော် အယုံ

အကြည် မရှိဘူး” ဟူသော လေသံမျိုးဖြင့် ပြောဆိုကြကုန်၏။ အမှန်တကယ်စင်စစ် ဘာသာရေးကိုလည်းကောင်း၊ ရတနာ (၃) ပါးကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ရာ၌ တော်သလို လျော်သလို ကိုးကွယ်ဆည်းကပ်လာခြင်း ဖာသိဖာသာ ကိုးကွယ်ဆည်းကပ်လာခြင်း စားကောင်းအောင်၊ သောက်ကောင်းအောင် လူရိုသေလေးစားအောင် အပေါ်ယံကြော ကိုးကွယ်ဆည်းကပ်သည် ဟုတ်မဟုတ်ကိုလည်းကောင်း၊ မှန်မမှန်ကိုလည်းကောင်း၊ အမှန်တကယ် ရတနာ (၃) ပါး ဗုဒ္ဓတရားကို ကိုးကွယ်၏၊ မကိုးကွယ်၏ကို လည်းကောင်း၊ အမှန်စင်စစ် သရဏဂုံ တည်မတည်၊ မြဲမမြဲကိုလည်းကောင်း၊ လူလူချင်းမသိ မမြင်နိုင်သော်လည်း ကမ္မဇိဒ္ဓိရှိသော နတ်များ၊ နတ်မိစ္ဆာများ အခြားအခြားသော တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရပ်ကွက်စောင့်နတ်များ၊ မြို့စောင့်နတ်များက မြင်နိုင်စွမ်း/ သိနိုင်စွမ်း ရှိကြကုန်သည်ကို မမေ့အပ်ပါ။ သတိရှိကြပါ။ ဤသို့ ဘာသာရေးနှင့် ရတနာ (၃) ပါးတို့အား တော်သလို လျော်သလို ကိုးကွယ်မှန်း သိလာသည်နှင့် တစ်ပြိုင်နက် ဘာသာရေးကို ဘမ်းပြပြီး ခန္ဓာကိုယ်တွင် သရဏဂုံမမြဲသည်ကို သိလာသည်နှင့် တစ်ပြိုင်နက် အညှိုးထားသော စောင့်ကြည့်နေသော (မျက်စိများဖြင့် မမြင်အပ်သော နတ်များ နတ်မိစ္ဆာများတို့သည်) မိမိတို့၏ မိသားစု

အတွင်း၊ အိမ်ထောင်စုအတွင်း ဝင်ရောက်မွှေနှောက်လာကြတော့၏။ မိမိ၏ မိသားစုစီးပွားရေး လုပ်ကွက်ထဲသို့လည်းကောင်း၊ ကျန်းမာရေးအကွက်ထဲသို့လည်းကောင်း နှောင့်ယှက်ဖျက်ဆီးလာကြတော့၏။ သတိကြီးစွာ ထားကြပါလေ။ ထို့ကြောင့် ဆရာတော်ဖြစ်သော ကျွန်ုပ် စာရေးသူသည် မျက်စိဖြင့်မမြင်ကောင်းသော၊ မမြင်အပ်သော၊ အန္တရာယ်အဖျက်အဆီးများ၊ အတိုက်အခံများဟု ဆိုလိုရင်းဖြစ်ကြောင်း သိစေအပ်ပါသည်။

ဤ ယခုရေးသားသောကျမ်းသည် လောကီဟိတသိဒ္ဓိပကာသနီကျမ်း ဒုတိယတွဲဖြစ်ပြီးလျှင် ဤကျမ်းသည် လောကလူသားများအတွက် ကြီးပွားတိုးတက်ရန်အတွက်လည်းကောင်း၊ချမ်းသာကြွယ်ဝစေရန်အတွက်လည်းကောင်း၊ ရည်ရွယ်ရေးသားအပ်သော ကျမ်းစာစောင်ဖြစ်ပါ၍ လောကလူသားများအား ဆုတ်ယုတ်ပျက်ပြားစေမှု ဆင်းရဲဒုက္ခခံစားရစေမှု အန္တရာယ်အနှောင့်အယှက်များ အဖျက်အဆီးများ အတိုက်အခံဘေးရန်များ ဖြစ်စေနိုင်သော၊ ဤမျက်စိဖြင့် မမြင်ကောင်းသော အန္တရာယ်အနှောင့်အယှက်များအား အရေးကြီးအရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးသားဖော်ပြအပ်ပါ၏။ လူသားများ သတိရှိကြပါကုန်လော့။

(ခန္ဓာ (၅) ပါး ရုပ်နာမ်တရားတို့၌ သရဏဂုံ (၃) ပါး

စွဲမြဲနေအောင် ဘုရား တရား သံဃာ ရတနာ (၃) ပါးကို ကိုးကွယ်ဆည်းကပ်သင့်၏။ သို့မှသာ နတ်ဆိုးနတ်ဝါးများ နတ်မိစ္ဆာများ၏ အန္တရာယ် အနှောင့်အယှက်များမှ လည်းကောင်း အဖျက်အဆီး အတိုက်အခိုက်တို့မှ လည်းကောင်း လွတ်မြောက်စေနိုင်၏။ ထိုသို့မဟုတ်ပါက မိမိ၏ မိသားစုအတွင်း အိမ်ထောင်စုအတွင်း စီးပွားရေး ကျန်းမာရေး လူမှုရေးကိစ္စများတွင် တစ်နည်းမဟုတ် တစ်နည်း တစ်ကြောင်းမဟုတ်တစ်ကြောင်း အနှောင့်အယှက် များ အဖျက်အဆီးများ အတိုက်အခိုက်များ ဖြစ်စေတတ် ကုန်၏ သတိပြုကြပါလေ)။

## အောင်မြင်မှု – တိုးတက်မှု – ကြီးပွားချမ်းသာမှု

A. ဣဏ္ဍာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားကို တည်ဆောက်နေသောပုဂ္ဂိုလ်များသည်လည်းကောင်း တည် ဆောက်ပြီးသောပုဂ္ဂိုလ်များသည်လည်းကောင်းတည်ဆောက် ဆဲပုဂ္ဂိုလ်များသည်လည်းကောင်းမိမိ၏အိမ်ထောင်စုအေးချမ်း သာယာလိုပါလျှင် မိမိ၏ အိမ်တွင်းရေး အေးချမ်းငြိမ်သက် လိုပါလျှင် မိမိ၏ အလုပ်ရုံများ၊ စက်ရုံများ၊ ကုမ္ပဏီများ၊ လီမိတက်များ၊ ကော်ပိုရေးရှင်းများ၊ ဌာနဆိုင်ရာ များ အေးချမ်းလိုပါလျှင် ငြိမ်းချမ်းလိုပါလျှင်တည်ငြိမ်လိုပါလျှင်–

ရေခါတ်ဒါနကို ဖွင့်ပေးရာ၏။ ရေခါတ်ဒါနကို ဤကျမ်း၏ တစ်နေရာမှာ ပြသထားခဲ့ပြီး ဖြစ်ပါသည်။ ထိုရေခါတ်ဒါန ဖွင့်ပုံဖွင့်နည်းအတိုင်း ဆောင်ရွက်ပေးရာ၏။

(၁) မိသားစုကိစ္စ အိမ်တွင်းရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စ ပုဂ္ဂလိက၊ ကိုယ်ရေးကိုယ်တာကိစ္စများတွင်မူ မိမိ၏အိမ်ဘုရားခန်းဘုရားစင်ရှေ့မှာပင် ဆောင်ရွက်ရပါမည်။ (၂) ကုမ္ပဏီဖြစ်လျှင် ဌာနဖြစ်လျှင် မိမိတို၏ ဌာနဘုရားခန်း၊ လီမိတက်ဘုရားခန်း၊ ကုမ္ပဏီဘုရားခန်း ဘုရားစင်များတွင် ဆောင်ရွက်လုပ်ကိုင်ရပါမည်။ ရုံးဖြစ်ခဲ့လျှင် မိမိတို့၏ ရုံးအဆောက်အဦးအတွင်း ဘုရားစင်တွင် ဆောင်ရွက်ရပါမည်ဟု မှတ်ကြပါလေ။

ဤသို့ ရေခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးခြင်း ဆောင်ရွက်ပေးခြင်းအားဖြင့် မိသားစုအတွင်း စည်းလုံးညီညွတ်လာ၏။ စည်းလုံးချစ်ခင်မှုလည်း ဖြစ်လာရ၏။ မိသားစုအတွင်း စိတ်ဝမ်းကွဲပြားမှု မညီမညွတ်ဖြစ်မှု တစ်ယောက်တစ်ပေါက်၊ တစ်လမ်းဖြစ်မှု ခဏခဏ ဆူပူမှု ဖြစ်မှုများ ပြေပျောက်ရ၏။ ပြေငြိမ်းရ၏။ မိသားစုအတွင်း အိမ်ထောင်စုအတွင်း အေးချမ်းငြိမ်သက်ရ၏။ မိသားစုအတွင်း အိမ်ထောင်စုအတွင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဖြစ်ကုန်ရ၏။ ထို့အတူ မိမိတို့၏ ကုမ္ပဏီအတွင်း ကော်ပိုရေးရှင်း

အတွင်း ဌာနအတွင်းများ၌လည်း ထိုရေခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးခြင်းဖြင့် ဌာနတွင်း ကုမ္ပဏီတွင်း ကော်ပိုရေးရှင်းအတွင်း၌ စိတ်ဝမ်းမကွဲပြားတော့ဘဲ ဆူဆူပူပူမရှိတော့ဘဲ တိုင်တာတောတာ၊ တိုင်ကြားတာ ရန်လုပ်တာ မနာလိုတာ၊ ငြူစူတာ စောင်းမြောင်းတာများ မရှိနိုင်တော့ဘဲ အေးအေးချမ်းချမ်းဖြစ်လာခြင်း တည်ငြိမ်အေးချမ်းလာကြခြင်းစည်းလုံးညီညွတ်၍ အားလုံးမိသားစုကဲ့သို့ ချစ်ခင်လေးစားကြကုန်ရာ၏။

B. ဣဿာသယ နိမ္မိတ လိုတရ ကါမာဝစရ ကံစွမ်းအားတို့ကို တည်ဆောက်ဆဲတည်ဆောက်နေသော ပုဂ္ဂိုလ်များသည် လိုအပ်လျှင် လိုအပ်လာပါက ပန်းခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးရာ၏။ ဤကျမ်း၏ တစ်နေရာတွင် ပြသထားပြီးဖြစ်သော ပန်းခါတ်ဒါနခန်း ဖွင့်ပုံဖွင့်နည်း တစ်သဝေမတိမ်းဆောင်ရွက်ကြရာ၏။ စီးပွားရေးလုပ်ငန်းများကို ကြီးကြီးကျယ်ကျယ် ဆောင်ရွက်လုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များ၊ နေ့စဉ် အခက်အခဲ အဖုအထစ် ပြဿနာများစွာနှင့် ရင်ဆိုင်ရတတ်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများအရ ကြီးမားသောကုမ္ပဏီလုပ်ငန်းများ ကြီးမားသောဟိုတယ်လုပ်ငန်းများ ကြီးမားသောစက်ရုံအလုပ်ရုံများ၊ ကြီးမားသောဈေးအရောင်းဆိုင်ကြီးများတို့ကို လုပ်ကိုင်နေကြရသော လုပ်ငန်းရှင်များ

သည် ဤပန်းခါတ်ဒါနခန်းဖွင့်ခြင်းကို ခဏခဏဖွင့်ပေးခြင်းဖြင့် ကြီးကျယ်သော လုပ်ငန်းကြီးများသည် တည်ငြိမ်အေးချမ်းလာရ၏။ ကြီးကျယ်သော စီးပွားရေးလုပ်ငန်းကြီးများနှင့် ပတ်သက်လာခဲ့လျှင် စိတ်ဆင်းရဲခြင်း၊ စိတ်သောကများခြင်း၊ ပြဿနာတတ်ခြင်း၊ အမှုတက်ခြင်း လုံးဝမရှိနိုင်တော့ပေ။ ပြဿနာအမျိုးမျိုး၊ အမှုအမျိုးမျိုးတို့ကိုလည်းနိုင်နင်း၏။ အတိုက်အခံများ ရန်အန္တရာယ်များကိုလည်းအောင်နိုင်တော့၏။ ရန်သူမျိုး (၅) ပါးတို့ကို အောင်မြင်နိုင်၏။ ကိစ္စပြဿနာမှန်သမျှ အောင်မြင်ပြီးစီးနိုင်၏။ ဤပန်းခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေး/ လုပ်ဆောင်ပေးခြင်းဖြင့် မိမိ၏စီးပွားရေးလုပ်ငန်းများ အရောင်းဆိုင်ကြီးများ ကုမ္ပဏီလုပ်ငန်းကြီးများ ကျဆင်းသွားခြင်း ဒုက္ခရောက်သွားခြင်း ဆုံးရှုံးနစ်နာခြင်း လုံးဝ မရှိလာနိုင်တော့ပေ။ တစ်ရက်ထက်တစ်ရက်တစ်ပတ်ထက်တစ်ပတ်၊ တစ်လထက်တစ်လ ရှေ့ကိုသာဆက်လက်ပြီး ကြီးပွားစည်ပင်သာယာနိုင်တော့၏။

ဤနည်းကို နမူနာထား၍ ရေခါတ်ဒါနခန်းနှင့်တွဲ၍ပန်းဒါနခန်းတို့ကိုတွဲ၍ ခဏခဏဖွင့်ပေးနိုင်ပါက ပြောစရာ၊ ဆိုစရာ အထူးမရှိတော့ပေ။

မိမိ၏ ကုမ္ပဏီများ လီမိတက်များ ကော်ပိုရေးရှင်းများအပါအဝင် မိမိ၏ စက်ရုံ၊ အလုပ်ရုံ အကြီးစားအရောင်းဆိုင်

ကြီးများအား မည်သည့်အခါမှ သူတစ်ပါးဖျက်ဆီး၍ မရနိုင်တော့ပေ။ သူတစ်ပါး ကောင်းကြံစည်၍လည်း မရနိုင်တော့ပေ။ ရေဘေး မီးဘေး လေဘေးမှစ၍ ရန်သူမျိုးအန္တရာယ်မျိုး မနာလိုဝန်တိုစသော ဘေးဘယ်မျိုးမှစ၍ အားလုံးကင်းဝေးရ၏။ မိမိ၏ စီးပွားရေးလုပ်ငန်းများ မိမိ၏ စည်းစိမ်ဥစ္စာရတနာများသည် ဆထက်ထမ်းပိုး တိုးတက်အောင်မြင်လာရ၏။ စီးပွားရေးလုပ်ငန်းများသည် အေးချမ်းငြိမ်သက်စွာနှင့် အပူအပင်ကင်းစွာနှင့် တိုးတက်စည်ကားနိုင်တော့၏ ဟု မှတ်ကြပါလေ ...။

C. ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ တည်ဆောက်လျက်ရှိသော ပုဂ္ဂိုလ်များသည် လိုအပ်လာပါက ရွှေလာ/ ငွေလာခေါ်သော ရွှေဓာတ်၊ ငွေဓာတ် ဒါနခန်းဖွင့်ခြင်းကိုလည်း ခဏခဏ ဖွင့်ပေးကြရာ၏။ စီးပွားရေးလုပ်ငန်းများကို ကြီးကြီးကျယ်ကျယ် လုပ်နိုင်ကြသော ပုဂ္ဂိုလ်များနှင့် အထူးသင့်လျော်လှ၏။ အနည်းဆုံး (ဆယ်သိန်းအထက်) အများဆုံး (သိန်းတစ်ထောင်ကျော်) အထိ စသော လုပ်ငန်းကြီးများနှင့် အထူးသင့်တော်လှ၏။ ဤသို့သောနည်းအားဖြင့် ကျင့်ဆောင်ကြ၍ စီးပွားရေးလုပ်ငန်းကြီးများမှစ၍ အသေးအဖွဲ့လုပ်ငန်းငယ်များ အထိ အသေးအဖွဲ့လုပ်ငန်းမှစ၍ ကြီးကြီးမားမားလုပ်ငန်းကြီး

များအထိ မအောင်မြင်တာ မရှိနိုင် မကြီးပွား မချမ်းသာတာ မရှိနိုင် မတိုးတက်တာ မရှိနိုင်။ အာမခံချက်ပေးရပါလျှင် အောက်ထစ် ၇၀ % အောင်မြင်နိုင်ပြီး အများဆုံး ၉၀ % အထိ အဆင်ပြေအောင်မြင်ကြပါလိမ့်မည်။

(ဥပမာ) အနည်းငယ် ရှင်းလင်းပြပါဦးအံ့ ...။

ဆောင်ရွက်ပုံ ဆောင်ရွက်နည်းမှာ –

(၁) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားကို တည်ဆောက်နေဆဲ တည်ဆောက်လျက်ရှိသော ပုဂ္ဂိုလ်များသည် (၂) ဤကျမ်း၌ ပြသထားသော ရေးသားဖော်ပြထားသော အကျိုးပေးသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ ဆောင်ရွက်လုပ်ကိုင်ရာ၏။ ထိုသို့ ဆောင်ရွက်လုပ်ကိုင်လာကြပြီဆိုပါက ရွှေလာငွေလာဖြစ်သော ရွှေဓာတ်ငွေဓာတ်ဖွင့်ခြင်းကို ခဏခဏဖွင့်ပေးလာပါက စီးပွားရေး အထူးအောင်မြင်လာပြီး ရွှေငွေဥစ္စာများစွာ ဝင်ရောက်လာခြင်း ရွှေငွေဥစ္စာရတနာများ စည်စည်ကားကား ဝင်လာတတ်ခြင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်လာလျှင်လည်းကောင်း ရွှေငွေဥစ္စာရတနာနှင့် ပတ်သက်လာလျှင်လည်းကောင်း ကြံစည်သမျှ အောင်မြင်ပြီးစီးရ၏။ ဆောင်ရွက်တိုင်း လုပ်ကိုင်တိုင်း အောင်မြင်ပြီးစီးရ၏။ စီးပွားမတိုးတက်/ တိုးတက်အောင်/ စီးပွာရေးအလုပ်အကိုင်များ

ခအောင်မြင် အောင်မြင်အောင်/ မကြီးပွား ကြီးပွားလာအောင် အာမခံမအောင်မြင် မရှိစေရ။ စိတ်ချလက်ချ အထူး အောင်မြင် ပြီးစီးနိုင်သော နည်းနိဿယဟု မှတ်သားနာယူကြပါလေ..။

**ရှင်းလင်းပါဦးအံ့**။ အဖွဲ့အစည်းလိုက် ဆောင်ရွက်ကြကုန် သော စီးပွားရေးလုပ်ငန်းများ လုပ်ငန်းရှင်များသည် လည်းကောင်း၊ ကုမ္ပဏီအလိုက် လီမိတက်အလိုက် ကော်ပို ရေးရှင်းအလိုက် ဆောင်ရွက်ကြကုန်သော စီးပွားရေးလုပ်ငန်း များ လုပ်ငန်းရှင်များသည်လည်းကောင်း မိသားစုအလိုက်၊ အိမ်ထောင်စုအလိုက် ဆွေစဉ်မျိုးဆက်အလိုက် လုပ်ကိုင် ဆောင်ရွက်ကြကုန်သော စီးပွားရေးလုပ်ငန်များ လုပ်ငန်းရှင် များသည် –

(၁) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံ စွမ်းအားနှင့် ပြည့်စုံအောင် တည်ဆောက်ထားပါ။ တည်ဆောက်နေပါ။

(၂) ဤကျမ်းစာတွင် ပါဝင်သော မိမိနှင့် အကျိုးပေး သော မိမိစိတ်ဝင်စားကြသော စီးပွားရေးလုပ်ငန်း များ အလုပ်အကိုင်များမှ တစ်ခုဖြစ်စေ နှစ်ခုဖြစ်စေ သုံးခုဖြစ်စေ စီးပွားရေးလုပ်ငန်းများ အလုပ်အကိုင် များအား လုပ်ကိုင်ဆောင်ရွက်ပါ။

(၃) ထိုသို့ စတင်ပြီး အလုပ်လုပ်ခြင်း စီးပွားရေး

လုပ်ငန်းများ စီးပွားရေးအလုပ်အကိုင်များ စတင်ဆောင်ရွက်လုပ်ကိုင်လာသော အချိန်အခါမှ စတင်ပြီး ရွှေလာငွေလာဖြစ်သော ရွှေဓာတ် – ငွေဓာတ်ဖွင့်ခြင်းနည်းကို ခဏခဏဆောင်ရွက်လုပ်ကိုင်ပေးပါက မအောင်မြင်တာ မရှိနိုင်တော့ပါ။ မပြီးစီးတာမရှိနိုင်တော့ပါ။ မတိုးတက်တာ မရှိနိုင်တော့ပါ။ မကြီးပွားတာ မရှိနိုင်တော့ပါ။ တစ်ရက်ထက်တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ထူးခြားစွာ ထူးဆန်းစွာ အံ့ဩလောက်စွာကြီးပွားချမ်းသာလာခြင်း၊ တိုးတက်အောင်မြင်လာခြင်း ဖြစ်လာရတော့၏။

(ကြီးပွားချမ်းသာလိုပါလျှင် ရွှေဓာတ်ငွေဓာတ်ကိုဆင်) ဟု ဆိုလိုသည်။

(D) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေသော တည်ဆောက်ဆဲဖြစ်သောတည်ဆောက်ပြီးစီးအောင်မြင်ပြီးသော ပုဂ္ဂိုလ်များသည် မိမိတို့၏ မိသားစုအတွင်း၌လည်းကောင်း၊ အိမ်ထောင်စုအတွင်း၌ လည်းကောင်း၊ ရပ်ကွက်အတွင်း၌လည်းကောင်း၊ မြို့နယ်အတွင်း၌လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ လုပ်ငန်းအတွင်း၌လည်းကောင်း အေးချမ်းလို

ပါက ချမ်းမြေ့လိုပါက တည်ကြည်ငြိမ်သက်လိုပါက တည်ငြိမ်၍ ငြိမ်းချမ်းနေလိုပါက တိတ်ဆိတ်ငြိမ်သက်လိုပါက မိမိ၏မိသားစုအတွင်း ဘုရားစင်၌လည်းကောင်း အိမ်ထောင်စုအတွင်း ဘုရားစင်၌လည်းကောင်း ရပ်ကွက်အတွင်း ရပ်ရွာအတွင်းတည်ရှိသော ဘုရားခန်းဘုရားစင် ဘုရားစေတီတို့တွင်လည်းကောင်း စီးပွားရေးလုပ်ငန်းအတွင်းတည်ရှိသော ဘုရားခန်းဘုရားစင်တွင်လည်းကောင်း ရေခဲတ်ဒါနခန်းအဖွင့်ကို သူ့နေ့ သူ့အချိန်အခါနှင့်သူ ခဏခဏဖွင့်ပေးကြရာ၏။ ရေခဲတ်ဒါနခန်းကို ခဏခဏဆောင်ရွက်ကြရာ၏။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုအတွင်း အိမ်ထောင်စုအတွင်း လုပ်ငန်းအတွင်း၌ အေးအေးချမ်းချမ်းဖြစ်လာရ၏။ အေးချမ်းငြိမ်သက်လာရ၏။ တည်တည်ငြိမ်ငြိမ်ရှိလာရ၏။ တိတ်ဆိတ်ငြိမ်သက်လာရ၏။ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လာရတော့၏။

(အေးချမ်းစေလိုလျှင် ရေခဲတ်ကိုဆင်) ဟုမှတ်သားကြပါလေ...။

(E) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေသော တည်ဆောက်ဆဲဖြစ်သော တည်ဆောက်ပြီးသော ပုဂ္ဂိုလ်များသည် မိမိတို့၏ မိသားစုအတွင်း၌လည်းကောင်း အိမ်ထောင်စုအတွင်း၌လည်းကောင်း

ရပ်ကွက်အတွင်း ရပ်ရွာအတွင်း၌လည်းကောင်း မြို့နယ်အတွင်း၌လည်းကောင်း စီးပွားရေးအဖွဲ့အစည်းအတွင်း၌လည်းကောင်း လုပ်ငန်းခွင်အတွင်း၌လည်းကောင်း ဌာနအတွင်း၌လည်းကောင်း ရုံးအဖွဲ့အစည်းအတွင်း၌လည်းကောင်း အေးချမ်းပြီး လန်းဆန်းစေလိုပါက အေးချမ်းပြီးချမ်းသာလိုပါက အေးချမ်းသာယာပြီး ချမ်းသာလိုပါက ငြိမ်းချမ်းပြီးကြီးပွားတိုးတက်လိုပါက ချမ်းချမ်းသာသာဖြစ်စေလိုပါက ကြီးပွားချမ်းသာလိုပါက ငြိမ်းချမ်းသာယာပြီး အောင်မြင်တိုးတက်လိုပါက အေးချမ်းငြိမ်သက်ပြီး ရာထူးဌာနန္တရတိုးတက်လိုပါက အေးချမ်းသာယာပြီး လာဘ်လာဘဝင်အားကောင်းလိုပါက ပန်းဓါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးကြရာ၏။ သူ့အချိန် သူ့အခါ သူ့နေ့နှင့် သူ့ပန်းဓါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးသင့်၏ဟု မှတ်သားသင့်၏။ ထိုသို့သောနည်းအားဖြင့် ပန်းဓါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးလာရခြင်းအားဖြင့် မိသားစုအတွင်း၌အေးချမ်းသာယာလာကြပြီး ချမ်းသာလာရတော့၏။ ငြိမ်းချမ်းပြီး ကြီးပွားတိုးတက်လာရတော့၏။ ငြိမ်းချမ်းသာယာပြီး အောင်မြင်တိုးတက်လာရတော့၏။ ငြိမ်းချမ်းပြီး ကြီးပွားတိုးတက်လာရတော့၏။ ချမ်းချမ်းသာသာဖြစ်လာရတော့၏။ အေးချမ်းငြိမ်သက်ပြီး လာဘ်လာဘတိုးဆတ် ဝင်ရောက်လာရတော့၏ဟုမှတ်ယူကြပါလေ။ ထိုထက်လွန်ကဲ

ပြီး ရေခါတ်ဒါနခန်းနှင့်တွဲဆက်ပြီး ပန်းခါတ်ဒါနခန်း (၂)မျိုး စလုံးကို ခဏာခဏာဖွင့်ပေးနိုင်ပါက မိမိတို့၏ စီးပွားရေးအဖွဲ့ အစည်းအတွင်း၌လည်းကောင်း မိသားစု အိမ်ထောင်စုအတွင်း များ၌လည်းကောင်း မည်သည့်အခါမျှ အမှုမဖြစ်နိုင်တော့ချေ တရားမဖြစ်နိုင်ကြတော့ချေ။ ပြဿနာမရှိနိုင်ကြတော့ချေ။ ရန်သူမျိုး အန္တရာယ်မျိုး ဘေးဘယ် မျိုးအနှောက်အယှက် အတိုက်အခိုက်မျိုးမရှိနိုင်တော့ချေ။ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာရ၏။ ကျန်းမာချမ်း သာစွာ ဖြစ်လာရ၏။ မြူးမြူးကြွကြွဖြစ်လာရ၏။ အထက်အကြီးအကဲများ ကောင်းချီးပေးရ၏။ ချီးကျူး ဂုဏ်ပြုခံရတတ်၏။ အထက်အကြီးအကဲများ ကောင်းချီးပေးရ၏။ ချီးကျူးဂုဏ်ပြုခံရတတ်၏။ အားပေးချီးမြှောက်ခံရတတ်၏။

ထို့ကြောင့် (ကြည်လင်လန်းဆန်းလိုလျှင် ပန်းခါတ်ကို ဆင်) ဟုမှတ်ကြပါလေ...။

(F) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ ကိုလည်း တည်ဆောက်နေသော တည်ဆောက်ဆဲဖြစ်သော တည်ဆောက်ပြီးသော ပုဂ္ဂိုလ်များသည် မိမိ၏ အိမ်ထောင် စုထဲတွင်လည်းကောင်း မိမိကျောင်း မိမိအတန်းထဲတွင်လည်း ကောင်း မိမိဌာန မိမိရပ်ကွက်ထဲတွင်လည်းကောင်း၊ မိမိတို့၏

ကုမ္ပဏီအတွင်း လီမိတက်အတွင်း စီးပွားရေးလုပ်ငန်းများ အတွင်း၌လည်းကောင်း ထင်ပေါ်ကျော်ကြားလိုပါက နှုတ်ဖြေ၊ ရေးဖြေ စာမေးပွဲများ အောင်မြင်လိုပါက ထူးထူးချွန်ချွန်အောင် မြင်လိုပါက အထက်တန်းကျကျအောင်မြင်လိုပါက အလုပ် စာမေးပွဲများရာထူး/အဆင့်အတန်း စာမေးပွဲများ၊ တက္ကသိုလ် ကောလိပ် စက်မှုစသော စာမေးပွဲများ၊ ကွန်ပျူတာစသော စာမေးပွဲများ၊ ထူးထူးချွန်ချွန်အောင်မြင်လိုပါက အထက်တန်း ကျကျ ဤရိုးရာနတ် ၂မျိုးကလွဲ မြန်မာပြည်တွင်တခြားမရှိ နိုင်ပါ ရှိခဲ့ပါသည်ဟုဆိုလာပါလျှင် လောကတွင် အောင်မြင် လိုပါက အကျော်ခါတ်၊ ဒါနခန်းကို ခဏခဏဖွင့်ပေးကြ ရာ၏။ ပြသထားသည့်အတိုင်း သူ့အချိန် သူ့နေ့၊ သူ့အခါနှင့် သူသတ်မှတ်၍ လေ့လာ၍ ခဏခဏအကျော်ခါတ်ဒါနခန်းကို ဖွင့်ပေးကြရာ၏။

ဤသို့အကျော်ခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးခြင်းဖြင့် စာမေးပွဲများ တစ်ခုပြီးတစ်ခု လွယ်ကူစွာ အောင်မြင်စေရ၏။ နှုတ်ဖြေရေးဖြေမှန်သမျှ လွယ်ကူစွာ အောင်မြင်စွာ ဖြေဆိုနိုင် ကြ၏။ မိမိ၏စာသင်ကျောင်း မိမိ၏စာသင်ခန်းတွင် ထင်ပေါ် ခြင်း ကျော်ကြားခြင်း အမြဲတမ်း (၁)မှ အဆင့် (၁၀)အတွင်း သာ ရှိနေတတ်ခြင်း အမြဲတမ်း အဆင့်အတန်းမြင့်မားနေတတ် ခြင်း အမြဲတမ်းအဆင့်တက်နေခြင်း ရှိလာပေလိမ့်မည်။ ထို့

အပြင် ကောလိပ်/ တက္ကသိုလ် စာမေးပွဲများ စက်မှု/ သိပ္ပံ/ ကွန်ပျူတာစသော စာမေးပွဲများ သင်္ဘောကုမ္ပဏီလိုင်း စာမေးပွဲများ အလုပ် ရာထူးတိုးစာမေးပွဲများ အထူးအဆင့်အတန်းမှီ အောင်မြင်စေနိုင်၏။ ဂုဏ်ထူးနှင့်တကွ အောင်မြင်စေနိုင်၏။ အချိန်မကြာတော့ဘဲ အချိန်တိုတိုနှင့် အောင်မြင်စွာဖြေဆိုနိုင် ပေလိမ့်မည်။ ထို့အပြင်လည်း တေးသံသွင်းလုပ်ငန်းများ တေးသီချင်းထုတ်လုပ်ရေးလုပ်ငန်းများ အနုပညာလုပ်ငန်းများ၊ ရုပ်ရှင်လုပ်ငန်းများ၊ ဗီဒီယိုလုပ်ငန်းများ၊ ရုပ်ရှင်/ ဗီဒီယိုသရုပ်ဆောင်များ၊ မင်းသား/ မင်းသမီးများ၊ အဆိုတော်များ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများ တေးဆရာများထင်ပေါ်ကျော်ကြားပြီး ငွေကြေးလာဘ်လာဘ အထူးဝင်အားကောင်းလိုပါက၊ မြန်မာပြည်အနှံ့ အရှေ့တောင်အာရှအနှံ့ ကျော်ကြားတောက်ပလိုပါက အလုပ်နှင့်ဝင်ငွေ၊ ဝင်ငွေနှင့်အလုပ် အဆက်မပြတ်အောင်မြင်ခြင်း ကျော်ကြားခြင်း ထင်ရှားကျော်ကြားခြင်း ဖြစ်စေလိုပါက ဤကျော်ခါတ် ဒါနခန်းကို ခဏခဏဖွင့်ပေးကြရာ၏။ ဤသို့ အကျော်ခါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးခြင်းဖြင့် မြန်မာပြည်တွင်လည်းကောင်း၊ အရှေ့တောင်အာရှတွင်လည်းကောင်း ထင်ပေါ်ကျော်ကြားသော ရုပ်ရှင်သရုပ်ဆောင်များ မင်းသားမင်းသမီးများ ဖြစ်လာနိုင်ပါသည်။ ထို့အပြင် ဝင်ငွေကောင်းသော သရုပ်ဆောင်ကောင်းသော

အဆိုတော်များ တေးသံရှင်များ မင်းသား/မင်းသမီးများ/ ဒါရိုက်တာများဖြစ်လာနိုင်ကြပါသည်။ ထို့အပြင် နိုင်ငံခြား ထွက်လိုသူများ နိုင်ငံခြားထွက်အလုပ်လုပ်လိုသူများ နိုင်ငံခြား တိုင်းပြည်များတွင် အလုပ်အကိုင်အဆင်ပြေလိုသူများ၊ ဝင်ငွေ ကောင်းလိုသူများသည်လည်း ဤအကျော်ဓါတ်ဒါနခန်းကို ခဏခဏဖွင့်ပေးကြရာ၏။ ဖွင့်ပေးသင့်ကြောင်း သိစေအပ်ပါ သည်။ ဤအကျော်ဓါတ် ဒါနခန်းကို ခဏခဏဖွင့်ပေးခြင်းဖြင့် တိုင်းတပါးရပ်ခြား၊ ပင်လယ်ရပ်ခြား၊ ပင်လယ်ပြင်၊ သမုဒ္ဒရာ ပြင်ကို နေ့ရောညပါ အဖော်ပြုရသော သင်္ဘောသားများ၊ နိုင်ငံ ခြားတိုင်းပြည်များတွင် အလုပ်အကိုင်အမြန်ရလွယ်ခြင်း၊ ဝင်ငွေကောင်းသော အလုပ်များကိုသာရလွယ်ခြင်း၊ ဝင်ငွေ ကောင်းသော အလုပ်အကိုင်များတွင်သာ စွဲမြဲစွာလုပ်ကိုင်ရ တတ်ခြင်း၊ အလုပ်ရုံစက်ရုံ အလုပ်ဌာနများတွင ရန်အန္တရာယ် ကင်းဝေးရခြင်း၊ ကျန်းမာရေး အထူးကောင်းမွန်ရခြင်း ဖြစ်လာ နိုင်ပါသည်။

ထို့အပြင် ရာထူးတက်/ရာထူးတိုးစာမေးပွဲများနှင့် အမြန် ဆုံးရာထူးဌာနန္တရတိုးတက်စေလိုပါလျှင်ငင်း (ကြိမ်းသေ) သေချာပေါက် ရာထူးတိုးတက်ချင်ပါလျှင်ငင်း ဤအကျော် ဓါတ် ဒါနခန်းကို ခဏခဏဖွင့်ပေးကြရာ၏ဟု အထူးမှတ် သားကြပါလေကုန်. . . ။

ထို့ကြောင့် (ထင်ပေါ်ကျော်ကြားလျှင် အကျော်ဓါတ်ကိုဆင်)
(စာမေးပွဲအောင်ချင် အကျော်ဓါတ်ကိုဆင်)
(ရာထူးအမြန်တက်ချင် အကျော်ဓါတ်ကိုဆင်)
(အကယ်ဒမီလိုချင် အကျော်ဓါတ်ကိုဆင်)
(နိုင်ငံခြားတွင်အဆင်ပြေချင်အကျော်ဓါတ်ကိုဆင်) ဟု အထူးမှတ်သားထားကြပေကုန်လော့ ...။ ဤညွှန်ပြထားသည့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ခြင်း၊ ကျင့်ဆောင်ခြင်း၊ ကြိုးစားခြင်းပြုသင့်လှပါကြောင်း ...။

(G) ဣစ္ဆာသယ နိမ္မိတ၊ လိုတရ၊ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေသော တည်ဆောက်ဆဲဖြစ်သော တည်ဆောက်ပြီးသော ပုဂ္ဂိုလ်များသည်–

(၁) ရေဓါတ်ဒါနခန်းအဖွင့်ပညာရပ်တို့ကိုလည်းကောင်း၊

(၂) ပန်းဓါတ်ဒါနခန်းအဖွင့်ပညာရပ်တို့ကိုလည်းကောင်း၊

(၃) အကျော်ဓါတ်ဒါနခန်းအဖွင့်ပညာရပ်တို့ကိုလည်းကောင်း၊

(၄) ရွှေဓါတ်ငွေဓါတ်ဒါနခန်းအဖွင့်ပညာရပ်တို့ကိုလည်းကောင်း အထူးလေ့လာ၍ အထူးမှတ်သားထား၍ မိမိ

အိမ် မိမိဘုရားစင် ဘုရားခန်းတို့တွင်၎င်း မိမိ၏ လီမိတက်/ ကုမ္ပဏီ/ ကော်ပိုရေးရှင်း စသည်တို့သည် ဘုရားစင် ဘုရားခန်းတို့တွင်လည်းကောင်း မိမိတို့၏စီးပွားရေးလုပ်ငန်းဌာန အတွင်းရှိ ဘုရားခန်းတို့တွင်လည်းကောင်း ထိုဓါတ် ၄ပါး ဒါနခန်း ၄ခုစလုံးကို သေချာစွာ ရိုသေလေးစားစွာ ခဏခဏ ဖွင့်ပေးကြရာ၏။ မိမိသည်စီးပွားရေးအရ အလုပ်အကိုင်အရ ခရီးခဏခဏသွားနေရခြင်း၊ လာနေရခြင်း မအားမလပ်တာ များပြားခြင်းရှိ၍ ထိုဓါတ် ၄ပါး၊ ဒါနခန်း ၄မျိုးစလုံးတို့ကို မဆောင်ရွက် မလုပ်ကိုင်နိုင်ပါက ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်ဆဲ တည်ဆောက်လျက်ရှိနေသော မိမိတို့၏မိခင်/ဖခင်အားလည်းကောင်း သို့မဟုတ် မိမိ၏ဇနီး/ခင်ပွန်း တစ်ဦးဦးအား လည်းကောင်း မိမိ၏ သား/သမီး/ချွေးမ စသည့် တစ်ဦးဦးအား လည်းကောင်း မိမိ၏ ဦးလေး/အဒေါ်/အမ တစ်ဦးဦးအား လည်းကောင်း တာဝန်ပေးထားပြီး ဤဓါတ် ၄ပါး ဒါနခန်း ၄မျိုးစလုံးကို ဆောင်ရွက်နိုင်ပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင်–

(၁) သန့်သန့်ရှင်းရှင်း စင်ကြယ်စွာဆောင်ရွက်ပါ။

(၂) အလျင်စလို အလောသုံးဆယ်မဆောင်ရွက်သင့်ပါ။

(၃) လှလှပပ/တင့်တင့်တယ်တယ်ဖြစ်အောင်ဆောင်ရွက်ပါ။

(၄) စိတ်အေးလက်အေး စိတ်ပါလက်ပါဆောင်ရွက်ပါ။

(၅) စိတ်ထား သဘောထား ကြည်လင်စွာနှင့် ကပ်လှူဆုတောင်းပေးပါ။ ဤအချက် (၅)ချက်နှင့် အမြဲတမ်းညီညွတ်အောင် ပြည့်စုံအောင် ဆောင်ရွက် လုပ်ကိုင်သင့်သည်။ ဆောင်ရွက်လုပ်ကိုင်ရမည်ဟု မှတ်သားကြပါလေ။ သို့မှသာလျှင် မိမိဆန္ဒရှိတိုင်း မိမိဆုတောင်းသည့်အတိုင်း ထိထိရောက်ရောက်ထက်ထက်သန်သန် အကျိုးကျေးဇူးများ ရရှိခံစားရလိမ့်မည်ဟု မှတ်သားနာယူကြပါကုန်လော့။

ထိုသို့သောအားဖြင့် စိတ်/သဒ္ဓါ ထက်ထက်သန်သန်ဖြင့် အချက် ၅ချက်နှင့် ညီညွတ်အောင် ဓါတ် (၄)ပါး ဒါနခန်း (၄)မျိုးစလုံးကို ခဏခဏဖွင့်ပေးလျက်ရှိသော ပုဂ္ဂိုလ်များတို့သည် လောကအလယ်၊ ကမ္ဘာ့အလယ်တို့တွင် ကောင်းကျိုးချမ်းသာ မင်္ဂလာသုခမှန်သမျှပြည့်စုံစွာ ပြည့်ဝစွာဖြစ်ပေါ်လာနိုင်တော့၏။ မည်သည့်စီးပွားရေးမဟူ၊ မည်သည့်အရောင်းအဝယ်လုပ်ငန်းမဟူ၊ မည်သည့် အလုပ်အကိုင်မျိုးကိုမဟူ၊ မတိုးတက်သည်မရှိ။ မအောင်မြင်သည်မရှိ။ မကြီးပွားသည် မရှိ။ တစ်ရက်ထက်တစ်ရက်၊ တစ်နေ့ထက်တစ်နေ့၊ တစ်လ ထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် နတ်တို့၏ ဥစ္စာစည်းစိမ် အလား သိကြားမင်း၏ စည်းစိမ်ရတနာအလား သူဌေး၊ သူကြွယ်တို့၏ စည်းစိမ်အလား၊ စကြာဝတေးမင်း

တို့၏ စည်းစိမ်ရတနာအလား ပြည့်စုံကြွယ်ဝလာရတော့၏။ တက်နေအလားကဲ့သို့ တိုးတက်ကြီးပွားလာရတော့၏။ ရန်ဟူသမျှကင်းလွတ်ရ၏။ ရန်ဟူသမျှတို့ကိုလည်း အောင်မြင်ရာ၏။ ပြောတိုင်း ဆိုတိုင်း လုပ်ကိုင်တိုင်း တောင်းတတိုင်း ကြံစည်တိုင်း စိတ်ကူးတိုင်း လျှင်မြန်စွာ အောင်မြင်ပြီးစီးရတော့၏။ ရန်သူမျိုး အတိုက်အခံမျိုး မလိုမုန်းထားသူမျိုးများသည် မိမိအားမကောင်းကြံခြင်းငှာ မဝံ့ရဲ။ မကောင်းကြံစည်၍ မရနိုင်တော့ချေ။ အမှုမှန်သမျှတို့မှ လွတ်မြောက်ရ၏။ တရားတဘောင် ရင်ဆိုင်မှုများမှ လွတ်ကင်းရ၏။ အမှုပြဿနာ မှန်သမျှတို့အား အနိုင်ရအောင် မြင်စေနိုင်၏။ လူနတ်ချစ်ခင်လေးစားရ၏ အထက်အာဏာပိုင် အကြီးအကဲများ ချစ်ခင်လေးစားရ၏။ မိမိပြောဆိုသ၍ အောင်မြင်ရ၏။ အရေးအကြောင်းရှိလျှင် မိမိဘက်ကသာရပ်တည်လာတော့၏။ လောကအလယ် ကမ္ဘာ့အလယ်တို့တွင် ရွှေမရှား/ငွေမရှား ဥစ္စာခနေ ရတနာရွှေငွေ ဒီရေအလားသို့ စည်ကားကြွယ်ဝလာနိုင်တော့၏။

**အထူးမှတ်ချက်** ။ ။ ဤသို့လျှင် ဣစ္ဆာသယ နိမ္မိတလိုတရ၊ ကာမာဝစရကာမ်စွမ်းအားတို့ကို မြှင့်တင်၍ ဓါတ် ၄ပါး စလုံးတို့အား အားကျိုးမာန်တက် ခဏခဏဖွင့်ပေးနေပြီး

စီးပွားဥစ္စာ ရတနာ ရွှေငွေ အလုပ်အကိုင်များ ကြီးပွားတိုးတက်သည် ဖြစ်နိုင်ပါလျက် ထိုသို့မဖြစ်မူ၍ မိသားစုအတွင်း အိမ်ထောင်စုအတွင်း လုပ်ငန်းကိုင်ငန်းအတွင်း အထစ်အငေါ့ ဖြစ်လာခြင်း အခက်အခဲများဖြစ်လာခြင်း စိတ်ဆင်းရဲစရာ စိတ်သောကများစရာ ကြုံလာရခြင်း ထွက်ငွေများပြားလာခြင်း မိသားစုအတွင်း လုပ်ဖော်ကိုင်ဘက်များအတွင်း စိတ်ဝမ်းကွဲပြားလာခြင်း ကြီးသူငယ်သူ/ ဆရာတပည့်/ သားအမိ မသင့်မမြတ်ဖြစ်လာကြခြင်း ကျန်းမာရေးဖောက်ပြန်လာခြင်း စီးပွားရေး ကျဆင်းလာတတ်ခြင်း အမှုတတ်ခြင်း ပြဿနာတတ်ခြင်း မီးလောင်ခြင်း မြွေကိုက် ခွေးကိုက်ခြင်းဖြစ်လာကြပါက . . .

တစ်စုံတစ်ဦးသော အဖျက်နက်တို့သည်လည်းကောင်း၊ လင်ဘက်/ မယားဘက် ဇနီးမောင်နှံနှစ်ဦးတို့၏ နှစ်ဖက်သော သက်ဆိုင်ရာ ရိုးရာနတ်တို့သည်လည်းကောင်း၊ ခြံစောင့် အိမ်စောင့် ဝင်းစောင့်နတ်တို့သည်လည်းကောင်း၊ တစ်စုံတစ်ခုသော အဖျက်မိစ္ဆာနတ်တို့သည်လည်းကောင်း၊ ရန်ညှိုးထားခြင်း အမျက်ဒေါသဖြစ်နေခြင်း ကြိမ်ဆဲနေတတ်ခြင်းတို့ကြောင့်ဖြစ်စေနိုင်၏။ ထိုသို့ဖြစ်စေမှုသည် ၈၅%ခန့် ဖြစ်စေနိုင်၏။ ကျန်သော ၁၅%ခန့်သည် သူတပါးမနာလို၍ ရန်ညှိုးဖွဲ့၍ အပ/ ပယောဂ အတတ်များဖြင့်လည်းကောင်း ယုတ်မာ

ညစ်ညမ်းသော အတတ်ပညာများဖြင့်လည်းကောင်း၊ အတိုက်အခိုက်ပြုခြင်းသာဖြစ်နိုင်ရာ၏ အထူးသတိပြုကြပါလေ။ အခြားခြားသော နည်းလမ်းများဖြင့် ဖြတ်ပျက်စရာ အကြောင်းမရှိဟု မှတ်ကြပါလေ။

(H) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေသော ပုဂ္ဂိုလ်များသည် သဘော်အမြန်လိုက်လိုပါလျှင်လည်းကောင်း၊ သဘော်အမြန်ရလိုပါလျှင်လည်းကောင်း၊ လာဘ်လာဘဝင်အားကောင်းသော သဘော်လိုင်းကိုရလိုပါလျှင်လည်းကောင်း၊သဘော်လိုင်းနှင့်ပတ်သက်သော စာမေးပွဲ နှုတ်ဖြေ/ ရေးဖြေတို့ကို အောင်မြင်လိုပါလျှင် သဘော်သီးအမှည့်ကို သဘော်ပုံသဏ္ဌာန်ဒါးနှင့်လှီး၍ သဘော် ၅စီးဖြစ်အောင်လှီးပြီး လင်ဘမ်းတစ်ချပ်ပေါ်မှာတင်ပါ သဘော်ဦးမှာ ငွေပန်း ၁ပွင့်စီထိုးစိုက်ပြီးလျှင် တခွန်တစ်လက်စီထိုးစိုက်၊ သဘော်ပဲ့ပိုင်းမှာ ဖယောင်းတိုင်တစ်တိုင်စီထွန်း ဘုရားရှေ့တည့်တည့်မှာပြင်ထားပါ အနန္တ ၅ပါးအားရည်မှန်း၍ ကပ်လှူပါ (သဘော်နှင့် ပတ်သက်သော (ဝါ) သဘော်လိုင်းနှင့်ပတ်သက်သော ဖြစ်စေချင်တာ ရစေချင်တာတို့ကို ၅ခါဆို၍ ဆုတောင်း) ၎င်းယတြာခါတ်ဆင်နည်းကို တနင်္လာနေ့ နံနက် ၉နာရီတစ်ကြိမ်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီတစ်ကြိမ် တစ်ပတ်

၃ကြိမ်ကပ်လှူပူဇော်၍ ဆုတောင်းပေးပါက ဝင်ငွေ/လုပ်ခ ကောင်းသော သင်္ဘောကိုရလွယ်၏၊ ရစေနိုင်၏၊ သင်္ဘောလိုင်းမှ ဝင်ငွေများများစားစား လက်ခံရရှိနိုင်၏။ သင်္ဘောလိုင်းတွင်အရာရှိများ သင်္ဘောသားများ ချစ်ခင်လေးစားရ၏။ သင်္ဘောလိုင်းတွင် ရာထူး/အဆင့် အထက်မြန်မာနိုင်ငံ၏ သင်္ဘောလိုင်းနှင့်ပတ်သက်သော ငွေရေးကြေးရေးများ အဆင်ပြေလာရ၏။ ထို့ပြင် သင်္ဘောအမြန်ထွက်လိုပါက သင်္ဘော ၅စီးအစား ၆စီးဖြစ်အောင်လုပ်၍ အထက်ပါ တစ်ပါတ် ၃ကြိမ်ကပ်လှူ၊ ဖြစ်စေချင်တာ ၅ခါဆို၍ဆုတောင်းကြပါလေ။

(I.) ဣစ္ဆာသယ နိမ္မိတ လိုတရ။ ကါမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်ဆဲ တည်ဆောက်နေသော ပုဂ္ဂိုလ်တို့သည် ရောင်း/ဝယ် ကောင်းလိုပါလျှင် အရောင်းများ စည်ကားလိုပါလျှင် အရောင်းအဝယ်များ တိုးတက်လိုပါလျှင် အင်္ဂါနေ့သည် မည်သည့်လတွင် လပြည့်နေ့ကြုံသည်ကို ပြက္ခဒိန်တွင် ကြည့်ထားမှတ်သားပြီး ထို**အင်္ဂါနေ့လပြည့်နေ့** ကြုံသော နေ့တွင် ညနေ ၃နာရီအချိန်၌ အရှေ့တော်ထောင့်သို့ ထိုးထွက်နေသော ဓီးကိုင်းကို ဒါးနှင့်ဖြတ်ယူပြီး လှပဖြောင့်တန်းအောင် ဒါးနှင့်သပ်ထားပြီး ဈေးဆိုင်/ထမင်းဆိုင်/စားသောက်ဆိုင်/ကုန်စုံဆိုင်/ပွဲရုံ/စသည်များတွင်ဆောင်ထားပါ။

သူတစ်ဖက်သား သိသာသွားပါက ခိုးယူသွားတတ်ပါသည်) သတိထားပါ။ ရောင်းချမည့်ထမင်းများ၊ ထမင်းအိုးများ၊ ဟင်းအိုးများ၊ တခြားရောင်းချမည့် ပစ္စည်းများအား ၎င်းဓါးသီးတုတ်တံနှင့် လိုက်ခေါက်ပေးပါ။ လိုက်ရိုက်ပေးပါ (အမြန်ဆုံးရောင်းထွက်ဟဲ့ )ဟုပြောဆိုပြီး လိုက်ခေါက်ပေး/ လိုက်ရိုက်ပုတ်ပေးပါ။ တစ်နေ့ထက်တစ်နေ့ တစ်ပတ်ထက်တစ်ပတ် အရောင်းအဝယ်များ ကောင်းလာပါလိမ့်မည်။ အထည်ဆိုင်များ အထည်အထပ်ပုံများအား နေ့စဉ် ၎င်းတုတ်တံနှင့် ရိုက်ပေးပါ၊ ရောင်းကောင်းလာလိမ့်မည်၊ အရောင်းအဝယ်သွက်လာလိမ့်မည်။ ဆိုက္ကား၊ အငှားကား၊ ကား/ စက်ဘီး/ ဆိုင်ကယ်/ အရောင်းအဝယ်များတွင် ၎င်းဓါးသားတုတ်တံဖြင့် လိုက်ခေါက်ပေးပါ။ ရိုက်ပုတ်ပေးပါက အမြန်ဆုံး ရောင်းထွက်ပါလိမ့်မည်။ အအေးဆိုင်များ လက်ဖက်ရည်ဆိုင်များ ကုန်စုံ၊ ကုန်ခြောက်ဆိုင် များသည် ၎င်းဓါးသာတုတ်တံဖြင့် လိုက်ခေါက်ပေး လိုက်ရိုက်ပုတ်ပေးပါ(အမြန်ဆုံးရောင်းထွက်ပါစေ)ဟု ပြောဆိုပြီး ရိုက်ပေးခေါက်ပေးပါက အရောင်းအဝယ် စည်ကားလာစေ၏။ အရောင်းအဝယ် တိုးတတ်လာစေနိုင်၏။

၂. ဣစ္ဆာသယ နိမ္မိတ လိုတရ။ ကါမာဝါစက ကံစွမ်းအား တို့ကို တည်ဆောက်နေဆဲ တည်ဆောက်နေသောအမျိုးသမီး

များ အမျိုးသားများသည် အရောင်းအဝယ် သွက်သွက် လက်လက်ဖြစ်စေလိုပါက အရောင်းအဝယ် စည်စည်ကား ကားဖြစ်စေလိုပါက မိမိ၏ ဈေးဆိုင် ကုန်ပဒေသာဆိုင် ကုန်စုံ ဆိုင် ပွဲရုံ စတိုးဆိုင် စသည်များတွင် ဆိုင်၏ကောင်တာစားပွဲ ပေါ်တွင် အလှပန်းအိုးတစ်အိုး ထားပါ။ ၎င်းပန်းအိုးတွင် ဓါးညွှန့် ၃ ညွှန့် ၊ နှင်းဆီပွင့် ၃ ပွင့်၊ သပြေ ၃ ခက်တို့ကို စုထိုးထားပါ။ ထိုပန်းအိုးကိုကိုင်၍ (ဆိုင်များ အရောင်းအဝယ် စည်စည်ကားကား ဖြစ်လာပါစေ) ပြောဆိုဆုတောင်း၍ စားပွဲ ပေါ်မှာ တင်ထားပါ။ အလှပြင်ဆိုင်များတွင် ၎င်းစတိုးဆိုင် များတွင် လည်းကောင်း ပွဲရုံတို့တွင်လည်းကောင်း အထူး သင့်တော်လှ၏။ တစ်ရက်ထက်တစ်ရက် တစ်ပတ်ထက် တစ်ပတ်တစ်လထက်တစ်လ အရောင်းအဝယ်များ ပိုမို ကောင်းမွန်လာစေ၏။ ဤကားအခြေချထားသော ဈေးဆိုင် ပွဲရုံ အလှကုန်ဆိုင် အလှပြုပြင်ဆိုင် စတိုးဆိုင်များအတွက် အထူးသင့်တော် သော အရောင်းအဝယ်ကောင်းစေနိုင်သော ယတြာပန်းအိုးပင် ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းသူ အမျိုးသမီးများ ကား ပွဲစားများ ကျောက်မျက်ရတနာပွဲစားများ အိမ်ခြံမြေပွဲစား အမျိုးသမီးများသည် ဓါးညွှန့် ၁ ညွှန့်နှင့် နှင်းဆီတစ်ပွင့် သပြေ တစ်ခက် ၎င်း ၃ မျိုးကို တစ်စည်းထဲဖြစ်အောင် သားရေကွင်း

နှင့် ပတ်စီးပြီး ခေါင်းမှာပန်၍ ပွဲစားလုပ်ပါက မကြာမီ အလုပ်အကိုင်များ အဆင်ပြေလာရ၏။ ပြောတိုင်းဆိုတိုင်း အောင်မြင်လာရ၏။ ထိုပန်းစီးအား ခေါင်းမှာပန်ပြီး ကျောက်မျက်ရတနာအရောင်းအဝယ်ထွက်ပါက ယခင်ကနှင့်မတူ ပို၍ ရောင်း/ဝယ်ကောင်းလာ၏။ ရောင်းတိုင်း ဖြစ်လာရ၏။

ကျောက်မျက်ရတနာဘူးများအား ငှင်းပန်းစီးနှင့် (၇) ချက် ရိုက်ပေး (အမြန်ဆုံး ရောင်းထွက်ပါစေ) ဟု နှုတ်က ပြောပြီးရိုက်ပေးပါ။ ပြီးမှ ဝယ်သူကိုပြပါ ပြီးမှ ဆိုင်တင်ပါ ပြီးမှ ရောင်းထွက်ပါ။ အရောင်းသွက်သွက်လက်လက် ဖြစ်လာစေနိုင်၏။ မော်တော်ကားများ၊ ဆိုင်ကယ်များ၊ လှေ၊ မော်တော်၊ သမ္ဗာန် စသည်များအား ငှင်းပန်းစီးကို ကားခေါင်းထိပ်တွင် လည်းကောင်း၊ ဆိုင်ကယ်အပေါက်ကြားထဲတွင် လည်းကောင်း၊ ရောင်းမည့်မော်တော်၊ သမ္ဗာန် စသည်တို့၏ ဦးထိပ်တွင်လည်းကောင်း ထိုးစိုက်ထားပါ။ အင်္ဂါနေ့/သောကြာနေ့ ညနေ ၃ နာရီတိုင်း အသစ်လဲထိုးပေးပါ အမြန်ဆုံး အရောင်းထွက်စေ၏။ အရောင်းအဝယ် သွက်သွက်လကလက် ဖြစ်လာစေရ၏။

K. ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ တည်ဆောက်လျက်ရှိသော.အမျိုးကောင်းသား/ အမျိုးကောင်းသမီးတို့သည် မြေကွက်ကို

လည်းကောင်း၊ အိမ်ခြံကိုလည်းကောင်း၊ တိုက်တာအဆောက်အဦးကိုလည်းကောင်း၊ လယ်ယာတို့ကိုလည်းကောင်း အမြန်ရောင်းထွက်လိုပါက ဇီးသားကို ၄–ချောင်းဖြတ်၍ ထောင်ပြီး လွန်နှင့် ဖောက်ပါ။ အပေါက်ထဲသို့ သီးသားကို ထည့်ပါ။ ရှားသားနှင့် အပေါက်ကို ရိုက်ပိတ်ပါ။ အင်္ဂါနေ့ ညနေ ၃–နာရီတိတိအချိန်တွင် ထိုဇီးသား ၄–ချောင်းအား ခြံရောင်းချင်လျှင် ခြံ ၄–ထောင့်တွင် ထောင့်တစ်ချောင်း ထိုးစိုက်ပါ။ မြေရောင်းချင်လျှင် မြေထောင့် ၄–ထောင့်မှာ တစ်ထောင့်လျှင် တစ်ချောင်းထိုးစိုက်ပါ။ အိမ်/တိုက် ရောင်းထွက်စေလိုလျှင် အိမ် ၄–ထောင့်၊ တိုက် ၄–ထောင့်တွင် တစ်ထောင့်တစ်ချောင်း ထိုးစိုက်ပါ။ အမြန်ဆုံးရောင်းထွက်ပါစေဟု ပြော၍ ထိုးစိုက်ရပါမည်။ ထို့အပြင် ထိုးစိုက်ရာ၌ သူတစ်ပါးမသိ/ မမြင်စေဘဲ မြုပ်နေအောင် ထိုးစိုက်ရပါမည်။ တိုက်ခန်းအရောင်းထွက်စေလိုပါလျှင် တိုက်ခန်း ၄ ထောင့်တွင် တစ်ထောင့်တစ်ချောင်း ထိုးစိုက်ထားရပါမည်။ ဇီးသား ၄–ချောင်းမှာ မိမိစိတ်ကြိုက် အနေတော်လုပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချိန်အခါမိ၍ အင်္ဂါနေ့ညနေ ၃–နာရီကိုက်၍ အရောင်းထွက်မည့်ကိစ္စ မှန်ကန်တိကျလာပါလျှင် သေချာပေါက်အရောင်းထွက်ရတော့မည်ဟု ဖြစ်လာလျှင် အဖျက်အဆီးသဘောမျိုးအဖြစ် အရေးပေါ်ကိစ္စ ပေါ်လာ

တတ်ခြင်း၊ အရေးကြီးလှသော တခြားကိစ္စကြီးများ ဝင်လာတတ်ခြင်း၊ မျက်နှာနာရမည့် အားနာရမည့် ရှိသေလေးစားရမည့် ပုဂ္ဂိုလ်ရောက်လာတတ်ပြီး မလုပ်ဖြစ်ဘဲ အချိန်လွန်သွားပြီး ပျက်ပြားရတတ်ပါသည်။ ထို့ကြောင့် သတိပြုကြပါလေ။ ဤသို့သော်နည်းအားဖြင့် အချိန်နာရီ၊ နေ့တို့ကို တိကျစွာလိုက်နာပြီး ဆောင်ရွက်ခဲ့သည်ရှိသော် အိမ်၊ ခြံ၊ မြေ အမြန်ဆုံး ရောက်ထွက်နိုင်၏။ မဖြစ်ဖြစ်သည့်နည်းနှင့် ဝယ်သူဘက်/ ရောင်းသူဘက် နှစ်ဖက်စလုံး ကျေနပ်သောနည်းများဖြင့် အရောင်းအဝယ်ကို ဖြစ်စေနိုင်လိမ့်မည်။ ဤသို့သော်နည်းအားဖြင့် ထောင့်လေးထောင့် တစ်ထောင့်တစ်ချောင်း ထိုးစိုက်၍ ရောင်းထွက်ရန် ဆောင်ရွက်ကြရာ၌ နှေးကွေးသည်ဟုထင်ခဲ့လျှင် မထွက်နိုင်ဘဲ ကြန့်ကြာနေသည်ဟု ထင်ခဲ့ပါလျှင်ထောင့် ၄–ထောင့်၊ တစ်ထောင့်တစ်ချောင်း မြှုပ်သည့်အပြင်နောက်ထပ် အရပ် ၄–မျက်နှာတို့တွင် တစ်ချောင်းတစ်မျက်နှာထပ်ပြီးမြှုပ်အောင် စိုက်ထားနိုင်သည်။ စုစုပေါင်း ၈–ချောင်း/ ၈–မျက်နှာ ဖြစ်သွားပါလိမ့်မည်။ ဤနည်းကား အမြန်ဆုံးနည်း ဖြစ်ပါသည်။

L. ဣစ္ဆာသယ နိမ္မိတ လိုတရ။ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေသော အမျိုးသား/ အမျိုးသမီးတို့သည်နိုင်ငံခြားထွက်လိုပါက နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင်

တာဝန်ထမ်းဆောင်လိုပါက နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် အလုပ်လုပ်ကိုင်လိုပါက အောက်ပါအတိုင်း စီရင်ဆောင်ရွက်ရာ၏။

(၁) အနေတော် ကသစ်သားကို ထောင်၍ တည်ထား၍ရအောင် ခေါင်း/ခြေရင်းမှတ်၍ ဖြတ်ထားပြီး ဘုရားစင်/ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ ထားပါ။ (၎င်းကသစ်သားကို လွန်နှင့်အပေါက်ဖောက်ထားပြီး ဘုရားရှေ့တော်တွင် ၎င်းကသစ်သားတုံးကိုထောင်၍ ထားရမည်ကို ဆိုလိုပါသည်။) အင်္ဂါနေ့ ညနေ ၃–နာရီမှ ညနေ ၅–နာရီအထိအတွင်း တစ်ကြိမ်၊ စနေနေ့ ညနေ ၃–နာရီမှ ညနေ ၅ နာရီအထိ အတွင်းတစ်ကြိမ်၊ တစ်ပတ် ၂–ကြိမ် ဆောင်ရွက်ပေးရသည်။ ဆောင်ရွက်ပုံမှာ ဓိးညွန့် ၃–ညွန့်၊ နှင်းဆီ ၃–ပွင့် ၎င်းနှစ်မျိုးကို တစ်စည်းထဲဖြစ်အောင် သားရေကွင်းနှင့်ပတ်စည်ပြီး ၎င်းက သစ်သားတုံးအပေါက်ထဲမှာ စုထိုးထားရပါမည်။ ဘုရား–တရား–သံဃာ–ဆရာ–မိဘ အနန္တော အနန္တ ၅–ပါးအား ရည်မှန်း၍ ကပ်လှူပူဇော်ကန်တော့ပါ။ ဆုတောင်းလျှင် (တပည့်တော်) (မည်သည့်နေ့သား) (အမည်နာမထည့်ဆို) သည် နိုင်ငံခြားခရီး အမြန်ဆုံးထွက်ခွင့်ရလာပါစေ နိုင်ငံခြားခရီး အမြန်ဆုံးသွားခွင့်ကျလာပါစေ နိုင်ငံခြားတိုင်းပြည်သို့ (တိုင်းပြည်အမည်ထည့်ဆို) အမြန်ဆုံးရောက်ရှိနိုင်ပါစေ။ နိုင်ငံခြား

တိုင်းပြည်တွင် အလုပ်လုပ်ကိုင်ခွင့် ရလာပါစေ။ နိုင်ငံခြား တိုင်းပြည်တွင် ပညာသင်ကြားခွင့် ရလာစေ) ဟု ၆–ခါဆို၍ ဆုတောင်းပါလေ။ ဤသို့ ညွှန်ပြထားသည့်အတိုင်း စီမံ ဆောင်ရွက်ကြပါက နိုင်ငံခြားခရီး အမြန်ဆုံး ဖြစ်လာစေရ၏။ အထစ်အငေါ့ အခက်အခဲ မည်မျှပင်ရှိရှိ ခရီးစဉ် အောင်မြင် လာ၏။ နိုင်ငံခြား သွားဖြစ်လာ၏။ သွားရဖို့လည်း အခွင့် အလမ်း ပွင့်လာရ၏။ နိုင်ငံခြားတိုင်းပြည်တွင် အလုပ် လုပ်ကိုင်လိုသူများနှင့် လည်းကောင်း နိုင်ငံခြားတိုင်းပြည်တွင် ပညာသင်ကြားလိုသူများအတွက် လည်းကောင်း အထူး သင့်တော်လှ၏။ အထူး အောင်မြင်စေရ၏ဟု မှတ်ယူကြ ပါလေ။

၂။ တစ်နည်းကား ... ကသစ်သားကို တနင်္လာနေ့နံနက်ပိုင်း ကစ၍ ဗုဒ္ဓရုပ်ပွားတော်ထု မတ်ရပ်/ဗျာဒိတ်ပေးပုံတော်ထုပါ။ သောကြာနေ့ အပြီးအစီးဖြစ်အောင် ထုစေရမည်။ ထို သောကြာနေ့တွင် အနေကဇာတင် ပြီးစေရမည်။ အရွယ် အစား ဉာဏ်တော်/အနိမ့်အမြင့်မှာလည်း (၆ လက်မ အနည်း ဆုံး ထားရပါမည်) တနင်္လာနေ့ ညနေ ၃ နာရီတစ်ကြိမ် သောကြာနေ့ ညနေ ၃ နာရီတစ်ကြိမ် တစ်ပတ် ၂ ကြိမ် ဆောင်ရွက်ပေးရပါသည်။ ၎င်းဘုရားအား ဧီးညွန့် ၃–ညွန့်၊ နှင်းဆီ ၃–ပွင့် ၎င်း ၂–မျိုးကို တစ်စည်းထဲဖြစ်အောင်

သားရေကွင်းနှင့် ပတ်စည်း၍ ငှင်းပန်းစီးကို ကသစ်သား ဘုရားအား ကပ်လှူပါ။ ထို့ပြင် ဖယောင်း ၆ တိုင်ထွန်း၊ အမွှေး တိုင် ၆ တိုင်ထွန်း၊ တံခွန်း ၆ လက်တို့ကိုလည်းထည့်၍ လှူဒါန်းပူဇော်ပါလေ (အမြန်ဆုံး နိုင်ငံခြားထွက်ခွာခွင့် ရလာ ပါစေ) (အမြန်ဆုံး နိုင်ငံခြားထွက်ခွင့် ကျလာပါစေ) စသည် စသည်တို့ဖြင့် ၆–ခါဆို၍ ဆုတောင်းကြပါလေ။ ဤသို့ ညွှန်ပြ သည့်နည်းအတိုင်း စီမံဆောင်ရွက်ပါက နိုင်ငံခြားအမြန်ဆုံး ထွက်ခွင့်ရလာစေ၏။ နိုင်ငံခြားတိုင်းပြည်တစ်ပြည်တွင် ပညာ သင်ယူခွင့် ဘွဲ့ဒီဂရီယူခွင့် အလုပ်လုပ်ကိုင်နိုင်မှုများ ဖြစ်လာစေ ရပါသည်။ ညွှန်ပြထားသော နေ့အချိန်နာရီတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်မှာ အထူးအရေးကြီးလှကြောင်း သတိပြုပါလေ။

M. ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမဝါစရကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ တည်ဆောက်လျက်ရှိသော အမျိုးသား/ အမျိုးသမီးတို့သည် မိမိ၏ (ခြံဝင်းအိမ် တိုက်ဂိုထောင် စသည် တို့ကိုလည်းကောင်း၊ မိမိ၏ ခန္ဓာကိုယ်ကိုလည်းကောင်း သူတစ်ပါး၏ ခန္ဓာကိုယ်ကိုလည်းကောင်း၊ ရန် ၅ ပါးမှ လွတ်ကင်းစေ၍ ဘေးရန်များမှလွတ်ကင်းစေသောနည်းကို အောက်ပါအတိုင်း စီရင်ဆောင်ရွက်ကြရာ၏။

ဆောင်ပုဒ်မှာ (ပိတောက်၊ ပဒေါင်း၊ ပိတုံး၊ ပြဒါး၊ ပဒိုင်း) ဟူ၍ အတိုချုပ်မှတ်သားရာ၏။ (ပိတောက်သားနှင့် လုပ်ထားသော လှည်းပဒေါင်း) ကို ဆိုလိုသည်။ လှည်းလုပ်ကြရာ၌ ပိတောက်သားနှင့်သာ လှည်းပဒေါင်းကို လုပ်ကြရသည်ဖြစ်၍ မြန်မာပြည်အနှံ့ မြို့ရော တောရွာပါမကျန် လှည်းပဒေါင်း မှန်သမျှသည် ပိတောက်သားနှင့်သာ စီမံလုပ်ကိုင်ရသည်ဟု မှတ်သားကြပါလေ။ ထိုပိတောက်သားနှင့် လုပ်ထားသော လှည်းပတောင်းသားကို ရှာဖွေ၍ ပိတုံးရုပ် ထုရသည်။ ပိတုံးရုပ်၏ (ဖင်) နေရာက အပေါက်ဖောက် အပေါက်ထဲကို ပြဒါး စစ်စစ်ထည့်သွင်း / ပဒိုင်းမြစ်နှင့် အပေါက်ကို လုံခြုံအောင်၊ ခိုင်ခန့်အောင် ပိတ်ပစ်ရသည်။ ပိတုံးရုပ်ကို ပိတုံးရောင် ဆေးအနက် သုတ်ထားရသည်။

၎င်းပိတုံးရုပ် အစီအမံကိုမူ တနင်္ဂနွေနေ့ လပြည့်နေ့ ကြုံကြိုက်သောနေ့တွင်လည်းကောင်း ကြာသာပတေးနေ့ လပြည့်နေ့နှင့် ကြုံကြိုက်သောနေ့တွင်လည်းကောင်း အပြီးအစီး ဆောင်ရွက်စီမံနိုင်ပါသည်။ ၎င်းနောက် –

(၁) ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ သော။

ဓမ္မောမေ သရဏံ အညံနတ္ထိ၊ ဓမ္မံသရဏံဂစ္ဆာမိ ကာ။

သံယောမေ သရဏံ အညံနတ္ထိ၊ သံဃံသရဏံ
ဂစ္ဆာမိ ချုပ်။

(၂) ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃာ့စက္ကံ မာတာပီတု အာစရိယ
စက္ကံ ဗြဟ္မစက္ကံ
လ္ကန္ဒစက္ကံ ဒေဝစက္ကံ ဝိဇ္ဇာဓရစက္ကံ ဥမ် မဟာနဝဂ်
စက္ကာနုဘာဝေန
သဗ္ဗရောဂါသုခဟောန္တု သဗ္ဗေဘယာဝိနာသန္တု
သဗ္ဗေနသန္တုပ္ပဒ္ဒဝါ
သဗ္ဗအန္တရာယာပိ ဝိနာသန္တု အသေသတော။

၎င်းဂါထာကို ၂–ပုဒ်ဖြင့် ပိတုံးရုပ်များကို ၅၄–ခေါက်
တိတိ ရွတ်ဖတ်သရဇ္ဈာယ်မန်းမှုတ်ထားပါလေ။ ဘုရားစင်
မြင့်မြတ်ရာမှာ လုံခြုံစွာ ထားပါ။

(၃) အိမ်၊ ခြံ၊ ဝင်း၊ တိုက်၊ ဂိုထောင် စသည်များအတွက်
လုံခြုံရေး လုံခြုံမှုတို့ကို အလိုရှိပါလျှင် တနင်္ဂနွေနေ့ လပြည့်
နေ့ ကြုံကြိုက်သောနေ့တွင်လည်းကောင်း သို့မဟုတ် ကြာသ
ပတေးနေ့ လပြည့်နေ့ ကြုံကြိုက်သောနေ့တွင်လည်းကောင်း
မွန်းတည့် ၁၂ နာရီအချိန်၌ဖြစ်စေ (သို့မဟုတ်) သန်းခေါင်
၁၂–နာရီတွင်ဖြစ်စေ အိမ် ၄–ထောင့်တွင် တစ်ထောင့်
တစ်ကောင် တိုက်ထဲမှထွင်း၍ မြှုပ်ထားရာ၏။ ခြံ ၄–ထောင့်၊
ဝင်း ၄–ထောင့်၊ စည်းရိုး ၄–ထောင့် စသည်များ တွင်လည်း

တစ်ထောင့်တစ်ကောင်ထည့်၍ မြှုပ်ထားရာ၏။ အချို့ဆိုပါလျှင် ခြံ ၄–ထောင့်၊ ဝင်း ၄–ထောင့်၊ စည်းရိုး ၄–ထောင့်တွင် အုတ် အင်္ဂတေတိုင် ၄–တိုင်လုပ်ပြီး ၎င်းအုတ် အင်္ဂတေတိုင်ထဲမှာ ထည့်မြှုပ်ထားကြကုန်၏။

(အစောင့်ပိတုံးမင်းက အသက်ဝိညာဉ်ယှဉ်တွဲ၍ ရန်သူမျိုး အန္တရာယ်အနှောင့်အယှက်မျိုး အတိုက်အခိုက်မျိုး ဥပါဒ်အန္တရာယ် အမျိုးမျိုးတို့ကို ဤနေရာဤဒေါင့်ဤအရပ်ကနေ၍ အထူးကာကွယ်စောင့်ရှောက်ပါစေသတည်း) ဟု ပြောဆိုပြီး မြှုပ်ထည့်ထားရမည်ဟု မှတ်သားထားသင့်၏။ သူတစ်ပါးအား ပိတုံးရုပ်ကို ပေးအပ်လိုပါလျှင် (ဘုရား၊ တရား၊ သံဃာ၊ မိဘ အနန္တော အနန္တ ငါးပါးတို့၏ တန်ခိုးတေဇော် အာဏာတော်ကြောင့် အစောင့် ပိတုံးမင်း ဤ (နေ့သား နာမည်ထည့်) အား ရန်သူမျိုး၊ အန္တရာယ်မျိုး၊ အနှောင့်အယှက်မျိုး၊ အတိုက်အခိုက်မျိုး၊ လက်နက်ဘေး၊ ဒုတ်၊ ဓါး၊ သေနတ်ဘေးတို့မှ လွတ်မြောက်အောင် မထိမရှအောင် အထူးကာကွယ်စောင့်ရှောက်ပါစေသတည်းဟု ၃–ကြိမ်ဆို၍ အပ်နိုင်ပါသည်။ ဤပိတုံးရုပ် အစီအမံသည် အိမ်လုံခြုံ၏။ အိမ်၊ ခြံ၊ ဝင်း၊ တိုက်၊ ဂိုဒေါင် စသည်များ လုံခြုံရ၏။ သူခိုးများ၊ ဓားပြများ၊ သူခိုးသူဝှက်များ မဝင်နိုင်၊ ဝင်မိလျှင်လည်း ပြန်မထွက်နိုင် အချို့ အမြန်ဖမ်းမိ လာရ၏။ ရန်သူမျိုး ၅ ပါးတို့၏ဘေးမှ

ကာကွယ်ထားပြီး ဖြစ်တော့၏။ ဥပါဒ်အန္တရယ်အမျိုးမျိုးတို့မှ ကာကွယ်ထားပြီ ဖြစ်ရတော့၏။ သူတစ်ပါး၏ အတိုက် အခိုက်များမှစ၍ အစဉ်ထာဝရ ကာကွယ်ထားပြီး ဖြစ်ရ၏။ မိမိအိမ်ခြံဝင်းအား လည်းကောင်း၊ မိမိ၏ တိုက်၊ ဂိုထောင်၊ ပွဲရုံ၊ ဈေးဆိုင်၊ စတိုး ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက် ဆိုင်တို့အား လည်းကောင်း မကောင်းကြံစည်၍မရ။ မကောင်းကြံစည်၍ မဖြစ်နိုင်၊ သူတစ်ပါး မကောင်းကြံစည် သော ဘေးရန်မှလည်း အစဉ်ထာဝရ ကာကွယ်ထားပြီး ဖြစ်၏။ မိမိ၏ တိုက်၊ အိမ်၊ ဝင်း စသည်များတွင် အချိန်၊ နာရီ၊ နေ့အတိုင်း ပိတုံးရုပ် ၅–ရုပ်တို့ကို မိမိခြံဝင်းတိုက် စသည့် ၄–ထောင့်တွင် တစ်ကောင် စီ မြှုပ်ထားပါက သူခိုး၊ ဓားပြ/ သူပုန် စသော ရန်သူမျိုးများသည် မိမိ၏ ပစ္စည်းကို လည်းကောင်း၊ အိမ်၊ တိုက်၊ ခြံ၊ ဝင်း ပျောက်ရှိနေတတ်၏။ ဤမျှပင် အန္တရာယ်အနှောင့်အယှက်များ ဘေးရန်များကို စိတ်ချလက်ချ ကာကွယ်ပေးနိုင်ပေသည်။ ယင်း ပိတုံးရုပ်ကို ခန္ဓာကိုယ်တွင် သွားလေရာလာလေရာ နေလေရာတွင် ဆောင်ထားပါက မိမိအား ချောင်းမြောင်းလုပ်ကြံခြင်းမှ လည်းကောင်း၊ ချောင်းမြောင်းရိုက်နှက်ခြင်းမှ လည်းကောင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းမှလည်းကောင်း ကာကွယ်ထားပြီး ဖြစ်ရတော့၏။ ထို့ပြင် စုန်း၊ နတ်၊ ကဝေ၊ မြေဘုတ်၊ ဘီလူး၊

သရဲ၊ သဘက်ကစ၍ မိမိအား မကပ် ရောက်နိုင် မနှိပ်စက်နိုင် ဖြစ်လာရတော့သည်။

ထိုနည်းတူ (ကသစ်သား၊ ကျားသစ်ရုပ်တု၊ ကြသောင်း ဝါးတွင် ထည့်ပိတ်ထားပြီး အမြဲဆောင်ထားခြင်း၊ မိမိတို့၏ ခြံဝင်းအိမ် တိုက်ဂိုထောင် စသည်တို့၏ ထောင့် ၄–ထောင့်ကို သို့မဟုတ် အရပ် ၄–မျက်နှာတို့တွင် မြှုပ်နှံထားရာ၏) က သစ်သားကိုရှာယူ၍ ကျားသစ်ရုပ်တု ကြသောင်းဝါးအတွင်း ထည့်ပိတ်၍ မြှုပ်ထားခြင်း၊ အမြဲဆောင်ထားခြင်း ပြုရမည် ကို ဆိုလိုသည်။ စီရင်ပုံ ဆောင်ရွက်ပုံနည်းအားလုံးသည် ပိတုံးရုပ်တုအတိုင်းပင် အစစအရာရာ အချိန် နေ့ နာရီတို့ကို ရွေးချယ်၍ ဆောင်ရွက်လုပ်ကိုင်ရမည်ဟု မှတ်ပါလေ။ ဤနည်းကား သူခိုး၊ ဓားပြ၊ သူဝှက်တို့ကို ကာကွယ်သော နည်းဖြစ်သည်ဟု မှတ်ယူသင့်ပါသည်။ သူခိုး သူဝှက် ဘေးရန်များမှ ကာကွယ်ထားနိုင်၏။ သူခိုးရန် ကင်းဝေးရ၏။ ခိုးသူမဝင်နိုင် ဝင်ပြီးပြန်၍ မရနိုင်၊ အမြန်ဆုံး ဖမ်းမိစေနိုင် တော့၏ ဟု မှတ်ကြပါလေ။

**အထူးမှတ်သားရန်ချက်** ။ ။ ပိတုံးရုပ်ထုလုပ်ရာတွင် ၎င်း ကျားသစ်ရုပ်ကို ထုလုပ်ကြရာတွင် ပိတုံးသည် ပိတုံးနှင့် တူစေ ရမည်။ ပိတုံးရုပ်သည် ပိတုံးနှင့်မတူဘဲ နောက်ချီးပိုးနှင့် တူနေ တာတို့၊ တခြားအကောင်တစ်ခုခုနှင့် တူနေတာသည် လုံးဝ

မအောင်မြင်ကြောင်း သိရှိကြပါသည်။ ၇–ရက် သား၊ ၇–ရက် သမီးတို့ကို ပြသမည့်အခါ ပိတုံးရုပ်သည် ချက်ချင်း ပိတုံးရုပ်ဟု ပြောနိုင်ရပါမည်။ ကျားသစ်ရုပ်သည် ချက်ချင်း ဒါကတော့ ကျားသစ်ဘဲဟု ပြောနိုင်ရပါမည်။ ထိုသို့ ပြောဆိုနိုင်ပါက ကျားရုပ်နှင့်တူနေတာ၊ ခြသေ့ရုပ်၊ ကြောင်ရုပ်နှင့် တူနေတာများသည် အရုပ်ထုရာမှာ မအောင်မမြင် မပီမသဖြစ်မှုကြောင့် လိုရာအကျိုး လိုရာသိဒ္ဓိမမြောက်ဘဲ ဖြစ်နေရတတ်ပါသည်။ ထို့ကြောင့် ပိတုံးရုပ်ထုရာတွင်လည်းကောင်း၊ ကျားသစ်ရုပ်ထုရာတွင်လည်းကောင်း ပီပီပြင်ပြင် အလွန်တူညီအောင် ထုလုပ်သင့်ပါကြောင်း အထူးအသိပေးအပ်ပါသည်။

N. **သာဓကအဖြစ်အပျက်တစ်ခုကို ထုတ်ပြပါဦးအံ့။**

အခါတစ်ပါး ကျွန်ုပ် စာရေးသူသည် ကရင်ပြည်နယ် ထိုင်းနယ်စပ်ဖြစ်သော မြဝတီမြို့ထဲ ရောက်ခဲ့၏။ လွန်ခဲ့ပြီးသော နှစ်ပေါင်း သုံးဆယ်ခန့်က ဖြစ်ပါလိမ့်မည်။ ခုနှစ် လ ရက်ဖြင့် တိတိကျကျ မှတ်မထားမိတော့ပါ။ ရပ်ကွက်ထဲ တပည့်လိုနေသော အိမ်တစ်အိမ်တွင် ကျွန်ုပ် တည်းခိုနေခိုက် အမျိုးသမီး နှစ်ယောက် ရောက်လာခဲ့ပါသည်။ ထိုအမျိုးသမီး ၂ ယောက် ကျွန်ုပ်အား ဦးချကန်တော့ပြီး မျက်နှာမသာ/မယာနှင့် ထောင့်တစ်ထောင့်တွင် ထိုင်နေကြပါတော့သည်။ ဤတွင် ကျွန်ုပ်က ကိစ္စအကြောင်းထူးများ ရှိပါက လျှောက်ထားပါရန်

ပြောလိုက်သောအခါ ထိုအမျိုးသမီး ၂–ဦးက အောက်ပါအတိုင်း လျှောက်ထားလာပါတော့သည်။ "ပြည်ဆရာတော်ဘုရား တပည့်တော်မတို့ လျှောက်ပါရစေပါဘုရား၊ တပည့်တော်မတို့မှာ မိန်းမသားတွေက များလှပါသည် ဘုရား။ ယောကျာ်းသားဆိုလို့ ခပ်ငယ်ငယ်ရွယ်ရွယ်လောက်သာ ရှိပါသည်ဘုရား။ ဆိုးလှတာက ဘုရား … မိန်းမသားများတော့ ယောကျာ်းမရှိ၊ ကလေးနှင့် လူငယ်လူရွယ်တွေသာ များတာကို သူခိုးကသိတော့ အခုဆိုရင် ဆိတ်တွေ အခိုးခံလိုက်ရပြီ၊ တော်ကြာ နွားတွေ အခိုးခံလိုက်ရနှင့် ခဏခဏ ခံစားနေရပါတယ်ဘုရား။ ခိုးနေမှန်းသိပါလျက်နှင့် ထမလိုက်ရဲသောဘဝဖြစ်နေရပါသည်ဘုရား။ သူခိုး၊ ဓားပြရန်က ကာကွယ်သည့်နည်းများ ယတြာများရှိလျှင် ဖွင့်တော်မူပါဘုရား" ဟု လျှောက်ထားပါသည်။ ဤတွင် ကျွန်ုပ်က "ဟ ဒါများ ဘာခက်ခဲလို့လဲ လှည်ပဒေါင်းသားဟောင်ကိုရှာ အဲဒါ ပိတောက်သားပေါ့ ဒါကို ပိတုံးရပ်ထုပြီးလျှင် ပိတုံးဖင်ကို အပေါက်ဖောက်ပြီး ပြဒါးသွင်း၊ ပဒိုင်းမြစ်နှင့်ပြန်ပိတ်ပြီးလျှင် ငါ့ဆီယူခဲ့၊ ငါစီစဉ်ပေးမယ်" ဆိုလိုက်တော့ သူတို့လည်း ဝမ်းသာအားရဖြစ်ပြီး ချက်ချင်းပိတုံးရုပ်ထုပြီး စတင်ဆောင်ရွက်ကြပါတော့သည်။ ထိုသို့ ပိတုံးရုပ်များကို မြှုပ်နှံပြီး၍ တစ်နှစ်ခွဲခန့်ကြာသောအခါ လူတစ်ယောက်သည် ထိုပိတုံးမြှုပ်ထားသော

အိမ်သို့ရောက်လာပြီး "ခင်ဗျားတို့အိမ်က ဘာအဆောင်တွေ ရှိတယ်တော့ မပြောတတ်ဘူး။ ကျွန်တော်တို့ ည ဘက်လာကြ တဲ့အခါ အစ်မကြီးတို့အိမ်ကို ရှာတာ ရှာမရဘူးဗျ။ မျက်စိလည် နေတယ်။ ဒါ ဘာဖြစ်တာလဲဆိုတာ မပြောတတ်ဘူး။ တစ်ခုခု တော့ တစ်ခုခုပဲ" ဟု ပြောဆိုသွားသေးသည်ဟု ကျွန်ုပ် တစ်ခါ တစ်ရံ ကြွလာသည့်အခါ ထိုအိမ်ရှင်အမျိုးသမီးက ဝမ်းသာ အားရ လျှောက်ထားဖူးသည်။

ထိုသို့ ပိတုံးရုပ် ၅–ရုပ်အား မြှုပ်နှံခဲ့ပြီး နှစ်အတော်ကြာ သွားပြီ။ ကျွန်ုပ်လည်း မော်လမြိုင်သို့ မကြွဖြစ်တာလည်း ကြာလာခဲ့ပြီ။ တစ်နေ့သောအခါ ဘုရားတည်ခြင်းကိစ္စတစ်ခု နှင့် မော်လမြိုင်မြို့ကို အမှတ်မထင် ကြွဖြစ်လာခဲ့ခြင်း ဖြစ်ပါ သည်။ မေ့ပျောက်လုဖြစ်နေသော ထိုပိတုံးမြှုပ်ခဲ့သော အိမ်မှ မိသားစုများရောက်လာကြပြီး ပြည်ဆရာတော် ကြွလာ ကြောင်း ကြားသိရ၍ ဝမ်းသာအားရလာရောက်ကန်တော့ ခြင်း ဖြစ်ကြောင်း ကုံကြိုက်တုန်း ပြည်ဆရာတော်အား လျှောက်ထားခွင့်ပြုတော်မူပါဘုရားဟု ခွင့်တောင်းပြီး တစ်ဆက်တည်း လျှောက်ထားလာပါတော့သည်။ "ပြည် ဆရာတော်ဘုရား လွန်ခဲ့သော နှစ်အနည်းငယ်တုံးက ဆရာ တော် ကြွလာတုံး ပိတုံးရုပ်များကို တပည့်တော်တို့တိုက်မှ မြှုပ်ပေးခဲ့ပါသည်ဘုရား။ တပည့်တော်တို့လည်း ကြာလာ

တော့ မေ့တောင်မေ့လျော့နေပါပြီဘုရား။ ပြီးခဲ့သောအပတ်က အိမ်မှာ နတ်တင်ပါသည်ဘုရား။ ဒီနတ်ကတော်က မှန်ပါတယ် ဘုရား။ တပည့်တော်တို့ မိဘများရှိစဉ်ကတည်းက တစ်နှစ်တစ်ကြိမ် နတ်တင်ပေးနေကျပါ ဘုရား။ ခါတိုင်းနှစ်တွေမှာ နတ်တင်ပြီးလျှင် နတ်ပူးကပ်ပြီး မေးကြပါသည်ဘုရား။ ဒီတစ်ခါမေးတော့ နတ်ပင့်မရတော့ပါ။ နတ်ကတော်လည်း ချွေးပြန်နေပါတော့သည်။ နတ်ပင့်၍ မရတော့ပါ။ ကဲ ဒါဖြင့်ရင်လဲ နတ်ပင့်၍မရရင်လည်း ပြန်တာပေါ့ဆိုပြီး နတ်ကတော်ကို ပြန်ခိုင်းလိုက်ပါတယ်။ အိမ်အပြင်ဘက်လည်း ရောက်ရော နတ်က ပူးကပ်လာပြီး (ဟဲ့ နင်တို့အိမ်က ပိတုံးတွေ ပဒက်တွေနဲ့ဟဲ့ ငါပူးကပ်လို့မရဘူးဟဲ့၊ အခု အပြင်ရောက်မှပဲ ငါ့မှ ပူးကပ်လို့ ရတော့တယ်) ဟု နတ်က ပြောလာပါတယ်။ ဒီတော့မှပဲ တပည့်တော်တို့လည်း အားရဝမ်းသာစွာနှင့် (ဟာ ဟုတ်တယ် ဟုတ်တယ် ပြီးခဲ့သော သုံးနှစ်လောက်က ပြည်ဘက်က ကြွလာတဲ့ ပြည်ဆရာတော်တစ်ပါးက ကျွန်တော်တို့အိမ် လုံခြုံအောင် အကာအကွယ်ဖြစ်အောင် ရန်သူမျိုး ၅–ပါး ရန်မှ လုံခြုံအောင် ပိတုံးရုပ် ၅–ကောင်ကို မြှုပ်ပေးခဲ့ဘူးတယ်ဟယ်) ဟု နတ်ကတော်ကို ပြန်ပြောမိပါတော့သည်။ ဝမ်းသာအားရ တအံ့တသြဖြစ်ပြီး ပြောခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်စာရေးသူသည် "သြော် ... ပိတုံးရုပ်၏

သတ္တိစွမ်းပကားတော့ဖြင့် အံ့မခမ်းပါတကား" ဟု မှတ်ချက် ချမိပါတော့၏။ ကျွန်ုပ် ကျမ်းပြုစုရေးသားသူ၏ တစ်သက် တာတွင် ထိုပိတုံးရုပ်နှင့် ပတ်သက်၍ ထူးဆန်းအံ့ဩမှုများ များစွာရှိပါ၏။ ကြားဘူးနားဝမဟုတ်ပါ။ မိမိကိုယ်တိုင် ကိုယ်တွေ့ကြုံတွေ့ခဲ့ရဖူးသော သာဓကအဖြစ်အပျက်များပင် ဖြစ်ပါသည်။ ထိုသာဓက အဖြစ်အပျက်များတွေသည်သာ အကုန်ထည့်ရေးနေရပါလျှင် နောက်ထပ်ကျမ်းစာအုပ် ဆယ်အုပ်ထုတ်လည်း ကုန်နိုင်ဖွယ်ရာ မမြင်ပါ။ ထိုအထဲမှာ ဗုဒ္ဓကိစ္စနှင့်ပတ်သက်၍ သာသနာပြုခဲ့ရင်း ကြုံတွေ့ခဲ့ရသော သာဓကတစ်ခုကိုသာ ဖော်ပြလိုက်ပါဦးအံ့ ...။

မြန်မာပြည်အလယ်ပိုင်း ပြည်မြို့နှင့်အနီးတဝိုက် ထင်ပေါ်ကျော်ကြားသော ရှေးဟောင်းသမိုင်းဝင် စေတီကြီး တစ်ဆူ ရှိပါသည်။ နှစ်ကိုခန့်မှန်းကြည့်လျှင် အနီးကပ်ဆုံး ခရစ်သက္ကရာဇ် ၁၉၈၅ – ၁၉၈၆ – ၁၉၈၇ ခုနှစ်အတွင်း ဖြစ်ပါ လိမ့်မည်။ ထိုသမိုင်းဝင်စေတီတော်သည် တောမြို့လေး တစ်မြို့နှင့် ၇ မိုင်ခန့်အကွာမှာ တည်ရှိနေပြီး လူသူမနီး ရပ်ရွာ မနီး အတော်အသင့်ဝေးကွာလှသော နေရာဌာနတွင် တည်ရှိ ပါသည်။ သူခိုး၊ ဓားပြ ခဏခဏ ထကြွသောင်းကျန်းသော ဒေသ တစ်ဝိုက် ဖြစ်သည်။ ထိုသမိုင်းဝင်စေတီတော်မြတ်အား ၁၉၈၆–၈၇ ခုနှစ်ထဲတွင် စိန်ဖူးတော်အသစ် တင်လှူကြမည်

ဖြစ်သည်။ စိန်ဖူးတော်၏ တန်ဖိုးကလည်း သိန်းပေါင်းများစွာ ထိုက်တန်ပြီး ကျောက်မျက်ရတနာပေါင်း ရွှေထည် / ငွေထည် အတော်များများ ခြယ်သထားသည်ကို တွေ့ရှိမှုးမြော်တွေ့ခဲ့ရ ပါသည်။ တစ်နေ့ ဘုရားဒါယကာ၊ ဒါယိကာမများ၊ မြို့မိ မြို့ဖတာဝန်ရှိပုဂ္ဂိုလ်များတို့သည် စာရေးသူထံ ရောက်ရှိလာ ကြပါသည်။ ၎င်းနောက် ထူးထူးဆန်းဆန်းကိစ္စတစ်ခုကို လျှောက်တင်လာကြပါသည်။ လျှောက်ထားပုံမှာ "ဝေပုလ္လ ရာမ ဆရာတော်ဘုရား။ တပည့်တော်တို့အား လျှောက်ထား ခွင့်ပြုတော်မူပါဘုရား။ ဘာသာရေး/ သာသနာရေး ကိစ္စဖြစ်ပါ၍ လျော်ကန်လျောက်ပတ်လိမ့်မည်ဟု ယူဆပါ သဖြင့် ဆရာတော်ကြီးအား လျှောက်ထားအပ်ပါသည်ဘုရား။ တပည့်တော်တို့၏ ရေးဟောင်းသမိုင်းဝင် စေတီတော်ကြီးမှာ မကြာမီလအနည်းငယ်အတွင်း ဘုရားပွဲတော်နှင့်အတူ စိန်ဖူး တော် ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲ ကျင်းပမှ ဖြစ်ပါ သည်ဘုရား"။ ဤတွင် ကျွန်ုပ်က "အေး ... ကောင်းသားပဲကွ။ ဒါ ကောင်းတဲ့အလုပ်ပဲ ဖြစ်မြောက်အောင်လုပ်ကြပေါ့ကွာ" ဟု အေးအေးဆေးဆေးပင် ဖြေကြားလိုက်ပါသည်။ ဤတွင် တာဝန်ရှိသူ ဒါယကာ ဒါယိကာမများဘက်မှ "ဒီလိုလည်း မဟုတ်သေးပါဘုရား၊ စိန်ဖူးတော် ငှက်မြတ်နားတော် တင်လှူထားပြီးသည့်နောက် သူခိုး/ဓားပြတွေက ခဏခဏ

သောင်းကျန်းနေတာကြောင့် စိန်ဖူးတော်ကို တက်ဖြုတ်ပြီး ခိုးယူသွားမှာ စိုးရိမ်နေရပါသည်ဘုရား။ ဆရာတော်ကြီး တတ်နိုင်လျှင် ဘယ်ပုံဘယ်နည်း ဆောင်ရွက်သင့်သည်တို့ကို အမိန့်ရှိတော်မူပါဘုရား" ဟု လျှောက်ထားကြပါသည်။ ဤတွင်မှ ကျွန်ုပ် စာရေးသူ သဘောပေါက်သွားပါတော့သည်။ "ဪ လက်စသပ်တော့ ဘုရားထီးတော် / စိန်ဖူးတော် / ငှက်မြတ်နားတော်များအား သူခိုး၊ ဓားပြရန်မှ ကင်းဝေးပြီး လုံခြုံမှုရှိအောင် ငါ ကာကွယ်ပေးရတော့မှာပါကလား" ဟု စိတ်ထဲမှ တွေးထင်မိပါတော့သည်။ သို့နှင့် ကျွန်ုပ် ကျမ်းပြုစာရေးသူသည် တာဝန်ရှိသူ ဒါယကာ ဒါယိကာမများအား "အေး အေး နည်းတစ်ခုတော့ရှိတယ်ဟေ့၊ မင်းတို့ ဒါယကာ ဒါယိကာမတွေ လုပ်ချင်ရင်တော့ ဆရာတော် နည်းပေးရတာပေါ့ကွာ။ ကောင်းမြတ်သော စေတနာ သဒ္ဓါတရားနှင့် စီမံဆောင်ရွက်ကြပေါ့ကွာ" ဟု ဆိုပြီး ကျွန်ုပ်သည် ပိတောက်သား လှည်းပတောင်းသားကို ပိတုံးရပ်တုပုံ ထုနည်းနှင့် အပေါက်ဖောက် ပြဒါးထည့်သွင်းပြီး ပဒိုင်းအမြစ်နှင့် အပေါက်ကို ပိတ်ပုံပိတ်နည်းများကို ဟောကြားပြသပြီး ဂါထာ များဖြင့် ရွတ်ဖတ်သရဇ္ဈာယ်စေပြီး ဘုရားထီးတော်နှင့် စိန်ဖူး တော်တို့တွင် စုစုပေါင်း ပိတုံးရပ်တွင် စုစုပေါင်းကိုးရုပ် ၉- ကောင် တိတိတို့ကို တပ်ဆင်ဆုတောင်းပုံ ဆုတောင်း

နည်းမှစ၍ ကျွန်ုပ် သင်ကြားပေးပြီး ဆောင်ရွက်စေခဲ့ပါသည်။ ထို စိန်ဖူးတော် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအား ကျွန်ုပ်ကို ပင့်လာ၍ သွားရောက်ကြွရောက်ပြီး ပရိတ်ရွတ်ဖတ် သရဏဂုံ ပေးခဲ့ခြင်း၊ သီလပေး တရားချီးမြှင့်ခြင်းကိစ္စတို့ကို ဆောင်ရွက်ပေးခဲ့လေ၏။ ထိုသို့ စိန်ဖူးတော် တင်လှူပူဇော်ပြီးနောက် (ခုနစ်လ/ ရှစ်လ) ခန့်အကြာတွင် ထိုဘုရားစေတီတော်၌ ပရိသတ်အများအပြားနှင့် တာဝန်ရှိ ဂေါပကလူကြီးမင်းများ ပြောကြဆိုကြ ဝေဖန်ကြနှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည် ကို တွေ့ခဲ့ရ၏။

"ဟာ ဒါ ဘယ်လိုဖြစ်နေကြတာလဲဟ ဒါ ဘာတွေဖြစ်နေကြတာလဲ"

"ဘုရားကို ပြစ်မှားတာ ခံပေါ့ကွာ။ ဟာ ဖြစ်မှဖြစ်ရလေ"

ဟူသော ပရိသတ်များ၏ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများမှာ နားမဆန့်အောင် ပျံ့နှံ့နေကြတော့၏။ အဖြစ်အပျက်မှာကား ဤသို့တစ်ခုတည်း လူ ၄ ယောက် ခန္ဓာကိုယ်မှာလည်း အနီဖု၊ အညိုဖုတွေပြည့်နှက်နေပြီး စေတီပေါ်တက်ပြီး လူမသိအောင် ညက စိန်ဖူးတက်ဖြုတ်သည့်အတွက် စေတီပေါ်က ပြုတ်ကျလာတာဟု သိရှိလာခဲ့ရ၏။ ၂–ယောက်သား သတိလုံးဝမှ မရသေးပါ။ ကျန် ၂–ယောက်

မှာ လေငန်းဖြတ်သလို စကားမပီတပီနှင့် (ပိတုံးတွေ ပိတုံးတွေ လိုက်ကိုက်နေတယ်။ ပိတုံးတွေ လာနေပြီ။ ပိတုံးတုတ်လို့ ခန္ဓာကိုယ်မှာ အနီကွက်/ အညိုကွက်တွေ ဖြစ်လာတာဗျာ) စသည်ဖြင့် သွေးရူးသွေးသတန်း ကယောင်ကတမ်းနှင့် အော်ဟစ်နေပါတော့၏။ ဤတွင် လူကြီးနှစ်ယောက်က (အေး ခံပေါ့ကွာ မင်းတို့ သူခိုး၊ ဓားပြတွေကလဲ ဘုရားပစ္စည်းတောင်မှ မရှောင်တာကိုးကွ) ဟု ပြောဆိုအော်ဟစ်ခဲ့ပြီး မကြာမီ နီးစပ်ရာ မြို့တစ်မြို့၏ ဆေးရုံသို့ လူနာများကို တင်ခဲ့ရ၏။ ဤတွင်မှ ကျွန်ုပ် စာရေးသူသည် "သြော် ပိတုံး ... ပိတုံး၊ ပိတုံးရုပ်၏ စွမ်းရည်သတ္တိမှာကား ပြော၍ ရေး၍ပင် မကုန်နိုင်တော့ပါတကား ..." ဟု နှုတ်မှပင် ရေရွတ်မိပါတော့သည် တကား။

ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ တည်ဆောက်လျက်ရှိသော အမျိုးသား/ အမျိုးသမီးတို့သည် ဘေးရန်အန္တရာယ် ကင်းပေးစေလိုပါက ရောဂါဝေဒနာများ ကင်းဝေးစေလိုပါက အောက်ပါအတိုင်း စီမံဆောင်ရွက်ကြရာ၏။

မိမိအိမ်၏ ဘုရားခန်း ဘုရားစင်၌ –

(၁) ဘယာကြော် ၁၆ ခုပါသော ပွဲ ၁ ပွဲ၊

(၂) ဆန် နို့ဆီဘူး ၃ လုံးပါသော ဆန်ပွဲ ၁ ပွဲ၊

(၃) ကျောက်စရစ်ခဲ ၁၆ ခဲပါသော ပွဲ ၁ ပွဲ၊
(၄) ရေ ၉ ခွက်ပါဝင်သော ရေပွဲ ၁ ပွဲ

ဘုရားရှေ့တော်တွင် ဖယောင်း ၅ တိုင် တန်း၍ထွန်း၊ အမွှေးတိုင် ၅ တိုင် ထွန်းညှိပါ။

အားလုံးသောပစ္စည်းများ၊ လှူဖွယ်များအား ဘုရား တရား သံဃာ ဆရာ မိဘ စသော အနန္တ ၅ ပါးအား ရည်မှန်း၍ ကပ်လှူပူဇော်ကြပါ။ ဘေးအန္တရာယ်များ ကင်းဝေးဖို့ ရောဂါ အနာများ ကင်းဝေးစေဖို့ ၉ ခါဆို၍ ဆုတောင်းပါလေ။

ပြီးလျှင် အနန္တော အနန္တငါးပါးအပေါင်းတို့ ဘုရားတပည့် တော် ရှိသေစွာ လျှောက်ထားပါ၏ဘုရား။ ဗုဒ္ဓမြတ်စွာဘုရား ရှင်နှင့်တကွ ဘုရား တရား သံဃာ ဆရာ မိဘ အနန္တ ငါးပါး ပုဂ္ဂိုလ်များ သုံးဆောင်ပြီးသော လှူဖွယ်ပစ္စည်းများအား တပည့်တော်နှင့်တကွ ၇-ရက် သားသမီးတို့အား ဘေးအန္တရာယ်များ ကင်းဝေးစေရန်အတွက်လည်းကောင်း ရောဂါဝေဒနာများ ပပျောက်စေရန်လည်းကောင်း ဆေးတော်၊ အဆောင်တော်များအဖြစ် စွန့်တော်မူပါဘုရားဟု ၅ ခါ ဆို၍ ဆုတောင်းကန်တော့ပါလေ။

ပြီးလျှင် ထို ၄ မျိုးသော ပစ္စည်းများကို မိမိ၏ မျက်နှာ/ နှုတ်ခမ်းနှင့် တစ်ပေကွာမှာထားစေပြီး အောက်ပါဂါထာတော်

များကို အနည်းဆုံး ၂၇–ခေါက် သရဏ္ဍာယ် ရွတ်ဖတ်ပေးရပါမည်။ အများဆုံး ၁၀၈ ခေါက်တိတိ ရွတ်ဖတ်သရဏ္ဍာယ် ပေးရပါမည်။

ဤသို့ တစ်ထိုင်ထဲနှင့် သရဏဂုံ ၃ ပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်ပြီး၍ ဘုရားတရား သံဃာ ဆရာ မိဘ အနန္တငါးပါးတို့၏ တန်ခိုးတေဇော်အာဏာတော်ကြောင့်လည်းကောင်း၊ ယခု ရွတ်ဖတ်သရဏ္ဍာယ်အပ်သော ဗုဒ္ဓဂါထာ၊ ဓမ္မဂါထာတို့၏ တန်ခိုးတေဇော်အာဏာတော်ကြောင့် ဤဘယာကြော် ၁၆ ခုတို့သည်လည်းကောင်း၊ ဤဆန်ပွဲ၊ ကျောက်စရစ်ခဲတို့သည်လည်းကောင်း၊ ရေချမ်းတော် ၉ ခွက်အပေါင်းတို့သည် လည်းကောင်း၊ ဗုဒ္ဓဆေးတော်၊ သံဃာဆေးတော်၊ ဗုဒ္ဓသိဒ္ဓိတော်၊ ဓမ္မသိဒ္ဓိတော်၊ သံဃာ့သိဒ္ဓိတော်၊ ဗုဒ္ဓမဟိဒ္ဓိတော်၊ ဓမ္မမဟိဒ္ဓိတော်၊ သံဃာ့မဟိဒ္ဓိတော်၊ ဗုဒ္ဓအဆောင်တော်၊ ဓမ္မအဆောင်တော်၊ သံဃာ့အဆောင်တော် အတိ ပြီးပါစေသတည်း၊ အတိပြီးပါစေသတည်း၊ အတိအောင်မြင်ပါစေသတည်းဟု ၅–ခါ ဆိုဆုတောင်းပါလေ။ အဓိဋ္ဌာန်ပြုထားပါလေ။

## ဂါထာတော်များ

(၁) ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃစက္ကံ သုံညံသတ္တြုသွားဟ၊

(၂) ဟာရဝံ ဗုဒ္ဓဂုဏောန ဗုဒ္ဓတေဇေန ဗုဒ္ဓဗလေန ဗုဒ္ဓါ အာနုဘာဝေန၊

ဟာရဝံ ဓမ္မဂုဏေန ဓမ္မတေဇေန ဓမ္မဗလေနေ ဓမ္မ အာနုဘာဝေန၊

ဟာရဝံ သံဃဂုဏေန သံဃတေဇေန သံဃဗလေန သံဃ အာနုဘာဝေန

သဗ္ဗရောဂါ၊ သုခီဟောန္တု သဗ္ဗေဘယာ ဝိနာသန္တု သဗ္ဗေနသန္တုပ္ပဒ္ဒဝါ။

(၃) ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃစက္ကံ အနန္တတြိစက္ကါနုဘာဝေန၊ သဗ္ဗရောဂါ သုခီဟောန္တု သဗ္ဗေဘယာ ဝိနာသန္တု သဗ္ဗေနသန္တုပ္ပဒ္ဒဝါ၊

(၄) ဗုဒ္ဓေါမေ ရက္ခန္တု နိစ္စံ။ ဓမ္မောမေ ရက္ခန္တု သဒါ။ သံဃောမေ ရက္ခန္တု ဒိနေ။ သဗ္ဗဗုဒ္ဓါ နုဘာဝေန သဗ္ဗဓမ္မာ နုဘာဝေန သဗ္ဗသံဃာနုဘာဝေန သဗ္ဗရောဂါ သုခီ ဟောန္တု သဗ္ဗေဘယာ ဝိနာသန္တု သဗ္ဗေဘယာ ဝိနာသန္တု သဗ္ဗေနသန္တုပ္ပဒ္ဒဝါ။

စုစုပေါင်း ၄–ဂါထာ ဖြစ်ပါသည်။

ဤဂါထာ ၄–ပုဒ်စလုံးကို ရှေးပေမူ ပုရပိုဒ်များတွင် **အနန္တ**

**မဟာအနန္တ တြိစက္ကဂါထာတော်ကြီး** ဟု တွေ့မြင်ရဖူးပါသည်။ ၎င်း မဟာအနန္တတြိစက္ကဂါထာတော်ကြီးအား နေ့စဉ်ရက်ဆက် သရဇ္ဈာယ်ပေးလျှင်လည်း အကိုင်းထက်အလွန်ကောင်းလှပါ၏။ အတိုင်းထက်အလွန် တန်ဖိုးကြီးမားခြင်း၊ အတိုင်းထက်အလွန် သိဒ္ဓိကြီးမားခြင်း၊ အတိုင်းထက်အလွန် ပညာဉာဏ်ကြီးမားခြင်း၊ အတိုင်းထက်အလွန် အာဏာကြီးမားခြင်း၊ အတိုင်းထက်အလွန် စည်းစိမ်ဥစ္စာ ဂုဏ်ပါဝါအားကြီးမားခြင်း ဖြစ်စေနိုင်၏။ အန္တရာယ် အလွန်ကင်းဝေးရ၏။ အန္တရာယ်မှန်သမျှတို့သည်လည်း ပပျောက်လွင့်ထွက်ပြေးရ၏။ ရန် ၅ ပါးမှန်သမျှ ပပျောက်လွင့်ထွက်ရ၏။ အမှုပြဿနာမှန်သမျှတို့ကိုလည်း ပပျောက်လွင့်ထွက် ကြကုန်၏။ အပူသောကဗျာပါဒမှန်သမျှတို့လည်း ပပျောက်လွင့်ထွက်ပြေးကြကုန်၏။ ၉၆–ပါးသော ရောဂါအနာမှန်သမျှ ပျောက်ကင်းချမ်းသာရ၏။ ၉၆–ပါးသော ရောဂါအနာမှန်သမျှတို့သည်လည်း ပပျောက်လွင့်ထွက်ကုန်၏။ အမှုပြဿနာမှန်သမျှတို့ကိုလည်း ပပျောက်လွင့်ထွက်ကြကုန်၏။ အမှုပြဿနာမှန်သမျှ ကင်းဝေးကြရ၏။ အမှုပြဿနာမှန်သမျှတို့ကိုလည်း နိုင်နင်းစေရ၏။ တောထဲတောင်ထဲ စသည်တို့တွင်မှ အဆိပ်ရှိသော သတ္တဝါများ အဆိပ်ရှိသော မြွေပွေးမြွေဟောက်များ သားရဲတိရစ္ဆာန်များတို့၏ ရန်အန္တရာယ်များမှ

ကင်းဝေးစေ ရ၏။ အစွယ်အားကိုးသော သားရဲတိရစ္ဆာန်များ ဦးချိုအားကိုးသော သားရဲတိရစ္ဆာန်များ အဆိပ်အားကိုးသော သားရဲတိရစ္ဆာန် ရန်မပြုနိုင် အန္တရာယ်မပေးနိုင် ဆင်းရဲဒုက္ခမရောက်စေနိုင်ဟု မှတ်ကြပါလေ။ ၎င်း မဟာအနန္တတြိစက္က ဂါထာတော်ကြီးအား စတုလောကပါလ နတ်မင်းတို့သည် လည်းကောင်း၊ သိကြားမင်းနှင့်တကွ ၃၃–ကျိပ်သော နတ် စစ်သူကြီးတို့သည်လည်းကောင်း စောင့်ရှောက်ကြကုန်သည်ဖြစ်၍ ဘေးမှန်သမျှ ရန်မှန်သမျှ အန္တရာယ်မှန်သမျှ ဒုက္ခမှန်သမျှ သောကမှန်သမျှ အတိုက်အခံမှန်သမျှ ကင်းဝေးပပျောက်ကြရ၏။ ရောဂါမှန်သမျှ အနာမှန်သမျှတို့ကိုလည်း ကုသကယ်မနိုင်၏။

ရေကိုလည်းကောင်း၊ ဆီကိုလည်းကောင်း၊ ထုံးနှင့်စပ်၍ ဖျော်ထားသော ထုံးနှင်းကိုလည်းကောင်း၊ မဟာအနန္တတြိစက္ကဂါထာတော်ကြီးနှင့် ၂၇–ခေါက် ရွတ်ဖတ် သရဇ္ဈာယ်၍ပေးစေခြင်းဖြင့် ရေမန်း၊ ဆီမန်း၊ ထုံးနှင်းမန်းများဖြစ်စေပြီး စားဆေး၊ သောက်ဆေး၊ လိမ်းဆေးအဖြစ် အသုံးပြုနိုင်ပြီး ၇–ရက်သား/ ၇–ရက်သမီးတို့၏ ရောဂါအနာမှန်သမျှတို့ကို ပျောက်ကင်းချမ်းသာစေနိုင်၏။ ရိုးရိုးရောဂါအနာမှန်သမျှ ခပ်ဆန်းဆန်းရောဂါအနာမှန်သမျှတို့ ပျောက်ကင်းစေရ၏။ ပယောဂအနှောက်အယှက်များ၊ စုံးပင်း၊ နတ်ပင်း၊ ဖူးပင်း၊

အစာပင်းမှန်သမျှတို့အား ရေကို ၂၇–ခေါက် ရွတ်ဖတ် သရဇ္ဈာယ်ပြီး တိုက်ပေးပါ။ အပင်းမှန်သမျှ အစာမှန်သမျှ ပျောက်ကင်းချမ်းသာစေရ၏။ စုံး၊ ကဝေ၊ သရဇ္ဈာယ်ပေးပြီး သောက်ပေး / တိုက်ပေး / ပက်ဖျန်းပေးပါက နာနာဘာဝ ဝိနာဘာဝ အခြောက်အလှန့်များ ကင်းဝေးရ၏။ ပပျောက် လွင့်ထွက်ပြေး ကြရ၏။

ကျောအောင့်၊ ကျောနာ၊ ဗိုက်နာ၊ ရင်နာ၊ ခါးနာ၊ ဒူးနာ၊ ခြေရောင်၊ လက်ရောင်၊ အဆစ်အမြစ်ရောင်ရမ်းနာ၊ ခြေ၊ လက်၊ ပေါင်၊ ဒူး၊ ကိုက်ခဲနာ၊ အကြောနာ၊ အကြောထုံး၊ အကြောညှပ် စသော အကြောရောဂါနှင့် ပတ်သက်သော အကြောနာမှန်သမျှ ခါးဆစ်လွဲ၊ ခါးဆစ်နာ၊ ခါးကြောညှပ်၊ အရိုးကျိုးပေါင်းတက်ရောဂါမှန်သမျှ ဈေးမဆစ်ပဲဝယ်သော မုန့်ညင်းဆီစစ်စစ် သို့မဟုတ် နှမ်းဆီစစ်စစ်တို့ကို ဂါထာဖြင့် ၂၇–ခေါက် သရဇ္ဈာယ်ပေးရွတ်ပေးပြီး နံနက်၊ နေ့၊ ည လိမ်းချ ပေးပါက အမြန်ဆုံးပျောက်ကင်းချမ်းသာစေရ၏။

ဂါထာများဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ထားသော ဘယာ ကြော် ၁၆–ခုတို့အား ရောဂါသည်လူနာများ ပေးခြင်း/ ကျွေး ခြင်းအားဖြင့် အနာရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင် ၏။ အရေးကိစ္စ အကြောင်းထူးရှိလျှင် ဘယာကြော်အား စားသွားခြင်းဖြင့် ရောဂါအနာတို့ကို ကင်းဝေးစေ၏။ အမှု

ပြဿနာတို့ကို နိုင်နင်းစေ၏။ ရေချမ်းတော် ၉–ခွက်ကိုလည်း ဆေးအဖြစ် မျက်စဉ်းခပ်ပေးခြင်း၊ မျက်နှာသစ်ပေးခြင်း၊ သောက်ပေးခြင်းဖြင့် အမှုနိုင်တတ်၏။ အနှောင့်အယှက်များ အတိုက်အခိုက်များ ကင်းဝေးစေ၏။ ပယောဂ၊ မျက်စိနာများ၊ မျက်စိထဲ အပင်းသွင်းမှုများ ပျောက်ကင်းစေ၏။ ဆန်ပွဲ၊ ကျောက်စရစ်ခဲများမှာမှ အနှောက်အယှက်များ သူတစ်ပါး အတိုက်အခိုက်များ အိမ်၊ ခြံ၊ မြေ မသန့်မှုအား ၎င်းဆန်များကို ကျဲမြှောက်ပေးခြင်းဖြင့်လည်းကောင်း၊ ကျောက်စရစ်ခဲများအား အရပ် ၄–မျက်နှာ၊ အရပ် ၈–မျက်နှာတို့အား ကျဲချထားခြင်းအားဖြင့် သူတစ်ပါး အနှောက်အယှက်များ မြေမသန့်၊ အိမ်မသန့်၊ နေရာမသန့်ခြင်းများ ပပျောက်ပေးရသည်ဟု မှတ်ကြပါလေ။

(စ) ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ၊ တည်ဆောက်လျက်ရှိသော အမျိုးသား/အမျိုးသမီးတို့သည် မိသားစု အေးချမ်းငြိမ်းအေးချမ်းစေလိုသော် အာက်ပါအတိုင်း စီရင်ဆောင်ရွက်ကြရ၏။ ဖလားတစ်လုံးထဲမှာ ရေသန့်သန့် ၉–ခွက်လောင်းထည့်ပါ။ ၎င်းဖလားထဲတွင် သပြေ ၉–ခက်၊ ရွက်လှ အဝါရောင် ၉–ခက်၊ ဂန္ဓမာ အဖြူရောင်ဖြစ်စေ သို့မဟုတ် အဝါရောင်ဖြစ်စေ ၉ ပွင့်တို့ကို စုထိုးထားပါ။ ဗုဒ္ဓဘုရားစင်

ဗုဒ္ဓဘုရားရှေ့တော်တွင် ပြင်ထားရမည်။ မိသားစုဓာတ်ပုံများကို ဖလားအောက်မှာ ဓာတ်ပုံများကိုမှောက်ထားပြီး အပေါ်က ဖလားပန်းများနှင့် ဖိထားစေရမည်။ (ပန်းများ စုထိုးထားသော ဖလားနှင့် ဖိထားရမည်) ကို ဆိုလိုပါသည်။

ငယ်သောလူငယ်၊ လူရွယ်များ၏ပုံများသည် အောက်ဆုံးမှာ ထားရမည်ဖြစ်ပြီး၊ အပေါ်တွင် ကြီးစဉ်ငယ်လိုက် ဓာတ်ပုံများကို စုရုံမှောက်ထပ်ပါ။ နောက်ဆုံး အပေါ်ဆုံးပုံသည် အကြီးဆုံးပုဂ္ဂိုလ်၏ဓာတ်ပုံ ဖြစ်ရမည်။ (အိမ်ထောင်ဦး၏ပုံကို ဆိုလိုသည်။)

ပန်းများစုထိုးထားသော ဖလားအား လက်နှစ်ဘက်နှင့် ထိကိုင်ထားပြီး အောက်ပါဂါထာများကို ၅၄–ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပေးရာ၏။ အများဆုံး ၁၀၈–ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်နိုင်လျှင် ပိုပြီးကောင်းလှ၏ဟု မှတ်ပါ။

(၁) မေတ္တာဥ္စသဗ္ဗလောကသ္မိံ ပိယာဝါယေ ပိယေမမ သမာမမကာပ်။

(၂) မေတ္တာဥ္စသဗ္ဗလောကသ္မိံ နယေပရံ ယုတ္တေ မမသန္တိကေ ဟေဟိ ဟေဟိကပ်။

(၃) ဗုဒ္ဓဂုဏ္ဍ္ဍေ၊ ဓမ္မဂုဏ္ဍ္ဍေ၊ သံဃဂုဏ္ဍ္ဍေ၊ မာတာပိတု၊ အစရိယဂုဏ္ဍ္ဍေ၊ ဂုဏ္ဍ္ဍေ ၅–ပါးတို့သည် ထာဝရတည်ရှိပါစေသတည်း။

(၄) ဗုဒ္ဓပီတိ၊ ဓမ္မပီတိ၊ သံဃပီတိ၊ မာတာပီတု၊ အာစရိယ ပီတိ ပီတိ ၅–ပါးတို့သည် ထာဝရ တည်ရှိပါစေသတည်း။

(၅) ဗုဒ္ဓသမာဓိ၊ ဓမ္မသမာဓိ၊ သံဃသမာဓိ၊ မာတာပီတု အာစရိယသမာဓိ သမာဓိတရား ၅ ပါးတို့သည် ထာဝရ တည်ရှိပါစေသတည်း။

(၆) မေတ္တာဥ္စသဗ္ဗလောကသ္မိံ ပိယံမမ သမာမမ ကပ်။ စုစုပေါင်း ဂါထာ ၆–ပုဒ်တိတိ ဖြစ်ပါသည်။ အနည်းဆုံး ၅၄–ခေါက်၊ အများဆုံး ၁၀၈–ခေါက်တိတိ ဖလားကို လက်နှင့် ထိကိုင်ထားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ မေတ္တာစေတ်တို့ကြောင့်လည်းကောင်း တရား တော်မြတ်အပေါင်းတို့၏ မေတ္တာစေတ်တို့ကြောင့်လည်း ကောင်း၊ သံဃာတော်အရှင်မြတ်အပေါင်းတို့၏ မေတ္တာစေတ် တို့ကြောင့်လည်းကောင်း၊ မိဘနှစ်ပါး၊ ဆရာသမားအပေါင်း တို့၏ မေတ္တာစေတ်တို့ကြောင့် ဤမိသားစု ဤအိမ်ထောင်စု တို့သည် တစ်ဦးနှင့်တစ်ဦးသို့လည်းကောင်း၊ အငယ်မှ အကြီး သို့လည်းကောင်း၊ အကြီးမှ အငယ်သို့လည်းကောင်း၊ မိဘမှ သားသမီးသို့လည်းကောင်း၊ သားသမီးမှ မိဘသို့လည်း ကောင်း၊ မောင်မှ နှမသို့လည်းကောင်း၊ နှမမှ မောင်သို့ လည်းကောင်း၊ တပည့်မှ ဆရာသို့လည်းကောင်း၊ ဆရာမှ

တပည့်သို့လည်းကောင်း၊ အစေခံမှ အရှင်သခင်သို့လည်းကောင်း၊ အရှင်သခင်မှ အစေခံသို့လည်းကောင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ၅၂၈–သွယ် မေတ္တာဓာတ်အပြည့်အဝဖြင့် ရစ်ပတ်နှောင်တွယ် ချစ်ခင်ကြပါစေသတည်း ... ဟု ၅–ခါ ဆို၍ ဆုတောင်းပါလေ။ (အကြင်လင်မယားဖြစ်လျှင် မယားမှလင်သို့လည်းကောင်း၊ လင်မှ မယားသို့လည်းကောင်း ထည့်ဆိုရပါမည်။ ထို့အတူ အကြင်လင်မယားတွင် နေ့သားနာမည်နှင့်လည်းကောင်း၊ နေ့သမီးနာမည်နှင့်လည်းကောင်း ထည့်ဆိုလျှင်လည်း ရပါသေးသည်။)

**ဥပမာ သာဓကတစ်ခု ပြပါဦးအံ့** ... "ခင်ပွန်းဖြစ်သူ တနင်္ဂနွေသား မောင်အောင်ခိုင်နှင့် ကြာသပတေးသမီး ဇနီးဖြစ်သူ မမေသူဇာတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာပါစေသတည်း" သို့မဟုတ် "တနင်္ဂနွေသား မောင်အောင်ခိုင်မှ ကြာသပတေးသမီး မမေသူဇာတို့လည်းကောင်း၊ ကြာသပတေးသမီး မမေသူဇာမှ တနင်္ဂနွေသား မောင်အောင်ခိုင်သို့လည်းကောင်း ၁၅၀၀ မေတ္တာဓာတ်များဖြင့်ရစ်ပတ်နှောင်တွယ် ချစ်ခင်ကြင်နာကြပါစေသတည်း" ဟု သုံးစွဲလည်း ပိုကောင်းလှသည်။ သမီးရည်းစား ချစ်သူများဖြစ်ခဲ့လျှင် နှစ်ဦး၏ ဓာတ်ပုံ ၂–ပုံကို ကော်နှင့်ကပ်၍ မျက်နှာချင်းဆိုင်ကပ်ထားပြီး ဖလားအောက်မှာထားပါလေ့၊ အကြင်လင်မယား တရားဝင်

ဖြစ်ခဲ့လျှင် လင်၏ခေတ်ပုံ၊ မယား၏ခေတ်ပုံတို့ကို ကော်သုတ်၍ မျက်နှာချင်းဆိုင်ကပ်ပြီး ဖလားအောက်မှာ ထားရပါမည်။

**မှတ်ချက်** ... မျက်နှာချင်းဆိုင်ကပ်ရာ၌ မျက်နှာ မျက်နှာချင်း၊ မျက်စိ မျက်စိချင်း၊ နှုတ်ခမ်း နှုတ်ခမ်းချင်း၊ ခေါင်း ခေါင်းချင်း၊ ညီညာအောင် ကပ်ရမည်ကို အထူးသတိရှိကြပါလေ။ ၎င်းနောက် မျက်နှာချင်းဆိုင်ခေတ်ပုံများကို ကော်နှင့်သုတ်ပြီး မြဲစွဲအောင်ကပ်ပြီးနောက် ဖလားအောက်မှာထားသည့်အခါ ဖလားနှင့်ဖိထားရသည့်အခါ ခေတ်ပုံသည် ယောကျ်ားပုံက အပေါ်က၊ မိန်းမပုံကအောက်က ဖြစ်နေရမည်ကို အထူးသတိရှိကြပါလေ။

ဆရာ / တပည့်အတွဲ၊ သား /အဖအတွဲ၊ သမီး / အမေအတွဲများသည်လည်း ဤအတိုင်းပင်ဟု မှတ်ကြပါလေ။ တစ်တွဲကို လုပ်တတ်ပါက ကျန်တာ မခဲယဉ်းတော့ပေ။ အတူတူပင် ဖြစ်ပါသည်။ ဘာမျှ မလုပ်တတ်စရာ မရှိနိုင်တော့ပါ။

ဆရာ / တပည့် ချစ်ခင်လေးစားရ၏။ ဆရာ / တပည့် စည်းလုံးညီညွတ်စွာ ချစ်ခင်ကြရ၏။ မည်သည့်အခါမျှ စိတ်ဝမ်းကွဲပြားခြင်း မဖြစ်နိုင်တော့ချေ။ ထို့အတူ ဆရာ / တပည့် အတွဲများ၊ သား / အမိ အတွဲများ၊ မောင် / နှမ အတွဲများ၊ တူ / ဝရီးအတွဲများတို့သည်လည်း စွဲစွဲမြဲမြဲ ချစ်ခင်လေးစားကြကုန်၏။ စိတ်ဝမ်းကွဲပြားခြင်း၊ မညီညွတ်ကြခြင်း မရှိနိုင်

တော့ချေ။ ချစ်သူအတွဲများ အကြင်လင်မယားအတွဲများသည်လည်း မည်သည့်အခါမှ စိတ်သဘော မတိုက်ဆိုင်ခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း လုံးဝမရှိနိုင်တော့ချေ။ ဆယထက်ထမ်းပိုးပို၍ပို၍ ချစ်ခင်ကြ၏။ ကြင်နာကြ၏။ စည်းလုံးညီညွတ်ကြရ၏။ အိမ်ထောင်ရေး ပျက်ပြားအောင် ချစ်သူဘဝ ပျက်စီးအောင် မဖြစ်နိုင်တော့ချေ။ ထာဝရ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာကြကုန်၏ဟု မှတ်ယူကြပါလေ။ မိသားစု အတွင်းရေးပြေငြိမ်းရ၏။ မိသားစု စိတ်ဝမ်းကွဲပြားမှု မရှိနိုင်။ မိသားစုအတွင်း ပိုမိုပြီး ချစ်ခင်လေးစားကြကုန်၏။ ယခင်ကနှင့်မတူပိုမို၍ တစ်ဦးနှင့်တစ်ဦး သည်းခံတတ်လာကုန်၏။ ချစ်ခင်တတ်လာကုန်၏။ မိသားစုအတွင်း၊ အိမ်ထောင်စုအတွင်း တစ်ယောက်တစ်ပေါက် မဖြစ်တော့ပေ။ ဆူညံ ဆူညံလည်း မဖြစ်ကြတော့ပေ။ ပူညံ ပူညံလည်း မရှိနိုင်တော့ပေ။ မိသားစုအတွင်း အိမ်ထောင်စုအတွင်း၌ စိတ်တူကိုယ်တူဖြစ်လာကြရ၏။ တစ်ဦး စကားကို တစ်ဦး၊ တစ်ဦးအပြောကို တစ်ဦး၊ တစ်ယောက်အဆိုကို တစ်ယောက် လက်ခံလာတတ်ကြကုန်၏။ မိသားစုအတွင်း၊ အိမ်ထောင်စုအတွင်း စကားများခြင်း၊ ရန်ဖြစ်တတ်ခြင်းများ တဖြည်းဖြည်း ပပျောက်လာရတော့၏။ မိသားစု၊ အိမ်ထောင်စုအတွင်း ရယ်ရယ်မောမောနှင့် ပျော်ရွှင်လာတတ် ကြကုန်၏။ အကြင်လင်မယား

အတွဲများ၊ ချစ်သူအတွဲများသည်လည်း ပိုမိုပြီးအဆင်ပြေလာကြရ၏။ ပိုမိုပြီး စည်းလုံးချစ်ခင်လာကြကုန်၏။ ယခင်အခါကထက် ပိုမိုပြီး စည်းလုံးချစ်ခင်လာတတ်ကြကုန်၏။ မိမိချစ်သူဘဝကိုလည်းကောင်း အိမ်ထောင်သည်ဘဝကိုလည်းကောင်း သူတစ်ပါး ဖျက်ဆီး၍ မရနိုင်တော့ချေ။ တစ်ပါးသူဝင်၍ နှောက်ယှက်၍ မရနိုင်တော့ ပေ။ ပိုမိုပြီး အနှောင့်အယှက်ကင်းဝေးသော၊ အတိုက်အခံ ကင်းဝေးသော၊ အဖုအထစ်မရှိသော ချစ်သူဘဝ၊ အိမ်ထောင်ဘဝသို့ ရောက်ကြကုန်၏။

ဆိုးသွမ်းသော သားသမီးများအားလည်းကောင်း၊ ဆိုးသွမ်း စွာနေထိုင်တတ်ကုန်သော သားများ သမီးများ မိဘစကား၊ ဆရာသမားစကား နားမထောင်ခြင်း၊ ဟော့ဟော့ရမ်းရမ်း နေထိုင်ခြင်း၊ ရိုသေမှု လေးစားမှု ကိုင်းရှိုင်းမှု မရှိသော လူငယ်လူရွယ်များအားလည်းကောင်း၊ အရှက်မရှိ၊ အကြောက်မရှိ၊ တစွတ်ထိုး တယူသန် တဇောက်ကန်း လူငယ်လူရွယ်များအားလည်းကောင်း ဤနည်းစနစ်ဖြင့် ပြုပြင်ထိန်းသိမ်းနိုင်ခြင်း၊ ပဲ့ကိုင်ပေးနိုင်ခြင်း ရလာနိုင်ပါသည်။ မိမနိုင် ဖမနိုင် ဆိုဆုံးမရခက်ခဲသော ဆားမပါသော ပေါ့သွပ်သော လူငယ်များ၏ ဓာတ်ပုံတို့ကို ထိုဖလားအောက်တွင် မှောက်ထားပြီး အပေါ်က ဖလားဖြင့် ဖိထားရပါမည်။ နေ့စဉ်

ဖြစ်စေ သို့မဟုတ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ တစ်ပါတ်တွင် ထိုလေးနေ့တွင်ဖြစ်စေ၊ ဖလားကို ထားပြီး ဂါထာ (၆) ပုဒ်စလုံးကို ရွတ်ဖတ်သရဇ္ဈာယ်ပေးပါလေ။ တစ်ရက်ထက်တစ်ရက်၊ တစ်ပတ်ထက်တစ်ပတ်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်၊ လိမ္မာလာတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့လာတတ်ခြင်း၊ နူးညံ့ပျော့ပြောင်းလာတတ်ခြင်း၊ သည်းခံတတ်လာခြင်း၊ အပြောအဆိုနူးညံ့သိမ်မွေ့လာတတ်ခြင်း၊ လူကြီးသူမများအား ရိုသေလာတတ်ခြင်း၊ လေးစားတတ်လာခြင်း ဖြစ်လာစေရ၏။ အလုပ်အကိုင်မရှိ လက်ကျောမတင်း ပျင်းရိနေတတ်သော လေလွင့်နေတတ်သော လူငယ်လူရွယ်များအား အလုပ်အကိုင် တည်တည်တန့်တန့်နှင့် စည်းကမ်းတကျ နေထိုင်တတ်လာရ၏။ လူငယ်လူရွယ်များ၏ အကျင့်သိက္ခာများ စည်းကမ်းဥပဒေသများအား လေးစားလိုက်နာတတ်လာရ၏။ ဝတ်စားဆင်ယင်မှု၊ ထုံးဖွဲ့မှု၊ လူ့ဘဝ၏တန်ဖိုး၊ ပညာ၏တန်ဖိုး၊ အကျင့်သိက္ခာတို့၏ တန်ဖိုး၊ အလုပ်အကိုင်၏တန်ဖိုး၊ ဝင်ငွေ၏တန်ဖိုးများကို မှတ်သားတတ်လာပြီး လိမ္မာယဉ်ကျေးလာရတော့၏။

(ဆ) ဣတ္ထာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နေဆဲ တည်ဆောက်လျက် ရှိကုန်သော အမျိုးသား အမျိုးသမီးများသည် မိမိ၏မိသားစုများ မိမိ၏

အိမ်ထောင်စုဝင်များ ကျန်းမာချမ်းသာစေရန်အတွက်လည်းကောင်း၊ အပူသောကဗျာပါဒ ကင်းဝေးစေရန်အတွက်လည်းကောင်း၊ အတိုက်အခံရန်အန္တရာယ်များ၊ အဖုအထစ်အခက်အခဲများမှ ကင်းဝေးပပျောက်စေရန်အတွက်လည်းကောင်း၊ အောက်ပါအစီအမံအတိုင်း လမ်းညွှန်ချက်ပြသလိုက်ပါသည်။

(၁) ကြွဿာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားကို တည်ဆောက်သော မဟာအတုလ စိန္တာမယသရဏဂုံတော် ၅၄ ပါးဖြင့် ဖွဲ့စီရင်ထားသော သရဏဂုံပေါင်း ၆၂၁ အား ရွတ်ဖတ်သရဇ္ဈာယ်အပ်သော ဂါထာအစဉ်တို့ကိုလည်းကောင်း (၂) ကြွဿာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နိုင်သော ဂုဏ်တော် ၉–ပါး ကွန်ချာပေါင်း ၁၀၈–ရအောင် နေ့စဉ်ကျင့်ဆောင်သော ရွတ်ဖတ်သရဇ္ဈာယ်အပ်သော ဂုဏ်တော် ဂါထာအစဉ်တို့ကိုလည်းကောင်း၊ (၃) ကြွဿာသယ နိမ္မိတ လိုတရ၊ ကာမာ ဝါစရ ကံစွမ်းအားတို့ကို တည်ဆောက်နိုင်သော၊ ကြီးကျယ်မြင့်မြတ်သော ဂါထာမန္တန်များကို နေ့စဉ် ရွတ်ဖက် သရဇ္ဈာယ်အပ်သော ဂါထာမန္တန်အစဉ်တို့ကိုလည်းကောင်း ၃–မျိုးဖြစ်သော (၁) ကျင့်စဉ်၊ (၂) ကျင့်စဉ်၊ (၃) ကျင့်စဉ် ၃–မျိုးစလုံးတို့ကို အစီအစဉ်အတိုင်း၊ ဝတ်ရွက်စဉ် သဘောမျိုးအတိုင်း နေ့စဉ် ညစဉ်

ရွတ်ဖတ် သရဇ္ဈာယ်ကြရာ၏။ ပြသထားပြီးဖြစ်သော သူ့ဂါထာ သူ့အပုဒ်ရေအတိုင်း သူ့အခေါက်အရေအတွက်အတိုင်း နေ့စဉ်ညစဉ် ရွတ်ဖတ်သရဇ္ဈာယ် ကြရာ၏။ ထိုဝတ်ရွတ်စဉ်တို့ကို နံနက်စောစော ၁ ကြိမ်၊ ည ၁ ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် အောက်ပါအတိုင်း ကျင့်ဆောင်ရာ၏။

(၁) ဂါထာမန္တန်တို့ကို ဝတ်ရွတ်စဉ်အဖြစ် မရွတ်ခင် မသရဇ္ဈာယ်ခင် ရေမိုးချိုးစေခြင်း သို့မဟုတ် ကိုယ်လက်သန့်စင်ခြင်း၊ မျက်နှာသစ်ခြင်း၊ နှုတ်၊ ပါးစပ်တို့ကို ဆေးကြောခြင်းတို့ကို ပြုပြင်ဆောင်ရွက်ရပါမည်။

(၂) သန့်ရှင်း စင်ကြယ်ပြီးသော အဝတ်အထည်၊ အဝတ်အစားတို့ကို ပြောင်းလဲဝတ်ဆင်ရခြင်း (ချေးညှော်အညစ်အကြေးကင်းစင်ရမည်ကို ဆိုလိုသည်။)

(၃) နံ့သာ ကရမက် စန္ဒကူး စသော အမွှေးနံ့သာများနှင့် ပတ်ဝန်းကျင်ကို လည်းကောင်း ခန္ဓာကိုယ်တစ်ဝိုက်ကို လည်းကောင်း ပက်ဖျန်းတောက်ပေးရသည်။ (စူးရှလွန်းသော အနံ့ပြင်းထန်သော ရေမွှေးများ မသုံးစွဲသင့်ပါ။)

(၄) ဘုရား တရား သံဃာ ဆရာ မိဘ အနန္တော အနန္တ ၅ ပါးအား ကတ်စွမ်းသ၍ (ဝါ) တတ်နိုင်သ၍ ပန်း ရေချမ်း ဆီမီး အမွှေးတိုင် ဆွမ်း စသည့်များဖြင့် ပူဇော်ကန်တော့ကြရခြင်း။

(၅) ဘုရားရှင်ထံတော်တွင် အောက်ထစ် ငါးပါးသီလ/ အမြင့်ဆုံး ကိုးပါးသီလတော်မြတ်တို့အား ခံယူဆောက်တည်ကြရခြင်း။

(၆) ပရိတ်ကြီး ပါဠိတော်တွင် ပြထားသော (သမန္တာနတ်ပင့်) ကို စတင်ရွတ်ရပါမည်။ ထိုသမန္တာ စက္ကဝါဠေသုနတ်ပင့် ရွတ်ဖတ်မှုဆုံးပါမှ ဤဝတ်ရွတ်စဉ်ဂါထာတို့ကို အစဉ်အတိုင်း သူ့အခေါက်အရေအတိုင်း ဆက်လက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ရမည်ဟု ဆိုလိုသည်။

(၇) မိမိ၏စိတ်ထဲမှ ဆန္ဒရှိရာ အလိုရှိရာ ဖြစ်စေချင်တာ ၅ ခါဆို၍ ဆုတောင်းရမည်။

(၈) ၃၁ ဘုံတွင် ကျင်လည်ကုန်သော သတ္တဝါအနန္တများ နတ်ဒေဝါများ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ သိကြား နတ်ဗြဟ္မာများအား အမျှပေးဝေခြင်း မေတ္တာပို့သခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်ရပါမည်။

ဤကျမ်းစာအုပ်ပါ ၃ မျိုးတွဲ ဣစ္ဆာသယ နိမ္မိတ လိုတရ ကာမာဝါစရ ကံစွမ်းအားကို တည်ဆောက်နိုင်သော ဂါထာမန္တန်များဖြင့် တည်ဆောက်ထားသော ဝတ်ရွတ်စဉ်အား ဤယခုပြထားသော အချက် ၈ ချက်နှင့်အညီသာ ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ ရွတ်ဖတ် သရဇ္ဈာယ်သင့်သည်ဟု မှတ်ကြရပါသည်။

ဤပြသထားသော အချက် ၈ ချက်နှင့်ညီညွတ်အောင် ရွတ်ဖတ်သရဇ္ဈာယ်ကြမှသာလျှင် ထူးမြတ်သော ကောင်းကျိုး ချမ်းသာ မင်္ဂလာတို့ကို အပြည့်အဝ ခံစားရနိုင်သည်ဟု မှတ်ယူကြပါလေ။

အကျိုးကျေးဇူးများမှာ လူ နတ်များ ချစ်ခင်လေးစားရ၏။ တောစောင့်နတ် တောင်စောင့်နတ်များ ရက္ခစိုး ဘုမ္မစိုးနတ်များ အိမ်စောင့်နတ် ရပ်ကွက် ရပ်ရွာစောင့်နတ်များ မြို့စောင့်နတ်များ နယ်မြေဒေသစောင့်နတ်များ ချစ်ခင်စောင့်ရှောက်ကြကုန်၏။ ဘေးရန်အန္တရာယ်မှန်သမျှ ကင်းဝေးရ၏။ အတိုက်အခံ ရန်မှန်သမျှ ပပျောက်ကြရ၏။ အပူသောက ဗျာပါဒမှန်သမျှ ပပျောက်စေရ၏။ အမှုပြဿနာမှန်သမျှ ကင်းလွတ်ကြရ၏ဟု မှတ်သားကြပါလေ။

## ရှေးရှေးသော သိဒ္ဓိပေါက်ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များ

A. ကြေးဘုရားဆောင်လျှင် ကြီးပွားအောင်မြင်ရ၏ဟူသော ရှေးဆရာတော်ကြီးများ ရှေးသူတော်ကောင်းပုဂ္ဂိုလ်များ ပြောကြားကြကုန်၏၊ ရှင်းပြကြကုန်၏၊ အမိန့်ရှိတတ်ကြကုန်၏။ သစ်သားများနှင့် ထုလုပ်ကြသော ဗုဒ္ဓရုပ်ပွားတော်များသည် အသားမမှန်ပါက ခတ်မမှန် ဖြစ်တတ်၏။ ခတ်မမှန်

လျှင် လိုရာကိစ္စ လိုရာအကျိုးကို မပြီးစီးဘဲ ရှိတတ်၏။ သတိ ရှိကြပါကုန်။

ဥပမာ နည်းပရိယာယ်ကို မကျွမ်းကျင်သော ဆရာ တစ်ယောက်သည် သစ်သားမမှန်၊ ဓာတ်သားမမှန်တာကို ညွှန်ပြပြီး ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်မိကြပါလျှင် သစ်သား မမှန်၊ ဓာတ်သားမမှန်ခြင်းကြောင့် အကျိုးမရှိ ဆုတောင်းတိုင်း မပြည့်ရှိတတ်ကြောင်းကို သတိပြုကြပါလေ။ ထို့ပြင် ရာသီ ဥတု ပူမှု အေးမှု မမှန်ကန်ခြင်းကြောင့် အသားမသေသော သစ်သားဓာတ်သားကို ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကိုးကွယ်မိ ပါက မကြာမီ ပူလွန်း၍ သစ်သားကွဲအက်လာတာမျိုး ဖြစ်တတ်ပြီး တချို့ဆိုလျှင် ထုထားသော ဘုရားရုပ်ပွားတော် များ အက် / ကွဲနေတာမျိုး ကြည့်မကောင်း / ရှုမကောင်း / မြင်မကောင်း ဖြစ်စေနိုင်ပါသည်။ တစ်ဖန် ထိုဘုရားရုပ်ပွား တော် အကွဲအအက်အား ပြုပြင်နိုင်လျှင် ပြုပြင်ရပြန်၏။ မပြုပြင်နိုင်ပါက တစ်ဖန် သစ်သား / ဓာတ်သား အသစ် ပြန်ရှာပြီး ဘုရားထုကိုးကွယ်ကြပြန်၏။ ဤသို့နှင့် ကွဲလိုက် ပြန်ရှာပြီး ပြန်ထုလိုက်နှင့် (ပြီးနိုင်သည်မရှိ) အခါအခွင့်မသင့် လျှင် ပြန်ပြန်လုပ်နေရတတ်ကြောင်း သတိရှိကြပါလေ။

အချို့ဆိုလျှင်လည်း ကွဲအက်နေသော ဘုရားရုပ်ပွားတော် မို့ တစ်ဖန်ပြန်ပြီး မကိုးကွယ်ချင်တော့ဘဲ ဘုရားအသစ်ထပ်ထု

ရတာတို့ ဘုရားရုပ်ပွားတော်အသစ် ရာကြံနေရတာတို့နှင့် ဖြစ်နေတတ်ပါသည်။ ယခုခေတ် ဘုရားထုကြတာသည် အသားမသေသေးသော သစ်သားများနှင့် ထုလုပ်ကြသည်က များပြားလာသောကြောင့် ဗုဒ္ဓရုပ်ပွားတော်များသည် ကြာကြာ မခံ ခဏခဏ အက်ကွဲကြရ၏။ (ရှေးရှေးအခါက ဘုရားထု လုပ်မည့် သစ်သားခါတ်သားအား အသားသေသွားအောင် သစ်ကြောပြတ်သွားအောင် နေပူထဲ မိုးရွာထဲ နှစ်လကြာ အောင် ပစ်ထားတတ်ကြကုန်၏။ သစ်ကြောပြတ်၍ အသား သေလောက်ပြီဟုဆိုမှ ၎င်း အသားသေ / သစ်ကြောပြတ် သော သစ်သား / ခါတ်သားအား ဆေးကျောသုတ်သင်ပြီး ဗုဒ္ဓရုပ်ပွားတော်ထုခြင်း၊ ရွှေချ / အနေကဇာတင်ခြင်းပြုပြီး ကိုးကွယ်ကြကုန်၏။ နောက်နောင် ထိုဘုရားရုပ်တုတော် သည် ကွဲအက်လာသည်ဟူ၍ မရှိနိုင်တော့ပေ။)

သစ်သားမဟုတ်မူ၍ ကြေးခါတ်သားနှင့် ဘုရားထု ကိုးကွယ်မှုသည် ကြေးခါတ်သားသည် (ခါတ်သတ္တု) ဖြစ်၍ ကွဲခြင်း အက်ခြင်း မရှိနိုင်တော့ပါ။ တာရှည်စွာ / ရေရှည်စွာ ခိုင်ခံ့ကုန်၏။ ခဏခဏ ထုရခြင်း ခဏခဏ ပြန်လည်ထုလုပ် သွန်းလုပ်ရခြင်း မရှိနိုင်တော့ပေ။ တနင်္လာနံ ကြေးဖြစ်သော ခါတ်သတ္တုသားနှင့် ထုလုပ်တာဖြစ်ခြင်းကြောင့် ထိုတနင်္လာနံ ဘုရားဖြစ်သော ကြေးဘုရားကိုဆောင်လျှင် ကြီးပွား

အောင်မြင်ရ၏ဟု ဆိုရိုစကား ဖြစ်ခဲ့၏။ ဖြစ်လာရမြဲဟု မှတ်ယူကြပါလေ။

ဝေါဟာရအခေါ် ကြေးဘုရား ဓာတ်သတ္တုအရ စာနှင့် ရေးသားလျှင် ကြေးဘုရားဟု ဆိုလိုသည်။ ထိုကြည်းဘုရား (ဝါ) ကြေးဘုရားကို အမြဲထာဝရ ကိုးကွယ်ဆည်းကပ်ခြင်း ဖြင့် မိမိဘဝတစ်သက်တာတွင် အရောင်းအဝယ်များ ကြီးပွား ခြင်း၊ ရွှေငွေရတနာ စည်းစိမ်များ ကြီးပွားချမ်းသာလာခြင်း၊ ကျိကျ ဘဏ္ဍာစည်းစိမ်ဥစ္စာများ ကြီးပွားတိုးတက်လာခြင်း၊ အိမ် / ခြံ / မြေ / ကျေးကျွန် အခိုင်းစေမှစ၍ မိသားစု မြေး မြစ်/ သား / သမီးရတနာများ စည်ကားကြီးပွားလာခြင်းကို အတိတ်ဆောင် နိမိတ်ဆောင် ဓာတ်ဆောင်စေ၍ ကြေးဘုရား ကို ဆောင်လျှင် ကြီးပွားအောင်မြင်ရ၏ဟု ဆိုလိုရင်း ဖြစ်၏။ ထုလုပ်ခြင်း သွန်းလောင်းခြင်းပြု၍ ကိုးကွယ်ဆည်းကပ်သင့် သော အထက်တန်းစား / အထက်တန်းလွှာ / ရည်မှန်းချက် ကြီးမားသူ ဆန္ဒအာသီသ မြင့်မြတ်သူ ဘာသာရေး သာသနာ ရေးအထူးဆောင်ရွက်လိုသူလူမှုရေး၊ စီးပွားရေးအလုပ် အကိုင် များကို ကြီးကြီးကျယ်ကျယ် ဆောင်ရွက်လိုသူ အတတ်ပညာ၊ ပညာရပ်များနှင့်ပတ်သက်၍ အထက်တန်းကျကျ အောင်မြင် ချင်သူ အောင်မြင်အောင် ဆောင်ရွက်လိုသူ အကြီးအကဲဖြစ်လို သူ ကြီးကြီးမားမား အောင်မြင်လိုသူများသည် –

(၁) ရွှေခတ်ဘုရား မဟာမြတ်မုနိရုပ်ပွားတော်ပုံကိုလည်းကောင်း၊

(၂) ငွေခတ်ဘုရား မဟာမြတ်မုနိရုပ်ပွားတော်ပုံကိုလည်းကောင်း၊

(၃) ကြေးခတ်ဘုရား မဟာမြတ်မုနိရုပ်ပွားတော်ပုံကိုလည်းကောင်း၊

(၄) ဘော်ခတ်ဘုရား မဟာမြတ်မုနိရုပ်ပွားတော်ပုံကိုလည်းကောင်း၊

(၅) ခတ်လေးပါး ပေါင်းစပ်သော ဘုရား (မဟာမုနိပုံတော်ကိုလည်းကောင်း)၊

(၆) ခတ် ၇ ပါး ပေါင်းစပ်သော ဘုရား (မဟာမုနိပုံတော်ကိုလည်းကောင်း)၊

(၇) ခတ် ၉ ပါး ပေါင်းစပ်သော ဘုရား (မဟာမုနိပုံတော်ကိုလည်းကောင်း)၊

(၈) ခတ် ၉ ပါးနှင့် နဝရတ် ၉ ပါး ပေါင်းစပ်ထားသော (မဟာမုနိပုံတော်ကိုလည်းကောင်း)၊

(၉) ကျောက်ခတ်နှင့် ထုလုပ်ထားသော မဟာမြတ်မုနိ ရုပ်ပွားတော်တို့ကိုမူ စိတ်ချလက်ချ ယုံကြည်အားကိုးစွာ ကိုးကွယ်ဆည်းကပ်သင့်၏။ ကြီးကျယ်မြင့်မြတ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအပေါင်းတို့ကို ပြီးစီး

အောင်မြင်စေရာ၏။ အထူးကြိုးစားအားထုတ်ပြီး ဆုတောင်းတိုင်း ဆန္ဒပြုတိုင်း တောင့်တတိုင်း အောင်မြင်ပြီးစီးနိုင်တော့သည်ဟု မှတ်ကြပါလေ။

ထို ၉ မျိုးသော အထက်တန်းကျသော အဆင့်မြင့်သော တတ်နိုင်ခဲ့သော ဘုရားမျိုးများကို မတတ်နိုင်ပါက မကိုးကွယ်နိုင်ပါက မလုပ်နိုင်ကြပါက ...

(၁) မကျည်းအနှစ်သားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၂) ဧကရာဇ်သားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၃) အင်ကြင်းအသားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၄) ဗောဓိပင်အသားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၅) သပြေသားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၆) ကန့်ကော်သားကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊
(၇) ပန်းပေါင်းစုကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊

(၈) မင်းပေါင်းစုကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊

(၉) ဂမုန်းပေါင်းစုကို မဟာမြတ်မုနိပုံတော် ထုလုပ်သော ဘုရားကိုလည်းကောင်း၊

ဤ ၉ မျိုးသော ဓာတ်သား၊ သစ်သားများကို မဟာမြတ်မုနိပုံသဏ္ဌာန်တော်အတိုင်း ထုလုပ်ခြင်း၊ ရွှေချအနေကဇာတင်ခြင်းနှင့်တကွ ကိုးကွယ်ဆည်းကပ်ကြရာ၏။ ဆင်းရဲသူ ဆင်းရဲသား တစ်နေ့လုပ်၊ တစ်နေ့စားသမားများ၊ လူလတ်တန်းစားများ၊ အထက်တန်းစာများအထိ ကိုးကွယ်ဆည်းကပ်နိုင်ကြပါသည်။ စုစုပေါင်း ထို ၁၈ မျိုးသော ဓာတ်သားများ၊ သစ်သားများအား ဘုရားထုကိုးကွယ်သင့်သည်ဟု မှတ်သားကြပါလေ။

**အထူးမှတ်သားချက်** ။ ။ ထိုစုစုပေါင်း ဓာတ်သား၊ သစ်သား၊ ဆေးသား အပါအဝင် ၁၈ မျိုးတို့အား ဘုရားထုကိုးကွယ်လိုပါလျှင် ထိုဓာတ်ပစ္စည်း သစ်သား၊ ဆေးသားပစ္စည်း စုစုပေါင်း ၁၈ မျိုးတို့သည် ခိုးယူမှုပစ္စည်း မဖြစ်စေရ။ ခိုးရာပါပစ္စည်းမဟုတ်စေရ။ အချောင်ယူထားသောပစ္စည်း မဟုတ်စေရ။ ခြိမ်းခြောက်၍ယူထားသောပစ္စည်း မဟုတ်စေရပါ။ လိမ်ညာလှည့်ဖြား၍ ယူသောပစ္စည်း မဟုတ်စေရပါ။ သတိပြုကြပါလေ။ သို့မှသာလျှင် စင်ကြယ်သန့်ရှင်းသော တရား

သဖြင့် ရအပ်သော ဝသုဒ္ဓိ ဓာတ်သား၊ သစ်သား၊ ဆေးသား ဖြစ်စေရမည်ဟု မှတ်ပါ။ သို့မှသာ မြင့်မြတ်သော ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ရုပ်ပွားအတွက် ထုလုပ်သင့်သည်ဟု မှတ်ယူသင့်၏။ မစင်ကြယ်သောပစ္စည်း ခိုးရာပါပစ္စည်း တိုက်ရာပါပစ္စည်း လိမ်ညာ၍ရသောပစ္စည်း အချောင်ရသောပစ္စည်းများဖြင့် ဘုရားထုလုပ်ကိုးကွယ်ပါက နဂိုမူလ မစင်ကြယ်မှု မသန့်မှု ကြောင့် ဆုတောင်းတိုင်း မပြည့်စုံနိုင် ဆန္ဒပြုတိုင်း တောင့်တ တိုင်း မဖြစ်နိုင်တော့ပေ။ သူတော်ကောင်းများ သတိရှိကြ ပါလေ။

ထို ၁၈–မျိုးသော ဗုဒ္ဓဘုရားရုပ်ပွားတော်များအား ထုလုပ် ကိုးကွယ်ကြရာ၌ (A) တန်ခူးလပြည့်နေ့ (B) ကဆုန်လပြည့် နေ့ (C) နယုန်လပြည့်နေ့ (D) ဝါဆိုလပြည့်နေ့ (E) ဝါခေါင် လပြည့်နေ့ ထို ၅ လ၏ လပြည့်နေ့တို့ကို အထူး အသုံးပြု ကြပါလေ။ နှစ်တစ်နှစ်၏ ကောင်းမြတ်တင့်တယ်သော မင်္ဂလာနှင့် ပြည့်စုံစေတတ်သော မင်္ဂလာသိဒ္ဓိ ၅–လ၏ လပြည့်နေ့များဟု မှတ်ကြပါလေ။

သူရိယာနေမင်းသည် သုဒ္ဓဒိန်အားဖြင့်လည်းကောင်း၊ သာယနရဝိအားဖြင့်လည်းကောင်း၊ ဥတ္တာရဒိဂ်တွင် လှည့်ပတ် လျက်ရှိနေခိုက် မင်္ဂလာသိဒ္ဓိ ၅–လ ဖြစ်လာကြောင်းကို သိမှတ် ထားရာ၏။ ဥပမာ ဆိုပါအံ့။ တန်ခူးလပြည့်နေ့တွင် ဘုရားထု

လုပ်မည့် ခတ်သားတစ်ခုကို ပူဇော်ကန်တော့ယူ၍ စတင် ထုလုပ်စေခြင်း၊ စတင်သွန်းလောင်းစေခြင်း၊ ကိစ္စအားလုံးကို ပြီးစီးအောင် ဆောင်ရွက်စေပြီးနောက် ကဆုန်လပြည့်နေ့တွင် သံဃာ ၉–ပါးပင့်၍ ဗုဒ္ဓဘိသေကမင်္ဂလာ၊ အနေကဇာတင် ခြင်း ကုသိုလ်အလှူတော်ကို ရေစက်သွန်းချ၊ အမျှပေးဝေစေ ပြီး ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

(အခိပ္ပါယ်မှာ) ... မိမိဘုရားထုလုပ်ပြီး၍ ဘုရားအဖြစ် သွန်းလောင်းပြီး၍ ဗုဒ္ဓဘုရားရုပ်ပွားတော်ဖြစ်ပြီဟု ကဆုန် လပြည့်နေ့တွင် အနေကဇာတင်အလှူကို ပြုလုပ်ခြင်းကို တစ်သောင်းသော စကြာဝဠာမှလည်းကောင်း အရှေ့နေထွက်၊ အနောက်နေဝင် တောင်မှာ တံငါကွန်နက္ခတ်၊ မြောက်မှာ ရူပံ ကြယ်၊ အောက်မှာ အဝီစိငရဲဘုံ၊ အထက်မှာ အကနိဋ္ဌဗြဟ္မာ ဘုံ ဤအတွင်း နတ် ဗြဟ္မာမှန်သမျှ သတ္တဝါအနန္တမှန်သမျှ သူတော်ကောင်း သူတော်စင် သိဒ္ဓိပေါက်ပုဂ္ဂိုလ်မှစ၍ မသိမမြင် မရှိစေရ။ မကြား၊ မသိ မရှိစေရ။ အားလုံးကြားခြင်း၊ သိခြင်း၊ မြင်ခြင်းရှိစေရန်အတွက် အမျှပေးဝေခြင်း၊ ရေစက်သွန်းချခြင်း ကို ပြုအပ်၏ဟု မှတ်သားနာယူကြပါလေ။ ထို့ကြောင့် မိမိ အိမ်ဂေဟာမှာ ဗုဒ္ဓဘုရားရှင် ကြွလာလျှင်လည်းကောင်း သီတင်းသုံးလျှင်လည်းကောင်း ကုသိုလ်ကောင်းမှု အလှူကို မလှူမရှိစေရ။ လှူဒါန်းပူဇော်သင့်၏။ လှူဒါန်းပူဇော်

ကန်တော့သင့်ကြောင်းကို အထူးသိထားစေသင့်၏။ သဘာဝကျအောင် တွေးခေါ်တတ်ဖို့ အလွန်အရေးကြီးသည်ဟု မှတ်ပါ။ (မင်းကွန်းတိပိဋကဓရ ဆရာတော် စီရင်ရေးသားတော်ခဲ့သော မဟာဗုဒ္ဓဝင်များကို ဗုဒ္ဓဘာသာဝင်တိုင်း အထူးလေ့လာသင့်ကြောင်း အထူးမှတ်သားသင့်ကြောင်း သတိရှိကြပါလေ။)

ဒုတိယမှ ဥပမာ ဆိုဦးအံ့ ... ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင် ဘုရားထုလုပ်မည့် ဓာတ်သား၊ သစ်သား စသည်တို့ကို ပူဇော်ကန်တော့၍ စတင်ထုလုပ်၊ သွန်းလုပ်စေပြီး အပြီးအစီးအထိ ဆောင်ရွက်လုပ်ကိုင်စေပြီးနောက် ဝါခေါင်လပြည့်နေ့ နံနက်ပိုင်းတွင် သံဃာ ၅ ပါးပင့်၍ ဗုဒ္ဓဘိသေက မင်္ဂလာ အနေကဇာတင် သွန်းလောင်းခြင်း၊ ရေစက်သွန်းချ အမျှ ပေးဝေခြင်း စသော အလှူတော်၊ မင်္ဂလာကို ဆောင်ရွက်စေသင့်၏ ဟူလို။ မည်သို့ပင်ဖြစ်စေ နေမင်းသည် ဥတ္တရဒိဂ် မြောက်ကျွန်းသို့အဝင် ၅-လဖြစ်သော တန်ခူးလမှစ၍ တန်ခူး လပြည့်နေ့မှ စ၍ ဝါခေါင်လပြည့်နေ့အထိ ၅-လသည် ဘုရားရှင် ကိုယ်တော်မြတ် အဓိကအသုံးပြုတော်မူခဲ့သော (ဝါ) ဗုဒ္ဓဝင် နှင့် ပတ်သက်နေသော ၅-လဟု မှတ်သားနာယူသင့်၏။ ထို ၅-လတို့၏ လပြည့်နေ့များကို သတ်မှတ်နာယူ၍ မင်္ဂလာကိစ္စ ဗုဒ္ဓကိစ္စ ဓမ္မကိစ္စ သံဃာ့ကိစ္စ ကုသိုလ်ကောင်းမှု

ကိစ္စ သိဒ္ဓိကိစ္စ မဟိဒ္ဓိကိစ္စ အောင်မြင်စေမှုကိစ္စများကို အထူး ဆောင်ရွက်သင့်ပါကြောင်း သိထားသင့်ပါသည်။

**အထူးမှတ်ချက်** ။ ။ အနေကဇာတင်ခြင်းနှင့် ပတ်သက်၍ သဘောပေါက်အောင် ရှင်းလင်းပါဦးအံ့။

ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်ခြင်းသည် နေ့လည်တင်တင်၊ ညနေတင်တင်၊ ညတင်တင်၊ တင်ချင် သလိုတင်ပါ အောင်မြင်ပါသည်။ အနေကဇာတင်တာ ဖြစ်နိုင် ပါသည်။ သို့ပေမယ့် အာရုံတက်အချိန်တွင် အနေကဇာတင် တာ မဟုတ်ခဲ့ပါလျှင် သဘာဝမကျကြောင်း သတိရှိကြ ပါလေ။

မဟာဗုဒ္ဓဝင်ကျမ်းဂန်များတွင် ဗုဒ္ဓမြတ်စွာဘုရားရှင် သည် –

(၁) မည်သည့်အချိန်တွင် သစ္စာလေးပါးကို သိတော်မူ သနည်း ?

(၂) မည်သည့်အချိန်တွင် သဗ္ဗညုတဉာဏ်တော်ကို ရပါ သနည်း ?

(၃) မည်သည့်အချိန်တွင် ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော် မူပါသနည်း ?

ဤ ၃ ချက်သော မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်ပါ လျှင် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာကို မည်သည့်

အချိန်အခါတွင် ဆောင်ရွက်ပါမှ သဘာဝကျကြောင်းကို သိရှိနိုင်ပေလိမ့်သည်။

အလုပ်တစ်ခုခုကိုဖြစ်စေ ကိစ္စတစ်ခုခုကိုဖြစ်စေ အကြောင်းအရာတစ်ခုခုကိုဖြစ်စေ ဆောင်ရွက်လုပ်ကိုင်ကြရာ၌ (၁) သဘာဝပေတံဖြင့်လည်းကောင်း (၂) လောကခံပေတံဖြင့်လည်းကောင်း၊ (၃) ဗုဒ္ဓဘုရားရှင်၏ မဟာကရုဏာသိလ်ပေတံဖြင့်လည်းကောင်း တိုင်းတာသင့်၏။ ထိုသို့ အတိုင်းအတာခံနိုင်ပါမှ မှန်ကန်တိကျသည်ဟု ဆိုလိုပါသည်။ အတိုင်းအတာတစ်ခုခုနှင့်မှ မခံနိုင်ပါလျှင် (ဝါ) မည်သည့်ပေတံအတိုင်းအတာနှင့်မှ အတိုင်းအတာမခံနိုင်ပါလျှင် ဤကိစ္စ ဤအကြောင်းအရာ ဤအလုပ်သည် သဘာဝမကျဟု သိထားကြပါလေ။

လောကကျမ်းများအရ ဘုရားထု မကိုးကွယ်ကောင်းသော ဓာတ်သား၊ သစ်သားများမှာ (၁) ညြဇာသား၊ (၂) တမာသား၊ (၃) သေဘ်ကသား၊ (၄) ရင်းတိုက်သား၊ (၅) ယမနေသား၊ (၆) ရှားသား၊ (၇) ထနောင်းသား၊ (၈) ထန်းသား၊ (၉) ထိန်သား၊ (၁၀) ဒူးရင်းသား၊ (၁၁) သစ်တိုသား၊ (၁၂) ဒန်းကြီးသား၊ (၁၃) ဇီးသား၊ (၁၄) ကုက္ကိုသား ထို ၁၄ မျိုးသော ဓာတ်သား၊ သစ်သားများအား အဆောင်အယောင်အဖြစ်လည်းကောင်း၊ ဘုရား၊ ရဟန္တာထုလုပ်

ကိုးကွယ်ခြင်းငှာ မသင့်တော် မလျော်ကန်ဟု မှတ်သားကြပါလေ။ ခတ်သားဘုရား ထုရာတွင်မူ ဂျတ်သည်လည်းကောင်း၊ ခဲသည်လည်းကောင်း၊ ဘင်သည်လည်းကောင်း၊ နာသည်လည်းကောင်း၊ ဒန်သည်လည်းကောင်း ထို ၅ မျိုးသော ခတ်ပစ္စည်းများ၊ ခတ်သားများသည် ဘုရား / ရဟန္တာရုပ်ထုတော် ထုလုပ်ခြင်းငှာ မသင့်တော် မလျော်ကန်ပါဟု မှတ်ပါ။ **မသင့်တော် မလျော်ကန်ဟူသောစကားသည် လောကီအကြောင်းတရား၊ အကျိုးတရားအတွက် သက်သက်သာဖြစ်သည်ဟု မှတ်သားရမည်။ လောကုတ္တရာ အယူအဆ သဘောတရားမှာမူ မသင့်တော် မလျော်ကန်ဟူ၍ မရှိနိုင်ဟု မှတ်ကြပါလေ။**

(ဘုရားထုလုပ်ကိုးကွယ်တာပဲကွာ တော်တယ်၊ မတော်တယ်များ ရှိသေးလို့လား ? မကောင်းတာ၊ ကောင်းတာများရှိသေးလို့လား ? လျော်ကန်သည်၊ မလျော်ကန်သည်များရှိသေးလို့လား ? ...) ဟု ဆိုတတ်ကြသည်။ ဒါဟာ လူသားတွေ၏ သဘာဝပါ။ ခွဲခြားပြီး သိထားရန်မှာ လောကီအကြောင်းတရား၊ အကျိုးတရားအတွက်မူ တော်၏ မတော်၏။ သင့်၏ မသင့်၏ ဟူ၍ ရှိပါသည်။ လောကုတ္တရာ အယူအဆအရမူ (ဗုဒ္ဓဘုရား ထုလုပ်ကိုးကွယ်တာပဲကွာ မတော်တာမကောင်းတာ မရှိနိုင်ပါ။ အားလုံး ကောင်းလှပါသည် မွန်မြတ်

ပါသည် ဟူ၍သာ ဖြေဆိုရပေလိမ့်မည်။) ဤသို့သာ သတ်မှတ်ကြရ၏ ...

(B) လွတ်အောင်နေနိုင်ရင်နေ မနေနိုင်ရင် အခွန်ပေး

ကင်းအောင်နေနိုင်ရင် မနေနိုင်ရင် အခွန်ဆက် ဟူသော ရှေးပုဂ္ဂိုလ်ကြီးများ၊ ရှေးသူတော်ကောင်းကြီးများ အမှန်တကယ် ကျင့်ကြံအားထုတ်ဆဲ အားထုတ်ပြီး ပုဂ္ဂိုလ်ကြီးများ ဆရာတော်ကြီးများ၏ ကိုယ်တွေ့ လက်တွေ့ စာတွေ့ မိန့်မှာချက်များ ဖြစ်ပါသည်။ ထိုမိန့်မှာချက်များ မိန့်ကြားချက်များအား စာတွေ့၊ လက်တွေ့၊ စုပေါင်း ၍ ခရစ်သက္ကရာဇ် ၁၉၇၂ ခုနှစ်တွင် ဘဝနတ်ထံ ပြန်လွန်တော် မူခဲ့သော ရွှေဥမင်တောရ လေးကျွန်းပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ အရိန္ဒမာ၏ မိန့်ကြားခဲ့သော ဩဝါဒကထာများဟု မှတ်သားနာယူကြပါလေ။ လွတ်အောင်နေနိုင်ရင်နေ မနေနိုင်လျှင် အခွန်ပေးဟူရာ၌ ကျမ်းဂန်အရ ဗလိ ၅ ပါးထဲတွင် ပုဗ္ဗပေတဗလိ ဟု ခေါ်ဆိုပါသည်။ အမိဝမ်းဗိုက်အဖွင့်မှာ ကွယ်လွန်ပြီးသော ရှေးပဝေသဏီ အခါကပင် ဘဝပြောင်းလဲသွားကြကုန်သော အဘိုး အဘွား ဘိုးဘေး ဘီဘင် ကွယ်လွန်ကြကုန်ပြီးသော ဆွေစဉ်မျိုးဆက်များ အမိ အဘ ဦးလေး အဒေါ် အစ်မ အစ်ကို ညီငယ် နှမငယ် သားသမီး မြေးမြစ် တီ ကျွတ် စသည်ဖြင့် ကွယ်လွန်အနိစ္စ ရောက်ပြီးသော ပုဂ္ဂိုလ်များနှင့် ဆွေမျိုးများနှင့် မိသားစုများနှင့်

ကင်းရှင်းအောင် နေထိုင်နိုင်ပါသလား ? လွတ်အောင်ရော နေနိုင်ပါသလား ? (မသိမမြင်၍ ဆွေမျိုးသားချင်းမှန်း မသိသေး၍ မမြင်သေး၍ လွတ်အောင်နေနိုင်ပါသည်။ ကင်းရှင်းအောင် နေနိုင်ပါသည်ဟု ပြောနေတာလား ?) ကွယ်လွန်လေပြီးသော ပုဂ္ဂိုလ်များသည် အမှန် တကယ်စင်စစ် မိမိ၏ အဘိုးအဘွားပါလား ...။ မိမိ၏ အဖေ အမေပါလား။ မိမိ၏ သားသမီးတွေပါလား ... ဟု သိလာခြင်း မြင်တွေ့လာခြင်း ရှိလာသည့်အခါ လွတ်အောင်နေနိုင်ပါ သည်။ ကင်းရှင်းအာင် နေနိုငါပါသည်ဟူသောစကားသည် ပျောက်ပျက်သွားစေပြီး ဤကွယ်လွန်လေပြီးသော မိဘ၊ ဘိုးဘွား၊ အဖေ၊ အမေ စသော ဆွေမျိုးသားချင်းများအား ကောင်းရာဘုံကို ရောက်ရှိရေးအတွက် ကောင်းသောဘဝကို ဖြစ်စေရေးအတွက် ရောက်လေရာ၊ ဖြစ်လေရာဘဝတွင် ကောင်းကောင်းမွန်မွန် စားသောက်နိုင်ရေးအတွက် ပြည့်ပြည့် စုံစုံနေနိုင်ရေးအတွက် ကုသိုလ်ကောင်းမှုလုပ်ပေးခြင်း အလှူ အတန်းပြုလုပ်ပေးခြင်း ထီးတံခွန် ကုက္ကားမလေးပွားများ ပေးကြခြင်း ပြုလုပ်ဆောင်ရွက်ပြီးသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေခြင်း မေတ္တာပေးဝေခြင်းကို ပြုကြရလေသည်။ ပြုမြဲဓမ္မတာ ဖြစ်ကြရသည် ပေးကြရသည်။ ဤသို့ပေးရခြင်းကို အခွန်ပေးသည်ဟု ဆိုလိုပါသည်။ သံသရာ အခွန်ဘဝခွန်

လောက၏ အခွန်ဟု ခေါ်ဆိုနိုင်ပါသေး၏။ ထို့ကြောင့်ပင် လွတ်အောင်နေနိုင်ရင်နေ မနေနိုင်လျှင် အခွန်ပေး ... ဟူ၍ ရှေးဆရာကြီးများ၊ ဆရာတော်ကြီးများ၊ ဗဟုသုတကြွယ်ဝကြ ပေကုန်သော ပညာရှင်များ၊ ကျင့်ကြံအားထုတ်ကြသော ပုဂ္ဂိုလ် ကြီးများသည် မိန့်ရှိခဲ့သော စကားတစ်ခွန်း၊ ဆောင်ပုဒ် တစ်ခုဟု မှတ်ယူသင့်ပါသည်။ ဘိုးဘွားအစဉ်အဆက် ဆွေစဉ်မျိုးဆက် အဆက်ဆက်ဖြစ်လာခဲ့ခြင်းကြောင့် ဆင်းသက်လာခဲ့ခြင်းကြောင့် အမှန်တကယ်ကြည့်ကြပါလျှင် (အမျိုးတွေပါ) ဟု ပြောလျှင် မှန်နိုင်ပါလိမ့်မည်။ ထို့အတွက် ကြောင့် လွတ်အောင်ကင်းအောင် နေထိုင်နိုင်လျှင် အကောင်း ဆုံးဟု ဆိုခဲ့ပေမဲ့ လုံးဝမလွယ်ကူလှကြောင်းကိုမူ သတိရှိစေ ချင်ပါသည်။ သာဓကတစ်ရပ်ကို ဆိုပါဦးအံ့။

ဗုဒ္ဓမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးစ ရာဇဂြိုဟ်ပြည် ကို ကြွရောက်လာပြီးသည့်နောက် ဗိမ္ဗိသာရမင်း လှူဒါန်း ပူဇော်၍ ရေစက်သွန်းချအပ်သော ဝေဠုဝန်ကျောင်းတော်နေရာ မြေကို လက်ခံတော်မူခဲ့သည်။ အလှူခံတော်မူခဲ့ပါသည်။ ညအချိန်ကာလအခါရောက်သည့်အခါ ဗိမ္ဗိသာရမင်း အိပ်စက် ၍ မရနိုင်တော့ပါ။ တစ်ညလုံး နာနာဘာဝများ၊ ဝိနာဘာဝများ မကျွတ်လွတ်သော ပြိတ္တာများသည် ဗိမ္ဗိသာရမင်းကြီးအား အိပ်မက်ပေးခြင်း အသံပေးခြင်း ကိုယ်ရောင်ပြခြင်း မင်းကြီး

၏ ခန္ဓာကိုယ်လှုပ်ခါလာခြင်း မင်းကြီး၏ ခြေထောက်ကို လှုပ်ခါလာခြင်းအပြင် တို့ကိုလည်းပေးပါ၊ တို့ဘာမှ မရသေးဘူး၊ တို့တွေ စောင့်နေရတာ ကြာလှပြီ၊ တို့ကို မမေ့ပါနှင့်၊ တို့ကိုလည်း ပေးကြပါ စသည်ဖြင့် နန်းတော်တစ်ဝိုက် အော်ဟစ်ဆူပူနေကြတော့၏။ နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဗိမ္ဗိသာရမင်းကြီးသည် ချက်ချင်း ဗုဒ္ဓဘုရားရှင်ထံသို့သွားရောက်၍ အဖြစ်အပျက်အကြောင်းစုံတို့ကို လျှောက်ထားသည့်အခါ ဗုဒ္ဓမြတ်စွာဘုရားရှင်က (တကာတော် မင်းကြီး) နှင့် ဆွေမျိုးမကင်းကုန်သော မကျွတ်မလွတ်ကြသေးသည့် ပြိတ္တာများသည် မင်းကြီး၏ ပြုအပ်သောကုသိုလ်ကောင်းမှုများအား လိုချင်နေကြသည် ဖြစ်၍ တောင်းဆိုနေခြင်းဖြစ်၏) ဟု အမိန့်ရှိလာသည့်အခါတွင်မှ (မနက်ဖြန် ဗုဒ္ဓမြတ်စွာဘုရားနှင့်တကွ နောက်ပါသံဃာတော်များအားလုံး တပည့်တော်၏ နန်းတော်တွင်းသို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါဘုရား) ဟု လျှောက်ထားလာ၏။ ထိုလျှောက်ထားချက်ကို ဗုဒ္ဓဘုရားရှင် ဝန်ခံတော်မူစေပြီး နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဗုဒ္ဓဘုရားရှင်သည် နောက်ပါသံဃာအများနှင့် ဗိမ္ဗိသာရနန်းတော်အတွင်း ဆွမ်းဘုဉ်းပေးကြွတော်မူ၏။ ဗိမ္ဗိသာရမင်း ကပ်လှူဒါန်းအပ်သော ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ လျှုဖွယ် စသည်များကို အလှူ

ခံတော်မူပြီးနောက် ဗုဒ္ဓဘုရားရှင်သည် အနုမောဒနာတရားတော်မြတ်ကို ချီးမြှောက်တော်မူ၍ ရေစက်သွန်းချ အမျှပေးဝေသော ထိုခဏမှာပင် ဗိမ္ဗိသာရမင်း၏ ဆွေတော် မျိုးတော်များဖြစ်ကြကုန်သော မကျွတ်မလွတ်ကြသေးသည့် ပြိတ္တာများသည် ဝမ်းသာအားရ ပျော်ရွှင်စွာဖြင့် နတ်ဌာဖြစ်သော အံ့ဖွယ်မခမ်း ထူးဆန်းလှစွာသော အဝတ်တန်ဆာ၊ ဒွာဒရာတို့ကိုလည်းကောင်း၊ နေရာဗိမာန် အဆောက်အဦး ပြာသာဒ်ဘုံဆင့်တို့ကိုလည်းကောင်း၊ နတ်၏ ဘောဇဉ်ချိုချဉ် ရသာ နတ်ဩဇာ အဖြာဖြာတို့ကိုလည်းကောင်း ခံစားရရှိကြကုန်တော့၏။ (ကင်းအောင်နေနိုင်ရင်နေ မနေနိုင်လျှင် အခွန်ဆက်) ဟူသော စကားအရမှာ ဒေဝတာဗလိကို ဆိုလိုပါသည်။ လောကတွင် တောစောင့်နတ်များ၊ တောင်စောင့်နတ်များ မျိုးရိုးကိုစောင့်သောနတ်များ၊ ရက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်မြေပိုင်နတ်ကို စောင့်သောနတ်ဟူ၍ အမျိုးမျိုးရှိကြပါသည်။ ထိုနတ်တို့အား ထိုက်သည့်အားလျော်စွာ ပူဇော်ခြင်း၊ ပသခြင်း၊ တင်မြှောက်ခြင်း စသည့်ဓလေ့ထုံးတမ်းစဉ်လာသဘောမျိုး ဆောင်ရွက်လုပ်ကိုင်ရသည်ကို ဒေဝတာဗလိဟု ခေါ်ဆိုအပ်၏။ နတ်တို့အားထိုက်သည့်သလို ပူဇော်ကန်တော့ခြင်း၊ တင်မြှောက်ပသခြင်းကို ဒေဝတာဗလိ ဟူ၍ ခေါ်ဆိုအပ်ပါသည်။ ရှေးခတ်ဟောင်း

အခေါ်အဝေါ်အားဖြင့် (ဗလိနတ်စာ) ဟု တချို့ဒေသ အခေါ် အဝေါ်တစ်မျိုး သုံးစွဲကြသည်ကို တွေ့ရှိဖူး၏။ မည်သို့ဆိုစေ ပါဠိအခေါ် ဒေဝတာဗလိ အရပ်ဒေသအခေါ် ဗလိနတ်စာ မည်သို့ပ င်ဆိုဆို အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်ပေလိမ့်မည် ဟု ကျွန်ုပ်စာရေးသူ ယုံကြည်ပါသည်။ အကြမ်းနှင့်အနု အထက်နှင့်အောက် ဤမျှသာ အနည်းငယ်ခန့်ကွာခြားနိုင်ပေ လိမ့်မည်ဟု ထင်မြင်မိပါသည်။

ဒေဝတာဟူသော အသုံးအနှုန်းသည် အဆင့်အတန်း ရှိသေး၏။ အဆင့်အတန်း မြင့်နိုင်သေး၏။ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာသာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့် နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ် နယ်မြေဒေသကို စောင့် သောနတ်မှစ၍ နတ်ပြည် ၆ ထပ်၊ ဗြဟ္မာ့ဘုံ ၂၀ အထိကို ဆိုလိုသည်။ ဒေဝတာဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်းနိုင်ပါ သေးသည်။ သုံးနှုန်းကြလျှင်လည်း လျော်ကန်သင့်မြတ်လှ ပေ၏။ ဗြဟ္မာဘုံသည် ဗြဟ္မာဖြစ်၍ နတ်တို့နှင့် အဆင့်အတန်း အခေါ်အဝေါ်မတူသေး၍ ဖယ်လျှင် ဖယ်နိုင်သေး၏။ စတု မဟာရာဇ်ဘုံကစ၍ ပရနိမ္မိတ ဝသဝတ္တီဘုံအထိ နတ်ပြည် ခြောက်ထပ်စလုံးကို ဒေဝတာဟူသော အခေါ်အဝေါ်အသုံး အနှုန်းဖြင့် ခေါ်နိုင်သေး၏။ ခေါ်ဝေါ်သုံးစွဲနိုင်သေး၏။ သတ်မှတ်နိုင်သေး၏။ ကောင်းမြတ်သော နတ်များ

စိတ်ကောင်း စေတနာကောင်းရှိသောနတ်များ ကုသိုလ်အား များလှသောနတ်များဟု ဆိုလိုပါသည်။ ဗလိနတ်စာ ဟူသည် အရပ်ဒေသ တောင်သူတောင်သားများ၏ အရပ်ဒေသ အခေါ် အဝေါ်တစ်မျိုး ဖြစ်ပါသည်။ အဆင့်အတန်းအားဖြင့် လည်းကောင်း၊ အမျိုးအစားအားဖြင့်လည်းကောင်း အနည်း ငယ် နိမ့်ကျသေး၏။ ဒေါသအားကြီးသောနတ်များ၊ လောဘ အားကြီးသောနတ်များ၊ အချို့မိစ္ဆာနတ်များ၊ အချို့နတ်ဆိုး များအထိ နိမ့်ကျစွာ ပါဝင်ကြသည့် အသုံးအနှုန်းတစ်မျိုးကို ဗလိနတ်စာဟု ဆိုလိုသည်။ နတ်တို့အား လူမျိုးတစ်မျိုး၏ ဓလေ့ထုံးတမ်းစဉ်လာအတိုင်း တစ်လ တစ်ကြိမ်ဖြစ်စေ၊ တစ်နှစ်တစ်ကြိမ်ဖြစ်စေ၊ သုံးနှစ်တစ်ကြိမ်ဖြစ်စေ စားဖွယ် သောက်ဖွယ် ပူဇော်ဖွယ်များဖြင့် တင်ပသသည်။ တင်မြှောက် ပသသည်ကို ဗလိနတ်စာကျွေးသည်ဟု ခေါ်ဆိုအပ်သည်။ ယနေ့ 1999 ကမ္ဘာမှာပင် ဗလိနတ်စာ ကျွေးမွေးသည့် အလေ့ အထများပင် ရှိနေကြသေး၏။ အိန္ဒိယနိုင်ငံ ဒေသအချို့တို့တွင် လည်းကောင်း၊ အာဖရိကတချို့ဒေသများတွင်လည်းကောင်း၊ အရှေ့တောင်အာရှတချို့ဒေသများတွင် လည်းကောင်း၊ တောင်/ အမေရိကနိုင်ငံများ၏ တချို့ဒေသများတွင် လည်းကောင်း ဗလိနတ်စာနှင့်ပတ်သက်၍ နှစ်မျိုးနှစ်စား ခွဲခြား၍ တွေ့ရှိနိုင်ပါသည်။ ပထမတစ်မျိုးမှာ ဒေဝတာဗလိ

၎င်းသည် ကြိုက်သလို ပသပူဇော်ခြင်း၊ တင်မြှောက်ခြင်း စည်းကမ်းဥပဒေသ မရှိနိုင်ပါ။ သတိရ၍ အမှတ်ရ၍ ပူဇော်ခြင်း၊ ပသခြင်းလည်း ဖြစ်နိုင်သည်။ အချို့လည်း တစ်နှစ်တစ်ကြိမ် နှစ်ကြိမ် ပသပူဇော်ကြသည်လည်း ရှိကြပါသည်။ အချို့လည်း လက်တွေ့ကိုယ်တွေ့ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခတို့နှင့် ပြည့်စုံသွားကြပြီး ကြီးပွားတိုးတက်သွားကြသည်လည်း ရှိကြပါသည်။ မပူဇော် မပသ၍ မတင်မြှောက်၍လည်း လူကို ဒုက္ခမပေးပါ။ လူသားများအား ပြဿနာ မရှာကြပါ။ အတင်းအဓမ္မ တင်မြှောက်ပသရမည်။ ပူဇော်ရမည်ဟုလည်း စည်းကမ်းဥပဒေ မရှိနိုင်ပါ။ မေတ္တာတရားနှင့်သာ စေတနာအရနှင့်သာ ဝါသနာပါ၍သာ ကြိုက်နှစ်သက်သလို ဆောင်ရွက်နေကြသည်။ အထက်တန်းကျကျ အဆင့်အတန်းမြင့်မြင့်ဖြစ်၍ ၎င်းကို ဒေဝတာဗလိဟု ခေါ်ဆိုနိုင်ပါသည်။ ဒုတိယတစ်မျိုးမှာ ဗလိနတ်စာ ၎င်းဗလိနတ်စာတွင်မူ ကြမ်းတမ်းသောနတ်များ၊ နတ်မိစ္ဆာများ၊ နတ်ဘီလူးများ ဖြစ်နေကြတတ်ပါသည်။ အချို့ဒေသခံ နတ်များဆိုပါလျှင် အစိမ်းသေ, သေထားသော နတ်မိစ္ဆာများ၊ နတ်သရဲများအထိ ဖြစ်နေတတ်ပါသည်။ တစ်နှစ်လျှင်တစ်ကြိမ် ပူဇော်ပသလျှင် ပသ သို့မဟုတ် တစ်နှစ် ၂ ကြိမ်မျှ ပူဇော်ကန်တော့လျှင်ကန်တော့ ဤသို့မဟုတ်မူ၍ ပျက်ကွက်ခဲ့ပါလျှင် ချို့ယွင်းခဲ့

ပါ လျှင် ခေါင်းကိုက်နေတာမျိုး နလုံးတုန်ရင်ခုန်နေတာမျိုး နေ့စဉ် အဖျားတက်နေပြီး အဖျားမကျတာမျိုး အိမ်တွင်းရေး ဆူပူတာမျိုး တစ်ခုမဟုတ်တစ်ခု ဖြစ်လာတတ်ပါသည်။

ဗလိနတ်စာကျွေးတာ ယဇ်ပူဇော်တာ စသည်များသည် ယ္ခုမှသာ ရှိနေခြင်းမဟုတ် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တုန်းကတည်းကပင်လျှင် ရှိနေကျ ဓမ္မတာအလုပ်မျိုး ဖြစ်နေတတ်ကြပါသည်။ တစ်ခုခု အထိမ်းအမှတ်ပြုလုပ်မည်ဆိုလျှင် ဗလိနတ်စာကျွေးသည့်ကိစ္စ ယဇ်နတ်ပူဇော်သည့်ကိစ္စများ ဒွန်တွဲနေတတ်ကြပါသည်။ မိသားစု နေထိုင်မကောင်းသည့်အခါ ရပ်ရွာဒေသများတွင် အထိတ်တလန့် ခဏခဏဖြစ်လာသည့် အခါများတွင်လည်း ဗလိနတ်စာကျွေးသည့်ကိစ္စများ ယဇ်ပူဇော်သည့်ကိစ္စများ ပါလာတတ်ပါသည်။ ဗုဒ္ဓဝင်ကျမ်းများတွင်မူ ဗုဒ္ဓဘုရားရှင် ပွင့်နေစဉ်ကာလတစ်လျှောက်မှာပင်လျှင် အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့နယ်တစ်ဝိုက် ရာဇဂြိုလ်မြို့နယ် တစ်ဝိုက်များတွင် ဗလိနတ်စာကျွေးတာ ယဇ်နတ်ပူဇော်တာ မကြာခဏ တွေ့ရှိရသည်ကို သတိထားကြည့်လျှင် သိသာနိုင်ပါသည်။

**ရှင်းလင်းချက်များကို ဆိုပါအံ့။**

လွတ်အောင်နေနိုင်ရင်နေ မနေနိုင်ရင် အခွန်ပေး၊
ကင်းအောင်နေနိုင်ရင်နေ မနေနိုင်ရင် အခွန်ဆက်၊

ဤစကားနှစ်ကြောင်း ဤစာသားနှစ်ကြောင်းနှင့် ပတ်သက်၍ လွတ်အောင်နေနိုင်ထိုင်နိုင်ခြင်း ကင်းရှင်းအောင် နေထိုင်နိုင်ခြင်းသည် လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပါ လွယ်သာလွယ်ကူခဲ့ပါလျှင် သံသရာဟူသော စကား ၃၁ ဘုံ ဟူသော စကား နိဗ္ဗာန်ဟူသော စကား ပဋိစ္စသမုပ္ပါန်ဟူသော စကားသည် လောကမှာ ဖြစ်လာကြမည်မဟုတ်ပါ။ သတ်မှတ်ထားကြမည်လည်း မဟုတ်ပါ။ ခက်ခက်ခဲခဲရှိ၍သာ ရှေးဆရာတော်ကြီးများ ရှေးပညာရှိသူခမိန်များ ရှေးအရိယာပုဂ္ဂိုလ်များက မိန့်မှာခြင်း မိန့်ကြားခြင်း ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ လွတ်အောင်နေနိုင်လျှင်နေဟူသောစကား ကင်းအောင်နေနိုင်လျှင် နေဟူသောစကားများသည် သေချာစွာကြည့်ပါက လွယ်မလိုလို လွယ်မရောင်ရောင်နှင့် ခက်နေတတ်သော စကားနှစ်ခွန်း ဖြစ်ကြောင်းကို သတိပြုပါလေ။ လွတ်အောင် နေထိုင်ခြင်း၊ ကင်းအောင်နေထိုင်ခြင်း နှစ်မျိုးလုံးသည် ထေရဝါဒ ဗုဒ္ဓဘာသာအရ သရဏဂုံ တည်မြဲခိုင်မြဲနေသော ဥပသိကာ အဆင့်ကို ဆိုလိုပါလိမ့်မည်။

၁။ ဘာသာအယူဝါဒ စင်ကြယ်ရခြင်း။

၂။ သရဏဂုံ တည်ရခြင်းစသော ဤအချက်အလက်များနှင့် ပြည့်စုံပါမှ လွတ်အောင်နေနိုင်ကြလိမ့်မည်။ ကင်းအောင်နေနိုင်ကြလိမ့်မည်။ ဤအချက် ၂–ချက်နှင့် မပြည့်စုံ မလုံလောက်

သော ပုဂ္ဂိုလ်များတို့သည် မလွတ်ကြသေးကြောင်း မကင်းကြသေးကြောင်း သိရှိနိုင်ကြပါသည်။

၁။ **ဘာသာအယူဝါဒ စင်ကြယ်ရခြင်းဆိုရာ၌ တခြားတခြားသော ဘာသာရပ်ထဲဝင်ပြီး နေထိုင်ရုံမျှဖြင့် မလုံလောက်ပေ။ လောကတွင် အထင်အရှားရှိပြီဖြစ်သော ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့ခြင်း တည်ထောင်လာခဲ့ခြင်း ရှိပေသော ထေရဝါဒ ဗုဒ္ဓဘာသာအယူဝါဒကို လက်ခံကျင့်သုံးပါမှ ဘာသာအယူဝါဒ စင်ကြယ်နိုင်တော့မည်ဟု မှတ်ရာ၏။**

၂။ သရဏဂုံတည်ရခြင်းဟု ဆိုရာ၌ ဗုဒ္ဓဘာသာဝင်တို့၌ ပြဋ္ဌာန်းထားသော သရဏဂုံ ၃ ပါး၊ ၅ ပါးသီလ စသော သရဏဂုံတို့ကို ကျင့်သုံးခံယူတည်ဆောက်ပါမှ စစ်မှန်သော သရဏဂုံတည်မှုကို ဖြစ်စေနိုင်ပါမည်။ ထိုသို့မဟုတ်ပါက စစ်မှန်သော သရဏဂုံကို မရရှိနိုင်တော့ပေ။

ထေရဝါဒဗုဒ္ဓဘာသာသည် လူရှေ့သူရှေ့ ကြွားဝါရမည့်အရာ မဟုတ်ပေ။

ထေရဝါဒဗုဒ္ဓဘာသာသည် ပြောနေရုံနှင့် ပြီးစီးသော အရာလည်း မဟုတ်ပေ။

ထေရဝါဒဗုဒ္ဓဘာသာသည် စားကောင်းရုံ သောက်ကောင်းရုံ ပေါ့ပေါ့တန်တန် ဟောပြောရမည့်အရာလည်း

မဟုတ်ပါပေ။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် စင်ကြယ်ပြီးသော ဖြူစင်ပြီးသော အရောအနှောမရှိသော အစပ်အဟပ်မရှိသော ပကတိ တည်ငြိမ်အေးချမ်းသော တသီးတခြား တစ်ဘာသာအားဖြင့် ကမ္ဘာပေါ်တွင် ရပ်တည်လာခဲ့ပြီးသော ဗုဒ္ဓိဘာသာကိုယ်တော်တိုင် ဟောကြားခြင်း ပြသခဲ့ခြင်း တည်ထောင်ပေးခဲ့ခြင်းနှင့် ပြည့်စုံပြီးသော အလွန်ပင် နူးညံ့သိမ်မွေ့လှသည်။ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ဆိုလိုရင်းဖြစ်ကြောင်းကို သိထားကြပါလေ။ ထိုစစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ စသော သရဏဂုံ ၃ ပါးနှင့် ၅ ပါးသော သီလတော်မြတ်ကို ထာဝရကျင့်သုံးဆောက်တည်ခြင်း သရဏဂုံ ၃ ပါးနှင့် ၈ပါးသော သီလတော်မြတ်ကိုလည်းကောင်း၊ သရဏဂုံ ၃ ပါးနှင့် ၉ ပါးသော သီလတော်မြတ်ကိုလည်းကောင်း၊ သရဏဂုံ ၃ ပါးနှင့် ဆယ်ပါးသော သီလတော်မြတ်ကိုလည်းကောင်း အထူးသဖြင့် ခံယူတည်ဆောက်နေ၍ သရဏဂုံတည်မြဲနေသော ပုဂ္ဂိုလ်များမှသာလျှင် လွတ်အောင်နေနိုင်ကြသည်။ ကင်းရှင်းအောင် နေနိုင်ကြသည်ဖြစ်ရာ၏ (ဥပမာတစ်ခုကို ဆိုပါအံ့) ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက အားလုံးသော လူပရိသတ် နတ်ပရိသတ် မင်းပရိသတ် ရဟန်းပရိသတ်အပေါင်းတို့သည် ဗုဒ္ဓ

မြတ်စွာဘုရားရှင်၏ တရားတော်မြတ်ကို နာကြားရသည့် အတွက်

၁။ အချို့သည် သရဏဂုံတည်သော ဥပသိကာများ ဖြစ်ကြရကုန်၏။

၂။ အချို့သည် သောတာပတ္တိမဂ်ကို ရရှိကြပြီးသော သောတာပန်ပုဂ္ဂိုလ် ဖြစ်ရ၏။

၃။ အချို့သည် သဒါဂါမိမဂ်ကို ရရှိကြပြီး သဒါဂါမ်ပုဂ္ဂိုလ် ဖြစ်ရ၏။

၄။ အချို့သည် အနာဂါမ်ကို ရရှိကြပြီး အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရ၏။

၅။ အချို့သည် အရဟတ္တမဂ် ဉာဏ်တော်ကို ရရှိပြီး အာသဝေါကိလေသာ ဤသည်ကို ထောက်ခြင်းအားဖြင့် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာတရားသည် မည်မျှ လေးနက်သော ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အောက်ထပ် သရဏဂုံတည်ပါက မည်သည့်နတ်မိစ္ဆာများမှ ကြောက်စရာ မလို ခယစရာလည်းမလို ပေးကမ်းစရာလည်းမလိုဟု မှတ်ကြပါလေ။ ဂရုစိုက်စရာလည်းမလိုတော့ဟု မှတ်ကြပါလေ။ ထိုသို့မဟုတ်ခဲ့လျှင် ထိုနတ်မိစ္ဆာများ အဝရုဒ္ဓကနတ်ဆိုး၊ ဘီလူးဆိုးများသည် (မစ,ဘို့ ကူညီစောင့်ရှောက်ဖို့ ကြီးပွားတိုးတက်ကောင်းအောင် မစဖို့ထက် ဆိုးကျိုးကိုသာ တွင်တွင်

ဒုက္ခပေးနိုင်ကြောင်းကို သတိရှိကြပါလေ။ (မဖို့ထက်ချဖို့က များလှသည်) (ကူညီဖို့ထက် ချူဖို့က များလှသည်) ဟု အမြဲအစွဲ မှတ်သားထားသင့်၏။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓ ဘာသာဝင်များသည် ဘာသာအယူဝါဒ စင်ကြယ်စေပြီး နောက် သရဏဂုံတည်သော ပုဂ္ဂိုလ်များဖြစ်ကြရပြီး မိစ္ဆာ မသမာသော အနှောင့်အယှက်များမှ လွတ်ကင်းအောင် နေထိုင်နိုင်ကြပါစေသတည်း ...။

## ယာဉ်ရထား ကားတို့၏ အစီအမံများ

ရှေးရှေးသော ဆရာ ဆရာကြီးများသည် ယာဉ် ရထား ကားများနှင့် ပတ်သက်လာခဲ့လျှင် အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားတတ်ကြပါသည်။ ၎င်းတို့မှာ –

1. သိမ်ဝင် ကမ္မဝါဖတ်ပြီးသား ၁၀၈ လုံး ပါဝင်သော ပုတီးတစ်ကုံး
2. အနေကဇာတင်ပြီးသား မဟာမြတ်မုနိပုံတော် တစ်ပုံ

၎င်းနှစ်မျိုးကို ရှေးဆရာ၊ ဆရာကြီးများ အသုံးပြုပုံများ ကို တွေ့ရှိရပါသည်။ သိမ်ဝင်ပုတီးတစ်လုံး ကားမောင်းရာ တွင် ကားခေါင်းအတွင်းမှတ်တစ်လုံး၏ အလယ်ဗဟိုတွင် ချိပ် ထားစေရမည်။ ထိုပုတီးတစ်လုံးချိပ်ထားရာ နေရာအနီးတွင် အနေကဇာတင်ပြီးသား မဟာမြတ်မုနိပုံတော်တစ်ပုံကိုလည်း

တပ်ဆင်ထားရပါမည်။ ကားထွက်တိုင်း ထွက်တိုင်း ကားထွက်ခါနီးတိုင်း ၎င်းပုတီးနှင့် မဟာမြတ်မုနိပုံတော်အား အမွှေးတိုင် ဖယောင်းတိုင် သပြေပန်း ငွေပန်း ရွှေပန်း ဂန္ဓမာအဖြူပန်းတို့ကို ကပ်လှူပူဇော်၍ ခရီးလမ်းကြောင်းအတွက် ဆန္ဒရှိသလို ဆုတောင်းနိုင်ပါသည်။ ဤနည်းလမ်းအတိုင်း ပူဇော်ကန်တော့ခြင်း ဆုတောင်းခြင်းပြုပြီးမှ ကား ယာဉ် ရထားဆိုင်ကယ် စက်ဘီး ပဲ့ထောင် ပဲ့ချိတ် မော်တော်သင်္ဘောအားလုံးကို ကျင့်သုံးပြီး ခရီးစတင်ထွက်သင့်ကြောင်း သတိရှိကြပါစေ။ ခရီးလမ်းတစ်လျှောက် အန္တရာယ် ကင်းရှင်းခြင်း၊ အတိုက်အခံ အဖုအထစ်များမှ ကင်းဝေးခြင်း သောကဗျာပါဒပကတိကျန်းမာချမ်းသာစွာ ခရီးစဉ်အောင်မြင်ပြီးစီးရ၏ဟု မှတ်ကြပါလေ။ ဤနည်းအတိုင်း ကျင့်သုံးဆောင်ရွက်ရာ၌ မလွှဲသာမရှောင်သာ ပြဿနာအမှုတက်လာသည့်တိုင် အခက်အခဲမရှိ လွယ်ကူစွာပင် အမြန်ဆုံးပြီးစီးရ၏ဟု မှတ်ကြပါလေ။ အောက်ထစ် (အနိမ့်ဆုံး) လွယ်ကူစွာ မြန်မြန်ထက်ထက် ပြီးစီးသွားနိုင်ကြောင်း သိရှိကြပါလေ။

အချို့ဆိုလျှင် ငွေကုန်ပြီး ကိစ္စပြဿနာများ အမှုများ မပြီးတတ်ဘဲ ကြာရှည်နေတတ်ကြောင်း တွေ့ရပါသည်။ အချို့ဆိုလျှင် ပစ္စည်းဆုံး ငွေကုန် လူပန်း စီးပွားပျက်ဖြစ်ကြရပြီး အမှု

ပြဿနာ တာရှည်နေတတ်ကြသည်ကိုလည်း တွေ့ရတတ်ပါသည်။ အကျယ်တဝင့် ဆိုပါဦးအံ့။

ယာဉ်ရထား ကား မော်တော် သင်္ဘော စသည်တို့နှင့် ပတ်သက်လာခဲ့လျှင် အင်္ဂါနေ့နှင့် စနေနေ့တို့ကို အထူးသိထားရပါမည်။ ထိုအင်္ဂါနေ့နှင့် စနေနေ့ ရောက်ရှိလာတိုင်း ယာဉ်ရထား ကား မော်တော် သင်္ဘောနှင့် ပတ်သက်လာခဲ့လျှင် မည်သည့်အခါမှ ပေါ့ဆဆ မလုပ်ပါနှင့်။ ပေါ့ပေါ့ဆဆ လုပ်မနေဖြင့် အထူးသတိဝီရိယစိုက်အပ်သည်ဟု မှတ်ယူသင့်ပါသည်။

ထိုအင်္ဂါနေ့နှင့် စနေနေ့တို့တွင် ယာဉ်ရထား ကား စသည်များဖြင့်လည်းကောင်း သင်္ဘော မော်တော် စသည်များဖြင့် သွားလာလှုပ်ရှားကြမည့် ပုဂ္ဂိုလ်များသည် ယခင်နေ့များကထက် ပို၍ပို၍ ဘုရား တရား သံဃာ ရတနာ ၃ ပါးတို့ကို ပူဇော်သင့်၏။ ကန်တော့သင့်၏။ ထို့ပြင် ရထား ကား စသည်တို့ကို အင်္ဂါနေ့နှင့် အင်္ဂါနံ ပတ်သက်သော အညွန့်၊ အရွက်၊ အပွင့်၊ ပန်း စသည်တို့ကို မသုံးစွဲမိစေရန်နှင့် မဆောင်မိစေရန် ကားခေါင်းထိပ် မော်တော်ထိပ် သင်္ဘောထိပ်တို့တွင် ထိုပန်း အညွန့်အပွင့်များအား မထိုးမိကြစေရနှင့် အထူးသတိပြုကြပါလေ။

စနေနေ့ အင်္ဂါနေ့ တစ်နေ့နေ့လည်း ကြုံကြိုက်မှ ဖြစ်ပေါ် လာခြင်း စနေနံ အင်္ဂါနံ စသော ပန်းအပွင့် အညွန့် အပွင့် တစ်မျိုးမျိုးကိုလည်း ဆောင်မိ၊ ထိုးမိလာခြင်းရှိလာခဲ့ပါလျှင် အလွန်အန္တရာယ်ကြီးမားလှကြောင်း ပြဿနာအမှု အလွန် နီးကပ်နေကြောင်း သတိမူကြပါလေ။ ကားခဏခဏပျက် လာတတ်ခြင်း၊ ယာဉ် ရထား မော်တော်ကား ခဏခဏပျက် လာတတ်ခြင်း၊ ခဏခဏ ငွေကြေးကုန်ကျ များပြားလာ တတ်ခြင်း၊ မကြာခဏ စကားများ ရန်ဖြစ်လာတတ်ခြင်း၊ မကြာခဏ အတိုက်အခိုက် ထူပြောလာတတ်ခြင်း၊ မကြာခဏ ယာဉ်ရထး ကား မော်တော်သင်္ဘော စသည်များသည် အင်္ဂါနေ့၊ စနေနေ့တို့ကို အထူးပို၍ ဂရုစိုက်သင့်ကြောင်း သိထားကြပါလေ ...။

ဤဟိတသိဒ္ဓိ ပကာသနီကျမ်း ပထမတွဲတွင် လည်းကောင်း၊ ညွှန်ပြထားသော အဓိကဘုရားမှာ မဟာမြတ် မုနိဘုရားကို အဓိကညွှန်ပြထားပါသည်။

ရှင်းလင်းပါဦးအံ့။ မဟာမြတ်မုနိဘုရားသည် စွယ်စုံ အကျိုးပေးသော ဗုဒ္ဓရုပ်ပွားတော် ဖြစ်သည်။ ထို့ကြောင့် ယခု ခေတ်တွင် ဇလွန်မုနိ ရှင်ကျော်မုနိ ရွှေဘုံသာမုနိ မဟာမုနိ စသည်ဖြင့် မုနိ (၄) ဆူတော်တို့ကို အများပြည်သူများ၏ အကျိုးဖော်ထုတ်၍ ပူဇော်လှူဒါန်းကြကုန်သည်ကို အများ အသိပင် ဖြစ်ပါသည်။

ဒုတိယအချက်မှာ ရိုးရိုးဘုရားပုံတော် ထုပုံမဟုတ်ဘဲ မကိုဋ္ဌ စလွယ်စသည်များဖြင့် နိမ္မိတ ရုပ်ရှင်တော်မြတ်ကြီးကို ဖန်ဆင်းတော်မူ၍ ဇမ္ဗူပတိမင်းအား လောကီစည်းစိမ်နှင့် မှျားခေါ်တော်မူ၍ တရားဟောတော်မူကာ လောကုတ္တရာ အထွဋ်ရောက်အောင် ဇမ္ဗူပတိမင်းအား ကယ်ချွတ်တော် မူသောပုံတော်ဖြစ်ခြင်းကြောင့် စွယ်စုံအကျိုးပေးတော်မူသော စွယ်စုံသိဒ္ဓိရှင် မဟာမြတ်မုနိပုံတော်ကို များစွာအသုံးပြု ကိုးကွယ်ဆည်းကပ်နိုင်ကြစေရန် ရည်သန်၍ ညွှန်ပြတော်မူ ခြင်း ဖြစ်သည်ဟု နားလည်သဘောပေါက်သင့်၏။

မော်တော်ကားများ ယာဉ်ရထားများ မော်တော် သင်္ဘော စသည်များတွင် ဉာဏ်တော်အမြင့် အနည်းဆုံး ၅" အများဆုံး ၉" ဉာဏ်တော်အမြင့် ရှိစေရမည်။ ဉာဏ်တော်အမြင့် ၅" ဘုရားသည် လာဘသိဒ္ဓိကို အထူးပြီးစီးစေပြီး အမြဲလာဘ် လာဘ ပွင့်နေတတ်၏။ ဉာဏ်တော်အမြင့် ၉" ဘုရားသည် အန္တရာယ်အနှောင့်အယှက်များကို ပပျောက်စေတတ်၏ဟု မှတ်ကြပါလေ။ ထို့ကြောင့် ဉာဏ်တော်အမြင့် ၅" ရှိသော ကြေးဘုရား မဟာမြတ်မုနိပုံတော်အား မော်တော်ကားများ တွင် လည်းကောင်း မီးရထား သင်္ဘော မော်တော် စသည်များ တွင်လည်းကောင်း သင့်တော်လျောက်ပတ်သော နေရာဌာန များတွင် အထူးကိုးကွယ်ခြင်း ပူဇော်ကန်တော့ခြင်းပြုပြီးမှ

စတင်မောင်းနှင်ထွက်ခွာကြပါလေဟု မှတ်သားကြပါလေ။ ထိုမော်တော်ကားများ၏ ခေါင်းထိပ်တို့တွင်လည်းကောင်း၊ မီးရထားစက်ခေါင်းထိပ်တို့တွင်လည်းကောင်း၊ မော်တော်၊ သင်္ဘောတို့၏ ဦးထိပ်တို့တွင်လည်းကောင်း သပြေပန်း ၅ ခက်တို့ကို တစ်စည်းထဲဖြစ်အောင် စုစည်းထိုးသွားသင့်ကြောင်း သို့မဟုတ် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သင့်၏။

A. ကား ယာဉ်ရထား မော်တော် သင်္ဘော စသည်များသည် ခဏခဏပျက်ခြင်း၊ စက်ထဲသို့ ခဏခဏပစ္စည်းများ ဝယ်ထည့်နေရခြင်း၊ စက်ခဏခဏ ချို့ယွင်းနေခြင်းမှ ကာကွယ်လိုပါလျှင် သပြေပန်း ၅ ခက်တို့ကို တစ်စည်းထဲဖြစ်အောင် စုစည်း၍ (ဘုရား တရား သံဃာ ဆရာ မိဘ) အနန္တော အနန္တ ၅ ပါးတို့၏ တန်ခိုးတေဇော် အာဏာဘော်ကြောင့် အင်ဂျင်စက်များ အပျက်အစီးမရှိ ချို့ယွင်းမှု မရှိ ပကတိထာဝရအကောင်းအတိုင်း ဖြစ်နေပါစေ) ဟု ဆုတောင်း၍ ကားခေါင်းထိပ် ရထားခေါင်းထိပ် သင်္ဘောမော်တော်တို့၏ ဦးထိပ်တို့တွင်လည်းကောင်း ထိုးထားကြရာ၏။ ထိုးထား၍ ပူဇော်ကန်တော့ထားခြင်းဖြင့် အင်ဂျင်စက် ခဏခဏ ပျက်စီးခြင်း ချို့ယွင်းခြင်းများမှ ကာကွယ်ထားနိုင်၏။ ၁၀

B. မော်တော်ကားများ မီးရထားများ မော်တော်ကားများ သင်္ဘောများသည် ဝင်ငွေအရနည်းပြီး ထွက်ငွေ မတန်မဆ များပြားနေပါလျှင်လည်းကောင်း လာဘ်လာဘ ပိတ်နေတတ်ပြီး ဝင်ငွေနည်းပါးနေလျှင်လည်းကောင်း ရသင့်ရထိုက် ဝင်သင့်ဝင်ထိုက်သည့် ဝင်ငွေအလွန်လျော့နည်းနေပါလျှင် လည်းကောင်း သို့မဟုတ် လာဘ်လာဘ အထူးပွင့်လိုပါလျှင် လည်းကောင်း သို့မဟုတ် ငွေပန်းဖြစ်စေ ရွှေပန်းဖြစ်စေ ၁၅ ပွင့်တိတိကို တစ်စည်းထဲဖြစ်အောင် သရေကွင်းနှင့် စုစည်း၍ (ဘုရား တရား သံဃာ ဆရာ မိဘ အနန္တောအနန္တ ငါးပါးတို့၏ တန်ခိုးတေဇော်အာဏာတော်ကြောင့် သူရဿတီ မယ်တော်နတ်သမီး အထူးကူညီစောင့်ရှောက်ပါစေသတည်း။ ဝင်ငွေအထူးကောင်းလာပါစေ ဝင်ငွေများ သွက်သွက်လက်လက် စည်စည်ကားကား ဝင်ရောက်လာကြပါစေ လာဘ်လာဘမှန်သဖြင့် ဝင်ငွေပင့်စေသတည်း။) ဆုတောင်း၍ကားရထား ခေါင်းထိပ်များတွင်လည်းကောင်း ထိုးထားသင့်ကြောင်း။ ထို့ပြင် မော်တော်ကား၊ မီးရထား၊ မော်တော်ကားသစ် စသည်တို့၏ မဟာမြတ်မုနိဘုရားထံတွင် ကပ်လှူပူဇော် ဆုတောင်း၍ ထိုးထားသင့်ပါကြောင်း ဤသို့ ဆောင်ရွက်ပါလျှင် ဝင်ငွေအထူးကောင်းလာတတ်ခြင်း လာဘ်လာဘ

အထူးပွင့်လန်းလာခြင်း အလုပ်အကိုင်ဌာနများတွင် ဝင်ငွေ အထူးကောင်းမွန်လာနိုင်ပါကြောင်း သိရှိကြလေ။

**အထူးမှတ်ချက်** ။ ။ ရွှေပန်း ငွေပန်း မရှိတော့သည့်အခါ များတွင် ကံ့ကော်ပန်း၊ ကံ့ကော်ပွင့်၊ ကံ့ကော်ညွှန့်တို့ကို လည်းကောင်း၊ ဂန္ဓမာ အဖြူပွင့်သက်သက်တို့ကို လည်းကောင်း သုံးစွဲရပါမည်။ အရေအတွက်မှာ (၅) ဂဏန်း ကို အထူးသတိပြုပါ။ နံနက် ၅ ၅ ခက် / ၅ ညွန့် / ငါးပွင့် သုံးစွဲကြပါလေ။ ၅ ဂဏန်းထက် လွန်သွားခဲ့လျှင် လာဘ် လာဘပွင့်မှုထက် ဘေးရန်အန္တရာယ်များ ကင်းဝေးသွားမည့် ဘက်သို့ ပါသွားတော့၏ဟု မှတ်ပါလေ။ ၅–ဂဏန်းအတိုင်း တိတိကျကျ ၅ ပွင့် / ၅ ခက် (အများဆုံး ၁၅ ပွင့် ၁၅ ခက်) ကို အသုံးပြုပါက ဝင်ငွေနှင့် လာဘ်လာဘပွင့်မှုကို အထူး အားပေးစေသည်ဟု သိမှတ်ကြရာ၏။

ထို့ကြောင့် ဝင်ငွေနှင့် လာဘ်လာဘကို အလိုရှိပါလျှင် ၅–ဂဏန်း သို့မဟုတ် ၁၅–ဂဏန်းကို အထူးသတိထားကြ ပါလေ ...။

C. မော်တော်ကားများ ယာဉ်ရထားများ မော်တော်သင်္ဘော များ အပျက်အစီးမရှိ အထိအခိုက်မရှိ အတိုက်အခိုက်မရှိ ဘေး ရန်အန္တရာယ်မှန်သမျှ ကင်းဝေးစေပြီး အင်ဂျင်စက် ချို့ယွင်းမှု များမှ ကာကွယ်လိုပါလျှင် (နဂိုမူလထိုးထားသော သပြေခက်

၅ ခက်ထဲတွင် ဂန္ဓမာအဖြူ ၄ ပွင့်ထပ်ထည့်ဖြစ်အောင် စုစည်း) ပြီး လိုရာဆန္ဒအတိုင်း ဆုတောင်း၍ ကားခေါင်းထိပ်၊ မော်တော်၊ သင်္ဘောသီးထိပ်တို့တွင် ထိုးသွားစရာ ရပါလေ။ သို့မဟုတ် ကား ရထား မော်တော် သင်္ဘောဦးထိပ်တို့တွင် ထိုးသွားကြပါလေ။ သို့မဟုတ် ကား၊ မော်တော်၊ သင်္ဘော တို့၏ မဟာမြတ်မုနိ ဘုရားရှေ့တော်တွင် ထိုး၍ ပူဇော် ကန်တော့ဆုတောင်းပြီး ထွက်ပါလေ ..။

D. မော်တော်များ မီးရထားများ မော်တော်၊ သင်္ဘောများ အပျက်အစီးမရှိ အတိုက်အခိုက်မရှိ ပကတိ ဘေးရန်အန္တရာယ် ကင်းဝေးပြီး အမြဲထာဝရ လာဘ်လာဘပွင့်နေလိုပါလျှင် – (နဂိုမူလထိုးထားသော သပြေ ၅ ခက်ထဲတွင် ငွေပန်းဖြစ်စေ၊ ရွှေပန်းဖြစ်စေ ၁၅ ပွင့်တိတိကို ထပ်ထည့်၍ တစ်စည်းထဲ စုစည်းပြီး) ဆန္ဒရှိသလို နဂိုမူလထိုးထားသော သပြေ ၅ ခက် ထဲတွင် ငွေပန်းဖြစ်စေ ရွှေပန်းဖြစ်စေ ၁၅ ပွင့်တိတိကို ထပ်ထည့်၍ တစ်စည်းထဲဖြစ်အောင် စုစည်းပြီး) ဆန္ဒရှိသလို ဆုတောင်း၍ ကား၊ မီးရထား ခေါင်းလိပ်တွင်လည်းကောင်း မော်တော်များ မော်တော်သင်္ဘောဦးထိပ်တွင်လည်းကောင်း ထိုးသွားသင့်၏။ သို့မဟုတ် မော်တော်ကားများ၊ မီးရထား များ၊ မော်တော်သင်္ဘော၏ ဘုရားခန်း မဟာမြတ်မုနိဘုရားထံ တော်တွင်ထိုး၍ ကပ်လှူပူဇော်ဆုတောင်း၍ ထွက်ကြပါလေ။

ဤသို့ ညွှန်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြပါလေ။ ဤသို့ ညွှန်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြပါလျှင် ယာဉ်၊ ရထား၊ ကားနှင့် ပတ်သက်၍ စိတ်အေးရတော့၏။ စိတ်ချလက်ချ ဖြစ်ကြရတော့၏။ စိတ်ချမ်းသာ / ကိုယ်ချမ်းသာ ဖြစ်ကြရတော့၏ဟု မှတ်ကြပါပေ။

**အထူးမှတ်ချက်** ။ ။ မည်သည့်ယာဉ်ရထား မော်တော်ကားများ မော်တော် သင်္ဘောများသည် ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်အရ အနည်းဆုံးပင့်သံဃာ ၅ ပါး အများဆုံး ပင့်သံဃာ ၉ ပါးတို့အား ပင့်ဖိတ်၍ မိမိတို့၏ မီးရထား / မော်တော်ကား / မော်တော်သင်္ဘောပေါ်၌ အာရုံဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စေပြီး ပရိတ်တရားတော်ဆရာများ ကမ္မဝါဖတ်ခြင်းများ ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ဆောင်ရွက်စေသင့်၏။ ပထမဆုံးသော ထိုကိစ္စကို ဦးစားပေးဆောင်ရွက်စေပြီးမှ မိမိတို့၏ မော်တော်ကား မီးရထား မော်တော် သင်္ဘော စသည်တို့ကို စတင်ခိုင်းစေသင့်တော့၏ဟု မှတ်သားနာယူကြပါစေ။ (သာကေတစ်ရပ်ကို ဆိုဦးအံ့) ကျွန်ုပ်စာရေးသူသည် အိန္ဒိယနိုင်ငံအတွင်းရှိ မြို့ကြီးပေါင်း ၅၀–ခန့်ကို လှည့်လည်သွားလာခဲ့ဖူး၏။ စင်္ကာပူနိုင်ငံတွင်လည်း ခေတ္တခဏ လေ့လာခဲ့ဖူး၏။ နိုင်ငံတိုင်း၏ အရှေ့တောင်အာရှနိုင်ငံများ မြို့ကြီးများ တောင်အာရှနိုင်ငံများ

မြို့ကြီးများတွင် မော်တော်ကား / မီးရထား / မော်တော် သင်္ဘော စသည်များတွင် သူတို့၏ အယူဝါဒ သူတို့၏ ဘာသာအရ သူ့နည်းသူ့ဟန်အတိုင်း မော်တော်ကားများ မသွားမလာခင် / မထွက်ခင် ကြိုတင်၍ အမွှေးတိုင်မီးများဖြင့်လည်းကောင်း ဖယောင်းတိုင်မီးများဖြင့်လည်းကောင်း ပန်းများဖြင့်လည်းကောင်း ပူဇော်ကြခြင်း ကန်တော့ကြခြင်း ဆုတောင်းကြပြီးပါမှ ကား / ယာဉ်ရထားတို့ကို လည်းကောင်း မော်တော် / သင်္ဘောများကိုလည်းကောင်း စတင်ပြေးဆွဲကြကုန်သည်ကို မြင်တွေ့ခဲ့ရဘူးသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင် မဟုတ်ကြပေမည့် အန္တရာယ်ကင်းရှင်းရေးအတွက် စိတ်ချမ်းချမ်းသာသာဖြင့် တစ်နေ့တာ / တစ်ရက်တာ ဝင်ငွေလာဘ်လာဘများ ပွင့်လန်းလာရေးအတွက် သူတို့၏ဘာသာ သူတို့၏အယူဝါဒ သူတို့၏ဝင်ငွေလာဘ်လာဘများ ပွင့်လန်းလာရေးအတွက် သူတို့၏ဘာသာ သူတို့၏အယူဝါဒ သူတို့၏ဓလေ့ထုံးတမ်းစဉ်လာအတိုင်း မော်တော်ကားများ မီးရထားများ သင်္ဘောများအား ဆောင်ရွက်လုပ်ကိုင်၍ ပူဇော်ကန်တော့ပြီး သွားလာနေကြသည်ကို အတုယူစရာအဖြစ် မြင်တွေ့ခဲ့ရလေ၏။

# နိဂုံးကထာ ပန်ကြားလွှာ

ဤသို့သော နည်းနာနိဿယ အဖြာဖြာများကို စေတနာ ရှေ့ထား၍ သဒ္ဓါတရားကို လက်ကိုင်ထား၍ ပြဆို / ပြသခဲ့ လေပြီ။ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်အပေါင်း တို့သည် လူ့ဘဝ လူ့လောကနေရသည့် အခိုက်အတန့်အတွင်း ၌ စီးပွားရေးပြေလည်ပါစေတော့ဟူသော သဘောထားဖြင့် လည်းကောင်း၊ ကြီးပွားခြင်း ချမ်းသာခြင်း အောင်မြင်ခြင်း ဖြစ်ကြပါစေတော့ဟူသော ဆန္ဒဖြင့်လည်းကောင်း ထိုသို့ ကြီးပွားချမ်းသာခြင်း အောင်မြင်ဖြစ်ထွန်းခြင်း၏ အနှစ်သာရ စွမ်းပကားတို့ဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် မြတ်ကြီးအား နေတစ်ဆူလတစ်ပါး ထွန်းလင်းတောက်ပပါ စေခြင်းဟူသော အဓိက သဒ္ဓါစိတ်ဖြင့်လည်းကောင်း ဖော်ညွှန်းရေးသားပြသခဲ့လေပြီ။ ထို့ပြင် တဝ ကျွန်ုပ် ကျန်းမာ ရေးကောင်းသကဲ့သို့ အများသူငါ သတ္တဝါအများတို့သည် လည်း ပျော်ရွှင်ခြင်းဂုဏ်သတ္တိနှင့် ပြည့်စုံကြပါစေခြင်းငှာ လည်းကောင်း၊ အကျွန်ုပ်သည် ပြည့်စုံစွာ ဖူလုံစွာ တိုးတက် အောင်မြင်နေသကဲ့သို့ အများသူငါ သတ္တဝါတို့သည်လည်း ကျွန်ုပ်နည်းတူ ပြည့်စုံခြင်း၊ ဖူလုံခြင်းတို့ထက် အောင်မြင် ခြင်းများ ဖြစ်ကြပါစ ဟူသော အာသီသဆန္ဒဖြင့် ဤဟိတသိဒ္ဓိ

ပကာသနီကျမ်း ဒုတိယတွဲကို ရေးသားဖော်ညွှန်း၍ ပြသခဲ့ပေပြီ။ ဤဟိတသိဒ္ဓိ ပကာသနီကျမ်း ဒုတိယတွဲကို ရရှိကြကုန်သော ကျင့်သုံးဆောင်ရွက်ကြကုန်သော ဗုဒ္ဓဘာသာဝင် အမျိုးသားကောင်း အမျိုးသမီးတို့သည် စီးပွားရေးသိဒ္ဓိဖြင့် အမျိုးဘာသာ သာသနာတော်မြတ်ကို ပြုစုပျိုးထောင်နိုင်ကြပါစေ။ ထိုအောင်မြင်ပြီးစီးအပ်သော စီးပွားရေးသိဒ္ဓိဖြင့် သာသနာတော်မြတ်ကြီး၏ မဏ္ဍိုင်သဖွယ် မှတ်တိုင်သဖွယ် ဖြစ်ကြကုန်သော မှန်ဦး ပြာသာဒ် ရင်ပြု ရဟန်းခံ စသော သာသနာပြုကိစ္စကြီးများအား အထူးသဖြင့် ပံ့ပိုးကူညီ လှူဒါန်းပူဇော် ကန်တော့နိုင်ကြပါစေ။ ထိုအောင်မြင်ပြီးစီးသော စီးပွားရေးသိဒ္ဓိဖြင့် သာသနာတော်မြတ်ကြီး၏ မဏ္ဍိုင်သဖွယ် ဖြစ်ကြကုန်သော ဘုရား၊ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဂူ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မှန်ဦး၊ ပြာသဒ်၊ ရင်ပြု၊ ရဟန်းခံ စသော သာသနာပြုကိစ္စကြီးများအား အထူးသဖြင့် ပံ့ပိုးကူညီ လှူဒါန်းတည်ဆောက်နိုင်ကြပါစေ ဟူသော ကောင်းမြတ်တင့်တယ်သော အစဉ်သဒ္ဓါတရားဖြင့် –

A. ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့်တကွ သတ္တဝါအများ ပုဂ္ဂိုလ်အများတို့သည် ဤဟိတသိဒ္ဓိ ပကာသနီကျမ်း ပထမတွဲ၊ ဒုတိယတွဲတို့၏ နည်းနိဿယ အဖြာဖြာတို့ကို လိုက်နာ

ကျင့်သုံးဆောင်ရွက်စေခြင်းဖြင့် ဤကမ္ဘာ ဤလောကအလယ်တွင် ထင်ပေါ်ခြင်း ကျော်ကြားခြင်း ကျော်စောခြင်း ကြီးပွားစေခြင်း၊ ချမ်းသာစေခြင်း ပြုစုစေရမည် တိုးတက်စေခြင်းအောင်တံခွန် လွှင့်ထူနိုင်ကြပါစေသတည်း ...။

B. ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့်တကွ သတ္တဝါအများပုဂ္ဂိုလ်အများတို့သည် ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်ခြင်းရှိလာပါမှ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်သည်လည်း ကြီးပွားခြင်း ချမ်းသာခြင်း တိုးတက်ခြင်း အောင်မြင်ခြင်း ကေန်အမှန်ရှိလာနိုင်ကြပါစေသတည်း။ နေတစ်ဆူ လတစ်ပါး ကြယ်တာရာမြောက်များစွာနှင့် သာသနာ့အောင်လံ သာသနာ့တံခွန် သာသနာ့မဏ္ဍိုင် သာသနာ့အသိုက်တို့ ကေန်အမှန် ဖြစ်ထွန်းပေါ်ပေါက်လာပါစေတည်း ..။

C. ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့်တကွ သတ္တဝါအများ ပုဂ္ဂိုလ်အများတို့သည် ကြီးပွားခြင်း ချမ်းသာခြင်း တိုးတက်ခြင်း အောင်မြင်ခြင်းဖြစ်လာပါမှ အရိုးကြေကြေအရေစုပ်စုပ် နောက်မဆုတ်တမ်း သာသနာတော်မြတ်ကြီးကို ပြုစုတော်မူကြပေကုန်သော သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော သာသနာတော်စောင့် သံဃာတော်ကြီးများ ရဟန်းတော်ကြီးများ ဆရာတော်ကြီး

များတို့သည် သာသနာတော်မြတ်ကို စောင့်ရှောက်ကြရာ၌ ထိန်းသိမ်းကြရာ၌ မပူမပင်မကြောင့်မကျ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ၄ ပါးသော ပစ္စည်းတရားများဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေသတည်း ..။

D. ထိုရောအခါ သာသနာတော်မြတ်ကြီး သည်လည်း (အနှစ် ငါးထောင်) များမြောင်မက (အနှစ်သောင်းချီမက နှစ်သန်းပေါင်း ကုဋေပေါင်းများစွာ) ထာဝရမပျောက်မပျက်ဘဲ တည်တန့်ခိုင်မာနေကြပါစေသတည်း ..။ ဤမည်သော အချက်ကြီး ၄ ချက်တို့ကို အဓိကမူတည်၍ ဤ ဟိတသိဒ္ဓိ ပကာသနီကျမ်း ဒုတိယတွဲကို ဆက်လက်ထုတ်ဝေခြင်း ပြုခဲ့ပါ၏။ ဖြန့်ဝေခြင်း ပြုခဲ့ပါ၏။ ရိုက်နှိပ်ခြင်းလည်း ပြုခဲ့ပါ၏။

ထို့ကြောင့် ဒါယကာ/ဒါယိကာမအများကြီးပွားပါလျှင်– သာသနာတော်မြတ်ကြီးသည်လည်း ကေန်အမှန် ကြီးပွားလာလတ္တံ့။

ဒါယကာ / ဒါယိကာမအများ ချမ်းသာကြပါလျှင် – သာသနာတော်မြတ်ကြီးသည်လည်း ကေန် အမှန် ချမ်းသာလာလတ္တံ့.။

ဒါယကာ / ဒါယိကာမအများတိုးတက်လာကြပါလျှင်–

သာသနာတော်မြတ်ကြီးသည်လည်း ကေန်အမှန် တိုးတက်လာလတ္တံ့။

ဒါယကာ / ဒါယိကာမအများ အောင်မြင်လာကြပါလျှင်–

သာသနာတော်မြတ်ကြီးသည်လည်း ကေန် အမှန် အောင်မြင်လာလတ္တံ့။

ဒါယကာ / ဒါယိကာမအများ ထင်ရှားကျော်စောလာကြပါလျှင် –

သာသနာတော်မြတ်ကြီးသည်လည်း ထင်ရှားကျော်စောလာလတ္တံ့။

ဒါယကာ / ဒါယိကာမအများ အဆင့်အတန်း မြင့်မားလာကြပါလျှင် –

သာသနာတော်မြတ်ကြီးသည်လည်း ကေန် အမှန် အဆင့်အတန်းမြင့်မားလာလတ္တံ့။

ဤအချက်အလက်များသည် စာရေးသူ / ကျမ်းပြုသူ ကျွန်ုပ်၏ အာသီသဆန္ဒတစ်ရပ်ပါ ...။ ရတောင့်ရခဲလှသော လူ့ဘဝကို ရရှိလာခဲ့ပြီးဖြစ်၍ ကြုံတောင့်ကြုံခဲလှစွာသော သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်လာသည့်အခါ ရတောင့်ရခဲ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ကို လက်မလွှတ်သင့်ကြောင်း သတိပြုကြပါလေ။

ယခု ကျွန်ုပ် စာရေးသူ ပြုစုခဲ့သော ဟိတသိဒ္ဓိ ပကာသနီ ကျမ်း ဒုတိယတွဲအသစ်တွင် –

A. ဒါန သီလတရားဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်နည်းများ၊
B. သစ္စာတရားဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်နည်းများ၊
C. အဓိဋ္ဌာန်အကျင့်ဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်ပုံနည်းစနစ်များ၊
D. အစွမ်းထက်မြက်သော ယတြာနည်းများဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်ပုံနည်းစနစ်များ၊
E. အစွမ်းထက်မြက်သော သရဏဂုံများ ဂုဏ်တော်များ ဂါထာမန္တန်များဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်နည်းများ၊
F. သဘာဝကျကျ အဘိဓမ္မာနည်းဆန်ဆန် လောကသစ္စံ/န သစ္စံကို ဝေဖန်ပိုင်းခြားပြသထားသော သဘောတရားရေးရာများ စသည်စသည်များဖြင့် ကဏ္ဍအလိုက်၊ အစုံအလိုက်၊ အခန်းအလိုက် ပါဝင်ပြသထားပြီးဖြစ်ပါ၍ ပညာလိုလား အမျိုးသား / အမျိုးသမီးတို့သည် ကောင်းမြတ်သော ကုသိုလ်စိတ်ဓာတ်ဖြင့် လောကကြီးကို အလှဆင်တတ်ကြပါစေ ကမ္ဘာကြီးကို လှည့်ပတ်

နိုင်ကြပါစေဟု ဆရာတော် ဆန္ဒပြုခဲ့ပါသည်။

ဤလောကီပညာရပ်များဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏မိသားစုကိုလည်းကောင်း၊ မိမိ၏ အိမ်ထောင်စုကိုလည်းကောင်း၊ ကောင်းကျိုးချမ်းသာမင်္ဂလာညနှင့် ပြည့်စုံလာအောင် ဆောင်ရွက်နိုင်ကြပါစေ။ ထို့ထက်လွန်ကဲ၍ မိမိ၏ ရပ်ကွက်၊ ရပ်ရွာကိုလည်းကောင်း မိမိ၏ မြို့နယ် ပြည်ရွာကိုလည်းကောင်း၊ မိမိ၏ နိုင်ငံတော်ကိုလည်းကောင်း ကြီးပွားချမ်းသာ၍ မင်္ဂလာသုခအဝဝနှင့် ပြည့်စုံလာအောင် ဆောင်ရွက်နိုင်ကြပါစေ။ ထို့ထက်ကဲမောက်၍ မိမိ၏နေထိုင်ရာ ဤဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုလည်းကောင်း ဤကမ္ဘာကြီးကိုလည်းကောင်း အေးချမ်းသာယာအောင် ငြိမ်းချမ်းသာယာလာအောင် ကြီးပွားချမ်းသာလာအောင် မင်္ဂလာကျက်သရေအပေါင်းနှင့် ခညောင်းလာအောင် ဆောင်ရွက်လာနိုင်ကြပေစေသတည်းဟု ကျွန်ုပ်ဆရာတော် နိဂုံးကထာ ပြန်ကြားလွှာ (သို့မဟုတ်) နိဂုံးကထာ ပန်ကြားလွှာအဖြစ် ဆန္ဒပြုလိုက်ပါသတည်း ...။

# နိဂုံးကမ္ပါဒ် အဆုံးသတ်ဆုတောင်း

ဤသို့ပြုရ ကုသလကြောင့် နိဗ္ဗာန် မရမီစပ်ကြား သံသရာတစ်ကြော၌ ကျင်လည်ခဲ့ရသည်ရှိသော် နိမ့်ကျသော အမျိုး၊ ယုတ်မာသောအမျိုး၊ အကုသိုလ်များသောအမျိုး၊ လိမ်လည်လှည့်ဖြား မုသားများပြား သူ့အသက်သတ်ဖြတ်၍ အသက်မွေးဝမ်းကျောင်းသောအမျိုး၊ ဘုရား တရား သံဃာ ရတနာ ၃–ပါး ကုသိုလ်တရားကို မေ့လျော့စေနိုင်သော မူးယစ်ဆေးဝါး အရက်သေစာ ရောင်းဝယ်ဖောက်ကား၍ အသက်မွေးဝမ်းကျောင်းပြုသောအမျိုး၊ ဒါန သီလ အကျင့်စာရိတ္တ မရှိသောအမျိုး၊ ဘုရား တရား သံဃာ ဒါန သီလ အကျင့်စာရိတ္တတို့အား ဂရုမမူ၊ ဂရုမစိုက် မေ့လျော့ပေါ့ဆစွာ နေထိုင်ကြပြီး ခိုးဆိုးလုယက် သူခိုးဓားပြအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသောအမျိုး၊ ဘုရား တရား သံဃာ ရတနာ သုံးပါးမှတစ်ပါး အဓိကထားရာမဟုတ်သော ဘာသာအမျိုးတို့၏ ဝမ်းကြာတိုက်တို့တွင် ပဋိသန္ဓေနေခွင့် မရပါစေသတည်း ...။

ဤသို့ပြုရ ကုသလကြောင့် ဘုရား တရား သံဃာ ရတနာ ၃ ပါး ကုသိုလ်တရားတို့ကို လိုလားနှစ်သက် သရဏဂုံဖက်၍ ထေရဝါဒဗုဒ္ဓဘာသာတို့၏ အမျိုးတို့၏

ဝမ်းကြာတိုက်တို့တွင်လည်းကောင်း၊ အကျင့်စာရိတ္တ သီလ သိက္ခာနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာအာဇီဝဖြင့် အသက်မွေး ဝမ်းကျောင်းသော သမ္မာဒိဋ္ဌိအမျိုးတို့၏ ဝမ်းကြာတိုက်တို့တွင် လည်းကောင်း၊ အထက်တန်းကျကျ အဆင့်အတန်းမြင့်မြင့် ပြည့်စုံဖူလုံသော သာသနာပြု သာသနာစောင့်အမျိုးတို့၏ ဝမ်းကြာတိုက်တို့တွင်လည်းကောင်း သူတော်ကောင်းဥစ္စာ ၇ ပါးတို့နှင့် ညီညွတ်မျှတသော မိသားစုအမျိုးတို့၏ ဝမ်းကြာ တိုက်တွင်လည်းကောင်း ဖြစ်လေရာဘဝတိုင်းတို့တွင် ပဋိသန္ဓေနေခွင့် အမှန်ဧကန် ဖြစ်ရပါစေသတည်း ..။

ဤသို့ပြုရကုသလကြောင့် ထက်မြက်သောဉာဏ်ပညာ များ၊ ပြင်းထန်သော ဉာဏ်ပညာများ၊ မြေကြီးအထုနှင့်တူ သော ဉာဏ်ပညာများ၊ လျှင်မြန်သောဉာဏ်ပညာများ၊ စွဲမြဲ စွာ မှတ်မိနိုင်သောဉာဏ်ပညာများ၊ ဝေဖန်ပိုင်းခြားသိမြင်နိုင် သော ဉာဏ်များ၊ သမာဓိတရားကြောင့် ရအပ်သော ဉာဏ် ပညာများ၊ မဂ်ဖိုလ်ကြောင့် ရအပ်သော ဉာဏ်ပညာများ၊ ဈာန်သမာပါတ်ကြောင့် ရအပ်သော ဉာဏ်ပညာများ၊ ပိဋကတ် ၃ ပုံ၊ ဗေဒင် ၄ ပုံ ဓမ္မခန္ဓာရှစ်သောင်းလေးထောင်တို့အား တတ်သိမြင်နိုင်သော ဉာဏ်ပညာရပ်များ၊ အမှားအမှန်ကို ချက်ခြင်းဝေခွဲဆုံးဖြတ်နိုင်သော ဉာဏ်ပညာရပ်များ အကျဉ်း ကို အကျယ်သို့လည်းကောင်း အကျယ်ကို အကျဉ်းသို့

လည်းကောင်း ခွဲခြားစိတ်ဖြာနိုင်သော ဉာဏ်ပညာရပ်များနှင့် ဘဝဆက်တိုင်း လျှင်မြန်စွာ တတ်မြောက်အောင်မြင်ပြီးစီး ရပါစေသတည်း။ မလွဲမသွေ ဧကန်အမှန် တတ်မြောက်နိုင် ပါစေသတည်း ..။

ဤသို့ ပြုရမြတ်ပုညကြောင့် နိဗ္ဗာန်မဝင်ခင်ကြားကာလ ဘဝပေါင်းများစွာတို့၌ မိမိ တတ်မြောက်ကျွမ်းကျင်လိမ္မာ အပ်သော သီလပညာ ဒါနပညာ သမထပညာ ဝိပဿနာ ပညာများဖြင့် လည်းကောင်း၊ လောကီပညာအမျိုးမျိုး၊ လောကုတ္တရာပညာအဖြာဖြာဖြင့် သတ္တဝါအပေါင်းတို့၏ အသက်အန္တရာယ်အမျိုးမျိုးတို့ကိုလည်းကောင်း၊ ၇–ရက်သား ၇–ရက်သမီးတို့၏ ရောဂါအနာအမျိုးမျိုးတို့ကိုလည်းကောင်း ကုသကယ်မနိုင်သော သာသနာပြုပုဂ္ဂိုလ် အမှန်ဧကန် ဖြစ်စေ သတည်း။ ထို့ပြင် တဝအလှူဒါနတို့ကို ဗုဒ္ဓမြတ်စွာဘုရားရှင် ၏ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ စသော သာသနာသုံးရပ်တို့ကို နေ့တူ/လတစ်ပါး ကြယ်တာရာအပေါင်း ခသြောင်းလျက် အမြဲထာဝရ ထွန်းလင်းတောက်ပစေခြင်းငှာ ထူးမြတ်သော သာသနာပြုပုဂ္ဂိုလ်သည် ဧကန်အမှန် ဖြစ်ရပါစေသတည်း။

ဤသို့ ပြုရမြတ်ပုညကြောင့် နိဗ္ဗာန်မရောက်ခင်စပ်ကြား သံသရာတွင် ကျင်လည်ခဲ့ရသည်ရှိသော် ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိအတတ်တို့ကို ဆောင်ရွက်အောင်မြင်ပြီးစီးရသော

ဝိဇ္ဇမဟိဒ္ဓိရှင် ကေန်အမှန်ဖြစ်ရ၍ ထိုတတ်မြောက်အပ်သော ဝိဇ္ဇာမဟိဒ္ဓိ အတတ်ပညာများဖြင့် ဒါနတရားတို့ကို လည်းကောင်း၊ သီလတရားတို့ကိုလည်းကောင်း၊ ဘာဝနာ တရားတို့ကိုလည်းကောင်း သာသနာပြုလုပ်ငန်းအဝဝတို့ကို လည်းကောင်း ဧကန်အမှန် အောင်မြင်စွာ ဆောင်ရွက်ပြီးစီး နိုင်ရပါစေသတည်း။

ဤသည်ပုည ကုသလကြောင့် ဒုက္ခသစ္စာ သမုဒယ သစ္စာ နိရောဓသစ္စာ စသော သစ္စာ ၄ ပါး တရားထူးတရား မြတ်တို့ကို အထူးသိမြင်နိုင်သော သာသနာပြု အရိယာဝိဇ္ဇာ သည် ဧကန်အမှန် ဖြစ်ပါစေ။ဧကန်အမှန်ဖြစ်ရသည်ဖြစ်၍ သမာဓိပညာဖြစ်သော သမထတရားတို့ကို လည်းကောင်း၊ မဂ်ပညာ၊ ဖိုလ်ပညာ စသော ဝိပဿနာတရားတို့ကို လည်းကောင်း၊ စွမ်းစွမ်းတမံ ပေါက်မြောက်အောင် ဆောင်ရွက်နိုင်သည်ဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်အစ အရဟတ္တ မဂ်ဉာဏ်တော်အဆုံး မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရား အထိ စွမ်းစွမ်းတမံ ပေါက်မြောက်အောင် ဆောင်ရွက်နိုင်သည် ဖြစ်၍ သန္တိသုခ နိဗ္ဗာန်တရားအထိ ကျင့်ကြံကြိုးကုတ်၍ အောင်မြင်ပြီးဆုံးသည်ဖြစ်၍ သန္တိသုခနိဗ္ဗာန်၏ ချမ်းသာသုခ တရားကို လျင်မြန်စွာ ၊ ထူးခြားစွာ၊ အောင်မြင်စွာ မျက်မှောက် ပြုရပါစေသတည်း ...။

**နိဂုံး** –

## "သတိပေးချက်"

**ဝိဇ္ဇာမဟိဒ္ဓိ, ဓိုရ်သိဒ္ဓိဖြင့်**
**လောကစည်းစိမ်, ဂုဏ်အရှိန်ကို**
**လိုချင်တောင့်တ, ရနိုင်ကြ၏**
**အပြောမဟုတ်, အလုပ်နှင့်ပင် မြင်စေချင်သည်**
**ပညာရှင်များ, လွန်[redacted]...။**

ဝေပုလ္လရာမဆရာတော်
ပြည်မြို့။ 2.6.99 Date

အမျိုး ဘာသာ သာသနာ

ရောင်ဝါနေသို့ လင်းပါစေ . .။

အမျိုး ဘာသာ သာသနာ

မှီခိုအားထား တိုးပွားကြပါစေ . .။

အမျိုး ဘာသာ သာသနာ

ယုံကြည်ကိုးစား ကြီးပွားကြပါစေ . .။

အမျိုး ဘာသာ သာသနာ နေ့ညအစဉ်

ကုသိုလ်ဝင် အပါယ်ခွင်မှ

လွတ်မြောက်ကြပါစေ . .။

ဆရာတော်

ဝေပုလ္လာရာမကျောင်းတိုက်

ပြည်မြို့။

Date : 2-6-99